




www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



# လမင်းမှိုမှို

## တစ်ယောက်ကို တစ်ယောက်က



စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com





## ၁

ဟိုတယ်က သတို့သမီးအတွက် ရထားသော အခန်းကျယ်ထဲမှာ ဟိုတစ်ခုံ ဒီတစ်ခုံနှင့် တစ်ယောက်ပြီးတစ်ယောက် အလှည့်ကျ တန်းစီအလှပြင်နေကြသည်မှာ ပွဲထွက်ကာနီးတဲ့ ဇာတ်ကြီးတစ်ဇာတ်ရဲ့ နောက်ပိုင်းမြင်ကွင်းအလား။

ရှေ့ဆုံးက ပန်းကြဲမည့် မိန်းကလေး၊ အဲဒီနောက်က စုံတွဲလေးတစ်တွဲက သတို့သမီး သတို့သားအတိုင်း ထိုင်မသိမ်းတတ်စုံပြည့်နှင့် ရှေ့ပြေးထွက်မည်။ ပြီးရင် သတို့သမီး သတို့သား။ နောက်က အရံကသုံးစုံတွဲ။

သူမများတကာတွေလို တစ်စုံတွဲ နှစ်စုံတွဲလောက်နှင့် မလုံလောက်သည်မှာ ဟိုဘက် ဒီဘက် ဆွေမျိုးရင်းထဲက တူမရှေ



www.burmeseclassic.com

www.burmeseclassic.com



အပျိုပေါက်က သုံးယောက်ကျန်ရှိနေ၍ သုံးယောက်လုံးကို ပွဲထုတ် ရမှာမို့ပင်။ ဒါနဲ့ပင် လိမ်းခြယ်စရာ မိန်းကလေးက သတို့သမီး မပါ ငါးယောက်ဖြစ်နေပြီ။

ပြီးလျှင် သတို့သမီးမိခင် သတို့သားမိခင်။ သတို့ သမီးရဲ့အစ်မ။ သတို့သားရဲ့အစ်မ၊ သတို့သားရဲ့မရီး။ နှစ်ဖက် တူမတွေထဲက ကလေးမက အပျိုပေါက်မကျလေးတွေက နှစ် ယောက်သုံးယောက်။ လိမ်းရမည့်သူတွေက မနည်း။

အလှပြင်မည့် "ရွှေစင်"က အလှဖန်တီးရှင်အဖွဲ့ကို အုပ်စုတောင့်တောင့် ခေါ်လာ၍ တစ်ပြိုင်နက် လေးငါးယောက် လောက် ပြင်နိုင်လို့ တော်ပါသေးသည်။ တစ်ခန်းလုံးကတော့ လှုပျောက်သောက်နှင့် ပြေးလိုက် လွှားလိုက် ဖင်ချင်းပေါက်နေ ကြသည်။

ရွှေစင်ကတော့ သတို့သမီး "ထိပ်ထားကြင်"ကိုသာ တာဝန်ယူထားသည်။ ဒီလောက် ဗလုံစီထ,နေတဲ့ လူတစ်အုပ်တစ်မ ကြီးကို ရွှေစင်က မိတ်ကပ် တာဝန်ယူလက်ဖွဲ့တာပင်။ လက်ဖွဲ့ ဆို အလှဖန်တီးရှင် မိန်းမလျာ ရွှေစင်ဟာ ထိပ်ထားကြင်ရဲ့ သူငယ်တန်း တစ်တန်းကတည်းက အခင်ဆုံး ငယ်သူငယ်ချင်း ဖြစ်နေ၍ပင်။





ထိပ်ထားကြင်မှာ ငယ်ငယ်ကတည်းက ခုထိပေါင်း သင်းလက်တွဲနေသော သူငယ်ချင်းအရင်းနှစ်ယောက် ရှိပါသည်။ တစ်ယောက်က ရွှေစင်၊ တစ်ယောက်က ပုလဲ။

"ဟဲ့ ... ငါ ရောက်ကတည်းက ရှုပ်ယှက်ခတ် ချွေးပြန်နေလို့ သတိမေ့နေတယ်၊ ဟို ... ပုလဲမ ဘယ်ရောက်နေလဲ ကြင်ကြင်၊ မတွေ့ပါလား"

ထိပ်ထားကြင်သည် နှုတ်ခမ်းနီဆိုးဖို့ရာ နှုတ်ခမ်းကို ဝိုင်းဟ,ပေးထားရသည်ဖြစ်၍ လျှာဖျားနှင့် အာခေါင်ကိုထောက် ကာ ထောက်ကာ ရသလောက် အသံနှင့်ပင် ...

"နာထိုင်းထားတာ စိလို့ ... လာတော့အာ ..."

"အမယ်လေးဟဲ့၊ ကဲ ... ပီအောင်ပြော"

"ငါနိုင်းထားတာရှိလို့ဟဲ့ ရွှေစင်ရဲ့၊ လာမှာ ... လာကာနီး ပြီ"

"သူ့လည်း ပြင်ရဦးမှာ မဟုတ်လား"

"အေး"

"ဟဲ့ ... ပြင်မှာဆိုရင် လာသင့်ပြီလေ၊ နောက်ကျနေဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျလဲပဟယ်၊ တိုးပတ်လေးပဲ တစ်ဘုတ် နှစ်ဘုတ် ပုတ်လိုက်တော့ပေါ့၊ ဒီမိန်းမက နှုတ်ခမ်းနီအနီရဲ ဆိုးပေးလိုက်ရင်ပဲ ကျေနပ်နေပြီ"

"လာပေ့စေ၊ ရွှေရောင်ပြောင်နေတဲ့ အနီရဲတစ်တောင့် ငါ လက်ဆောင်ရထားတယ်၊ ရဲတွတ်သွားရစေ့မယ်"

"ဟီဟိ"

ရွှေစင်သည် ဟိုဘက်က ပြင်နေကြသော အုပ်စုတွေဆီ ဝေ့ကြည့်ကာ ...

"ဟဲ့ ... ဟိုဟာမတွေ ပန်းတွေကို စိတ်ရှိလက်ရှိ အားရပါးရ ပန်ပစ်မနေနဲ့၊ သတို့သမီးဖို့ကောဟဲ့"

"ရွှေစင်ရေ ... ကြင်ကြင့်ဖို့က ဒီမှာသတ်သတ် တစ်အိတ်သား"

"ဟုတ်လား အန်တီ၊ ဒါဆို ပြီးရော ... ပြီးရော၊ အားလုံးရောထားတာမှတ်လို့"

"မဟုတ်ဘူးသား၊ သူတို့သစ်ခွတွေက ခရမ်းတွေ၊ ရွှေအိုတွေ၊ ပုစွန်ဆီတွေ သတ်သတ်၊ ကြင်ကြင်ဖို့ ကတ်တလီယာတွေက ဘာရောင်မှ မဖောက်တဲ့ အဖြူကြီးတွေ"





"အန်တီ ... ဒီမှာ၊ ကြင်ကြင့် နဖူးကို ဒီတိုင်း အပြောင်ထားလိုက်မယ်၊ ဆံယဉ်မချတော့ဘူး"

"လှမယ်ထင်သလိုလုပ် ရွှေစင်ရေ"

"သူ့နဖူး ကျကြီးပုံလေးနဲ့ ခေဝီဆံထုံး နဖူးပြောင်လေးနဲ့ သိပ်မဟာဆန်ပြီး ကျက်သရေရှိတာပဲ၊ ဟဲ့ ... မိခိုင်း၊ ဟိုမှာ အန်တီ သူ့ဟာသူ ခါးပတ် ပတ်နေရပြီ၊ ဘယ်ဆွဲလို့အားရှိမလဲ၊ ခါးပတ်ဝိုင်းချိတ်ပေးဦးလေ၊ အမယ်လေး ဟဲ့ ... ကြည့်ကောင်းကောင်းနဲ့ ကြည့်နေတယ်"

ရွှေစင့် တဖည့်တစ်ယောက်က ရွှေစင် ပြောမှပင် သတို့သမီး သတို့သား မိခင်နှစ်ယောက် ဗိုက်ပူပူမှာ မမြဲနိုင်သည့် ကြိုးကြီးချိတ်တွေပေါ် ငွေခါးပတ်ကိုယ်စီ ကူညီပတ်ပေးလိုက်ပါသည်။

"မေမေ ... တောင့်ထား၊ မာမီရော အသက်မှရှူနိုင်သေးရဲ့လား၊ ဟဲ့ ဟဲ့ ... ဟိုမှာ ဆွိတီလေးကို ကြည့်ကြပါဦး၊ လည်ပင်းမှာ မိတ်ကပ် လိမ်းစင်မရသေးဘူး ဖြစ်နေပြီ"

"မမကြင် ... သမီး လှရဲ့လား"

"သိပ်လှ၊ မျက်ခွံ ... မျက်ခွံ နည်းနည်းလေး ထပ်ထည့်လိုက်"



www.burmeseclassic.com

ထိပ်ထားကြင်သည် သူ့ရဲ့ ဆရာခပ်လုပ်လုပ် ဗီဇအတိုင်း တစ်ယောက်ပြီးတစ်ယောက်ကို လိုက်ကြည့် ဝေဖန်သြဇာပေးနေရာ ...

"ဟဲ့ ... သတို့သမီး၊ ကိုယ့်ကိုယ်ကိုယ်ပဲ စိတ်ဝင်စားစမ်း၊ သူများတကာတွေ လိုက်စိတ်ဝင်စားမနေနဲ့၊ နင့်အသံချည်းပဲ၊ ဘယ်လိုသတို့သမီးလဲ၊ တက်ကြွနေတာပဲ"

"အဟဲ ... ဟဲ၊ ငါပျော်နေလို့ပါဟဲ့ ရွှေစင်ရဲ့"

"ဟယ် ... ပြောရဲလိုက်တာ၊ ရှက်ဖွယ်ပဲ၊ ပျော်နေလည်း ဣန္ဒြေရရ နေရတယ်ဟဲ့၊ ပျော်တာကြေညာနေရလား၊ နင်နဲ့တော့ ခက်တယ်"

"ငါ့ဟာငါ ပျော်လို့ ပျော်တယ် ပြောတာ ဘာဖြစ်လဲ၊ ပျော်တယ်ဟယ် ... ကဲ ... နင် ဘာမှမသိပါဘူး"

"အေးပေါ့ဟဲ့ ... ငါတော့ ဘယ်သိနိုင်ပါ့မလဲ၊ နင်ပဲသိမှာပေါ့"

"ငါက အကောင်းပြောနေတာ၊ ငါ့ဟာငါ ပျော်နေတာ သိရဲ့လား"

"သိတယ် ... သိတယ်"

"ဟား ... ဟား ... နင့်ရုပ်ကြီးကလည်း ရွှေစင်ရယ်"





"အတော်အချိုးနေ၊ လှည့် ... ဒီဘက်၊ ငြိမ်ငြိမ်နေ၊ မျက်တောင်ကော့မယ်"

"ကော့ပြီးပြီ မဟုတ်လား"

"အပြီးသတ် ထပ်ကော့မယ်"

ရွှေစင်သည် ထိပ်ထားကြင်ရှေ့ ခါးလေးကိုင်းကာ မျက်တောင်ကို တရိုတသေ တယုတယ ထပ်ကော့နေပါသည်။

"ဝန် ... ပန် ... ပန်ပန့်ပန်"

ထိပ်ထားကြင် စလိုက်သည်နှင့် ရွှေစင်က သူ့ကို နှိပ်ကွပ်တော့မည်ကို ခံရနေကျမို့ သိကာ ...

"ပါးစပ်ပိတ်ထား"

ပန် ... ပန် ... ပန်ပန့်ပန် ...

ရွှေစင် ... အရုပ်ကပုတဲ့ ရွှေစင် ...

ရွှေစင် ... ခါးလည်းတုတ်တဲ့ ရွှေစင် ...

ရွှေစင် ... မြင်ရင်ငိုချင် စိတ်ကမရွှင် ...

သိပ်ခါးတားဖင် ... ရွှေစင် ...

ပန် ... ပန် ... ပန်ပန့်ပန်"

တစ်ခန်းလုံးဟာ ထိပ်ထားကြင်ရဲ့ ကြော်ငြာသီချင်းကြောင့် တဟားဟား ပွဲကျနေကြပါသည်။ ရွှေစင်သည် ဖြိုးစိုစိုအောင့်သက်သက်နှင့် ...

www.burmeseclassic.com



"ငပေါမ၊ နင့်လို အပေါကိုကြိုက်တဲ့ ကိုညဉ်းကို ခဏနေသွားအလေးပြုရဦးမယ်"

"ကိုညဉ်း ဆိုလို့ သူကော ဝတ်စားပြင်ဆင်နေရဲ့လားမသိဘူး၊ ခုန ငါ့တံခါးတစ်ချက် ဟသွားတော့ အပြင်စကြံမှာရပ်ပြီး သူ့ဘော်ဒါတွေနဲ့ ဟီလာတိုက်တုန်း ရှိသေးတယ်"

"ကိုယ့်လင်ယောက်ျားကို ဒီလိုပဲ တရိုတသေ ပြောဖို့ ဘယ်သူ သင်ထားသလဲဟင်၊ ငါ ဟိုဘက်ခန်းအတွက် တစ်ယောက် လွှတ်ထားပါတယ်"

"ဘာလုပ်ဖို့ ! "

"ဟဲ့ ... သတို့သားလည်း နည်းနည်းပါးပါးတော့ လိမ်းရတာပေါ့၊ အရုံတွေကော"

"ဟယ် ... တအားမလိမ်းနိုင်းနဲ့ဦး၊ ငါ့သတို့သား မိတ်ကပ်ကြီးနဲ့ ငါရှက်တယ်"

"နင်က ဘာဝင်ရှက်နေလဲ၊ ကဲ ... ကဲ ... နင်အကျီလဲတော့မလွား"

"စောသေးတယ်၊ အိုက်လိမ့်မယ်၊ ပုလဲကို စောင့်ဦးမယ်"

"ပုလဲနဲ့ ဘာဆိုင်လို့လဲ"

"ပုလဲကို ငါ မျှော်နေတာဟဲ့၊ လာတော့မှာပါ"





"နင် ဘာခိုင်းထားတာလဲ"

"ဂလိုပေါ့ ... ဟဲ ဟဲ"

"လက်ဝတ်လက်စားလား"

"မဟုတ်ပါဘူး ဟဲ့၊ ဒါတွေက မေမေ့ဆီမှာ"

"ဒါဖြင့် ဘာလဲ"

"မသိချင်ပါနဲ့ဟယ်၊ ငါတို့ရဲ့ အတွင်းရေးပါ ... ဟဲဟဲ"

"ကောင်မတွေ ဘာတွေရှုပ်နေလဲ မသိဘူး၊ ဒီမိန်းမလည်း သတို့သမီးပေမို့ပဲ၊ တဟဲဟဲနဲ့ မျက်နှာပိုးလည်း မသေဘူး၊ ငါ့တစ်သက် မင်္ဂလာဆောင်တွေ ပြင်လာတာများပြီ၊ နင့်လောက် အူမြူးပျော်ရွှင်နေတဲ့ သတို့သမီးမျိုး တစ်ခါမှ မတွေ့သေးဘူး။ ပျော်ရင်လည်း ပျော်တာကို ကျိတ်ပြီးပဲနဲ့မြုံမထားဘူး၊ ပျော်တယ် ပျော်တယ်နဲ့ ... ဟီး ဟီး ဟဲဟဲကို ဖြစ်နေတာပဲ၊ အံ့ပါ့တော်"

ထိပ်ထားကြင်က မဲ့မဲ့ရွဲ့ရွဲ့ ပြောနေသော ရွှေစင်ပါးကို တစ်ချက်လိမ်ဆွဲကာ ...

"ငါ ဘာကြောင့် ပျော်နေလဲ၊ နင် နောက်တော့သိမှာပေါ့၊ ခုတော့ နေဦး"

"မသိချင်ပါဘူးနော် ... ဟွန်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် … ဟိုမှာ ပုလဲ လာပြီ"

မှန်ထဲက မြင်လိုက်ရသော ထိပ်ထားကြင်ရဲ့ ဝမ်းသာအားရ အော်သံနှင့်အတူ ပုလဲသည် ရင်လေးဖိလျက် သူ့အဝတ်ထုပ်ဆွဲကာ အခန်းထဲ ဝင်လာသည်။

"ဗိုး … မောလိုက်တာ ကြင်ကြင်ရယ်"

ထိပ်ထားကြင်က ပုလဲကို မှန်ထဲကတစ်ဆင့် မျက်ရိပ်နှင့် မျက်စိမှိတ်ပြလိုက်ပါသည်။

"ဘာတွေလဲ … ဒီမျက်ရိပ် မျက်ခြည် မျက်စ မျက်နတွေက …"

ရွှေစင်က ခါးထောက်၍ သူ မသိရတာကို အောင့်သက်သက် မေးသည်။ ပုလဲ အနားကပ်လာလျှင် ထိပ်ထားကြင်က ခပ်တိုးတိုးနှင့် …

"နင် ဝယ်လာလား"

"ဝယ်လာတယ်"

"တကယ်ပါလား … နင်တွေ့လား"

"အေး"

"အို"





ထိပ်ထားကြင်သည် ပခုံးကို ညှစ်ကျုံ့၊ လက်ဝါးကို မြည်အောင်တီးကာ ဝက်ကလေး အော်သလို ညှစ်၍ကြိတ်အော်လိုက်ပါသည်။

"ဟဲ့ … ဒါ ဘာဖြစ်တာလဲ"

"ပျော်တာ၊ ပျော်တာ၊ သိရဲ့လား ရွှေစင်ရဲ့၊ ငါ အရမ်းပျော်တာ"

ထိပ်ထားကြင်သည် ပျော်ပျော်နှင့် ရွှေစင်ကို တဖျပ်ဖျပ် ရိုက်ပုတ်နေရာ ရွှေစင်သည် ဘုမသိ ဘမသိ ရှုံ့ကာမဲ့ကာ ကျင်နေပြီး …

"ဘာတွေ ဒီလောက် ပျော်နေရတာလဲလို့"

ပုလဲက ရေ့စားပွဲပေါ် သူ့အဝတ်အိတ် ဘုတ်ခနဲ ချကာ …

"သိချင်မနေနဲ့၊ ကဲ … ကဲ … ငါ့ကို ဘယ်သူတာဝန်ယူမှာလဲ၊ ရေချိုးလာတာလည်း အလကားပဲ၊ ချွေးအပြိုက်ပြိုက်နဲ့ သေတော့မယ်"

"ဟဲ့ … ပုလဲ၊ နင် ရေထပ်ချိုးရှင် ချိုးလေ၊ ဟိုမှာရေချိုးခန်း"



www.burmeseclassic.com

www.burmeseclassic.com



"အမယ် ... မချိုးရပါဘူး၊ နောက်ကြီးကျနေမှ ရေကချိုး
ဦးမယ်၊ မလိုချင်ဘူး၊ သွား ... ဟိုရုံ၊ ဟဲ့ ... အလှိုင်၊ သူ့
ကိုလိမ်းပေးလိုက်၊ ချွေးတွေ သုတ်ပြီးတော့သာ လိမ်းပေ
တော့"

"ငါ့ကို နင်၊ မလိမ်းဘူးလား"

"နင့် မလိမ်းနိုင်သေးဘူး၊ ဒီမိန်းမကို အဝတ်လဲ၊ လက်ဝတ်
လက်စားဆင်၊ ပန်းပန်ပေးရဦးမယ်၊ ကဲ ... ထ,သတို့သမီးမ
ဟက်ပီးမ၊ သွား ... ရေချိုးခန်း၊ ဆော်လီနဲ့ ရင်ခံသွားဝတ်
အီးရောမနေနဲ့"

"အေးပါဟဲ့"

"ဟဲ့ ... ဘယ်သူ့အားလဲ၊ ဒီဘက်ခန်းက လက်စသိမ်းတော
မယ်၊ ဟိုဘက်ခန်း သွားကြည့်ချည်ဦး၊ ငါ အစမ်းကိုလှ
ထားတာ၊ ဟိုမှာ ယောက်ျားတစ်အုပ်နဲ့ အဆင်ကောပြေ
လား မသိဘူး၊ သတို့သားကိုပြော၊ ဝတ်စားပြီး အသင့်
တော့လို့၊ ဒီမှာ သတို့သမီး ပြီးတော့မယ်လို့၊ အဲဒီသတို့သ
လည်း လမ်းတွေ့လိုက်ရင် စကြီမှာ လတ်လျားလတ်လျ
နဲ့ တဟီးဟားဟားပဲ လှမ်းတွေ့နေရတယ်၊ အလကား
ပျော်နေတယ်၊ အန့်တီရေ ... ဘယ်မလဲ ကြင်ကြင့်မေ





ဒီစုံတွဲလောက် ပျော်တဲ့မင်္ဂလာဆောင် မတွေ့ဖူးရသေးဘူး
လို့ ပြောမလို့"

"မေမေတို့က အပြင်ထွက်သွားတာဖြင့် ကြာလှပြီ"

"ဟယ် ... ရတနာဘူး လာပေးဦးလို့ အန့်တီ့ကိုသွားပြော
သွား၊ ဒီမှာဝတ်တော့မယ်လို့၊ သြော် ... မိဝိုင်းက ဆက်
မသွားပဲ ဘာရပ်ကြည့် ကြောင်နေတာလဲ၊ နင်က ဟိုဘက်
သတို့သားခန်းကို သွား၊ ပေါက်ပေါက်က အန့်တီ့ သွားရှာ
ခေါ် ... သွားကြ"

ဖဖ◦ဖဖ

ညဦးတို့ အခန်းသည်လည်း တဟေးဟေး တဟား
ဟားနှင့် အသံမျိုးစုံထွက်ကာ ဆူညံပွက်လောရိုက်နေပါသည်။
ဖြင်ဆင်ရမဲ့သူရော ပြင်ဆင်စရာ မလိုတဲ့ အပေါင်းအသင်းတွေ
ပါ ဒီအခန်းထဲ ဝင်လာတာရော၊ အခန်းထဲမှာ ယောကျ်ားဆယ်
ငါးယောက်လောက် ဖြစ်နေရာ တစ်ဦးတည်း အင်အားနည်းနေ
သော မိန်းမလျာ အစမ်းမှာ ငိုမဲ့မဲ့ပင် ဖြစ်ချင်နေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သတို့သား၊ လာပါ သတို့သားရယ်၊ ထိုင်ပါ၊ လိမ်းတယ်ဆိုတာ မိန်းမတွေလို လိမ်းရတာ မဟုတ်ပါဘူး၊ မမြင်ရပဲ ဖုံဖုံလေးဖြစ်ရုံ လိမ်းရတာပါ"

"ဟာ ... ကျွန်တော်က အသားဖြူတာ မဟုတ်ဘူးဗျ၊ တော်ကြာ ချောကလက်မှုတ်တက်ကြီး ဖြစ်နေမယ်၊ တစ်သက် လုံး ဟိုလူက ဆရာ၊ ဒီလူက ဆရာနဲ့ ဣန္ဒြေရရ နေလာ တာ၊ ဒီနေ့ကျမှပဲ လူပြောမလွတ် ဖြစ်နေပါဦးမယ်၊ အေး ... မင်းတို့ကလည်း ဝိုင်းရယ်နေကြ နော်၊ မဝင်းတို့ရယ် နေတာ ငါ ဘယ်လိုအလိမ်းခံမလဲ"

"ရယ်တာက မင်း ပတ်ပြေးနေတဲ့ပုံကို ရယ်တာပါကွာ၊ လိမ်းမှာသာ လိမ်းပါ၊ ဟိုမှာ အရုံလုပ်မဲ့ ချာတိတ်တွေ တောင် ပြီးကုန်ပြီ၊ ကြည့်ကောင်းသားပဲ"

သတို့သားက သုံးဆယ်ကျော်၊ သတို့သမီးက သုံးဆယ်နား ကပ်နေကြပြီ ဖြစ်သော်လည်း သတို့သမီးအရံနှင့် ပန်းကြဲကို နှစ်ဖက်သော တူမပျိုလေးယောက်ကို စီစဉ်ထားတာမို့ ဆယ့်ငါး ဆယ့်ခြောက်နှစ်တွေဖြစ်ရာ သတို့သားအရံကို ညဦး သူငယ်ချင်းလူပျိုအရွယ်မှာ ရွဲချင်ပါသော်လည်း အရွယ်က ကွာဟ နေသည်။





ထို့ကြောင့် သတို့သားအရံအဖြစ် အမျိုးထဲက မဟုတ်၊ ယ်ချင်းထဲကမဟုတ်ပဲ၊ ဒီနှစ်ဆယ်တန်းအောင်သွားသည့် တပည့် း‌ချာတွေထဲက ခပ်ချောချော သုံးယောက်ကို ရွေးချယ်တာဝန် ထားပါသည်။

"ဟ ... သူတို့က ငယ်ဂုဏ်လေးတွေနဲ့ မိတ်ကပ်သုတ် လည်း ကြည့်ကောင်းတာပဲကွ"

"မင်းလည်း ကြီးဂုဏ်ရှိပါတယ်ကွာ"

"မင်းဘိုးအေ ကြီးဂုဏ်"

"အေးလေ ... အိုဂုဏ်ပါကွာ"

"ဟား ဟား ဟား"

ညဦးကို နောက်ပြောင် နှိပ်ကွပ်ကြရင်း တဟား း။ ညဦးမှာ အိုက်သေးလို့ဆိုပြီး အဝတ်လဲခိုင်းလည်းမရ၊ င်းတစ်အုပ် လှန်ကာ လှန်ကာ အီးရောလို့သာ နေတာမို့ မ်းလည်း အတော်စိတ်ညစ်နေပေပြီ။ ထိုစဉ် တံခါးပွင့်ကာ ဖက်ခန်းမှ လွှတ်လိုက်သော မိဝိုင်း ဝင်လာပြီး ...

"ပြီးပြီလားတဲ့၊ အဆင်သင့် ဖြစ်ပြီလား"

"ဟင် ... သတို့သမီးရော ပြီးလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"သတို့သမီး ပြီးနေပြီ၊ ရတနာဝတ်ဖို့ ပန်းပန်ဖို့ပဲ ကျ
တယ်၊ ဘယ်ဟာလဲ သတို့သား"

"ဟောဒီဟာ ... ဟောဒီဟာ"

"ဟင် ... စွပ်ကျယ်နဲ့ ပုဆိုးနဲ့၊ ဘာမှလဲ မလုပ်ရသေးပါလား

အစမ်းက ဝင်ကာ ...

"ငါ ဘာမှပြောလို့ မရဘူး၊ ဟိုမှာ အရံတွေက ကလေး
ဆိုတော့ ပြောစကား နားထောင်တယ်၊ အားလုံးပြီး
တောင်ရှည်ပါဝတ်ပြီး ငြိမ်ငြိမ်ထိုင်နေပြီ၊ ဒါကြီးက အ
ရင့်နေပြီ၊ ဘာမှပြောမရ၊ ဆိုမရဘူး"

"ကဲ ... သတို့သား"

ညဦးဟာ ထိပ်ထားကြင်ရဲ့ အခင်ဆုံး သူငယ်ချ
ခွေစင်နဲ့လည်း ခင်မင်ပြီးသားမို့ ခွေစင့် တပည့်တွေ အဖွဲ့တွေ
လည်း အကျွမ်းတဝင် ရှိနေပါသည်။

"ကဲပါ သတို့သားရယ်၊ ပြုံးစိပြုံးစိနဲ့ မဂ္ဂဇင်းဖတ်ပြီး ဘ
တွေ သဘောကျနေတာလဲ၊ မမကြင်က ချက်ချင်းအသ
ပြင်ပြီး ထွက်တော့မို့ မှာလိုက်တယ်၊ လာပါ၊ နည်းနည
လေး ထိတယ်ဆိုရုံလေး လိမ်းမှာပါ၊ ပြောမရရင် မမကြ
ခေါ်လိုက်မယ်"





ဒီတော့မှပဲ ညဦးသည် မှန်ရှေ့ခုံတစ်ခုမှာ ဝင်ထိုင်
ကာ ...

"မခေါ်ပါနဲ့၊ မခေါ်ပါနဲ့၊ လိမ်းပါမယ်၊ ပါးပါးပဲနော်၊
ဒီရုပ်ထက်လည်း ထပ်မကျစေနဲ့"

"ထပ်ကျစရာလား၊ ရုပ်တက်ဖို့ပဲ ရှိတယ်"

သူငယ်ချင်းတစ်ယောက်က ဝင်ကာ ...

"ဘယ်လိုလုပ်လုပ် ဒီသတို့သားရုပ်က တက်မယ်တော့
မထင်၊ မျက်နှာပိုးကလည်း သတ်မရ ဖြစ်နေတယ်၊ တစ်
ချိန်လုံး ပြုံးနေတာ ပါးစပ်ကို ငယ်ထိပ်ပေါ်မှာ ဖဲ့ပွင့်ဖော်
ခြည်လို့ရတော့မယ်"

"ဟယ် ... မြန်မာစာသင်တဲ့ဆရာလို့ မပြောရဘူးနော်၊
အတိုသယဝုတ္တိအလင်္ကာ တယ်မြောက်ပါလား"

"စကားမပြောနဲ့၊ ပါးစပ်ပွင့်ပွင့်သွားတော့ ပါးစပ်ထဲ တို့ပတ်
ဝင်တော့မယ်"

"ရယ်လို့ရော ရလား ... ဟီး ဟီး"

"ရယ်လို့လည်း မရဘူး"

"ရယ်ပါရစေဗျာ၊ ပျော်လို့ပါဗျာ၊ ပျော်လွန်းလို့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်မှာလည်း သတို့သမီးလည်း ဒီအတိုင်းပဲ၊ ပြုံး
နေတာပဲ၊ သူ့အသံချည်းပဲ၊ လိုက်လည်းလိုက်ပါ"

မိစိုင်းက ဘေးက ကျညီရင်း မဲ့မဲ့လေး ဆိုသ

ညဦးသည် ကိုယ့်ဟာနှင့်ကိုယ် တကယ်ပဲ အ
အရွှင်ကာ ပျော်နေသည့် စိတ်အခံနှင့်မို့ မှန်ထဲက ကိုယ့်
မျက်နှာ ကိုယ်ကြည့်ရင်း သီချင်းတစ်ပိုင်းတစ်စ ညည်းလိုက်
သေးသည်။

"အရယ်အပြုံးလေးများနဲ့ အကြည်ဆုံး မျက်နှာလေး
ငွေလမင်းလား စမ်းရေလား၊ သားတို့သမီးတို့ ကြည့်ကာ
ပေပေကြီးမှာ စိတ်ချမ်းသာပါတယ်"

တစ်ခန်းလုံး ဝါးခနဲ ရယ်မောကြကာ ...

"အောင်မယ်လေး ... ပေပေကြီးသီချင်းဆိုဖို့ စောလွန်း
သေးတယ် ဆရာညှ ရယ်"

"ဟုတ်ပါဘူးဗျာ၊ ပါးစပ်ထဲပေါ်တာ ကောက်ဆိုလိုက်
ပါ၊ ခုခေတ်သီချင်းတွေလည်း ရမှမရပဲဗျ၊ ပါးစပ်ထဲလ
မစွဲဘူးလေ"

သတို့သားရဲ့ တပည့်လေးတွေမှာ သူတို့ဆရာ
သူတို့သဘောကျ ပြုံးမြနေကြပါသည်။ ညဦးမျက်နှာကို ရေ





တို့ပတ်လေးနှင့် ပွတ်ရုံသာဖြစ်၍ ချက်ချင်းပြီးသွားကာ ဆံပင်ကို
ဂျယ်နှင့် ပုံသွင်းပြီးသည်။ အဝတ်အစားလဲ၊ တောင်ရှည်ဝတ်နှင့်
ဘာမှလုပ်စရာမလိုဘူး ထင်သော်လည်း အချိန်နည်းနည်းတော့
စားသွားသေးတာပင်။

"မပြီးသေးဘူးလားတဲ့၊ သတို့သမီး ခေါ်နေပြီ၊ ဓာတ်ပုံ
ရိုက်မယ်တဲ့"

ညဦးသည် ထိပ်ထားကြင်မျှား စောင့်ရလွန်း၍
စိတ်ကောက်နေလုပြီဟု ကမန်းကတန်း အခန်းထဲမှ ထွက်ဟန်
ပြင်ရင်း ...

"ဟေ့ကောင် တင်ထွန်းနိုင်၊ ငါ့မဂ္ဂဇင်းကို ငါ့အဝတ်ဟောင်း
အိတ်ထဲ ထည့်ပေးထား၊ ပြီးရင် ငါ့ကားပေါ် အဝတ်အိတ်
သွားတင်ထားပေး၊ သေချာလုပ်၊ ငါ့မဂ္ဂဇင်း ဟိုမှာလိုလို
ဒီမှာလိုလိုနဲ့ ပျောက်ဦးမယ်"

"အေးပါကွာ၊ ဥစ္စာကလည်း ခြောက်သေးတယ်"

"ခြောက်ရမှာပေါ့ကွ၊ မင်း သိသားနဲ့၊ ဟဲ ဟဲ"

"ဟေ့ကောင် ... အဲဒါ ငါ့ကို သတ်သတ်ကျွေးရဦးမှာနော်၊
ဘတ်ချလာနိုက်နဲ့ ပေါင်းမချလိုက်နဲ့"

"အေးပါကွာ၊ လာမှာပေါ့ ... စိတ်ချ"



www.burmeseclassic.com

www.burmeseclassic.com



ညဦး သတို့သမီးခန်းထဲ ရောက်လျှင် သတို့သမီး ထိပ်ထားကြင်သည် အစစအရာရာ ပြည့်စုံပြီးစီးကာ ကတ္တီပါခုံကလေးမှာ ထိုင်နေသည်။ လှလိုက်တဲ့သူ့ရဲ့ သတို့သမီး။ နဂိုအလှပေါ်မှာ အပြင်အဆင် အခြယ်အသတို့ကြောင့် ရှန်းတင့်နေသည်။

ညဦးရဲ့ နှစ်သက်သဘောကျ ကျေနပ်ပီတိဖြစ်သော မျက်ဝန်းများကို လှမ်းမြင်လျှင် ထိပ်ထားကြင်ကလည်း ချစ်စနိုးရှက်ပြုံးနှင့် ...

"လာလေ ... ဓာတ်ပုံရိုက်မယ်"

"ဘယ့်နှယ်လဲ သတို့သား၊ သတို့သမီး လှရဲ့လား"

"အရမ်းလှတယ်ဗျာ"

"သတို့သမီးကကော သတို့သားကို ကြည့်ပါဦး"

"တစ်သက်လုံး တွေ့ဖူးသမျှ ဒီနေ့ အချောဆုံးပေါ့ ရွှေစင်ရယ်"

"မှားပါတယ်၊ ငါ့တစ်သက်လေ တကယ်ပါ၊ နင်တို့နှစ်ယောက်စုံတွဲလောက် ကျေနပ်ပျော်မြူးနေတဲ့စုံတွဲ တကယ်ပဲ မမြင်ခဲ့ရဖူးပါဘူး၊ အားလုံးပါ စိတ်ချမ်းသာတယ် ... အဟုတ်"





ရွှေစင်က ညဦးကို ထိပ်ထားကြင်ရဲ့ အားကျကျနောက်ဘက်နားမှာ ရပ်စေလျက် ထိပ်ထားကြင် ပခုံးပေါ် လက်ကိုတင်ထားစေသည်။ ရှေ့မှာ ဓာတ်ပုံသမားရော၊ ဗီဒီယိုသမားတွေပါ ရှပ်ယှက်ခတ်ကာနေဆဲ၊ ညဦးက ထိပ်ထားကြင်နားနားငုံ့ကာ ...

"အကြင် ... ပျော်တယ် ဟုတ်လား"

"ပျော်တာပေါ့၊ ဒီနေ့ကို အကြင် အထူးပျော်နေတာ၊ မောင်ရော"

"အပျော်ဆုံးနေ့ ဖြစ်နေတယ် ... ဟင်း ဟင်း"

နှစ်ဦးစလုံးဟာ ချစ်သူနှင့် လက်တွဲရတဲ့ မင်္ဂလာပွဲနေ့ကို ပျော်ရတာကတစ်မျိုး၊ ကိုယ့်အကြောင်းနဲ့ကိုယ် လူမသိအောင် ပျော်နေမိတဲ့ နဂိုအပျော်ခံကတစ်မျိုးမို့ သွားကိုယ်စီပေါ်နေအောင်ကို အဆက်မပြတ် ပြုံးနေနိုင်ကြတာပင်။ ရွှေစင်က တမင်မဲ့ရွဲ့ရင်း ...

"ကင်မရာမင်းတို့ရေ၊ ဒီစုံတွဲနဲ့တော့ သက်သာတယ်၊ ပြုံးခိုင်းစရာ မလိုဘူး၊ အပြုံးလျှော့ဖို့ပဲ ခိုင်းရင်ခိုင်းရမယ်"

၈၉-၁၀-၉၈



www.burmeseclassic.com

www.burmeseclassic.com



## ၂

ညဦး ဆိုတဲ့ လူတစ်ယောက်နှင့် သက်ထားကြင် ဆိုသော မိန်းမတစ်ယောက်တို့သည် လွန်ခဲ့တဲ့ တစ်နှစ်ခွဲကျော် ကျော်ချောင်းသာကမ်းခြေမှာ စတင်ဆုံစည်းခဲ့ကြတာ ဖြစ်ပါသည်။

ညဦးသည် အကြီးအကျယ် အောင်မြင်နေသော ကိုးတန်း ဆယ်တန်း ကျူရှင်သင်တန်းကြီးတစ်ခုကို ထူထောင်ထားသူ ဖြစ်ပါသည်။ မိဘများက ပွဲရုံလုပ်ငန်းကို မျိုးရိုးစဉ်ဆက် လုပ်ကိုင်လာကြသူတွေဖြစ်၍ ညဦးကိုလည်း ဒီလုပ်ငန်းထဲပဲ အခြေချစေလိုသည်။

ညဦး အထက်က အစ်ကိုအကြီးဆုံးနှင့် အစ်မတစ်ယောက်တို့သည်လည်း ဘွဲ့ရကာ ပညာပြည့်စုံပြီးမြောက်ကြသော





အခါ တစ်သက်လုံး ထိတွေ့ကျွမ်းကျင်လာခဲ့သော ပွဲရုံလုပ်ငန်းထဲပဲ ခြေစုံပစ်ကာ ကိုယ့်ပွဲရုံလုပ်ငန်းခွဲနှင့်ကိုယ် ခွဲခြားထူထောင်ကာ အောင်မြင်ကြီးပွားနေခဲ့ကြသူတွေပင်။

ဒီတော့ ညဦး အလှည့်မှာလည်း မိဘများက ထုံးစံအတိုင်း သီးခြားပွဲရုံခွဲတစ်ခု ထူထောင်ပေးရန် ကြံစည်သည်။ သို့ပေမဲ့ ညဦးက ဘယ်လိုမှ ပြောဆိုနားချမရပါ။ သူဝါသနာမပါဘူးရယ်လို့သာ အပြတ်ငြင်းဆန်၍ ထိုလုပ်ငန်းဘက် လုံးဝလှည့်လို့ကို မကြည့်။

တက္ကသိုလ်ကျောင်းသား ဘဝကတည်းက သူ ဝါသနာပါတဲ့အတိုင်း ဆယ်တန်း Guide အဖြစ် အပျင်းပြေသဘော လုပ်လက်စရှိသော ညဦးဟာ ဘီအေအင်္ဂလိပ်စာဘွဲ့ ရအပြီး အမ်အေ ဆက်တက်နေစဉ် အတွင်းမှာ ဝိုင်းကျူရှင်ငယ်တွေ လိုက်ပေးနေပါပြီ။

အင်္ဂလိပ်စာ တော်ရုံမက စာအသင်အပြပါ ပါရမီပါလာသလို ထူးချွန်သော ညဦးသည် ကျောင်းသားများ ကျောင်းသားမိဘများ သဘောကျ လက်ခံကြသော အင်္ဂလိပ်စာကျူရှင်ဆရာလေး ဖြစ်နေပါသည်။ ပထမပိုင်းတော့ အိမ်တွေမှာ လေးငါးဆယ်ယောက် စုသင်သော ဝိုင်းတွေမှာသာ သင်ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းတော့ သင်ရင်း သင်ရင်း နာမည်လည်း ကြီးလာ မိတ်လည်းများလာ၊ တစ်နှစ် တစ်နှစ် သူ့ထံ ကျူရှင် အပ်တဲ့ ဝိုင်းတို့ကလည်း တိုးပွားလာ၍ သူ အချိန်မပေးနိုင်ပဲ မျက်နှာပူ အားနာစရာတွေ ဖြစ်လာခဲ့တာအပြင် ရင်းနှီးလာသော ကျောင်းသားမိဘများကလည်း သူ့ကို "သချ်ာဆရာတစ်ယောက် ယောက် ရှာပေးပါဦး" "ဘိုင်အိုဆရာတစ်ယောက်ယောက် ရှာပေး ပါဦး" စသဖြင့် အကူအညီတောင်း အပူတပ်တာ များလာတဲ့အခါ။

မဟာဝိဇ္ဇာတွဲ့ စာတမ်းပြု ဖြေဆိုအောင်မြင်ပြီးသွား တဲ့အခါမှာတော့ ညဦးသည် ကျူရှင်လုပ်ငန်းတစ်ခုကို ထူထောင် လိုက်ပါသည်။ မိတ်ဆွေအပေါင်းအသင်း ရင်းနှီးတဲ့ တခြားဘာသာ ရပ်ဆရာတွေလည်း ရှိပြီးသားမို့ ဘာသာစုံဆရာတွေ ကိုယ့်ဟာကိုယ် ရှာဖွေကာ ဘာသာစုံသင်သော ကျူရှင်သင်တန်းတစ်ခု စတင်ဖွင့် လှစ်သည်။

ဘာမှ မကြော်ငြာပဲ အိမ်ဝိုင်းတွေမှာသာ လိုက်သင် နေဆဲ အခြေအနေကတည်းက လူသိများ ထင်ရှားနေတဲ့ ညဦးက ကျူရှင်ထဖွင့်လိုက်တဲ့အခါ မျှော်လင့်ထားသည်ထက် အများကြီး ပိုပြီးအောင်မြင်ကျယ်ပြန့်သွားပါသည်။ ပထမတော့ မြေနီကုန်း ဘက်မှာ သူ တိုက်ခန်းနှစ်လွှာ နှစ်ချပ်ငှားပြီး သူ့လုပ်ငန်းကို စ,သည်။





နှစ်နှစ်လောက် ရှိတဲ့အခါမှာတော့ အင်အားကြီးမား လာတဲ့ သူ့လုပ်ငန်းကို တိုးချဲ့ရပါသည်။ လည်းတန်းအနား အင်းစိန်လမ်းမကြီးပေါ်မှာ ပေအစိတ်ပေခြောက်ဆယ့် အခန်းကျယ် နှစ်ထပ်ကို ဝယ်ယူလိုက်ရကာ သူ့သင်တန်းကို တိုးချဲ့ခဲ့ပါသည်။

ဒီလုပ်ငန်းနှင့် သူ့ကို ကံလိုက်သည်ပဲ ဆိုရပါမည်။ သူ့သင်တန်းဟာ နှစ်စဉ် တက်ချင်တဲ့ကျောင်းသား များလွန်း၍ အပြည့်အဝပင် လက်မခံနိုင်ပါ။ ဘာသာစုံဆရာ အများစုဟာလည်း ညဦးနှင့် အသက်အရွယ်တူ သူငယ်ချင်းများပဲဖြစ်ရာ လူငယ်ကျူရှင် ဆရာတစ်စုရဲ့ အောင်မြင်မှုက ကြောက်ခမန်းလိလိ နာမည်ကြီး လာတဲ့ အထိပင်။

သူ့ကျူရှင်ရဲ့ ဆရာတို့မှာ လူရွယ်တွေပဲဖြစ်၍ စာ အသင်အကြား၌ သွက်လက်ကာ ကျောင်းသားများနှင့်လည်း အပေးအယူ များလည်မှုတည့်လှပါသည်။ ကျောင်းသားတွေဟာ သူ့ကျူရှင်သင်တန်းမှာ ပျော်လည်းပျော်ကြသည်။ စာလည်းရရ မည်။ လေ့ကျင့်ခန်းတွေ များများပေး၍ လေ့ကျင့်ခန်း စစ်ဆေးတဲ့ အဖွဲ့ကို သေသေချာချာ ကြပ်ကြပ်မတ်မတ်ထားကာ၊ ကျောင်းသား တို့ရဲ့ အခြေအနေကို သူတို့အိမ်ဆီ အမြဲတမ်း အစီရင်ခံစာပို့နိုင် တာက သူ့ကျူရှင်ရဲ့ အားသာချက်ပင်။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်ဘယ်လောက်ထက် နည်းရင် ဒဏ်ငွေ၊ အမှတ်ဘယ်လောက်ထက် နည်းလျှင် ဘယ်လိုဒဏ် စသဖြင့် ကြိုတင်သတ်မှတ်ထားကာ ပြောထားတဲ့အတိုင်း ငွေကောက်သည်။ ထိုကောက်ခံထားသော ဒဏ်ငွေတို့ဟာ စာမေးပွဲအပြီး နွေရာသီမှာ ထူးချွန်တဲ့သူတွေကို ရွေးချယ်၍ ညဦး ကိုယ်တိုင် စရိတ်မ,တည်ကာ ထွက်ဖြစ်သော အပန်းဖြေခရီးထဲ ရန်ပုံငွေအဖြစ်ပါဝင် သွားရပါသည်။

ကျောင်းသားတွေနှင့် သူငယ်ချင်းပေါင်းလည်းပေါင်းနိုင်သည်။ ဆရာစရာ ရိုက်စရာရှိလည်း မျက်နှာမမှမထောက် ဆူသည် ရိုက်သည်။ ထို့ကြောင့် သူတို့ဆရာတစ်ခုကို ကျောင်းသားများသည် ချစ်လည်းချစ် ကြောက်လည်းကြောက် ရိုလည်းရိုသေကြရတော့တာပင်။

အဲဒီနှစ်က သူတို့ကျူရှင်က လိုက်နိုင်သမျှ ဆရာအားလုံး ကျောင်းစာရေး ကျောင်းအကူကအစ အားလုံးအပါအဝင် အပတ်တိုင်း စစ်ဆေးခဲ့တဲ့ လေ့ကျင့်ခန်းရမှတ်တွေအပေါ် မူတည်ပြီး အထူးချွန်ဆုံး ရွေးချယ်ထားသည့် ကျောင်းသားက ဆယ့်နှစ်ယောက် (ကျောင်းသူထဲက ထူးချွန်သူတွေ ရှိပေမဲ့ ချန်လှပ်ထားခဲ့ရပါသည်။ ကိုယ်က ဂုဏ်ပြုချီးမြှင့်ပြီး တပျော်တပါး ပါဝင်စေလိုသော်လည်း နောင်အခါ စာရင်းဖယားရှပ်မှာ စိုးရိမ်ရ၍ ဖြစ်





သည်။) စုစုပေါင်း လူအစိတ်လောက် အုပ်စုလိုက်ကြီး ချောင်းသာကမ်းခြေကို ရောက်ခဲ့ကြတာ ဖြစ်ပါသည်။

ယောက်ျားချည်းပဲ လူအစိတ်အုပ်စုဖြစ်၍ မီးကုန်ယမ်းကုန် ပျော်ကြပေါ့ကြ။ ဤအချိန်မျိုးမှာ သူ့ကျောင်းသားတွေနှင့်လည်း သူငယ်ချင်းတွေလိုသ[illegible]။ လုပ်ချင်ရာလုပ် တလွတ်တလပ်ရှိစေသည်။

လူအုပ်ထောင့်လှ၍ သူတို့က အိမ်တစ်လုံးငှားနေကာ ထမင်းချက်တစ်ယောက်ပါ ငှားထားလိုက်ပါသည်။ စားလိုက်သောက်လိုက် ကစားလိုက် ရေကူးလိုက် ဆယ်ရက်လောက်နေဖြစ်မည့်အုပ်စု ဖြစ်သည်။

သူတို့လိုပင် ဆယ့်ငါးယောက်ကျော်သော မိန်းမချည်းသာ ပါဝင်သည့် အုပ်စုကြီးတစ်ခုဟာ သူတို့ရောက်ပြီး နှစ်ရက်အကြာမှာ မနီးမဝေးသို့ ရောက်ချလာခဲ့လေရာ ယောက်ျားလေးအဖွဲ့အဖို့ မြူးထူးစရာ ဖြစ်သွားခဲ့ရပါတော့သည်။ ရောက်လာသောအမျိုးသမီးအုပ်စုမှာ ဆယ့်ခုနစ် ဆယ့်ရှစ်မှ သုံးဆယ်ကျော်အရွယ်ထိ အရွယ်အစားစုံစုံ။ စုံစမ်းသိရသည်မှာ မင်္ဂလာဈေးအုပ်စုတဲ့။

ပထမတော့ ညဦး စိတ်မဝင်စားလှပါ။ မိန်းမတွေကို စိတ်မဝင်စားတတ်ဘူးရယ်လို့တော့ မရှိပေမဲ့ သူ့သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ကျောင်းရဲ့ အောင်မြင်မှု ကျော်ကြားမှုအပေါ် အာရုံစိုက် စိတ်ဝင်စားမှုကြီးလှတဲ့ ညဦးဟာ တော်ရုံသဖြင့် အပျော်သက်သက် အားဖြင့်တော့ မိုန်းမတွေအတွက် အချိန်မပေးခဲ့မိ။

အဲဒီအချိန်က သူ့အသက်ဟာ သုံးဆယ်ပြည့်ပြီးစ။ သူ့ကျူရှင်ဟာ သူ့အတွက် ပထမ အဲဒါပြီးလျှင် ညဦးဟာ စာ၊ ကဗျာတွေကို စိတ်ဝင်စားတဲ့သူ တစ်ဦးလည်း ဖြစ်ပြန်သည်။ အရိပ်ကောင်းကောင်းမှာ အမြည်းကောင်းကောင်းနှင့် ဘီယာဘူး တွေဘေးချ၊ စာအုပ်ကောင်းတစ်အုပ်ရလျှင် စိတ်ဝင်တစား စိမ် ကျနေတတ်တဲ့သူမို့ မလှမ်းမကမ်းကို လာတည်းခိုကြတဲ့ မိန်းမ အုပ်စုကို မြင်နေပေမဲ့ သိပ်အရေးမလုပ်မိခဲ့။

တစ်နေ့မှာတော့ ဖော်ပြပါအတိုင်း စိမ်ကျနေသည့် သူ့ထံ ပြဿနာတစ်ခုက မြန်းခနဲ ရောက်လာသည်။

"ဒီမှာ"

ခပ်ရွှာရွှာအသံတစ်ခုကြောင့် ရိုတ်တိ အရသာပျက် ကာ အလန့်တကြားနှင့် လက်ထဲက ဖတ်လက်စ မဂ္ဂဇင်းပင် ပြုတ်ကျတဲ့အထိ ...

"ဟို ... ကတုံးတစ်ကောင်ရယ်၊ ဆံရှည်တစ်ကောင်ရယ်က ရှင်တို့အုပ်စုကလား"





"ဗျာ"

"ဟိုချာတိတ်လေးတွေလေ၊ စပ်ဖြဲဖြဲ ကျောက်ကျောရေပက် တွေ"

"ဗျာ"

ဝိသေသတွေက တစ်မျိုးပြီးတစ်မျိုး ဖြစ်၍ ညဦး နားထွေးကာ ကြောင်တက်တက် ဖြစ်မိတာအပြင် ရှေ့ကမိန်းမကို လည်း အလန့်တကြား ဖြစ်နေမိ၍ ပိုပြီး နားဝေနေမိတာပင်။

"ဒီမယ် ... ရှင် ဘာဖြစ်နေတာလဲ၊ အူကြောင်ကြောင်နဲ့ မူးနေတာလား"

"မမူးပါဘူး၊ ခင်ဗျား ဘယ်သူလဲ၊ ဘာတွေ လာပြောနေ တာလဲ"

ထိုမိန်းမဟာ တစ်မျက်နှာလုံးကို ပိန်းပိတ်ထူထဲစွာ သနပ်ခါးဝါဝါတွေ လိမ်းထားတဲ့အပြင် သပွတ်တဲလိုဟာနှင့် ကန့်လန့်စင်းတွေ ညီညာအောင် အစင်းရာပေးထားသေး၍ ဝါဝါ စင်း ညီညီညာညာတွေကြားမှာ သူ့ရုပ်ကို ဘယ်လိုမှ မမြင်သာ။ မျက်လုံး၊ နှာခေါင်းပေါက်နှင့် ပါးစပ်ပေါက်ကိုသာ အစင်းကြား ထူထူတွေထဲမှာ အပေါက်လေးတွေအဖြစ် တွေ့နေရပြီး မျက်ခုံး ရော နှာတံရော နှုတ်ခမ်းအသားပါ လုံးဝမမြင်ရ၍ အင်မတန် သန့်ဖို့ကောင်းတဲ့ရုပ်ကြီး ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီကြားထဲ ဆံပင်အားလုံးကို ဟိုးငယ်ထိပ်တည့်တည့်သို့ စုယူပြီး အလုံးလေး စုထုံးထားလျက် စပန့်သား ခရမ်းရောင် အနွယ်အခက်အဆင် အကျီပွ၊ ဘောင်းဘီပွကြီးကို ချောင်ချိပေါ့ပါးစွာ မတန်တဆ ဝတ်ထားသေး၍ ဘယ်လိုမှ ရုပ်ဆင်းသဏ္ဌာန်ကို ဖော်မရအောင် ဖြစ်နေသည်။

လူတစ်ယောက်ရဲ့ရုပ်ကို မမြင်ရပဲ စကားပြောရသည်မှာ အားမလို အားမရ ဖြစ်စရာကောင်းလှသည်။ ခုလည်း သူ့ကို အရာဝတ္ထုတစ်ခု၌ အဝတ်စွပ်ထားပေးသကဲ့သို့သာ မြင်နေရ၍ ညဦးက အားမလို အားမရ ပြူးပြဲကြည့်နေမိသေးတာပင်။

"ကဲ ... ရှင် ဘယ်လိုလူတုန်း၊ ဘာကို ပြူးကြည့်နေရတာတုန်း"

"ခင် ... ခင်ဗျားကို မမြင်ရလို့ ကြည့်နေတာပါ"

"ဟင် ... ဘာလဲ၊ ရှင်က မျက်စိမမြင်တဲ့လူလား"

"ဩော် ... မဟုတ်ပါဘူး၊ မြင်ပါတယ်၊ ကျွန်တော်ပြောတာက ခင်ဗျားတစ်ကိုယ်လုံး အဝါစင်းနဲ့ ခရမ်းရောင်တွေပဲ ရှုပ်နေပြီး ရုပ်ကို တွေ့ကိုမတွေ့ရလို့"

"တွေ့အောင်ကြည့်နေဖို့ မလိုပါဘူးရှင်၊ ကျွန်မမေးချင်တာ မေးပြီး"





"မေးလေ ... မေး"

"ကတုံးကောင်တစ်ကောင်ရယ်"

အင်း ... သူတို့အုပ်စုထဲမှာ ကတုံးလေးယောက် ပါသည်။ စာမေးပွဲအပြီး နွေရာသီအဝင် တစ်ပတ်လောက်သက်နှံးခြင်းမြင်ကြသည့် ကျောင်းသားနှစ်ယောက်၊ ကျောင်းစာရေး တစ်ယောက်၊ သချ်ာဆရာက တစ်ယောက်။

"ဆံရှည်တစ်ကောင်ရယ်"

"ဆံက ဘယ်လောက်ရှည်လဲ"

"ပေခွဲလောက်ရှည်တယ်"

သူမက ပခုံးကျော်ကို လက်ညှိုးနှင့် ဖျတ်ခနဲ ရစ်ပြသည်။ သူတနှင့် ကျော်ကြီး ဖြစ်မှာကို မှန်းဆလိုက်နိုင်တာမို့ ...

"ဩော် ... အင်း၊ အဲဒါ ဘာဖြစ်လဲ"

"ရှင်တို့အုပ်စုထဲက မဟုတ်လား"

"အင်း ... ဟုတ်လိမ့်မယ် ထင်တယ်၊ ဘာဖြစ်လို့လဲ"

"ရှင်တို့အရွယ်တော့ မဟုတ်ဘူးလေ၊ ရှင်တို့ သားလားတူလား"

"ဟာ ... ဘယ်လိုလုပ် ကျွန်တော်တို့သား ဖြစ်နိုင်မလဲဗျ၊ ဒီအရွယ်သားလောက် ကျွန်တော်တို့ မမွေးနိုင်သေးပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အသက် သုံးဆယ်ကျော်တယ်ဆိုရုံလေး ရှိသေးတယ်"

"သြော် ... သြော် ... ဟုတ်မှာပေါ့"

ပြုံးစိစိ ဖြစ်သွားတဲ့ အမျိုးသမီးကြောင့် ညဦးက မျက်နှာတည်တည်နှင့် ...

"ပြော ... ဘာဖြစ်လို့လဲ"

"မနက်ကတည်းက ခုထိပဲနော်၊ ကျွန်မတို့အုပ်စုထဲက ကလေးမလေးတွေကို လိုက်စ,စနေတာ"

"ခင်ဗျားသမီးတွေကိုလား"

"အောင်မာ၊ ပြန်ဖွာတက်တက်တယ် ကြည့်စမ်း"

"မသိဘူးလေ ... မေးကြည့်တာပါ၊ စ,တာ ဘာဖြစ်လဲဗျာ စ,တာဟာ ချစ်လို့ စ,တာပါဗျ၊ မုန်းရင် မစ,ဘူး"

"ဘာရှင့်၊ တယ်ပြောတတ်ပါလား၊ မနက်အစောကတည်းက ကျွန်မတို့ထဲက အငယ်ဆုံး ချောချောနဲ့ ထွေးထွေး လမ်းလျှောက်ထွက်ရင် လိုက်ထွက်၊ ရေထဲဆင်းရင် လိုက်ဆင်း"

"ဟာ ... ဒါတော့ သူတို့ဆင်းတဲ့အတွက် ကျွန်တော်တို့ဘက်က မဆင်းရဘူးဆိုရင် မဖြစ်နိုင်ဘူး"





"ကဲ ... နားထောင်ပါဦး၊ ခေါင်းလုံးကိုလှ၊ ခေါက်ကွင်းကို မှောက်ပြေး၊ မျိုးစုံ စ,နေတယ်၊ စ,နေတယ်ပဲ ပြောတယ်နော်၊ နှောင့်ယှက်တယ်လို့ ကျွန်မ မပြောပါဘူး၊ စ,သင့်သလောက် စ,ပါ၊ ကောင်မလေးတွေလည်း ပျော်နေကြပါတယ်၊ ဒါပေမဲ့ ခုနက ကျွန်မတို့ ရထိုင်နေတဲ့ လူအုပ်စုကြားထဲကို ရေမြွေအသေကြီးတစ်ကောင် တုတ်နဲ့ကော်ပြီး ပစ်ပြီးတော့ ထွက်ပြေးသွားကြတယ် ...

အုပ်စုထဲမှာ နှလုံးမကောင်းတဲ့သူ ပါတယ်ရှင့်၊ လန့်သွားလိုက်တာ မနည်း ဆေးဆေးတွေ သကြားတွေ တိုက်ရတယ်"

"သြော် ... စိတ်မကောင်းပါဘူးဗျာ၊ တကယ်ပါ၊ အဲလိုတော့ ဘယ်စ,ကောင်းမလဲ"

"ဒါပေါ့ရှင်၊ ကျွန်မတို့ကလည်း ခင်တတ်ပါတယ်၊ ပျော်တတ်ပါတယ်၊ ရှင်တို့ထဲက အဲဒီချာတိတ်တွေနဲ့ ရွယ်တူချာတိတ်မလေးတွေလည်း ပါတော့ သူတို့ခင်ကြမင်ကြစ,ကြနောက်ကြ အဖွဲ့ကျလည်းရတယ်၊ ဒါပေမဲ့ ခုနလိုတော့ မစ,နဲ့"

"ဒါပေါ့၊ ဟုတ်တယ်၊ မစ,ရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလာပြောတာ၊ ရှင့်ကို အရင်တွေ့လို့ ရှင့်ကိုပြောတာ
ရှင်က ဒီကောင်လေးတွေရဲ့ အဖေ မဟုတ်ဘူးဆိုတော
ဦးလေးလား အစ်ကိုလား"

"ကျွန်တော့် တပည့်လေးတွေပါ"

"ဩော် ... ရှင်က ကျောင်းဆရာပေါ့"

"ဟုတ်ကဲ့ ... ကျူရှင်ဆရာဆိုရင် ပိုမှန်ပါတယ်၊ ဆယ်တန်
ဖြေထားတဲ့ ကျွန်တော့်တပည့်လေးတွေပါ၊ ကျွန်တော်တွေ
ဆရာတွေပါ"

"ဩော် ဆရာတွေနဲ့ တပည့်တွေ၊ ပျော်စရာကြီးနော်
ဆရာက နာမည်လိုခေါ်ပါလဲ၊ ကျူရှင်ကရော ဘာသင်တ
ပါလဲ"

"ကျွန်တော် ညဦးပါ၊ ကျွန်တော်က English သင်တာပ
ကျူရှင်ကတော့ ထိပ်ပါ၊ ဘာသာစုံ သင်တန်းပါ"

"ဩော် ... ကျွန်မ သိပြီ၊ ထိပ်ကျူရှင်က နာမည်ကြီး
ဆိုင်းဘုတ်ကြီးတွေလည်း ကြီးတယ်လေ ... အဟ
ပြီးတော့ ကျွန်မနာမည်တစ်လုံး ပါနေလို့ ဒီကျူရှင်
သတိပြုမိတာ"

"ဟုတ်လား ... ခင်ဗျားနာမည်က ဘာပါလိမ့်"





"ထိပ်ထားကြင်ပါ"

"ခင်ဗျာ ... ထိပ်ထားကြင်၊ နာမည်လေးက တစ်မျိုးလေးဗျာ၊ ကောင်းလိုက်တာ၊ ကျွန်တော့်တပည့်တွေ ကျွန်တော် သေချာဆုံးမပါ့မယ်၊ ဒီလိုစ,နည်းမျိုး နောက်ကိုမစ,စေရပါဘူးဗျာ၊ အပန်းဖြေခရီးမှာ လာဆုံကြရတာ ခင်ခင်မင်မင်ပေါ့ဗျာ နော်၊ နီးနီးကလေးလည်း တည်းခိုနေကြတာ၊ မိတ်ဆွေသစ်တွေ ဖြစ်ပါရစေ၊ ခုန နောက်ပြောင်တာအတွက် ကျွန်တော် တောင်းပန်ပါတယ်"

"တောင်းပန်တယ်ဆို ရပါတယ်ရှင်၊ ကျွန်မတို့အုပ်စုကလည်း ခင်တတ်ပါတယ်၊ ဒါဖြင့် ကျွန်မ သွားတော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ဤသို့အားဖြင့် စတင်သိကျွမ်းရာမှ ညဘက်တွေ အုပ်စုနှစ်စုဆုံကာ ငါးကင်ကြ၊ မီးပုံပွဲလုပ်ကြ၊ နှစ်ရက် သုံးရက်ရှိသည့်တိုင် ထိပ်ထားကြင်ကို ညဦး မမှတ်မိသေးပါ။ သူ့မျက်နှာကို လုံးလုံးမမြင်လိုက်ရတာဖြစ်ပြီး ထုံးထားတဲ့ ဆံပင်ဟာလည်း ဘယ်လောက်ရှည်သလဲ မှန်းမရ၍ ထိုအုပ်စုထဲမှ ထိပ်ထားကြင်ဖြစ်နိုင်ချေရှိသူသည် ညဦး အမြင်မှာ သုံးလေးယောက် ဖြစ်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စကားလာပြောတုန်းက ဝတ်ထားတာကလည်
ပွချောင်လွှန်း၍ အပိန်အဝ အတိအကျ မှန်းမရ။ သူ မမှတ်မိတ
သိ၍ ဟိုအုပ်စုကလည်း တမင်တကာ နောက်ကာ ထိပ်ထားကြ
ကို နာမည်လည်းမခေါ် ဘယ်သူဆိုတာလဲ မဖော်။ ညဦးမှာ ဟ
တစ်ယောက်နီးနီး ဒီတစ်ယောက်နီးနီး နှစ်ရက်သုံးရက်ယော
ဇဝေဇဝါ ဖြစ်နေပြီးမှ မှန်းဆလို့ ရသွားပါသည်။

စကားပြောလျှင် လက်ညှိုးလေးတစ်ချောင်းထော
ထောင်ပြီး ပြောတတ်တဲ့ပုံစံလေးနှင့် သတိတရ ဖမ်းယူသိရှိခဲ
တာပင်။

ထိပ်ထားကြင်ရဲ့ ဘဝတစ်လျှောက်မှာ သူမကိုချစ်
မြတ်နိုး၍ ခြေကန်ပိုးကြတဲ့ ယောက်ျားတွေပေါင်း မနည်းမ
ကြုံတွေ့ခဲ့ရပါသည်။ ကျောင်းသူဘဝကတည်းကစပြီး အလုပ်
နေတဲ့အချိန်ထိ ... အခုထိ။

ဖူးစာဆိုသည်မှာ ဆန်းတော့ ဆန်းကြယ်သ
နဖူးမှာ မမြင်ရတဲ့ စာကိုယ်စီ ကြိုတင်ရေးမှတ် ပါပြီးသားဆို





ဟုတ်များနေမလားလို့ပင်။ ဒီလူကို မြင်လိုက်တဲ့အခါမှာမှ တခြား
လူတွေထက် ထူးထူးခြားခြား ကိုယ့်စိတ်ထဲ လှုပ်ရှားခံစားရတာ
ဟာ သူက ဘာများထူးနေလို့လဲဆိုတော့ ဘာမှ ခယ်မယ်ရရ ထူး
နေတာလည်း မဟုတ်ပေ။

ထိပ်ထားကြင်ကို ပိုးနေကြသူတွေထဲ သူဌေးလည်း
ပါ၊ စစ်ဗိုလ်လည်းပါ၊ ရာထူးရာခံနှင့်လည်းပါ၊ သဘောသားလည်း
ပါ။ အဲဒီအထဲမှာ ညဦးထက် ချောမောသန့်ပြန့်သူတွေလည်း
မနည်းလှသလို ညဦးထက်ပိုပြီး ငွေကြေးကြွယ်ဝတဲ့သူမျိုးလည်း
ပါဝင်နေပါသည်။

ဒီအသက်အရွယ်အထိ ဘယ်သူ့ကိုမှ ရင်မခုန်ခဲ့ပဲ
ညဦးနှင့်ကျကာမှ ရင်ခုန်စိတ်လှုပ်ရှားခဲ့ရတာ ဖြစ်ပါသည်။ လူကို
ကြည့်လိုက်သည်နှင့် ရိုးသားအေးချမ်း သဘောကောင်းပုံရသော
ညဦးကို မြင်မြင်ချင်းပဲ ခင်မင်ခဲ့ပါသည်။ ချောင်းသာမှ ပြန်ရောက်
လာပြီး ရန်ကုန်ရောက်ကြတော့လည်း သူတို့အဆက်အသွယ်မပြတ်
ကြပါ။

ထိပ်ထားကြင်တို့ အုပ်စုထဲက မမစိုးရဲ့သားကို
ကျူရှင်အတူလိုက်အပ်ပေးရင်း ထိပ်ထားကြင်ရဲ့ တူ၊တူမတချို့ကို
ကျူရှင်သွားအပ်ပေးရင်းက အဆက်အစပ် ရှိနေခဲ့တာပါ။ အဲဒီကာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် အပြန်အလှန် အလျှုအတန်း ပွဲလမ်းဖိတ်ကြားတာ၊ လည်ပတ်ဝင်ထွက်တာတွေ ရှိရာမှ တစစ ပိုပြီးရင်းနှီးလာခဲ့သည်။

ညဦးရဲ့အစ်မ၊ မရီးတို့နှင့်ပါ ထိပ်ထားကြင် ရင်းနှီးခဲ့ရသလို ထိပ်ထားကြင်ရဲ့အစ်မ, အမေတို့နှင့်လည်း ညဦးက ရင်းနှီးကျွမ်းဝင်လာပါသည်။ ညဦးရဲ့ ထူးခြားချက်မှာ သူ့ထံ စာသင်ဖူးသော တပည့်များ၊ ထိုတပည့်များ၏ မိခင်များ မိသားစုများရဲ့ ချစ်ခင်လေးစား ယုံကြည်မှုကို အပြည့်အဝ ရတတ်သည့် ကံမျိုးရှိခြင်းပင်။

ထိပ်ထားကြင်သည် နိုင်ငံခြားမှ အထည်အလိပ် ပိတ်စများကို ကိုယ်တိုင် မှာယူတင်သွင်းလျက် လက်လီရော လက်ကားရော ပြန်လည်ဖြန့်ဖြူးရောင်းချပါသည်။ မင်္ဂလာဈေးမှ ဆိုင်သည် လက်ကားဖြန့်ဖြန့်သော ဒိုင်ဆိုင်ဖြစ်၍ ယုဇနပလာဇာမှာ တစ်ဆိုင်၊ ဒဂုံစင်တာမှာတစ်ဆိုင် စုစုပေါင်း သုံးဆိုင်ရှိပါသည်။

မိန်းမပျိုလေးတစ်ယောက်ပေမဲ့ ဤအထည်သုံးဆိုင်ကို ပြေးလွှားကာ နိုင်နိုင်နင်းနင်း ကိုင်တွယ်အုပ်ချုပ်လျက် စီးပွားရှာကောင်းလှတဲ့ ထိပ်ထားကြင်မှာ အသက်ထက်ပို၍ ရင့်ကျက်လည်ဝယ်ချက်ချာကာ စကားပြောလည်း ယောယောဒိုင်းဒိုင်း လုပ်တာကိုင်တာ ဆိုးဆိုးဆတ်ဆတ် သွက်သွက်လက်လက်။





ညဦးနှင့်တွေ့ချိန်မှာ အသက်နှစ်ဆယ့်ရှစ်နှစ်ကျော်ပေမဲ့ မိန်းမကြီးတစ်ယောက်နှယ် ဖြတ်ကယ် ဖြတ်ကယ် ရှိလှသည်။ ထိပ်ထားကြင်ရဲ့ ထိုပုံစံကို မေမေတို့က မကြိုက်ပါ။ ဖေဖေက ပန်းတိမ်လုပ်ငန်း၊ မေမေက ရွှေဆိုင်ဖွင့်ထားကာ အစ်မထိပ်ထားခင်ကတော့ ဂျပန်ရောက်ခင်ပွန်းရဲ့ လုပ်စာကိုသာ အေးအေးစား နေလျက် အားလုံးဟာ နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့တွေ ဖြစ်သည်။

"မေမေ့သမီးငယ်ဟာလေ၊ အပျိုလေးသာဆိုတယ် အိမ်ထောင်သည်မ,ကြီး ကျနေတာပဲ"

ဒါက မမခင်ရဲ့ ထာဝရလက်သုံးစကား ဖြစ်သည်။ မေမေသည် နုနုနယ်နယ် နွဲ့နွဲ့နှောင်းနှောင်း မဆန်လှသည့် အငယ်မသမီးကို ယူမည့်ယောက်ျား မရှိဘဲ အပျိုကြီးဖြစ်သွားမှာ အတော်စိုးရိမ်ပါသည်။ ဤသို့ ပွင့်ပွင့်လင်းလင်း မဆိုသော်လည်း ဤအရိပ်အယောင်မျိုးရှိတာ သိသာလှသည်။

ထိပ်ထားကြင်နှင့် ရင်းနှီးခင်မင်လာသော ညဦးကို တရုတ်မတစ်ချို့ရဲ့ သားသမီးများ၏ ဆရာအဖြစ် တရုတ်မတို့ထံမှ ချီးကျူးစကား ကြားရဖန်များသော် စွဲမိစွဲရာ သူ့ပါခင်မင်လေးစား လာလေသည်။ အဲဒီကြားထဲ ညဦးက သူ့မိခင် သူ့အစ်မနှင့် မရီးတို့ကို ထိပ်ထားကြင်မိဘများရဲ့ ပန်းတိမ်ကိုညွှန်ပြီး လှော်ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လက်စား အသစ်လုပ်တိုင်း လာအပ်ဖန်များတဲ့အခါ ထိပ်ထားကြင်အမေနှင့် ညဦးရဲ့အမေတို့မှာ ဘဝဘဝက ရေစက်ပါသလို မိတ်ဆွေရင်းချာကြီးတွေအလား ဖြစ်သွားကြပါသည်။

မိခင်ချင်း မိသားစုချင်းပါ ရင်းနှီးသွားတာကလည်း ထိပ်ထားကြင်နှင့် ညဦးရဲ့ ချစ်ခရီးလမ်းကို အဆင်းဘီးတပ်သလို ဖြစ်ခဲ့စေပါသည်။ သူတို့နှစ်ဦးရဲ့ တစ်ဦးကိုတစ်ဦး ချစ်ခင်ဆုံမက်လိုအပ်မှုကလည်း အချိန်တိုအတွင်း အင်အားကြီးမားလှသည်။

ညဦးဟာ ထိပ်ထားကြင်ရဲ့ အချစ်ဦးဖြစ်သလို ထိပ်ထားကြင်ဟာလည်း ညဦးရဲ့အချစ်ဦးပင်။ ပထမဆုံး ချစ်မိကြတာဖြစ်ပြီး မိဘချင်း မိသားစုချင်းကလည်း ပြေလည်ချောမွေ့နေခဲ့တာမို့ သူတို့ဘဝဟာ ဘာမှပြောစရာမရှိ ထီးလိုမင်းလိုဘဝ။ ပန်းခင်းထားတဲ့လမ်း။

ဒါကြောင့်လည်း ချစ်သူစ,ဖြစ်သည်မှ တစ်နှစ်မပြည့်ခင် အချိန်သိပ်မယူတော့ပဲ လက်ထပ်ဖြစ်သွားကြတာပင်။ ထိပ်ထားကြင် ကိုယ်တိုင် သုံးဆယ်တွင်း ချဉ်းနင်းဝင်ပြီဖြစ်၍ အချိန်ဆွဲနေစရာလည်း အကြောင်းမရှိတော့။

"လူကြီးမိဘတွေကလည်း နှစ်ဖက်စလုံး အရမ်းသဘောတူကြတယ်၊ စီးပွားရေးအရလည်း မောင်တို့နှစ်ယောက်လုံး





ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ပြည့်ပြည့်စုံစုံ ဖြစ်နေပြီး မောင်တို့ လက်ထပ်ကြပါစို့လား အကြင်"

ညဦးက ထိုသို့ တောင်းဆိုလာတဲ့အခါ ထိပ်ထားကြင်မှာ ငြင်းဆိုစရာအကြောင်း ဘာများရှိဦးမည်နည်း။

"အကြင်တို့ စ,သိကြတာ တစ်နှစ်ခွဲ၊ ချစ်သူတွေ ဖြစ်တာက တစ်နှစ်မရှိတရှိ၊ ဒီကြားထဲလည်း ကိုယ့်လုပ်ငန်းနဲ့ကိုယ် အားအားလပ်လပ် မဟုတ်ကြတော့၊ သူများချစ်သူတွေလို နေ့စဉ်ရက်ဆက်လည်း မတွေ့နိုင်ကြဘူး၊ တွေ့ဖြစ်ကြတဲ့အခါလည်း နာရီပိုင်းလောက်ပဲ၊ ဒီတော့ တစ်ယောက်ကိုတစ်ယောက် လေ့လာအကဲခတ်နိုင်ခဲ့တဲ့ အချိန်က နည်းတော့နည်းနေသေးသလားလို့ မောင်ရယ်"

"အကြင် ပြောတာ ဟုတ်ပါတယ်၊ ဒါ့ပေမဲ့ မောင်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တခြား ဘာများအကဲခတ်နေနိုင်စရာ လိုသေးလို့လဲ၊ အမိက,က စိတ်နေသဘောထားနဲ့ အကျင့်စာရိတ္တ၊ ဒါကို အရှင်းချင်း နားလည်ယုံကြည်နိုင်တယ်ဆိုရင် မလုံလောက်လို့လား"

"စရိုက်သဘာဝ၊ အမူအကျင့်၊ ဝါသနာ၊ ဒါတွေလည်းရှိတော့ ရှိသေးတယ် မောင်ရဲ့"



www.burmeseclassic.com

"ဒါလောက်က တစ်ယောက်ကိုတစ်ယောက် ချစ်တဲ့စိတ်နဲ့ လိုတိုးပိုလျှော့ ညှိနှိုင်းနေထိုင်သွားလို့ ရတဲ့ကိစ္စတွေပါ အကြင်ရယ်၊ အဲသလို အသေးစိတ် အတွင်းကျကျ တစ်ယောက်ကိုတစ်ယောက် တိုးလျှိုပေါက် သိနိုင်ဖို့က သုံးနှစ်သုံးမိုး ဆိုတာနဲ့လည်း မလောက်ပါဘူး၊ တော်ရုံတန်ရုံ ဆန္ဒမတူတာလောက်တော့ မောင်က အကြင့်ကို သိပ်ချစ်တော့ အကြင့်သဘောအတိုင်း လိုက်လျောမှာပါ"

"အို ... အကြင်ကလည်း မောင့်ကိုသိပ်ချစ်တော့ မောင့်အကြိုက် လိုက်မှာပါပဲ"

"ဒါဖြင့် ဘာများ လိုသေးလို့လဲ အကြင်ရယ်"

ကဲ ... အဲသလိုဆိုတော့ ထိပ်ထားကြင့်သည် ညဦးကို သက်သက်မဲ့ မခိုင်မလုံပဲ အချိန်ဆွဲနေဖို့ သင့်ပါသေးသလော။ အမေနှစ်ယောက်ကလည်း ခပ်မြန်မြန် စီစဉ်ဖြစ်မြောက်သွားစေချင်သည်။ တိုက်တွန်းလှပြီ၊ နားပူလှပြီ။ မောင်နှမတွေထဲက အငယ်ဆုံးတွေဖြစ်ကာ အကြီးတွေနှင့် အသက်လည်းကွာ၊ အိမ်ထောင်ပြုချိန်လည်းကွာ၍ တူ၊တူမတွေကပင် လူလားမြောက်မြောက်တွေ ဖြစ်နေကြပြီ။





နှစ်ဖက်ဆွေမျိုးအသိုင်းအဝိုင်း အာလုံး အထူးနှစ်သက် လိုလားလှတဲ့ မင်္ဂလာပွဲကြီးတစ်ခုကို ဤသို့ဖြင့် သမားရိုးကျ အဆင်ပြေ အေးချမ်းစွာ ဆင်ယင်ကျင်းပပြီး အောင်မြင်ပြီးမြောက်ခဲ့ရသည် ဖြစ်ပါသည်။

၁၉၊ ၁၀၊ ၉၉

www.burmeseclassic.com



## ❀ ၃ ❀

နှစ်ဖက်သော မိဘများကလည်း ငွေအညီအမျှ စိုက်ထုတ်ပေးကာ သူတို့နှစ်ဦးရဲ့ ကိုယ်ပိုင်စုဆောင်းငွေတွေပါ ပေါင်းစပ်၍ စံရိပ်ငြိမ်ထဲမှာ တိုက်အိမ်ကြီးကြီးတစ်လုံးပါသည့် ခြံတစ်ခြံကို ဝယ်ယူထားခဲ့ပြီး ဖြစ်ပါသည်။ အိမ်ကြီးက အဲကြီးကြီးပင်။ အခန်းတွေကလည်း အများကြီး။ ကားဂိုဒေါင်ကလည်း ကြီးတဲ့အပြင် အပေါ်ထပ် ပါသေးသည်။

"အတော်ပဲ ... ဂိုဒေါင်အပေါ်ထပ်က အကျယ်ကြီး၊ အကြင့် ပိတ်စလိပ်တွေအတွက် ဂိုဒေါင်လုပ်လို့ရတယ် သိလား"

လင်မယားနှစ်ယောက်၊ အိမ်ဖော်နှစ်ယောက်။ စုစု ပေါင်းနေမည့်သူက လေးယောက်။ အိမ်ဖော်နှစ်ယောက်အတွက်ပါ သီးသန့်အိပ်ခန်း၊ စတိုခန်း အပိုတွေပါတဲ့အပြင် အိမ်ကြီးမှာ အိပ်ခန်းကျယ် ခြောက်ခန်းတောင် ပါဝင်သည်။



"အိပ်ခန်းတွေကလည်း အများကြီးပဲ၊ အကြင်တို့ အိပ်ခန်း တစ်ခန်းပြီးရင် ငါးခန်းတောင် ပိုတယ်နော် မောင်"

"အခန်းစေ့ လူပြည့်အောင်ဆိုရင် မောင်တို့ ကလေးငါး ယောက်ယူမှ ဖြစ်မယ်"

"အမယ် ... ဘယ်သူက ဒီလောက်တောင် မွေးနိုင်မလဲ၊ မဖြစ်နိုင်တာ"

"မောင် နောက်တာပါ၊ တစ်ခန်းကို မောင့်ရဲ့အလုပ်ခန်း အဖြစ် မောင်ယူမယ်၊ ကျောင်းက စာရွက်စာတမ်းတွေ၊ ဖိုင်လ်တွေ ဘာတွေလဲ ထားလို့ရ၊ အိမ်ကို အလုပ်သယ် လုပ်လို့လည်း ရတာပေါ့၊ မောင် အလုပ်လုပ်ဖို့ သီးသန့် ပရိုက်ဗိတ်အခန်းနော်"

"ကောင်းတယ်၊ မောင့်အလုပ်ခန်းက တစ်ခန်းလုပ်၊ အကြင့် အလုပ်ခန်းက တစ်ခန်းလုပ်မယ်၊ အကြင်လည်း အကြင့်ရဲ့ ငွေဝင်ငွေထွက် ကုန်ပစ္စည်းအဝင်အထွက်၊ ရှာရင်းဇယား၊ ငွေရေးကြေးရေး စာရွက်စာတမ်းတွေနဲ့ အလုပ်ခန်းသီးသန့် ထားမှ ဖြစ်မယ်၊ အကြင့် အခန်းကလည်း အကြင့် လုပ် ငန်းပိုင်းဆိုင်ရာ ပရိုက်ဗိတ်ခန်းနော်"

www.burmeseclassic.com

www.burmeseclassic.com



"မောင့်အလုပ်ခန်းက ဘယ်သူမှ မဝင်စေချင်ပဲ မောင်က
သီးသန့်ထားချင်တာ၊ ကောင်မလေးတွေလည်း အခန်းဝင်
မရှင်းစေနဲ့၊ အများအယွင်း အပျောက်အရှ မရှိအောင်
ပေါ့"

"ကောင်းတယ် မောင်၊ မောင့်အလုပ်ခန်း အကြင်လည်း
မဝင်ဘူး၊ အကြင့် အလုပ်ခန်းလည်း မောင် မဝင်နဲ့၊
ကိုယ့်စည်းကမ်းနဲ့ ကိုယ်ပေါ့ နော်၊ ကိုယ့်လုပ်ငန်းပိုင်ဆိုင်
ရာ ကိစ္စတွေပဲ ထားမှာပဲဟာ"

"ပြီးတော့ ... မောင် အခုသယ်မလာရသေးတဲ့ မောင့်ရဲ့
စာအုပ်တွေ ရှိတယ်၊ မောင် စုဆောင်းထားတဲ့ စာအုပ်တစ်ချို့
ပေါ့၊ ဒါတွေထားဖို့ တစ်ခန်းကို စာအုပ်ခန်းသဘော ပြင်
လိုက်မယ်နော်"

"ဟယ် ... မောင့်မှာ စာအုပ်တွေနဲ့၊ ဟုတ်လား"

"အင်းလေ"

"ဟယ် ... တစ်ခါမှ မပြောဖူးကြပဲ တိုက်ဆိုင်လိုက်တာ
မောင်ရယ်၊ အကြင့်မှာလည်း သယ်ယူလာစရာ စာအုပ်တွေ
ရှိတယ်၊ အကြင် သီးသန့်ပိုင်တဲ့ စာအုပ်တွေ၊ စုထားတာ
ပေါ့၊ အကြင်လည်း နောက်မှပြန်သယ်ရမှာ၊ တစ်ခန်းကို





စာအုပ်ခန်းအဖြစ် သတ်မှတ်မယ်၊ အဲဒါကတော့ နှစ်ယောက်
လုံးရဲ့ စာအုပ်တွေ တစ်ခန်းထဲပေါင်းလို့ ရတယ်မဟုတ်လား
ဟင်"

"ရတာပေါ့ အကြင်ရဲ့၊ မောင့် စာအုပ်တွေလည်း အကြင့်
စာအုပ်ပဲပေါ့၊ အကြင့် စာအုပ်တွေလည်း မောင့်စာအုပ်တွေ
ပဲပေါ့ ... ဟုတ်လား"

"တိုက်ဆိုင်တယ်ကွယ်၊ မောင်လည်း စာဖတ်ဝါသနာပါ
တာပေါ့နော်"

"ဟုတ်တယ် အကြင်၊ အကြင်ရော ..."

"အကြင်လည်း စာတအားဖတ်တာ၊ အလုပ်ပင်ပန်းလာပေ
မဲ့ တစ်နေ့မှာ စာအုပ်တစ်အုပ်တော့ ဖတ်ရမှ၊ တစ်အုပ်
လုံးမပြီးတောင် စာနည်းနည်းဖတ်ပြီးမှ အကြင်က အိပ်နိုင်
တာ"

"အကြင့်မှာ စာအုပ်တွေ အများကြီးပဲလား"

"အကြင်ကြိုက်တဲ့ စာအုပ်တွေ စုသိမ်းထားတာလေ၊ ကိုးရာ
တစ်ထောင်လောက်တော့ ရှိမှာပေါ့"

"မောင့်မှာလည်း စာအုပ်ထောင်ကျော်လောက်၊ စုစုပေါင်း
စာအုပ်တွေ နှစ်ထောင်လောက် ဖြစ်မယ်ဆိုတော့ စာအုပ်



www.burmeseclassic.com

www.burmeseclassic.com



ခန်းလုပ်ဖို့ ဒီအခန်းမှာ နံရံကပ်စာအုပ်စင်ကြီးတွေရော၊ ဗီရိုနဲ့တချို့ပါ ထားမယ်လေ"

"ဒါနဲ့ပဲ အခန်းလေးခန်း ရှိပြီဆိုတော့ နှစ်ခန်းပဲ ပိုတယ် မောင်"

"နှစ်ခန်းပဲပိုတော့ အတော်ပဲပေါ့၊ အကြင် သားလေးတစ်ယောက် သမီးလေးတစ်ယောက် မွေးပေးနော်"

"ဟွန်း ..."

နှစ်ယောက်သား ကိုယ့်အိမ်ကိုယ်စီက ကိုယ်ပိုင်သော စာအုပ်တွေ သယ်လာကြပါသည်။ စာအုပ်ခန်းကို လှလှပပသပ်သပ်ရပ်ရပ်နှင့် နှစ်ဦးစိတ်တိုင်းကျ ဆင်ယင်သည်။ စာအုပ်များမှာ အရင်ခေတ် အခုခေတ် ကိုယ်နှစ်သက်ရာ စာအုပ်အမျိုးစုံပေတည်း။ အချို့သော စာအုပ်များမှာ ညဦး ထံမှာလည်းပါ၊ ထိပ်ထားကြင် ထံမှာလည်းပါ၊ နှစ်အုပ်ထပ်နေတတ်သည်။

မဂ္ဂဇင်းများမှာတော့ ဟိုးအရင်က ရှမ၀ မြဝတီ အဟောင်းများကို စုဆောင်းသည့်သဘော ဝယ်သိမ်းထားကြတာ။ လောလောလတ်လတ်ထွက်တဲ့ မဂ္ဂဇင်းအသစ်ထဲကတော့ အခုသူတို့ လက်ထပ်ကြသောလထုတ် (---)မဂ္ဂဇင်းစာအုပ်မှာ နှစ်ယောက်စလုံးထံမှာ တစ်အုပ်စီ ပါလာပါသည်။





"ဟယ် ... မောင့်မှာလည်း ဒီမဂ္ဂဇင်းပါလာတယ်"

၎ လင်မယားနှစ်ယောက်သား စာအုပ်ပုံထဲ နှစ်မြုပ်ရာက ထိုမဂ္ဂဇင်းကိုမြင်လျှင် ထိပ်ထားကြင်က အံ့အားတသင့် ရေရွတ်လေသည်။

"ဘာဖြစ်လို့လဲ၊ အကြင့်မှာကော ပါလာလို့လား"

"အင်း ... ပါတယ်"

ညဦးသည် ထိပ်ထားကြင်ကို ပြုံး၍ အကဲခတ်ကာ ကြည့်ရင်း ...

"အကြင် ဝယ်ထားတာလား"

"အင်း ... ဟို ... အကြင် ဝယ်တယ်ဆိုတာထက် ပုလဲ ဝယ်လာတာပါ၊ အဲဒီနေ့က မင်္ဂလာဆောင်တဲ့နေ့ပဲ မောင်ရဲ့၊ အကြင်က ညဘက်ကျ ဖတ်စရာစာအုပ်အသစ် မရှိတာနဲ့ ပုလဲကို အလွှယ်တကူပဲ မဂ္ဂဇင်းတစ်အုပ်အုပ်လောက် ဝယ်လာပေးစမ်းပါလို့ မှာလိုက်တာ၊ ပုလဲ ဝယ်လာခဲ့ပေးတာ မောင်"

"ဪ"

ထိပ်ထားကြင်က ညဦးကို တစ်ပြန်အကဲခတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကရော"

"ဟင်"

"မောင်ရော ... ဒီမဂ္ဂဇင်းကို ဝယ်တာလား"

"ဝယ်တာတော့ မဟုတ်ဘူး၊ တင်ထွန်းနိုင် ဆီမှာပါလာ တာ၊ မင်္ဂလာဆောင်နေကပဲ၊ ဒီထဲက ဆရာ'---'ရေးတဲ့ ဝတ္ထုတိုလေးတစ်ပုဒ် ကြိုက်လို့ မောင် တောင်းယူထားလိုက် တာ၊ ဆရာ'---'ဝတ္ထုတွေ မောင်က သဘောကျတယ် လေ"

"အကြင်တော့ ဒီမဂ္ဂဇင်းကိုလည်း သဘောကျတယ် သိလား ကလောင်ဟောင်း စာရေးဆရာအစစ်ကြီးတွေရဲ့ ဝတ္ထုတွေ ဆိုတာ ဘယ်မဂ္ဂဇင်းထဲဖြစ်ဖြစ် ဖတ်လို့ရတယ်၊ ဒီမဂ္ဂဇင်း ကကျတော့ ကလောင်သစ်တွေ တအားထည့်ပေးတယ်မှေ့ ကဗျာမှာရော ဝတ္ထုတိုမှာရော ကလောင်သစ်တွေ အများ ကြီးရွေးသုံးတယ်၊ အဲဒါကြောင့် အကြင်တို့ ဗုလ်တို့က ဒီမဂ္ဂဇင်းကို အားပေးတာ မောင်ရဲ့"

"အဲဒါလည်း မောင်နဲ့ သဘောချင်းတူတယ်၊ မောင်လည် အဲလိုသဘောရှိတယ်"





ညဦးက ထိုမဂ္ဂဇင်းစာအုပ်အသစ်လေးကို တယုတယ ကိုင်ကာ တဖျပ်ဖျပ် လှန်သည်။ ထိပ်ထားကြင်ကလည်း ညဦး ပခုံးတွင် မေးတင်ကာ မဂ္ဂဇင်းလေးကိုကာ တမြတ်တနိုး လိုက်ကြည့် နေမိပါသည်။ စာရွက်ဖြူသစ်သစ်လေးများ တဖျပ်ဖျပ် လှန်ရာက ထွက်ပေါ်လာတဲ့ စာအုပ်နံ့လေးကိုပင် မွှေးပျံ့တယ်လို့ စိတ်ထဲထင် မိသည်။

ဓဓဓဓဓ

ထိပ်ထားကြင်နှင့် ညဦးတို့သည် နှစ်ဦးလုံး အိမ်ပြန် နောက်ကျကြပါသည်။ ညဦးရဲ့ နောက်ဆုံးသင်တန်း ချိန်ဟာ ရှစ် နာရီအထိမို့ ရှစ်နာရီဆယ့်ငါး ရှစ်နာရီခွဲလောက် ညဦးက ပြန် ရောက်ပါသည်။ ကျူရှင်ခန်းမှာ စောင့်အိပ်မည့် ကျောင်းစာရေး လေးနှစ်ယောက်ဖြစ်သော မောင်တိုးနှင့် ဇော်လေးတို့ ရှိသည်ဖြစ်၍ စာသင်ချိန်ပြီးသည်နှင့် အိမ်တန်းပြန်လည်း ရသည်။

ကောင်လေးနှစ်ယောက် သိမ်းဆည်းရှင်းလင်းတာမြက် စည်းလှည်း ကျန်ခဲ့ပါလိမ့်မည်။ ထိုနှစ်ယောက်ကို နဂိုကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ညဦးက ထမင်းစရိတ်ငြိမ်း ကျွေးတာမို့ နံနက်တွင် တစ်ခါတစ် ညဦးနှင့်အတူ နီးနီးလေးဖြစ်သောအိမ်သို့ ထမင်းလိုက်စားရင်စာ ထမင်းချိုင့်ပို့တဲ့အခါပို့။ ညဟကိုတော့ ထမင်းချိုင့် အိမ်ကလာ ပေးသည်။

အရင်က ညဦးက အပြင်ကမှာကျွေးရတာ ဖြစ်သည် သူကိုယ်တိုင်လည်း အပြင်ကပဲ စားသည်။ ခုတော့ အိမ်နှင့်ကျ က နီးနီးကလေးရယ်မို့ ညဦးက အိမ်ပြန်စားသည်။ သူပြန် တဲ့အခါ မောင်တိုးနှ ဇော်လေးတို့လည်း တစ်ခါတစ်ရံ ယောက် ၊ တစ်ခါတစ်ရံ အားတဲ့တစ်ယောက် ညဦးအိမ် လိုက်ခဲ့ကာ စားတတ်သည်။

နှစ်ယောက်လုံးကို ခိုင်းစရာရှိရင်လည်း ညဦး ယောက်ပဲ အိမ်ပြန်စားပြီး သူတို့နှစ်ယောက်အတွက် ချိုင့်ပို့ လိုက်နေကျ။

ထိပ်ထားကြင် ကတော့ မနက်ထွက်ကတည် ထမင်းချိုင့်ခြင်းယူကာ အိမ်က ထွက်ရသူဖြစ်သည်။ ခြင်းကိုက ပေါ်မှာပဲထားပြီး မင်္ဂလာဈေး၊ ယုဇနပလာဇာနှင့် ဒဂုံစင်တာ ပြေးပတ်နေရင်းက ကြုံတဲ့နေရာ မိုက်ဆာတဲ့နေရာမှာ ခြင်းကို ထမင်းစားပါသည်။





မင်္ဂလာဈေးနှင့် ယုဇနပလာဇာက ဆိုင်သိမ်းချိန်စော သော်လည်း ဒဂုံစင်တာက နောက်ကျသည်။ ထိပ်ထားကြင်သည် တစ်ခါတစ်ရံလည်း ဒဂုံစင်တာဆိုင်ခန်းကို သူကိုယ်တိုင် စောင့် သိမ်းပိတ်သည်။ များသောအားဖြင့် ဆိုင်အုပ်ချုပ်ဖို့ထားတဲ့ မေမေ့ ညီမဝမ်းကွဲ အန်တီသင်းနှင့် ထားရစ်ကာ စောပြန်လေ့ရှိသည်။

ပြန်ချိန်မှာ ထိုအချိန်ထိ ရောင်းရငွေနှင့် စာရင်း ဘောက်ချာတွေ သိမ်းသွားရုံပင်။ ညဘက် ဆက်ရောင်းရသလောက် စာရင်းက နောက်ရက်နှင့်မှပေါင်း၍ သိမ်းသည်။ အန်တီသင်းက ဆိုင်ပိတ်ချိန်ကျမှ သော့ခတ်၊ သော့ယူ၍ သူ့အလုံအိမ်ကို ပြန် သည်။ နောက်တစ်ရက်နံနက်တွင် အန်တီသင်းပဲ ဆိုင်လာဖွင့်သည်။

တစ်ဆိုင်တွင် အဆွေအမျိုးထဲမှ မျက်နှာလွှဲစိတ်ချ ရသူ တစ်ဦးကျရှိ၍ ထိပ်ထားကြင်က ဒီကဟို ဟိုကဒီ လိုအပ် သလို ပြေးလွှားနေနိုင်တာပင်။

ဒီနေ့တော့ ထိပ်ထားကြင်သည် ယုဇနပလာဇာဆိုင် ကို ငါးနာရီမှာ သိမ်းပြီးကတည်းက ဒဂုံစင်တာကို မဝင်တော့ဘဲ ဖုန်းဆက်၍ မလာတော့ကြောင်းပြောပြီး အိမ်ပြန်လာခဲ့ပါသည်။ ငါးနာရီလေးဆယ်လောက် အိမ်ပြန်ရောက်၊ ရေမိုးချိုးကာ သူ့ အလုပ်ခန်းကလေးဆီ မဝင်ခင် ...



www.burmeseclassic.com

www.burmeseclassic.com



"အပုရေ_ နေ့လယ်က ဦး ထမင်းပြန်စားလား၊ စားကောင်းရဲ့လား"

ဒါသည် ထိပ်ထားကြင် မေးရိုးမေးစဉ် စကားဖြစ်သည်။ လင်မယားနှစ်ယောက်လုံး မိုးလင်းကမိုးချုပ် အလုပ်လုပ်ငွေရှာကြသူတွေမို့ အိမ်မှာ ဟင်းထမင်းကို ထိပ်ထားကြင်က အမြဲပင် ကောင်းကောင်းမွန်မွန် ဖွယ်ဖွယ်ရာရာ ချက်ပြုတ်သည်။ ခင်ပွန်းသည်ဖြစ်သူ ထမင်းစားကောင်းသည် ဆိုမှလည်း သူ့စိတ်ချမ်းသာသည်။

"ပြန်တော့လာတယ် အန်တီ၊ ကိုတိုးနဲ့ ကိုဇော်လေးလည်းပါတယ်၊ ကိုတိုးနဲ့ ကိုဇော်လေးပဲ ဒီမှာစားတယ်၊ ဦးက အလုပ်ရှိလို့ဆိုပြီး အလုပ်ခန်းထဲမှာပဲ အချိန်ကုန်သွားတာ၊ ခဏနေတော့ ကျူရှင်ချိန် ပြန်စတော့မှာဆိုပြီး ပြန်ရရော"

"ဟင် ... ထမင်းမစားရဘူးပေါ့"

"ဦးအတွက် ဟိုကို ချိုင့်နဲ့ ထည့်ယူသွားတယ် အန်တီ"

ကျူရှင်ချိန်ထဲမှာဆို စာသင်လိုက်၊ ထမင်းကို တစ်လုပ် နှစ်လုပ် ပြေးဝါးလိုက်၊ ဘယ်လိုလုပ်ပြီးတော့များ အရသာရှိရှိ စားနိုင်တော့မှာလဲ။ အဲဒီခေါင်းတစ်ယောက်ဟာလေ၊ အလုပ်ကို ဦးစားပေးချင်လွန်းလှသည်။





ထိပ်ထားကြင်သည် သူ့အလုပ်ခန်းနှင့် ကပ်လျက်ဖြစ်သော ညဦးရဲ့ အလုပ်ခန်းတံခါးကို လက်ကိုင်ဘု သွားလှည့်ကြည့်ပါသည်။ ထုံးစံအတိုင်း အတွင်းက သော့ကျနေသည်။ သော့ကလည်း သူ့ထံမှာပဲရှိတာမို့ ဘယ်သူမှဖွင့်မဝင်နိုင်ပေ။ ထိပ်ထားကြင် ကိုယ်တိုင်သည်လည်း သူ့အလုပ်ခန်းကို သူ မရှိလျှင် သော့ခတ်ထားမြဲပင်။ ခုလည်းပဲ သော့ဖွင့်ဝင်လာကာ ဒီကနေ့အဖို့ ဆိုင်သုံးဆိုင်ရဲ့ ဘောက်ချာတွေကို သူ့စာအုပ်နှင့်သူ စာရင်းခွဲ၍ ရေးသွင်းပေါင်းနုတ်။

ဒါတွေပြီးစီး၍ နာရီကြည့်လိုက်လျှင် ခုနစ်နာရီ လောက်ရှိတောင် ရှိနေပြီ။ ညဦးပြန်လာဖို့ တစ်နာရီကျော် လိုသေးသည်။ ထိပ်ထားကြင်က စာရင်းစာအုပ် ဘောက်ချာစာရွက်တို့ကို သူ့ကျွန်းစားပွဲရဲ့အံဆွဲတစ်ထပ်မှာ ထည့်သွင်းသိမ်းလိုက်ပြီးလျှင် အောက်ဆုံးအံဆွဲကို ဖွင့်လိုက်မိပါသည်။

အောက်ဆုံးအံဆွဲထဲမှာတော့ အေဖိုးအရွယ် စက္ကူရွက်အလွတ်တစ်ထုပ်၊ ပြီးတော့ ပန်းရောင် အကြည် ပလတ်စတစ်ဖိုင်အိတ်လေးထဲမှာက ရေးချွတ်ထားတဲ့ စာရွက်တစ်ထပ်။ ထိပ်ထားကြင်က ဖိုင်အိတ်ကလေးကို ဆွဲထုတ်ယူကာ စာရွက်ထပ်ကလေးကို ရိုရိုသေသေ ဆွဲထုတ်လိုက်ပြီး နောက်ဆုံးနားက စာရွက်တချို့ကို မေးကလေးထောက်ကာ တယုတယ ပြန်ဖတ်နေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ပြီးသွားတဲ့ အခါမှာတော့ အံဆွဲထဲက ဘောလ်ပင်တစ်ချောင်းကို နှိုက်ယူလိုက်ပြီး စာရွက်လွတ်များတွင် စိတ်ဝင်တစား ဂရုတစိုက် တကုပ်ကုပ် ဆက်လက် ရေးချတ်လျက်ရှိလေသည်။ ဘာသံကိုမှလဲ မကြား၊ ဘယ်သူ့ကိုမှလဲ သတိမရ။

သူ့ရဲ့အလုပ်ခန်းထဲရှိ နံရံကပ်နာရီကြီးမှ ရှစ်နာရီထိုးတဲ့အသံ ဒေါင်ဒေါင်ဒင်ဒင် သံစုံမြည်လာမှပင် ထိပ်ထားကြင်သည် ခေါင်းကလေး မတ်သွားပါသည်။

ရှစ်နာရီထိုးပြီဆိုလျှင် ညဦးဟာ တစ်ခါတစ်ရံလည်း ငါးမိနစ်အတွင်းလောက်မှာ ဖျတ်ခနဲ ပြန်ရောက်ချလာတတ်သည်။ တစ်ခါတစ်ရံလည်း ရှစ်နာရီခွဲလုကျမှ ရောက်ပါသည်။ သူ့အပေါ်ပဲ မူတည်သည်။ ဘာပဲဖြစ်ဖြစ် ငါးမိနစ်အတွင်းလည်း ရောက်နိုင်သည် ဆိုတာကိုပဲ မှန်းကာ ထိပ်ထားကြင်သည် စားပွဲပေါ်က သူ့ရဲ့ရေးလက်စ စာရွက်တွေကို စီစီရီရီ ထပ်သည်။

တချက်နှာ စစ်ဆေးကာ ခုနက ပန်းနရောင်ဖိုင်လ်အိတ်ထဲကို တရိုတသေထည့်၊ ဖိုင်လ်အိတ်ကို စားပွဲအံဆွဲထဲပြန်ထည့်၊ အံဆွဲပိတ်၊ သော့ခတ်နှင့် ကမန်းကတန်းပင် လှုပ်ရှားဆောင်ရွက်နေပါသည်။





အဲတော့ ... ဟိုမှာ စာရွက်အလွတ်ထုပ်က အပြင်မှာ ကျန်ရစ်ပြီ။ ဒီအလုပ်ခန်းသော့ကို အမြဲခတ်သည် ဆိုပေမဲ့ တစ်ခါတစ်ရံများ အမှားအယွင်း အချွတ်အချော် ရှိလို့ မတော်တဆ မောင်တွေ့ဖို့ ကြုံလာလျှင် "ဒီစာရွက်ထုပ်ကြီး တစ်ထုပ်သုံးက ဘာလုပ်တာလဲ"ဟု အံ့အားတသင့် ဖြစ်ရာက သက်မကင်းဖြစ်နေဦးမည်။

အထည်အလိပ်ဆိုင်လုပ်ငန်း လုပ်ကိုင်နေတဲ့သူ တစ်ယောက်မှာ စာရွက်စက္ကူတို့နှင့် ထိတွေ့စရာရှိသမျှဟာ ဘောက်ချာစာရွက် စာရင်းစာရွက်လောက်မျှသာ။ ဒီလို စက္ကူထုပ် အထပ်လိုက်ဟာ ဘယ်နားမှ သုံးဖို့မရှိ။

ဒါတွေ ဘာလုပ်ဖို့လဲ၊ ဘာသုံးတာလဲလို့များ မောင်က မေးလျှင် ထိပ်ထားကြင် အဖြေရခက်တော့မှာ အမှန်ပင်။ ဘာသုံးတယ်ဆိုတာ ညဦးကို မသိစေချင်သည်ဖြစ်၍ လုံလုံဖွက်ထားပင်။ ထိပ်ထားကြင်သည် အံဆွဲသော့ပြန်ဖွင့် စက္ကူထုပ်ပြန်သိမ်းနှင့် အမြန်လိုကာမှ အနေးရတတ်တဲ့ ထုံးစံအတိုင်း စာရွက်အချို့က ပြုတ်ကျပြန့်ကျဲသေးသည်။

စားပွဲကိုရှင်းကာ ကမန်းကတန်း အလုပ်ခန်းမှသော့ခတ်၍ ထွက်လိုက်သည်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... မောင်"

ညဦးသည် အိမ်ပြန်ရောက်နေပြီဖြစ်ကာ အိမ်ထဲဝင်လျှောက်လာသည်မှာ ဧည့်ခန်းကိုလွန်၍ သူတို့ရဲ့ အလုပ်ခန်းတွေအနားပင် ရောက်နေပါပြီ။ ထိပ်ထားကြင်ကို မြင်လျှင် ခြေလှမ်းတုံ့ဆိုင်းသွားပြီး ...

"အကြင်"

ထိပ်ထားကြင်က သူ့အလုပ်ခန်းကို လှည့်ပိတ်သော့ချလိုက်ပါသည်။

"မောင် ... ဒီနေ့ စောသားပဲ၊ လက်ထဲက ??တွေလဲ၊ အလုပ်တွေ အများကြီးပါလာပြန်ပြီလားဟင်"

"ဟုတ်တယ် အကြင်"

"ဟင် ... မောင် သနားပါတယ်ကွယ်၊ အလုပ်တွေ များလိုက်တာ၊ နေ့လယ်ကလည်း ထမင်းတောင် စားမသွားရဘူးဆို၊ ချိုင့်နဲ့ယူသွားရတယ်ဆို"

"ဟုတ်တယ် အကြင်၊ ဟိုဟာတွေလေ ... ကလေးတွေ လေ့ကျင့်ခန်းအဖြေလွှာတွေ စစ်မပြီးပဲ ဖြစ်နေလို့ ကမန်းကတန်း လုပ်နေရတယ်"

"အဖြေလွှာတွေက ဆရာချိုတို့အဖွဲ့ စစ်တာဆို"





"ဟုတ်တော့ ဟုတ်တယ်၊ လောလောဆယ် ဆရာချိုတို့ ခွင့်ယူကြလို့ သူ့စာတမ်းတစ်ခုကိုစွပဲကွာ၊ အဲဒါ မအားတာနဲ့"

"ဆရာချို မအားလည်း ကျန်တဲ့အဖွဲ့ ရှိသေးတာပဲ"

"တစ်ယောက်က နေမကောင်း၊ တစ်ယောက်က ခွင့်ယူနဲ့ အကြင်ရယ်၊ မောင် ကိုယ်တိုင်မလုပ်လို့ မရတာနဲ့"

"အဲဒီတော့ မောင် ပင်ပန်းတာပေါ့ကွယ်၊ စာသင်ရတာက တစ်ဖက်နဲ့"

"ဒါပေါ့ကွာ၊ တစ်ခါတလေတော့လည်း ဒီလိုပဲပေါ့"

"အခု တစ်ခါတည်း တန်းလုပ်မနေနဲ့ဦး မောင်ရယ်၊ ရေချိုးလိုက်ဦး၊ ထမင်းတူတူစားကြမယ် ပြီးမှပဲလုပ်တော့ မောင်ရယ် ... နော်"

"အင်းပါ ... အင်းပါ၊ ရေချိုးပြီး အကြင်နဲ့ဘူတူ ထမင်းစားပါဦးမယ်"

"ကဲ ... ဒါဖြင့် လက်ထဲက ဖိုင်တွေ၊ စာရွက်ထပ်တွေ သွားထားလိုက်ချည်ဦးလေ"

ထိပ်ထားကြင် ရှိနေသဖြင့် ညဦးက သူ့အလုပ်ခန်းတံခါးကို မဖွင့်သေးတာဝင်။ သူ ဒီပိုင်လ်တွေ ၁င်ထားလိုန်း



www.burmeseclassic.com

www.burmeseclassic.com



ခဏတဖြုတ် ဆိုသလို ထိပ်ထားကြင်ပါ သူ့အခန်းထဲ မယောင်မလည် ပါလာတော့မှာပေါ့။ အဲဒီကျ "အကြင် မဝင်ခဲ့နဲ့"လို့ ဇနီးလုပ်သူကို ဘယ်လိုပြောရပါ့မလဲ။

တစ်ယောက်အလုပ်ခန်း တစ်ယောက်မဝင်ကြေးရယ်လို့ သူ့စည်းကိုယ့်စည်း ထားထားတယ်ဆိုပေမဲ့လည်း မီနစ်ပိုင်းလေး ခြေတစ်လှမ်း နှစ်လှမ်းချတာလေးလောက်တောင် အဝင်မခံဘူး ဆိုပြန်ရင်လည်း သံသယဖြစ်စရာ ကောင်းလိမ့်မည်။

သူကလည်း နည်းနည်းကလေးတောင်မှ အဝင်မခံနိုင်။ အကြင်ကလည်း သူ့အခန်းထဲမှာ ဘောက်ချာတွေ စာရင်းဇယားတွေအပြင် ငွေကြေးတွေ မီးခံသေတ္တာကအစ ရှိနေ၍ အထားမှား ပျောက်ရှအဖြစ်မခံနိုင်ဘူးလို့ အကြောင်းပြထားသလို့ သူကလည်း ကျောင်းသားတွေရဲ့ စာရွက်စာတမ်းတွေ အဖြေလွှာတွေ အပျောက်မခံနိုင် အထိမခံနိုင်လို့ ဖွတ်ပင် မရှိရှိတဲ့အကြောင်း ဆွဲလွဲပြသထားရတာ။

တကယ်တမ်း စဉ်းစားရင် သူတို့ကိုယ်စီရဲ့ အလုပ်ခန်းထဲ အိမ်က အိမ်ဖော်အလုပ်သမားတွေ သူစိမ်းတွေ အဝင်မခံတာဟာ အကြောင်းပြချက် ပြလို့ကောင်းသော်လည်း လင်မယားချင်းချင်းပင် မဝင်စေချင်ကြတာတော့ တစ်မျိုးဖြစ်နေပါသည်။





ထိပ်ထားကြင်ကလည်း "ငယ်ငယ်တည်းက အကြင်က အကြွင်းပစ္စည်းတွေ သူများထိတာ ကိုင်တာ ကြည့်တာ မကြိုက်ဘူး"လို့ ကြိုပြောထားပြီးသား။ ဒီတော့ ညဦးကလည်း သူလည်း ဒီလိုပဲဆိုတဲ့ စတိုင်မျိုးကိုသာ ဖမ်းထားလိုက်ပါသည်။

ကိုယ့်ဇနီး ကိုယ့်ခင်ပွန်း ဝင်တာလောက်ကိုတော့ တားမြစ်ကန့်ကွက်ဖို့ မသင့်တာ အမှန်ဖြစ်ရာ၊ သူတို့ရဲ့စည်းကမ်းဟာ တစ်မျိုးကြီးတော့ ဖြစ်နေပါသည်။ ဒါပေမဲ့ မတတ်နိုင်။ ညဦး အလုပ်ခန်းထဲတွင် အကြင် မသိစေလိုတာတွေ ရှိနေပါသည်။

ထိပ်ထားကြင် မသိမမြင်စေလိုသော လျှို့ဝှက်ချက် သူ့မှာရှိသည်ဖြစ်၍ ထိုလျှို့ဝှက်ချက် ရှိတာကိုပင် ထိပ်ထားကြင်ကို မသိစေချင်။ ထို့ကြောင့် လုံးဝအဝင်မခံတာသည်သာ အကောင်းဆုံးပင်။

လောလောဆယ်တွင်တော့ ညဦးသည် လျှပ်တစ်ပြက်ဉာဏ်သုံးပြီး ...

"အင်း ... မောင်လည်း ဒါတွေထားလိုက်ဦးမယ်၊ အကြင်ရယ် ... မောင့်ဖို့ သံပရာရည်လေး တစ်ခွက်လောက် အကြင့် လက်ရာလေး ဖျော်ပေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားကြွင် အနားက ခွာသွားအောင် နှင်ရပါသည်။

"ဟင် ... မောင်ကလည်း၊ ထမင်းပဲ စားတော့မယ်ဟာ၊ အချဉ်တွေသောက်ပြီး ထမင်းစားမဝင် ဖြစ်သွားပါဦးမယ်"

"မောင်၊ ခေါင်းတွေ နောက်လွန်းလို့ပါ အကြွင်ရယ်၊ ထမင်းက ရေချိုးပြီးမှ စားရမှာပဲဟာ၊ စားမဝင်ပဲ မဖြစ်နိုင်ပါဘူး၊ လိမ္မာပါတယ်၊ မောင်က အကြွင့်လက်ရာလေး သောက်ချင်လို့၊ ဟိုကောင်မလေးတွေလက်နဲ့ သံပရာသီး ညှစ်ချမှာလည်း မောင် ရွံလို့ပါ အကြွင်ရယ်နော်"

ထိပ်ထားကြွင်က ပြုံးမျက်စောင်းလေးနှင့် ...

"အင်းပါ ... ကဲပါ ... အကြွင် ဖျော်ပေးပါ့မယ်၊ မောင် ဒီအခန်းထဲမှာ အလုပ်တွေ ဆက်လုပ်မနေနဲ့နော်၊ ဒီဖိုင်တွေထားရှိပဲ ဝင်ပြီး ပြန်ထွက်နော်"

"စိတ်ချ"

ထိပ်ထားကြွင် အသာတကြည် လှည့်ထွက်သွားလျှင်မှ ညဦးသည် သူ့အလုပ်ခန်းကို ကမန်းကတန်းဖွင့်၊ လက်ထဲက စာရွက်ထပ်တွေ ဖိုင်လ်တွေကို မြန်မြန်ဝင်သိမ်းရသည်။ သူကလည်း လောလောဆယ် ဘာမှလုပ်ဖို့ မရည်ရွယ်ပါ။





ထမင်းစားပြီးမှ ...။ အကြွင် တစ်ယောက် သူ လက်လွှတ်မခံနိုင်တဲ့ ကိုရီးယားဇာတ်လမ်းတွဲ ထိုင်ကြည့်နေချိန် ကျမှ လေ့ကျင့်ခန်း အဖြေလွှာတွေ အမှတ်ဝင်ခြစ်သလိုလို ဘာလိုလိုနှင့် သူ လုပ်ချင်တာ ရှိတာကို တိတ်တဆိတ် လုပ်ရပါသည်။

သူ့မှာ ဤသို့ ထိပ်ထားကြွင်ကို အသိမပေးပဲ ဖုံးကွယ်ထားတာ ရှိနေတဲ့အတွက်တော့ ညဦးက စိတ်မကောင်း ဖြစ်နိုင်လှပါ။ ဒါပေမဲ့ ဒါဟာ ထိပ်ထားကြွင် အပေါ် ထိခိုက်နစ်နာ စေလောက်စရာမျိုးလည်း မဟုတ်။ တစ်ချိန်မှာ ဖွင့်ဟအသိပေးလောက်အောင် သူ့ကိုယ်သူ ယုံကြည်စိတ်ချအားရ ကျေနပ်နိုင်ပြီ ဆိုရင်တော့ ချစ်ရသော ဇနီးအလှကလေးကို ဖွင့်ကိုပြောပြဦးမှာပါ။ လောလောဆယ်တော့ အကြွင့်ကို အသိပေးရလောက်အောင် သူ့မှာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှု မရှိသေးပါတည်း။

ဓဓဓ◦ဓဓ



www.burmeseclassic.com

www.burmeseclassic.com



၄

ပုလဲသည် မြေညီထပ်တိုက်ခန်းရဲ့ အပြင်ကို လှ
ထွက်ထွက်လိုက်ချင်း ထိုအခန်းထဲသို့ ကမူးရှူးထိုး လှမ်းဝင်
သော လူတစ်ယောက်နှင့် ပခုံးချင်း အင့်ခနဲနေအောင် ဝင်ဆော
လိုက်မိကာ လက်ထဲကိုင်လာသော စာရွက်အထပ်လိုက် အလ
ကလေးသည်လည်း အောက်ကို လွတ်ကျကာ တစ်လိမ့် နှစ်လ
လိမ့်ပြီး အခန်းရှေ့ ရေမြောင်းထဲ ဖြုတ်ခနဲကျသွားပါတော့သ

“အား ...၊ ဟဲတော် ... ဟဲ ... ဟဲ”

ပခုံးစောင်း တအားနာသွားတာကို ဂရုမပြုအ
မြောင်းထဲ ပြုတ်ကျသွားသော စက္ကူလိပ်ကို ဒိုင်ဗင်ထိုးမိမတ
ကမန်းကတန်း ပြေးလွှားခုန်ပေါက် ကောက်ယူလိုက်ရပါသ





စက္ကူလိပ်ဟာ ရေစိုသွားရုံမက ရွှံ့ပုပ်အနည်းငယ်ပါ
ည်းညစ်ညစ် ပေကျံသွားတော့တာမို့ စိတ်တိုတိုနှင့် ဝင်တိုက်တဲ့
ကို ဆတ်ခနဲ လှည့်ကြည့်လိုက်ပါသည်။

“ရှင် အရမ်းပဲ ဝင်ရသလား”

ထိုသူမှာလည်း ပုလဲကို ဂရုမပြုအားသေး။ သူ့လက်
က လွင့်ကျကုန်သော စာရွက်သုံးလေးရွက်ကို မောကြီးပန်းကြီး
ကောက်နေရပါသေးသည်။ သူကပို၍ အဖြစ်ဆိုးသည်မှာ
ရွက်တွေက တစ်ရွက်ချင်း ပြန့်ကျဲကုန်သည် ဖြစ်၍ပင်။

စာရွက်ဟာ တဝဲဝဲနှင့် မြောင်းထဲကို အပြားအချပ်
ကကလေးကျကာ တစ်ရွက်လုံး စိုရွှဲပေကျံသွားပါတော့သည်။
စက္ကူလိပ်ကမှ အလိပ်လိုက်ကလေးမို့ အပြင်ဘက်ပဲ နည်းနည်း
ာ ပေကျံသည်။

“ခင်ဗျားကလည်း အရမ်းပဲ ထွက်လာတာကိုးဗျ”

တင်ထွန်းနိုင်က ရွှဲသွားသော စာရွက်ကို တဖျပ်ဖျပ်
င်း ခါးကြားထဲက လက်ကိုင်ပဝါခေါက်ကိုပါ ထုတ်ကာ
တ်သမျှ ဟိုဒီပွတ်သုတ်လိုက်ရသည်။ စာရွက်ပေါ်က စာတွေ
ောလ်ပဲင်မင်မို့ အလွယ်တကူ မပျက်သော်လည်း စာရွက်
ော့ ရေစိုလိုက်၍ အဖောင်းအဖု ပွထလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က တအားလာတာ၊ နည်းနည်းပါးပါး ကြည့်ဝင်မေ
ရှင့်၊ လူတစ်ယောက်လုံး ထွက်လာတာ မမြင်ဘူးလား"

"မြင်ကြေးဆို ခင်ဗျားလည်း မြင်သင့်တာပဲ"

"ရှင် ဘယ်လိုယောက်ျားလဲ၊ ရန်တွေ့ကောင်းလှချည်လား
ဒီမှာ ကျွန်မစက္ကူလိပ် စိုခွဲပေကျံကုန်ပြီ"

"ကျွန်တော် စိုကုန်တာက ပိုဆိုးတာ"

ကိုယ့်ပစ္စည်းကို ကိုယ်ရေခါကြ သုတ်ကြ မြ
လုပ်နေရင်း တစ်ဖက်သား မျက်နှာကို စေ့စေ့မကြည့်မိခင် ရန်
နေကြရာမှ ကိုယ့်စက္ကူလိပ် ကိုယ်စာရွက် နည်းနည်းပါးပါး
ကြယ်စ,ပြုလျှင် တစ်ယောက်ကို တစ်ယောက် စူးစူး ရဲရဲ စေ
ကြည့်မိကြသည်။

"နေပါဦး ... ခင်ဗျား ..."

"ဟင် ... ရှင့်ကို မြင်ဖူးတယ်"

"ခင်ဗျားကိုလည်း သိပါတယ်၊ ဘယ်မှာသိပါလိမ့်"

ပုလဲက မှတ်မိသွားကာ ...

"သိပြီ၊ ရှင် ကိုညဦး သူငယ်ချင်း မဟုတ်လား၊ ကျ
ဆရာလေ"

"ဟုတ်တယ်၊ ဟုတ်ပြီ ... ခင်ဗျားက ထိပ်ထားကြ
သူငယ်ချင်း"





"ဟုတ်တယ်ရှင့်"

တင်ထွန်းနိုင်က ပျော့ပျောင်းလာသော ပုလဲ မျက်နှာ
ကို တောင်းပန်သလို ကြည့်ရင်း ...

"ဆောရီးပဲဗျာ၊ ကျွန်တော်လည်း ဒီမှာ ရေစိုသွားတော့
ရုတ်တရက် စိတ်ပျက်ပြီး ပြောမိပြောရာ ပြောမိတယ်"

"အဟင်း ... ကျွန်မလည်း ဆောရီးပါပဲ၊ ဒီမှာလေ ...
ကျွန်မ စက္ကူလိပ်လည်း ပေတာပဲ၊ ရုတ်တရက်ဆိုတော့
စိတ်တိုသွားမိလို့ပါ"

"ကျွန်တော် တင်ထွန်းနိုင်ပါ၊ ညဦးဆီမှာ မြန်မာစာသင်တဲ့
ဆရာပါ"

"ဟုတ်ကဲ့ ... ကျွန်မ နာမည်က ပုလဲပါ"

တစ်ယောက်ကိုတစ်ယောက် ကျေကျေအေးအေး
ပြုံးကြည့်လိုက်မိကြပြီးလျှင် တင်ထွန်းနိုင်က တိုက်ခန်းအပေါက်ဝ
မျက်နှာစာမှာ ချိတ်ဆွဲထားသည့် သစ်သားပြား ဆိုင်းဘုတ်ခပ်သေး
သေးကို တစ်ချက်မော့ကြည့်မိပါသည်။

"---"မဂ္ဂဇင်းတိုက် ဆိုတဲ့ ဆိုင်းဘုတ်ပဲ။ သူလာ
တာလည်း ဒီကိုပဲ ဖြစ်ပေမဲ့ မှလဲ ဒီထဲက ထွက်လာတာကို တအံ့
တဩ ဖြစ်သွားမိလို့ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုလာတာလား"

"ဟုတ်ကဲ့ ... ရှင်ကော"

"ကျွန်တော်လည်း ဒီကိုပဲ"

တင်ထွန်းနိုင်နှင့် ပုလဲက တစ်ယောက်မျက်နှာ တစ်ယောက် မရေမရာ ဇဝေဇဝါ အကဲခတ်ကြရင်း ...

"မပုလဲက ဒီမဂ္ဂဇင်းတိုက်ကို ဘာကိစ္စများ ..."

"ဪ ... ဟိုလေ ... ဒီမှာ ကျွန်မအစ်မဝမ်းကွဲတစ်ယောက် ရှိလို့၊ အဟင်း ဟင်း ... အဲဒါ လာတွေ့တာ"

"ဪ ..."

တင်ထွန်းနိုင်က ရှင်းလင်း ဘဝင်ကျသွားသလို ပြုံးလိုက်ရင်း ...

"မပုလဲ အစ်မ ရှိတယ်၊ ဟုတ်လား"

"ဟုတ်ကဲ့ ... ရှင်ကကော ဘာလာလုပ်တာလဲ၊ ရှင်က မြန်မာစာဆရာဆိုတော့ စာရေးဆရာများလားဟင်"

"ဟာ ... မြန်မာစာဆရာ ဖြစ်တာနဲ့ စာရေးဆရာဖြစ်ရမလားဗျာ၊ ဘယ်ကဟုတ်ရမှာလဲ၊ ကျွန်တော် အဲဒီလောက် အရည်အချင်း မရှိသေးပါဘူးဗျာ"

"သိဘူးလေ ... ရှင့်လက်ထဲက စာရွက်တွေနဲ့ဆိုတော့ စာမူတွေများလားလို့"





"မဟုတ်ပါဘူး"

တင်ထွန်းနိုင်က ခေါင်းပါယမ်းလိုက်ပြီးမှ ...

"ဒါ ကျူရှင်က စာရွက်စာတမ်းတွေပါ"

"ဪ ... သိပါဘူး"

"စာရွက်တွေ ကိုင်ထားတိုင်း စာရေးဆရာ ဖြစ်ရရင်ဗျာ၊ ခင်ဗျားကရော၊ လက်ထဲက အလိပ်ကလေးက စာမူလိပ် လေးများလား"

ပုလဲက ခေါင်းကို သွက်သွက်ယမ်းခါကာ စက္ကူလိပ် လေးကို ကိုင်ထားသည့် လက်ကလေးကိုပါ နောက်ပစ်ရင်း ...

"ဘယ်ကလာရှင်၊ ဒါ ကျွန်မတို့ကုမ္ပဏီရုံးက စာရွက် စာတမ်းတွေပါ"

"ဪ့ ... ဒါဖြင့် အစ်မဆီလာတာ သက်သက်ပေါ့"

"ဘယ်အစ်မလဲ"

"ဟင် ... ခင်ဗျားပဲ အစ်မဝမ်းကွဲကို လာတွေ့တာဆို"

"ဪ ... အင်း၊ ဟုတ်တယ်လေ၊ ရှင်ကလည်း ပြောပြီး သားဟာကို ထပ်မေးတာကိုး၊ ကြောင်သွားတာပေါ့"

"နေပါဦး ... ခင်ဗျားအစ်မက ဘယ်တစ်ယောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုမဂ္ဂဇင်းတိုက်ရဲ့ ရုံးခန်းရှည် ဒလဟောတွင် ကိုယ့်စားပွဲနှင့် ကိုယ်ထိုင်ကာ ကိုယ့်တာဝန် ကိုယ်ဆောင်ရွက်နေကြသူတွေထဲ အမျိုးသမီးရယ်လို့ သုံးဦးရှိနေတာမို့ တင်ထွန်းနိုင်က လှမ်းကြည့်ကာ မေးလိုက်သည်။

"အဲ ... အဲဒီ ... ဟိုးအထဲထဲက တစ်ယောက်"

"ဩော် ... အပြာရောင်နဲ့လား"

"အပြာလား ဘာလား သတိမထားမိပါဘူး၊ ရှင်ကလည်း ပြုံးပြုံးကြည့်မနေနဲ့လေ၊ တော်ကြာ ကျွန်မအစ်မက ကျွန်မကို တစ်မျိုးထင်နေဦးမယ်"

"ဩော် ... ကျွန်တော်က နောင် ဒီကိုရောက်ရင် ပြုံးပြနှုတ်ဆက်ရအောင် သတိထားရအောင်ပါဗျာ၊ မိတ်ဆက်ပေးလို့ မရဘူးလား"

"အမယ်ရလေး ... မရပါဘူး၊ အစ်မက စိတ်တိုတတ်တယ်"

"ဟင် ... တစ်မျိုးပါလား"

"နေပါဦး၊ ရှင်ကကော ... ဒီကို ဘာလာလုပ်တာလဲ"

"ကျွန်တော်က ဟိုခင်းပါ၊ အရေးမကြီးပါဘူး၊ သူငယ်ချင်းတစ်ယောက်ဆီ လာတာပါ"

"ရှင့်သူငယ်ချင်းရှိတယ် ... ဟုတ်လား"





"ဟုတ်ကဲ့ ... အဲဒါ"

"ဘယ်တစ်ယောက်လဲ"

တင်ထွန်းနိုင်က ရူးသလိုပေါသလို အမူအရာနှင့် ခေါင်းကိုကုတ်ရင်းက ...

"ဘာလုပ်ဖို့လဲ၊ ခင်ဗျားကလည်း"

"အို ... ကျွန်မအစ်မနဲ့ မဂ္ဂဇင်းတစ်တိုက်ထဲမှာ လုပ်တဲ့ ရှင့်သူငယ်ချင်းကို သိထားချင်လို့ပေါ့"

"ဟင် ... ဘာမှလဲ မဆိုင်ဘူး"

"ရှင်က ရှင့်သူငယ်ချင်းကို ပြဖို့ရာ ဘာတွေတွန့်တိုနေတာလဲ၊ ရှင့်သူငယ်ချင်းကို သိထားတော့ နောင် ဒီကိုဝင်စရာရှိရင် ရှင့်သူငယ်ချင်းဟာ ဒီလူပါလားလို့ သိနေတာပေါ့"

"ဟာဗ ... ဒါလောက်လေး သိရဖို့တော့ ကျွန်တော့်သူငယ်ချင်းကို ပြနေစရာ မလိုဘူး ထင်ပါတယ်ဗျာ"

"ရှင့်သူငယ်ချင်းက ဟိုထောင့်က အယ်ဒီတာလား၊ ဟုတ်လား၊ ရှင်က မြန်မာစာဆရာဆိုတော့ ရှင့်သူငယ်ချင်းကလည်း အယ်ဒီတာလောက်တော့ ဖြစ်ရမယ်"

"အာ ... ဘာဆိုင်လို့လဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါ ... ပြောပြစမ်းပါရှင်၊ နောင်ကိုကြံ့ရင် နှုတ်ဆက်ရတာပေါ့"

"ဟာ ... နှုတ်ဆက်ဖို့တော့ စိတ်မကူးနဲ့၊ ဒီကောင်က တအားစိတ်တိုတတ်တာ၊ လူမှုရေးလည်း မသိဘူး၊ ဖော်ဖော်ရွေရွေလည်းမရှိ၊ ယဉ်ကျေးမှုလည်းမရှိ"

"ဆိုးလှချည်လား၊ ဒီလောက်ဆိုးတာ ဘယ်တစ်ယောက်လဲရှင်"

"ခင်ဗျားကလည်း ဖွတ်ပဲဗျာ၊ ဒီဘက်စားပွဲက တစ်ယောက်ပါ၊ မျက်မှန်နဲ့လေ၊ ဟာ ... အရမ်းသွားမကြည့်နဲ့ဦး၊ တော်ကြာ ကျွန်တော့်ကို တွေ့ကရာ ကောင်မလေးတွေကို လိုက်မိတ်ဆက်ပေးနေရသလားလို့ အပြစ်ပြောနေဦးမယ်"

"ကြီးကျယ်လိုက်တာရှင်၊ သူလည်း အယ်ဒီတာအဖွဲ့ထဲကပဲ မဟုတ်လား"

"ဟုတ်တယ်၊ အယ်ဒီတာပဲ"

"ရှင်က ဒီမဂ္ဂဇင်းတိုက်က အယ်ဒီတာနဲ့ သူငယ်ချင်းပေါ့နော်၊ ဒီကို ခဏခဏရောက်လား"

"မရောက်ဘူး၊ တစ်ခါတလေမှ ရောက်တာ၊ ခင်ဗျားကော"





"ကျွန်မလည်း ရောက်ခဲပါတယ်၊ အခုက ကိစ္စလေးတစ်ခု ရှိလို့သာ၊ ကဲ ... စကားရပ်ပြောနေတာတောင် ကြာပြီ၊ ရှင်လည်း ခုထိ ရှင့်သူငယ်ချင်းဆီ မဝင်ရသေးဘူး၊ ကျွန်မလည်း သွားတော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့၊ ဘယ်အထိ ပြန်ရမှာလဲ၊ လိုက်ပို့ပေးရမလား"

"လိုက်ပို့ပေးရအောင် ရှင်က လမ်းလျှောက်လာတာ မဟုတ်လား"

"ဟုတ်တယ်လေ၊ လိုက်ပို့ပေးရင်လည်း လမ်းလျှောက်ပဲ လိုက်ပို့ပေးမှာပါပဲ၊ ဝေးမလား အဖော်လိုမလားလို့ပါ၊ ထိပ်ထားကြင် သူငယ်ချင်းမို့ ညီမတစ်ယောက်လို စောင့်ရှောက်ပြီး လိုတာကူညီမဲ့သဘောနဲ့ ပြောတာပါ"

"ကျေးဇူးတင်ပါသတဲ့ရှင်၊ ကျွန်မတို့ ကုမ္ပဏီရုံးက ပန်းဆိုးတန်းလမ်းပေါ်မှာပါ၊ နီးနီးလေးပါ၊ သွားဦးမယ်နော်"

"ဟုတ်ကဲ့ ... ကောင်းပါပြီ"

ပုလဲက တင်ထွန်းနိုင်ကို အပြုံးနှင့် နှုတ်ဆက်ကာ ထွက်လာခဲ့လျှင် တင်ထွန်းနိုင်ကလည်း စက္ကန့်ပိုင်းလောက် ရပ်ကြည့်နေမိပြီးမှ မဂ္ဂဇင်းတိုက်ထဲ ဝင်လာခဲ့ပါသည်။

ဖဖဖဖဖ



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား ... ဗုလဲ ဘာမှ မရိပ်မိတာ သေချာရဲ့လား"

တင်ထွန်းနိုင်က ရှုံ့မဲ့ရင်း ...

"ခြော် ... သေချာပါတယ်ဆိုကွာ၊ သူ ထွက်သွားတဲ့အထိ ငါက မဂ္ဂဇင်းတိုက်ထဲကို ဝင်မှမဝင်ရသေးပဲနဲ့ဟာ၊ ဘာကို ဘယ်လိုရိပ်မိရမှာလဲ"

"အဲဒီမှာ ပုလဲအစ်မစမ်းကွဲ ရှိတယ် ဟုတ်လား၊ ငါ သိတောင်မသိဘူး"

"ခြော် ... ထိပ်ထားကြင်ရဲ့ သူငယ်ချင်းရဲ့ အဆွေအမျိုးဝမ်းကွဲတွေအထိ မင်းက လိုက်သိနေနိုင်ပါ့မလားကွ"

"သူ့အစ်မရှိနေတော့ သူ ရောက်ရောက်နေရင် ဟိုအယ်ဒီတာကို မင်းရဲ့သူငယ်ချင်းပဲလေလို့ စကားရောဖွဲ့ရော သွားလုပ်နေရင်တော့ မင်းနဲ့ လုံးလုံးမသိတာ ပေါ်သွားတော့မှာပဲကွာ"

"ပေါ်သွားလည်းကွာ၊ ကြည့်ရှီးလိုက်ပေါ့"

"ဘယ့်လိုကြည့်ရှီးမှာလဲ"





တင်ထွန်းနိုင်က ညဦးကို စိတ်မရှည်သလိုကြည့်ရင်း ...

"ဘယ်လိုရှီးရှီး ရတာပဲဟာ၊ ဘာမှမှ အရေးမပါတာ၊ ဥပမာကွာ ... အဲဒီအယ်ဒီတာက ငါ့ကို တင်ထွန်းနိုင်လို့ ပြောရင် မသိဘူးပေါ့ကွာ၊ ငယ်နာမည်ကိုပဲ သိတာ ... စသဖြင့်ပေါ့"

"မင်းမှာ ငယ်နာမည်မှ မရှိပဲ"

"မင်းဘိုးအေကြီးတဲ့မှပဲ၊ သာဂိပေါ့ကွာ၊ ခက်ခက်ညားညား"

"နောက်တစ်ကြိမ် သာဂိလို့ သွားမေးရင်ကော"

"ဟာ ... မသိတော့ဘူးကွာ၊ ဘာမှအရေးမပါတာကို မင်းက ပူပန်နေလိုက်တာ၊ ပုံကြီးချဲ့ပြီးတော့၊ သူ့ဟာသူ ဘာထင်ထင်ကွာ၊ နောက်ဆုံး ငါညာပြောသွားတယ်ပဲ ဖြစ်မှာပေါ့၊ မင်းနဲ့ ဘာဆိုင်လဲ"

"တစ်ခါတလေ ငါ ရှော့ကဲဖြစ်တဲ့ အခေါက်မျိုး ပုလဲနဲ့ တိုးနေရင်တော့ ဒုက္ခပဲ"

"ဒါလေးတွေလောက်နဲ့ ဘာမှဒုက္ခမရောက်ဘူး၊ မင်းကိုက လျှို့ဝှက်ထားချင်တာကိုး၊ လျှို့ဝှက်ချက်တစ်ခုခု ရှိတဲ့သူဟာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှ စိတ်မအေးရဘူး၊ အမြဲစိတ်တထင့်ထင့် ဖြစ်နေရတတ်တယ်ကွ၊ ထိပ်ထားကြင် သိတော့ကော ဘာဖြစ်လဲကွာ"

"ဟာ … မင်းကလည်းကွာ၊ ငါ့သူငယ်ချင်းတွေထဲမှာတော်မင်း တစ်ယောက်တည်းကိုပဲ ငါ အသိပေးထားတာလေ၊ ကျန်တဲ့ကောင်တွေကို ပေးသိတာမှ မဟုတ်တာ"

"အေးလေ … အဲဒါကိုက အလုပ်မဟုတ်တာ"

"ဟာ … ရှက်စရာကြီးကွာ၊ လူသိလာရင် အောင်မြင်လာရင်တော့ ဟုတ်ပါရဲ့"

"သိသိ မသိသိ၊ အောင်မြင်မြင် မမြင်မြင်ပေါ့ကွာ၊ ဘာဖြစ်တုန်း၊ လူတစ်ကိုယ် ဝါသနာတစ်မျိုးယဲ၊ အပြစ်ကင်းစင်တဲ့ ဝါသနာမျိုးပဲဟာ၊ ဘာမှ ရှက်နေစရာ အကြောင်းမရှိဘူး"

"ဒါပေမဲ့ကွာ … ငါ့မှ လူမသိစေချင်တာ"

တင်ထွန်းနိုင်က ညဦးကို မျက်စောင်းထိုးသလိုကြည့်ရင်း …

"ကဲပါ … တခြားသူငယ်ချင်းတွေ သူစိမ်းတွေကတော့ထားလိုက်ပါတော့၊ ထိပ်ထားကြင်ကတော့ မင်းနဲ့အရင်း





အချာကြီးကွာ၊ လင်နဲ့မယားကွာ၊ လင်နဲ့မယားကြားဆိုတာ ဘာလျှို့ဝှက်ချက်မှ မရှိတာပဲ ကောင်းတယ်၊ တစ်အိမ်တည်းလည်း နေနေတာ၊ မင်းဘက်ကရော ဘယ်လောက်ကြာကြာလုံအောင်ဖုံးဖိထားနိုင်မလဲ၊ တစ်နေ့မပေါ် တစ်နေ့ပေါ်မှာပဲ …

လျှို့ဝှက်ချက်ပေါ်မှ လျှို့ဝှက်ထားရကောင်းလားဆိုတဲ့ ပြဿနာတစ်မျိုး ထပ်တက်တတ်တယ်နော်"

"ဒီကိစ္စကတော့ကွာ၊ ငါ မဟုတ်တာလုပ်တာ ဖောက်ပြန်တာမျိုးမှ မဟုတ်ပဲ၊ လျှို့ဝှက်ထားတာ ပေါ်သွားလည်းပဲအကြင့် အပေါ် မကောင်းတာ ဘာမှမှ မရှိတာ၊ ပြဿနာမဖြစ်နိုင်ပါဘူး ထင်ပါတယ်"

"အေးပါ … ပြီးရော … ပြီးရော၊ အလကားနေရင်း ဖုံးထားစရာ အကြောင်းမရှိတာကို ဖုံးထားနေတယ်"

"ငါ့စာရွက်တွေ ရေထဲကျသွားတယ်ဆိုတော့ စုတ်ပြဲကုန်သေးလားကွာ"

"တစ်ရွက်တည်းပါ၊ ငါ ရေမြန်သုတ်လိုက်ပါတယ်၊ မစုတ်ပါဘူး"

"စာတွေရော မြင်ရသေးရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်ဘူး၊ စာရွက်ရေစိုပြီး ပွသွားတာပဲ ရှိတယ်၊ မင်းကလည်း စတက်ပ်လာနဲ့ ချုပ်ပေးရင်လည်း ချုပ်ပေး၊ ကလစ်နဲ့ တွယ်ရင်လည်း တွယ်ပေးလိုက်တာ မဟုတ်ဘူး၊ ဒီတိုင်းကြီး ထပ်ထားတာဆိုတော့ ပြုတ်ကျတော့ ပြန့်ကျဲကုန်တာပေါ့"

"ငါ ချုပ်ပေးလိုက်ဖို့ပဲ၊ မေ့နေတာ၊ မင်းထွက်သွားပြီးမှ သတိရတယ်ကွ၊ ပြန့်ကျဲကုန်တော့ မင်း စာရွက်တွေ ပြန်ထပ်တာ နေရာတကျ မှန်ရဲ့လားကွာ"

"မှန်ပါတယ်ကွာ ... မင်းကလည်း၊ စာမျက်နှာနံပါတ်တွေလည်း ပါတာပဲဟာ၊ မဂ္ဂဇင်းတိုက်ထဲက အယ်ဒီတာစားပွဲပေါ်က စတက်ပ်လာနဲ့ပဲ ယူပြီး ငါ ကောက်ချုပ်ပေးခဲ့တယ်"

ဒီတော့မှ ညဦး မျက်နှာက ဘဝင်ကျ စိတ်ချသွားသလို ကြည်ကြည်လင်လင် အေးအေးဆေးဆေး ဖြစ်သွားပါသည်။





ထိပ်ထားကြင်သည် ဖုန်းထဲကတစ်ဆင့် ကြားနေရသော ပုလဲစကားများကို နားထောင်ကာ မျက်ခုံးလေးပင့်ချည်၊ မတ်ခမ်းလေးဟချည်နှင့် ရင်တဖိုဖို ဖြစ်နေရပါသည်။

"ဟဲ့ ... အဲဒါ တကယ်ပဲ ကိုတင်ထွန်းနိုင် သေချာပါတယ်နော်"

"သြော် ... ဟုတ်ပါတယ်လို့ ဆိုနေမှ၊ ငါ သုံးခါမြင်ဖူးတယ်ဟာ၊ နင်တို့မင်္ဂလာမဆောင်ခင်က တစ်ခါ၊ မင်္ဂလာဆောင်နေ့ကတစ်ခါ၊ ဒင်နာညကတစ်ခါလေဟယ်၊ မှတ်မိပါတယ်ဟဲ့၊ နာမည်သာ ရုတ်တရက် မသိတာ၊ ဒါပေမဲ့ သူကိုယ်တိုင် အစ ပါးစပ်က ပြောသွားတာပဲဟာ"

"ကြည့်စမ်း ... တော်ပါသေးရဲ့၊ နင်နဲ့တွေ့ပေလို့၊ အဲသလို မဂ္ဂဇင်းတိုက်မှာများ ငါနဲ့ တိုက်ရိုက်ကြီး တန်းတိုးရင် ငါ ဘာပြောရမယ်မှန်းတောင် သိမှာမဟုတ်ဘူး၊ အစ်မရှိလို့ ဘာညာလည်း ရှိုးလို့မရ၊ အမယ်လေး ... တော်ပါသေးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သူက အဲဒီတိုက်က အယ်ဒီတာနဲ့ သူငယ်ချင်းငဲ့
နော်"

"အဲဒီတော့ ဘာဖြစ်လဲ"

"နင် ကိုတင်ထွန်းနိုင်ကို ကမ်းပြောပြီးတော့ ..."

"အို ... အမယ်လေး ... အသိမခံနိုင်ပါဘူးဟာ၊ ရှက်စရာ
ကြီး၊ ပြီးတော့ အဲသလို ဟိုကပ်ဒီကပ်ပြောပြီး မကြိုးစာ
ချင်ပါဘူး ပုလဲရာ၊ ကိုယ့်ဟာကိုယ် ကိုယ့်အစွမ်းအစ
ကိုယ်ပဲ ..."

"ပြော် ... အဲသလို မရမက ပြောနိုင်းတာမျိုးတော့ ဘယ်
ဟုတ်ပါ့မလဲဟဲ့၊ ဘာပဲဖြစ်ဖြစ် လူခင်ကတစ်ဆင့်ဆိုရ
ကိုယ့်ဟာလေး ပို့ပြီး လေးလေးစားစား ရှိမလားလို့ပေ
ဒီနေ့ဆိုရင် ဟိုအစ်မကြီးက သိပ်စိတ်မရှည်လက်မရှည်
ဟယ်၊ ဒါတောင် သူတို့ချိန်းတဲ့ရက် ပြန်သွားတာဟာတ
ပြန်ရှာပေးရတာကို သူတို့က လုံးဝစိတ်မရှည်ဘူးဟဲ့"

"တချို့တိုက်တွေဆို ပြန်မပေးဘူးလို့ ပြောတယ်"

"အဲဒါကြောင့် နင့်ကို မိတ္တူကော်ပီ လုပ်ထားပါဆိုတာ"

"ခုနောက်ပိုင်း မိတ္တူကော်ပီ ကူးထားပါတယ်ဟဲ့၊ အဲဒီတစ်
ကျမှ ငါ မေ့သွားတာဟ"





"နင် ငါ့ဆီလာယူမလား၊ ငါ လာပို့ပေးရမှာလား၊ ဒါမှ
မဟုတ် ဆုံတဲ့တစ်ရက်ရက်ကျမှပဲ ..."

"ငါ နက်ဖြန် နင့်ရုံး လာဝင်ယူပါ့မယ်၊ ငါပြန်ဖတ်ကြည့်
ပြီး ဘာတွေများ လိုအပ်ချက်တွေ ဟာကွက်တွေ ရှိသလဲ
ဆန်းစစ်ကြည့်ဦးမယ်ဟယ်"

"စိတ်ဓာတ်တော့ မကျနဲ့ပေါ့ဟယ်"

"မကျပါဘူးဟာ၊ ဒါမျိုးကြုံရတာက ပိုများတော့ ငါလည်း
ခံနိုင်ရည် ရှိနေပါပြီ၊ ဟိုးအရင် ပို့ကာစကလို ပယ်လို့
ထိုင်ငိုတဲ့ အခြေအနေမျိုး မဟုတ်တော့ပါဘူး"

"နေစမ်းပါဦးဟယ်၊ နင်တို့လက်ထပ်တာပဲ လေး ါးခြောက်
လရှိနေပြီ၊ နင့်ဟာ ဒီကိစ္စကြီးကို ကိုညဦးကို ဖုံးထားတုန်း
လား"

"အေး"

"အဲဒီ ကိုညဦး တစ်ယောက်ကကော နည်းနည်းကလေး
တောင်မှ မရိပ်မိပဲ နေရသလားဟယ်၊ အချိန်တွေ ဒီလောက်
ကြားမှာ"

"သူက မိုးလင်းကမိုးချုပ် အိမ်မှာမှ မနေရတာ၊ ညမှပြန်
လာပြီး သူ့ကျူရှင်က အလုပ်တွေ ပါလာတတ်သေးတာ၊



www.burmeseclassic.com

www.burmeseclassic.com



လေ့ကျင့်ခန်းအသစ်တွေထုတ်ရ၊ နှစ်ပတ်တစ်ခါ ကျောင်း မှာ စစ်ဆေးတာတွေကိုလည်း အိမ်တွေကို Report ပြန် ပို့ပေးဖို့ ရေးရနဲ့လေ၊ အားမှမအားတာ၊ ပြီးတော့ ငါက ငါ့အလုပ်ခန်းကို သဘောတော်ထားတာကိုး၊ သူမှ မဝင်ရ တာ"

"နင် လျှို့ဝှက်ထားလို့ ရနေတာပေါ့လေ"

"အေး"

"ကိုညဦးကလည်း သူ့အလုပ်ခန်းကို သဘောတော်တယ်ဆို၊ ဘယ်သူမှ မဝင်ရဘူးဆို၊ နင် တစ်ခါပြောဖူးတယ်"

"အေး"

"စဉ်းစားကြည့်စမ်း ကြင်ကြင်၊ ကျူရှင်စာရွက်စာတမ်းတွေ ကျောင်းသားတွေရဲ့ စာအုပ်တွေပဲရှိတဲ့ဟာကို သဘောတော်ပိတ် ထားတယ်ဆိုတာ တစ်မျိုးကြီး ဖြစ်မနေဘူးလား"

"ဘာဖြစ်လို့လဲ"

"ဩော် ... ငါ တွေးမိတာ၊ နင်က နင့်လျှို့ဝှက်ချက်နဲ့နင်၊ နင့်အလုပ်ခန်းကို သော့ပိတ်သလို သူ့မှာကော လျှို့ဝှက်ချက် တစ်ခုခုများ ရှိနေမလားလို့ပါ"

ထိပ်ထားကြင်က ခဏငြိမ်သွားပြီးမှ ...





"မောင့်မှာ လျှို့ဝှက်ချက် မရှိနိုင်ပါဘူးဟယ်၊ သူက ငါ့ ကိုဆို အကုန်ပြောတာ၊ သူ့သူငယ်ချင်းတွေရဲ့ အိမ်ထောင် ရေး၊ ရည်းစားအရေးမျိုးတွေကအစ ပြန်ပြောပြတတ်တယ်၊ ညအိပ်ရာဝင်ပြီဆိုရင် သူနဲ့ငါနဲ့ဟာ တစ်နေ့ကုန် ကိုယ့် အတွေ့အကြုံတွေထဲက ထူးခြားတာလေးတွေ၊ ရယ်ရတာ လေးတွေ တစ်ယောက်တစ်ပေါက် လှပြောရတာဟ၊ မောင် က နေ့စဉ်နဲ့အမျှ ဒီကျောင်းသားတစ်သိုက် ဆရာတစ်သိုက် နဲ့ လုပေါင်းရာကျော်နဲ့ ဆုံတွေ့နေရတော့ ပြောစရာတွေ ဆို သူ့မှာ အများကြီး ...

ဟိုဟာရော ဒီဟာရော စုံနေဖာစိ လျှောက်ပြောနေ တတ်တာဟ၊ လျှို့ဝှက်ချက် မရှိနိုင်ဘူး"

"ဒီလို ပြောတာမျိုးက နင်လည်း ပြောနေတာပဲ မဟုတ် လား"

"အင်းပေါ့"

"အေးလေ ... နင်တောင် ဒီလိုအစုံပြောရင်းကပဲ လျှို့ဝှက် ချင်တာကျတော့ လျှို့ဝှက်ထားသေးတာပဲဟ၊ သူလည်းပဲ လျှို့ချင်တာရှိရင် လျှို့ထားမှာပဲပေါ့"

"နင်က ဘယ်လိုထင်လို့လဲဟင် ပုလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ မထင်ပါဘူး၊ နင်နဲ့ နှိုင်းယှဉ်ပြီး တွေးကြည့်တာပါ၊ သူကလည်း သူ့အခန်း နင်တောင်မဝင်ရဆိုပြီး သော့ခတ်တယ်ဆိုတော့"

"သူက သူ့ပစ္စည်းတွေ အထားမှားမှာ ခြေရာလက်ရာပျက်မှာ မကြိုက်ဘူးဟ၊ သူ့အခန်းထဲမှာက စာရွက်စာတမ်းတွေဆိုတာ အများကြီး၊ နှစ်ပတ်တစ်ခါစစ်တဲ့ စာမေးပွဲအတွက် သူ့ဘာသာရပ် မေးခွန်းတွေရော၊ တခြားမေးခွန်းတွေရော လည်း ရိုက်ပြီး ပုံချထားတာတွေနဲ့"

"အမယ်လေးတော်၊ သူက တစ်ယောက်ယောက် မေးခွန်းခိုးကြည့်ပြီး ရောင်းစားဝေါက်ကြားသွားမှာမျိုး စိုးနေတာလား"

"အဲဒီလိုတော့ မဟုတ်ဘူးပေါ့ဟယ်"

"နင်တွေ့တော့ရော ဘာဖြစ်နိုင်တာတွေမို့လို့လဲ"

"ဘာမှတော့ မဖြစ်ဘူးပေါ့"

"နင်ကတော့ နင့်လျှို့ဝှက်ချက်ရှိလို့ သူသိမှာစိုးလို့ သော့ခတ်ပိတ်ရတာ အကြောင်းခိုင်သေးတာပေါ့၊ ကိုညဦးကပါ သော့ခတ်ပိတ်ပြီး နင့်ကိုပါ မဝင်စေတာကျတော့ စဉ်းစားစရာတောင် ဖြစ်နေတယ်"





"နင်ကလည်းဟယ် ... နင်ပြောမှပဲ ကိုယ့်ယောက်ျားကို ကိုယ် သံသယဝင်ရမလို ဖြစ်နေပြီ၊ မောင်က ရိုးသားအေးချမ်းပါတယ်၊ တစ်ခါတစ်ရံများ သူ့တပည့်မတွေထဲက 'ဆရာ' 'ဆရာ'နဲ့ ချွဲတပြစ်ပြစ် ဖုန်းဆက်ကြတဲ့ဟာမျိုးတွေ ရှိတယ်ဟဲ့၊ ညဘက်ဖုန်းဆက်ပြီး 'စာမေးချင်လို့ဆရာ' 'နားမလည်လို့ ဆရာ' ဆိုတာတွေ ရှိတာ၊ အဲဒါမျိုးတွေဆို မောင်က 'နားမလည်တာ ကျူရှင်မှာမေး၊ အိမ်ကိုဖုန်းဆက်မမေးနဲ့'ဆိုပြီး ဟောက်ပြီးချပစ်တာ"

"အေးပါဟဲ့ ... ငါကလည်း အဲလိုမျိုး လုံးဝရည်ရွယ်မပြောပါဘူး၊ နင့်မောင်တော်ကိုလည်း မရိုးသားဘူးလို့ တစ်ခါမှ မထင်မိဖူးသေးပါဘူး"

"အေး ... ဒါပေမဲ့ နင်ပြောတော့ ငါ့ စိတ်ထဲ တစ်မျိုးတောင်ဖြစ်လာပြီဟ၊ မောင်က တစ်ခါတစ်ခါ ငါ အဲဒီအခန်းဝနားရှိနေရင် သူတောင် ဖွင့်မဝင်တော့ဘူး၊ ငါ့ကို အရင်ပထုတ်တယ်၊ ငါ လိုက်ဝင်လာမှာ စိုးလို့ပဲဟဲ့"

"နင်ကလည်း တစ်ခါမှကို အဲဒီအခန်းထဲ မဝင်ဖူးတာလား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ပြောင်းစ အဲဒီအခန်းတွေ ဘာတွေ ပြင်တော့ ပရိဘောဂတွေ နေရာချရင်း ပြရင်း ဝင်ဖူးတာပေါ့၊ နောင်သူ့စာရွက်စာတမ်းတွေ ဘာညာတွေ အားလုံးထည့်ပြီးနောက်မှတော့ မဝင်ဖူးတော့ဘူး"

ပြောရင်းက ထိပ်ထားကြင်က မျက်မှောင်လေးကုတ်ကာ တွေးနေမိသည်။

၀၀၀





၅

ထိပ်ထားကြင်သည် တီဗီရှေ့ ထိုင်နေရင်းက စိတ်တွေက တခြားပျံ့လွင့်နေရပါသည်။ တကယ်ဆို အခုလာနေတဲ့ ဇာတ်လမ်းတွဲကို ထိပ်ထားကြင် သိပ်ကြိုက်တာပါ။ တစ်ပိုင်းကလေးမှ အလွတ်မခံနိုင်။ ညဘက်ပွဲလမ်း ၁င်နှာ ဘဲ့ရားကိုးဆွသဖြင့် အပြင်ထွက်စရာ ရှိလာရင်တောင်မှ အပုတို့ကို အခွေထဲမှာ ကူးထည့်ခိုင်းထားကာ ပြန်လာမှ ပြန်ကြည့်သည်။

ခုတော့ ဘာတွေပြနေလို့ ပြနေမှန်းပင် အာရုံမဝင်အားနိုင်ပဲ ရှိသည်။ မောင့်ကို ညဘက်စောင့်ကြည့်နေတာ သုံးရက်တောင်ရှိပြီ။ မောင်ဟာ ညစာထမင်းစားအပြီး ညကိုးနာရီလောက်ကတည်းက အဲဒီအလုပ်ခန်းထဲ ဝင်သွားလိုက်တာ အတော်နဲ့ကိုပဲ ပြန်ထွက်မလာတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ပထမတစ်ရက်ကဆို မောင် အဲဒီအခန်းထဲ ဝင်သွားကတည်းက ထိပ်ထားကြွင်လည်း ကိုယ့်အလုပ်ခန်း ကိုယ်ဝင်ကာ ကိုယ်လုပ်ချင်တာ တိတ်တိတ်ခိုးလုပ်နေလိုက်နိုင်သေးသည်။ တစ်နာရီတိတိကြာမှ ထိပ်ထားကြွင် အခန်းထဲက ပြန်ထွက်လာသော်လည်း မောင်ကတော့ ထွက်မလာသေး။

အဲဒီညက ကိုယ်မကြိုက်လှတဲ့ ဇာတ်လမ်းတွဲရက်မို့ မောင့်အလစ်မှာ ကိုယ်လုပ်ချင်တာကို ဦးစားပေးလိုက်ကာ တီဗီမကြည့်ပဲနေတာ။ တစ်နာရီကြာ အခန်းထဲက ပြန်ထွက်လာတဲ့နောက်အထိ ညဦးက ထွက်မလာသေးတာမို့ အောက်ထပ်မှာပဲ တီဗီထိုင်ကြည့်နေသလိုလိုနဲ့ ညဦးကို စောင့်နေသည်။

တီဗီအစီအစဉ် ပြီးဆုံးတဲ့ တီးလုံးလာမှပဲ ညဦးက အခန်းထဲက ထွက်လာပါသည်။ အခန်းထဲက ထွက်လာတော့ သူ့မှာ ဇက်တွေညောင်းညာကိုက်ခဲလာသလို ဟိုချိုးဒီချိုး ရွှတ်ချွက်နှင့် ချိုးနေရသည်။

"မောင် အလုပ်တွေက အများကြီးပဲလား"

"အေးကွာ"

"ဘာတွေ လုပ်နေရတာလဲ မောင်ရယ်၊ တစ်နေကုန်လည်း ကျူရှင်မှာ နားရတာမဟုတ်ဘူး၊ အကြွင် ဘာကူလုပ်ပေးရမလဲ"





"ရတယ်၊ အကြွင် ဘာမှကူစရာ မလိုဘူး၊ Report တွေ အိမ်ပို့ဖို့ ရေးနေရတာ"

"သူများရေးနိုင်းလို့ မရဘူးလား"

"ကိုယ့်ဘာသာရပ် ကိုယ့်ဟာကိုယ် ရေးရတာပေါ့ကွာ"

"နှစ်ပတ်တစ်ခါပေမို့ပဲ တော်တော့တယ်"

"နက်ဖြန်က မနက်စော မောင့်အချိန် မရှိဘူးလေ၊ နည်းနည်း နေမြင့်အောင် အိပ်လို့ရတယ်၊ ဒါကြောင့် အပင်ပန်းခံရေးနေတာ၊ ကဲ ... လာ အပေါ်တက်ကြမယ်၊ ငါ့မိန်းမနဲ့ စကားစမြည်လေး ဘာလေး ပြောရဦးမယ်"

ဒုတိယနေ့ကျတော့လည်း အဲဒီအတိုင်းပင်။ ညဦးသည် ညစာစားပြီးတာနှင့် ဝင်ကာ တံခါးပိတ်သွားသည်။ ကဲ ... ဒီနေ့ တတိယနေ့ကော။ ထိုနည်းလည်းကောင်းပါပဲရှင်ရယ့်သာဖြစ်ရမည်။ ခုမှ သေချာစဉ်းစားကြည့်လိုက်တော့ မောင်ဟာ ပြီးခဲ့တဲ့ လေးငါးခြောက်လစလုံးလည်း တစ်လကို တစ်ရက်နှစ်ရက်လောက်ကလွဲရင် ဒီအတိုင်းချည်းပါပဲ။

တစ်လမှာ တစ်ရက်၊နှစ်ရက်မျှသာလျှင် သူဖတ်ချင်တဲ့ စာအုပ်ရှိလို့ ထမင်းစားပြီး စာအုပ်ကိုင်ကာ အိပ်ရာအိပ်ခန်းသို့ တန်းလာတတ်သည်။ ကျန်ရက်များမှာတော့ ခုနပြောတဲ့



www.burmeseclassic.com

www.burmeseclassic.com



အလှူပွဲလမ်း ညရေးညတာမျိုး သွားစရာ မရှိလျှင် ဒီအတိုင်းချည်းပဲ ... ထုံးစံ။

ဘာတွေများ ဒီလောက်တိုက်ပြီး လုပ်နေတာပါလိမ့်။

"ဟယ် ... အမယ်လေးလေးလေး ကားနဲ့တိုက်မိတော့မယ်"

တီဗီက ဇာတ်ဝင်ခန်းကိုကြည့်ရင်း အသည်းယားစွာ အော်လိုက်သံက အပုနှင့် လုံးလုံးထံမှ ထွက်ပေါ်လာပေမဲ့ ထိပ်ထားကြွင် စိတ်မဝင်စားနိုင်တော့။ ဟိုအခန်းထဲက ညဦးကိုသာ ဝိုပြီး စိတ်ဝင်စားနေမိသည်။

ညဦးက တီဗီတော့ ကြည့်လေ့မရှိ။ ညဘက်တွေ အိပ်ခန်းဆီကို ဆယ်တစ်နာရီလောက်မှ တက်ဖြစ်တာများသည်။ အိပ်ခန်းထဲက တီဗီတစ်ခုမှာတော့ မောင်က ယူဘီစီစလောင်းက အစီအစဉ်တချို့ ကြည့်လေ့ရှိသည်။

လင်မယားနှစ်ယောက် ခုတင်ပေါ်မှာ စကားပြောရင်း စလောင်းက ချယ်နယ်လ်တွေကို ဟိုဒီရွှေ့ရင်း အတော်ညဉ့်နက်ထိ နေမြဲပင်။ နှစ်ယောက်လုံးဟာ ဆယ့်နှစ်နာရီ မကျော်ပဲ အိပ်ပျော်သွားတယ် မရှိ။ တစ်ခါတစ်ခါ ထိပ်ထားကြွင်က စာအုပ်ဖွဲ့ကာ စာဖတ်ကောင်းနေလျှင် တစ်နာရီခွဲ နှစ်နာရီ ဖြစ်သွားတာတောင် ရှိသည်။





ထိပ်ထားကြွင်သည် ညဦးကို ဘာလုပ်နေပါလိမ့်ဆိုသည့် သံသယကလည်းဝင်၊ ဖွင့်လည်း မေးလိုက်ချင်၊ သူ ဘာတွေများ ငါမသိအောင် လုပ်နေသလဲဆိုသည့် သံသယမျိုးရှိနေတာကို ညဦး သိသွားမှာလည်းစိုးပြီး စိတ်တွေ ရှုပ်နေပါသည်။

အတော်ကြာလာလျှင်တော့ သူ နေမရတော့ပြီ။ အကြံထုတ်ရသည်။ ညဦးရဲ့ အလုပ်ခန်းထဲမှာ ရှိကိုရှိမည့် ပစ္စည်းတစ်ခုခု လိုချင်လို့ တောင်းတဲ့သဘောမျိုးနဲ့။ ဟုတ်ပြီ။

ထိပ်ထားကြွင်က တီဗီရှေ့က ထလာကာ ညဦးရဲ့ အလုပ်ခန်းရှိရာဆီ လျှောက်လာပြီး ပိတ်ထားတဲ့ တံခါးရွက်ကို နားကပ်၍ နားထောင်ကြည့်သည်။ ဘာဆိုဘာသံမှ မကြားရ။ အခန်းထဲမှာ လူတစ်ယောက် ရှိနေတယ်လို့ ယုံကြည်စရာမရှိလောက်အောင်ကို တိတ်ဆိတ်ငြိမ်သက်နေပါသည်။

ထိပ်ထားကြွင်သည် မျက်မှောင်လေးကို တွန့်ကာ သစ်သားတံခါးရွက်ကို လက်ဆစ်လေးတွေနှင့် ခေါက်လိုက်ပါသည်။

"ခေါက် ခေါက် ခေါက်"

"မောင်ရေ"

"___"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက် ... ဒေါက်"

နှစ်ကြိမ် သုံးကြိမ် ခေါက်သော်လည်း အထဲက ထူးသံ ပေါ်မလာပါ။

"မောင်ရေ ... မောင်"

"ဒုန်း ... ဒုန်း"

ခပ်ပြင်းပြင်းနှစ်ချက် ဆင့်ထုလိုက်မှ ...

"အကြင်လား ... ဘာလဲ"

"မောင်ရေ ... ခဏလေး၊ အကြင် လိုချင်တာလေးရှိလို့"

"ဘာလဲ အကြင်၊ မောင် အလုပ်ရှုပ်နေတာ"

"မောင့်အခန်းထဲမှာ စတက်ပ်လာ ရှိတယ်မဟုတ်လား၊ အကြင့် စတက်ပ်လာက ကလစ်လေးတွေ ကုန်သွားလို့၊ အဲဒါ ခဏလိုချင်တယ်"

"အကြင်ကလည်းကွာ"

မကြားစဖူး မောင့်ရဲ့ စိတ်မရှည်လှတဲ့ အသံကြီးကို ကြားရကာ စာရွက်သံ အံဆွဲသံတွေ နှစ်ချက် သုံးချက် ထွက်ပေါ်လာပါသည်။ ခဏအကြာတွင် မောင့်ခြေသံနှင့်အတူ တံခါးက ချက်ခနဲပွင့်ကာ အခန်းဝ၌ မောင်တစ်ကိုယ်စာ အဟ,ကလေးကြား၌ မောင် ပေါ်လာသည်။





"ရော ... ရော ... စတက်ပ်လာ"

"ဟိုဟာလေ ... အကြင့် စာရွက်ချာတွေ တွဲချုပ်မလို့ဟာ၊ အဲဒါ ..."

"အင်း အင်း ... ယူထားလိုက်"

ညဦးက လှမ်းပေးပြီးသည်နှင့် တံခါးကို တွန်းပိတ်မို့ လုပ်တာမို့ ထိပ်ထားကြင်က လက်ကိုင်ဘုကို ဆွဲထားပြီး ...

"နေပါဦး၊ မောင်ကလည်း"

"ဘာလဲ အကြင်ရ"

"မောင်ကလည်း အလုပ်တွေ များလိုက်တာ၊ မပြီးသေးဘူးလား၊ အပေါ်တက်ကြရတော့အောင်လေ"

"မောင် မပြီးသေးဘူး၊ လုပ်စရာရှိသေးတယ် အကြင်ရဲ့၊ အကြင်ပဲ တက်နှင့်၊ ဇာတ်လမ်းတွဲက ပြီးသေးလို့လား"

"အာ ... မင်းသားက သေမလို့လား မသိဘူး၊ အကြင် မကြည့်ချင်တော့ဘူး"

"ဒါဖြင့် တက်နှင့်၊ မောင် ခဏလေးပဲ၊ ခဏနေ လာခဲ့မယ်"

ညဦးက တံခါးတွန်းပိတ်ဖို့ ပြင်ပြန်သည်။ ထိပ်ထားကြင်က နောက်ထပ် ဉာဏ်နီဉာဏ်နက်တစ်ခု ထုတ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... မေ့လို့ ... မေ့လို့၊ စာရွက်ညှပ်တဲ့ ကလစ်လေး
တွေလည်း လိုချင်သေးတယ်"

ဒါကို ပြန်လှည့်ယူမှ သူလည်း ညာတာပါတော်းနှ
နောက်ကလိုက်ရမည်လို့ ထိပ်ထားကြင်က ရည်ရွယ်သည်။

"အဲ ... အဲဒီကလစ် မရှိဘူး"

"ဟင် ... အဲဒီကလစ်မျိုးက မောင့်မှာ ရှိမှာပါ၊ ရှာကြည့်
ပါဦးလား"

"မရှိဘူး ... သေချာတယ်၊ မောင် ကျူရှင်မှာကုန်လို့
မနက်ကပဲ ဘူးလိုက်ယူသွားလိုက်တာ၊ အိမ်မှာလုံးဝမကျ
တော့ဘူး၊ အကြင့်ဟာကလည်း စတက်ပ်လာနဲ့ ချုပ်လိုက်
ပြီဆိုရင် ပြီးပြီပေါ့၊ စာညှပ်တဲ့ကလစ်က ဘယ်လိုတော့
လဲ"

"ချုပ်မှာက သတ်သတ်၊ ညှပ်မှာကလည်း သတ်သတ်မို့
ပေါ့ မောင်ရဲ့၊ မောင် ခု ဘာတွေလုပ်နေတာလဲ၊ လက်
မှာ ဘောလ်ပင်ကြီး တန်းလန်းနဲ့၊ ဘာတွေ ရေးချွတ်
ရသလဲ"

"Report တွေလေ၊ ကျောင်းသားတွေအိမ် ပို့ဖို့"





"ဟင် ... ဟိုးတစ်နေ့ကတည်းက အဲဒါတွေ ရေးနေတာ၊
ခုထိ မပြီးသေးဘူးလားလို့"

"မပြီးသေးလို့ပေါ့၊ ရေးရင်း တခြားကိစ္စပေါ်လို့ လုပ်ရ
လုပ်ရနဲ့၊ ခုကိုပဲ အကြင်က စကားရပ်ပြောနေတာနဲ့ ကြာ
နေပြန်ပြီ"

ထိပ်ထားကြင်က သွေးတိုးစမ်းကာ ...

"အကြည် ကြည့်ချင်တယ်"

"ဟာ ... ဘာကိုလဲ"

"အဲဒီ Report တွေကို၊ အဟင်း ဟင်း"

"ဟာ ... အကြင်ကလည်းကွာ၊ ကြည့်စရာ ဘာအကြောင်း
ရှိသလဲ၊ ကဲ ... ကဲ ... အကြင်သွားတော့၊ မောင် ဆယ့်ငါး
မိနစ်ဆိုရင် ရောက်လာမယ်"

"အကြင် ဝင်လို့မရဘူးလား၊ ခဏလေးတောင်လေ"

ထိပ်ထားကြင်က စပ်တိုးတိုး ခပ်နွဲ့နွဲ့ ပြောလိုက်
ပါသည်။

"မောင်တို့ စည်းကမ်းလုပ်ထားတယ်လေ၊ အကြင် စည်းကမ်း
မဖျက်ရဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ဟာတွေ အကြင်က ရှုပ်မှာဖွမှာမှ မဟုတ်တာ၊ ရပ်ကြည့်ရုံကလေး ရပ်ကြည့်မှာ"

"အာ ... အကြင်က နေရင်းထိုင်ရင်း ဂျိုကျနေပြန်ပြီကွာ၊ ဘာလုပ်ဖို့ ရပ်ကြည့်ရမှာလဲ၊ မောင့်မှာလည်း အနော အယှက် ဖြစ်တယ်၊ ကဲ ... လိုချင်တာရရင် သွားတော့လေ"

ထိပ်ထားကြင်သည် နှုတ်ခမ်းလေးကိုကိုက်ကာ စိတ် ထဲ၌ နည်းနည်းလေးမှ မကျေနပ်နိုင်ပေ။ အချင်းချင်း ကတိထား ထားတဲ့ စည်းကမ်းနဲ့ ကိုင်ပြောလာတော့ ဘယ်လိုဖွတ်တိုးပြော ရမည် မသိတော့ပါ။ မကျေမချမ်းနှင့် ...

"မောင့်အခန်းထဲမှာ ဘာလျှို့ဝှက်ချက်ရှိလဲ ပြော"

"အာ ... အကြင်ကလည်းကွာ၊ ဘာလျှို့ဝှက်ချက် ရှိရမှာ လဲ၊ ဘာမှမရှိဘူး၊ ပြဿနာပဲကွာ၊ ကဲ ... ကဲ ... အကြင် သွားနှင့်လိုက်ပါကွာ၊ မောင် ခဏလေးနေရင် လိုက်ခဲ့ မယ်"

ဒီတစ်ကြိမ်တော့ ညဦးသည် ထိပ်ထားကြင် ထံ တန်ပြန်လာမည့် စကားကိုပင် မစောင့်။ သူ့တံခါးကို ခပ်သွ သွက်ပင် ချပ်ခနဲ တွန်းပိတ်ကာ အတွင်းသော့ကို ထမ့်ခနဲနေအောင် နှိပ်ချလိုက်တော့သည်။





ထိပ်ထားကြင်သည် တံခါးအပြင်တွင် ရင်ထဲဖုဖု တစ်ထစ် အောင့်သက်သက်နှင့် ကြောင်တက်တက် ရပ်ကျန်ရစ် ပါသည်။ တံခါးကိုလည်း ထပ်မထုတော့ပါ။ ချက်ချင်းလည်း ကြည့်ထွက်မသွားဖြစ်သေးပဲ မကျေမချမ်း အုံ့အားတသင့်ကလေး ဖြစ်နေမိပါသေးသည်။

မောင်ဟာ အကြင့်ကို ဤအခန်းထဲ ခြေတစ်လှမ်း လှမ်းစာတောင် အကျူးမခံလိုတာ သေချာနေပြီ။ နည်းနည်း ကလေး အားနာပါးနာနှင့်တောင်မှ ဝင်ခွင့်မပြု။ အကြင် အပေါ် မောင့်ရဲ့ ချစ်မြတ်နိုးမှု၊ ဂရုစိုက်ယုယမှု၊ အလိုလိုက်မှု၊ ခုချိန်ထိ တစ်ကြိမ်မှ ခွန်းတုံ့ခွန်းလှယ်စကား အချင်းများခြင်းမျိုး မကြုံဖူး အောင် တစ်ယောက်ကိုတစ်ယောက် နားလည်ကျေအေးမှုတို့ကို ပြန်လည်တွက်ဆလျှင် အခုလိုလုပ်ရပ်မျိုး မောင်လုပ်လိမ့်မည်လို့ ထင်ရ။

မောင် ဒီလောက်တောင် ချစ်လှပါတယ်ဆိုတဲ့ ချစ် ဇနီးကလေးကို "စည်းကမ်း"ဆိုတဲ့ သတ်မှတ်ချက်တစ်ခုတည်း ကြောင့်တော့ဖြင့် မောင် ဤသို့ပြုမူမည်လို့ အကြင် မထင်။ ဘာ စည်းကမ်းကြီးပဲရှိရှိ အကြင်က ဝင်ချင်လှပါသည်ဆိုလျှင် အကြင် သိစေလိုသော အကြောင်းအရာမျိုး မရှိရိုးမှန်ပါက "ကဲ ... ဝင် ... ဝင် ..." ဆိုပြီး အလွယ်ကလေး ခွင့်ပြုလိုက်ဖို့ပဲ ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားကြင်ရဲ့ အခန်းထဲကို အစုလို မောင်က ဝင်ချင်လှပါသည် ဆိုလျှင်ကော ထိပ်ထားကြင်က ခွင့်ပြုမလား။ ထိပ်ထားကြင်ကတော့ ခွင့်မပြုနိုင်။ ပေါက်တီးပေါက်ကရ အကြောင်းတွေ လျှောက်ပြငြင်းမှာပင်။

ဘာဖြစ်လို့လဲဆိုတော့ သူ့မှာ လျှို့ဝှက်ချက်ရှိလို့လေ။ အောက်ချာတွေ၊ ဈေးနှုန်းစာရင်းတွေ၊ ပစ္စည်းအဝင်အထွက်တွေ၊ ကိန်းဂဏန်း စာရင်းဇယားတွေ၊ ပြီးတော့ ငွေစက္ကူတွေ ဒါတွေပဲ ရှိသင့်တဲ့ ထိပ်ထားကြင်ရဲ့ အလုပ်ခန်းထဲမှာ ဒါတွေတင် မကပဲ မောင် မသိစေချင်တဲ့ အကြောင်းအရာတချို့ ရှိနေလို့ပေါ့။

ဒီအတိုင်းတွက်ရင် မောင့်အခန်းထဲမှာလည်း ထိပ်ထားကြင်ကို မတွေ့ မမြင် မသိစေလိုသော လျှို့ဝှက်ချက်တစ်ခု ရှိနေနိုင်ပြီဆိုတာကို လွယ်လွယ်ကလေး ရိုးရိုးကလေး မှန်းဆလို့ ရနေပါပြီ။

ကဲ ... အဲဒါဟာ ဘာလဲ။

ထိပ်ထားကြင်သည် အပေါ်ထပ် အိပ်ခန်းဆီ နေ ကွေးလေးတုံ့ဗွာ တက်လာခဲ့ပြီး အိပ်ရာမှာ ငြိမ်ငြိမ်ကလေး ဝင်လှဲရင်း နဖူးပေါ် လက်တင်၍ မကျေမချမ်း စဉ်းစားခန်း ဝင် နေမိပါသည်။





ကိုယ့်ရဲ့လျှို့ဝှက်ချက် ဆိုတာက မောင် မသိအောင် ဖုံးကွယ်ထားတာ တစ်ခုသာရှိပြီး ဘာအပြစ်မှ မရှိတဲ့ လျှို့ဝှက်ချက်မျိုး။ မောင့်ကို မသိစေချင်တာဟာလည်း တစ်သက်တာလုံး အတွက် မဟုတ်။ ခဏတဖြုတ် ကာလတစ်ခုအားဖြင့်သာ မသိစေချင်သေးတာ။

တစ်နေ့နေ့ တစ်ချိန်ချိန် ဂုဏ်ယူလောက်ဖွယ် အနေအထားကို ရောက်တဲ့အခါ ညဦး သိအောင်၊ ဝမ်းသာအားရတောင် အားလုံးထုတ် ဖွင့်ပြောပြရဦးမှာ။ ကိုယ့်ဘက်က ဒါလေးကို မသိစေချင်တာနဲ့ပဲ အလုပ်ခန်းထဲ မောင်ပါ မဝင်ရလို့ စည်းကမ်း ထုတ်လိုက်မိတဲ့အတွက် မောင့်ဘက်ကလည်း သူ့အခန်းထဲ အကြင် ဝင်ရဆိုပြီး ဝမ်းသာအားရ သဘောတူညီခဲ့တာ ဖြစ်မှာပင်။

ကိုယ့်ဘက်က ဘာမှမဟုတ်သော်လည်း သူ့ဘက်က ဘယ်ပါလိမ့်။ ထိပ်ထားကြင် ရင်ထဲ ကလိကလိနေအောင် အသည်း ယားယား ခံစားနေရပါသည်။ သူ့ဘက်က ကြီးမားသော အကြင် ကိုယ်စိတ်နှစ်ပါးကို ထိခိုက်နိုင်သော လျှို့ဝှက်ချက်မျိုး ကြီးများ ဖြစ်နေမလား။

တကယ်တမ်းကျတော့ ထိပ်ထားကြင်နဲ့ ညဦးတို့ ဟာ သိကျွမ်းခင်မင်မှု ခြောက်လကျော်မှာ ညဦးက ချစ်ရေးဆို



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားကြင်က အချိန်သိပ်မဆွဲပဲ ခေါင်းညိတ်အဖြေပေးခဲ့ခြင်းဖြင့် ခပ်မြန်မြန် ချစ်သူတွေ ဖြစ်သွားခဲ့တာ။

ချစ်ကြပြီးတော့လည်း လူကြီးသမီးရည်းစား စုံတွဲမို့ လှငယ် မြီးကောင်ပေါက်တို့ကဲ့သို့လည်း ကဲခွင့်မသာ။ နေ့တိုင်း တွေ့ကြတယ် ဆိုတာမျိုး မရှိ။ ထိပ်ထားကြင်ကမှ သူ့အလုပ်တွေကို ပစ်လို့ရသေးသည်။ ညဦးက သူ့အလုပ်တွေကို ပစ်လို့မရ။ ဒီတော့ ချစ်သူသက်တမ်း တစ်နှစ်အကြားထဲ ဖုန်းစကားပြောကြိမ်သာ များခဲ့ပြီး တွေ့ဖြစ်ကြတဲ့ အကြိမ်တွေကတော့ တစ်ပတ် တစ်ရက်မျှသာရှိခဲ့ပါသည်။

ထိုတစ်ရက်ကလည်း တစ်နေကုန်မဟုတ်။ တစ်ခဏပိုင်း။ သူ့အိမ်ကို ကိုယ်က ဟိုဟာဒီဟာလေး သွားပို့၊ ကိုယ့်အိမ်ကို သူက ဟိုဟာဒီဟာလေး လာပို့နှင့် မိနစ်ပိုင်းအားရင် အားသလို အပြန်အလှန် အဝင်အထွက်ကလေး ရှိကြပေမဲ့ ကာယကံရှင်ချင်း မဆုံတွေ့လိုက်ရပဲ အိမ်သားတွေနှင့်ပဲ ဆုံလိုက်ရတတ်တာမျိုး။

တိုတိုပြောရရင် ထိပ်ထားကြင်နှင့် ညဦးဟာ တစ်ယောက်ကိုတစ်ယောက် အတွင်းကျကျ ထဲထဲဝင်ဝင် မသိကြပါ။ အချစ်ဦးတွေဖြစ်ကာ မချစ်စဖူး အရူးအမူး ချစ်မိကြတာ မှန်ပေမဲ့ ရင်းနှီးတွေ့ထိမှု၊ အကဲခတ်နိုင်မှုတွေ နည်းခဲ့ပါသည်။





တွေ့ဆုံဖြစ်တဲ့ ခဏတာဖြတ်မှာလည်း လတ်တလောပို အရေးကြီးတဲ့ စကားတွေ ပြောနေရတာနှင့် အကြောင်းအရာစုံအောင် ကိုယ့်ကိုယ်ကိုယ် အိတ်သွန်ဖာမှောက် ပြောပြဖို့လည်း အချိန်မရှိခဲ့။ သူတို့မှာ ကိုယ်ပိုင်စုဆောင်းစာအုပ်တွေ ဘယ်လောက် ဘယ်လို ရှိကြသည် ဆိုတာကိုပင် လက်ထပ်ပြီး စာအုပ်ခန်းဖွဲ့တော့မည်ဆိုမှ စကားစပ်မိ သိကြရတာ မဟုတ်လား။

ညဦးမှာ ထိပ်ထားကြင် မသိတာတွေ ဘာတွေ ဘယ်လောက်တောင်များ ရှိနေမှာပါလိမ့်။ သူ့အပေါ် သူ့စိတ်ခတ်သူ့အကျင့်စာရိတ္တ၊ သူ့သိက္ခာအပေါ် မယုံကြည်တဲ့စိတ် မရှိပေမဲ့ လည်း ဘာကိုမှန်းမသိ တထိတ်ထိတ် တထင့်ထင့်နှင့် ကသိကအောက် ပူလောင်ရသေးတာပင်။

ဘာပဲဖြစ်ဖြစ်ပေါ့။ ညဦးထံမှာ လျှို့ဝှက်ချက်တစ်ခုခု ရှိနေသည်လို့ သေချာတဲ့နောက်တော့ ဤလျှို့ဝှက်ချက်ကို မပေါ်ပေါ်အောင် မသိရ သိရအောင် ထိပ်ထားကြင် ကြိုးစားထောက်လှမ်းကြည့်ရတော့မည်သာ။

ဒီအတိုင်းကြီးတော့ ပစ်ထားလို့မရ။ သူ့လျှို့ဝှက်ချက်ဟာ ဘယ်လိုခေါင်းစဉ်မျိုးအောက်က ဘယ်လိုအကြောင်းအရာမျိုးဖြစ်ကြောင်း မသိနိုင်တဲ့အတွက် စိတ်ပူတာကိုပင် နည်းနည်းပဲ ပူရမလို တအားကြီးပဲ ပူပန်ရမလို ဝေခွဲမရ။



www.burmeseclassic.com

www.burmeseclassic.com



ရည်းစားဟောင်း၊ ရည်းစားသစ် စသဖြင့် မိန်းမနှင့် ပတ်သက်သည့် ဖောက်ပြန်ရေးဇာတ်လမ်းမျိုး မဟုတ်နိုင်လို့တော့ ထိပ်ထားကြင်က အလိုလို ယုံကြည်နေမိပါသေးသည်။ ဘာကြောင့်လဲဆိုတော့ သူ့အပေါ် ညဦး အဲတော်ကြီး ချစ်ကြင်နာ မြတ်နိုးသည်ဆိုတာကို အလိုအလျောက် ထိပ်ထားကြင် ခံစားသိနေရ၍ပင်။

"ဟင်း ... ရင်မောလိုက်တာနော်"

ထိပ်ထားကြင်က အသံလေးထွက်အောင် နှုတ်က ထုတ်ပြီး ညည်းတွားရေရွတ်လိုက်မိသည် ဆိုလျှင်ပင် ...

"ဘာတွေ ရင်မောနေလဲ အကြင်"

တံခါးသံမကြားရဘဲ မွှေ့ရာပေါ် တက်လိုက်တဲ့ လှုပ်ရှားမှုကိုသာ ခံစားလိုက်ရပြီး ညဦးရဲ့ ညင်သာတိုးမှတဲ့ အမေးစကားက နားရွက်နားကပ်ကာ ပေါ်လာသည်။

တံခါးသံ မကြားဆို သူတို့နှစ်ယောက်ဟာ အိပ်ခန်းတံခါးကို ပိတ်ချင်ပိတ်၊ ဖွင့်ချင်ဖွင့် အရေးမလုပ်လှ၍ များစွာသော အခါတို့မှာ အိပ်ခန်းတံခါးဟာ ပွင့်ရက်သား ဖြစ်နေ၍ပင်။ ခုနလည်း အကြင် မပိတ်မိပဲ ဖွင့်လျက်သား ထားထားတာ။ အိပ်ခန်းကိုပင် ထားချင်သလို ထားပါလျက် အလုပ်ခန်း ကိုယ်စီကိုကျမှ။

"အကြင် ... မောင့်ကို စိတ်ဆိုးနေလား၊ စိတ်ကောက်နေတာလားဟင်"





"ဟင့်အင်း ... မသိဘူး"

ထိပ်ထားကြင်သည် ပြန်မပြောပဲ နှုတ်ကြီးပိတ်၍ မနေနိုင်။ ခပ်ဆောင့်အောင့်အောင့်လေး ပြန်တော့ပြောမိသည်။

"စိတ်မကောက်နဲ့နော် အကြင်နော်၊ အရင်မိဘအိမ်တုန်းကလည်း မောင်က ဒီလိုပဲ၊ မောင့်အလုပ်လုပ်တဲ့ အခန်းသော့ကို ခတ်နေကျပဲ အကြင်ရဲ့၊ မောင့်အလုပ်တွေ လာကိုင်တွယ်ထိကြည့်ဖို့ မပြောနဲ့ လာရပ်ကြည့်ရင်တောင် မောင်က မကြိုက်လို့ ...

ခုနလို အလုပ်ထဲ စိတ်ဝင်စားနေချိန်ဆို ဘေးမှာ ဘယ်သူမှ မရှိပဲ ငြိမ်ပြီး တိတ်ဆိတ်နေမှ မောင်က အာရုံစူးစိုက်မှုကောင်းတာမို့ပါ၊ ခေါင်းအေးအေးနဲ့ လုပ်ချင်တာ"

မဆိုင်ပါဘူးနော် ... လို့ ထိပ်ထားကြင်က ရင့်ထဲက ပဲ ဆန့်ကျင်စကား ဆိုမိသည်။ တစ်ခုခုကို တစ်ခုခုပါပဲ။ ဒါကို အချိန်ကြာရင်ကြာ ရအောင်တော့ စုံစမ်းကြည့်ဦးမှာမို့ ညဦးကို ဘာမှ ခွန်းတုံ့မနေတော့ပါ။ သူ့ ချော့မော့သမျှကိုသာ ငြိမ်သက်မားထောင်ခံယူနေလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၆

ရွှေစင့်ထံမှ ဖုန်းလာပါသည်။

"ဟဲ့ ... ကြင်ကြင် ... နင် ဘယ်ဆိုင်မှာလဲ၊ နင့်ဆီ ငါ လာမလို့"

ထိပ်ထားကြင်က ယုဇနပလာဆိုင်ခန်းကို လာဖို့ပြော လိုက်တာမို့ မကြာခင်အတွင်း ရွှေစင် ရောက်လာပါသည်။ ရွှေစင်သည် သွေးသားဗီဇ ဖောက်ပြန်မှုကြောင့်သာ မိန်းမလျာဖြစ် နေရသော်လည်း မိကောင်းဖခင်မျိုးရိုးမှ ဆင်းသက်လာသူ တစ် ယောက်ပင်။ သူ့မိဘများ ကျန်ညီအစ်ကို မောင်နှမများမှာ ပြည့် ပြည့်စုံစုံနှင့် အားလုံးဟန်ဟန်ပန်ပန်။





ရွှေစင် ကိုယ်တိုင်လည်း ဘွဲ့ရပညာတတ်ပါပင်။ ငယ်ငယ်ကတည်းက မိန်းမလျာလေးလိုဖြစ်ခဲ့ပြီး ထိပ်ထားကြင်တို့ ပုလဲတို့နှင့် အလွန်ခင်မင်ရင်းနှီးပါသည်။ ဆယ်တန်းအောင်တော့ အဝေးသင်နှင့် ဘွဲ့တစ်ခုယူပြီး အလှပြင်သင်တန်းတွေသာ လျှောက် တက်သည်။ သူ့ဝါသနာဗီဇနှင့် သူပေတည်း။

နောက်တော့ ကိုယ်ပိုင်ဆိုင်ဖွင့်ကာ အောင်မြင်ဝင် ငွေဖြောင့်နေသော နာမည်ရ အလှဖန်တီးရှင် ဖြစ်လာပါသည်။

"ဟဲ့ ... ငါ တစ်ပတ်လောက် အားနေတယ် သိလား၊ ငါ့ ဆိုင်အတွင်း ဒက်ကိုရေးရှင်းပြင်နေလို့ ဆိုင်တစ်ပတ်ပိတ် ထားတယ်၊ အဲဒါကြောင့် နင့်ဆီ လာလည်ရတာ"

"ဆိုင်ပိတ်ပေမဲ့ မင်းသမီးတွေ မော်ဒယ်လ်တွေနောက် မလိုက်ရဘူးလား"

"အခုနောက်ပိုင်း မလိုက်တော့ဘူးဟယ်၊ ပင်ပန်းတယ်၊ ငါ့မင်းသမီးတွေ ရှူတင်ရှိရင် မနက်ပိုင်း သွားလိမ်းပေး တယ်၊ တစ်နေကုန်အတွက်တော့ ငါ့ဆီက ငါ့သမီးတွေထဲ က တစ်ယောက်ယောက် ထည့်လွှတ်တယ်၊ ဒီတစ်ပတ် တော့ ငါ နားမယ်၊ အပြတ်နားမယ်၊ ပထမ ခရီးထွက်



www.burmeseclassic.com

www.burmeseclassic.com



မလားလို့ နောက်တော့ ခရီးထွက်ရတာလည်း ပင်ပန်းတယ်ဟယ်၊ ဒါကြောင့် မထွက်တော့ဘူး၊ အားတုန်း နင်နဲ့လိုက်ပြီး ဆိုင်ကူထွက်ပေးမယ်"

"အမယ်လေး ... ကိုယ့်ဟာကိုယ်သာ အပြည့်အဝနားပါ ရွှေစင်ရယ်၊ ငါ့ကို ကူဖို့မလိုပါဘူး"

"ငါလည်း အပျင်းပြေတာပေါ့ဟဲ့။ အိမ်မှာထိုင်ပြီး ပန်းရုံတွေ လက်သမားတွေကို ညွှန်ကြားပေးရမှာ မောလွန်းလို့ စိတ်မရှည်လွန်းလို့ ငါ့အဒေါ်နဲ့ လွှဲထားပစ်ခဲ့တယ်၊ နင့်ကိုလည်း ပြောရဦးမယ်"

"ဘာလဲ"

"ငါ စာရေးဆရာမတစ်ယောက်နဲ့ ခင်နေတယ်၊ ငါ့ဆိုင်ဆံပင်လာဖြတ် လာကောက်ရင်းနဲ့ပေါ့ဟယ်၊ အဲဒါလည်း နင်နဲ့မိတ်ဆက်ပေးဦးမယ်"

"ဟုတ်လား ... ဘယ်သူလဲ"

"---- ဟဲ့"

"ဟယ် ... နာမည်ကြီးတော်"

"ဒါပေါ့၊ ငါနဲ့ သိပ်ခင်နေတာ ... ဟင်း ဟင်း"





ရွှေစင်က ဂုဏ်ယူစွာ အကြောလေးနှင့် ရယ်မောနေပါသည်။ မင်းသမီး မင်းသား မော်ဒယ်ပေါင်းစုံနှင့်တော့ ခင်မင်ရင်းနှီးနေတာမို့ ရွှေစင်က ထူးကြွားနေစရာ မလိုပေ။ စာရေးဆရာမနှင့်ခင်မင်တာကို ကြွားရတာကတော့ ထိပ်ထားကြင်ဟာ စာရေးဆရာ ဆရာမတို့နှင့် သိကျွမ်းခွင့်ရဖို့ကို ရူးသွပ်သူဖြစ်မှန်း သိနေ၍ပင်။

"အေး ... မိတ်ဆက်ပေးနော် ရွှေစင်၊ သိလား"

"အေးပါလို့ဆိုနေ ငှင်း ... ငှင်း ...၊ ငါက သူ့တောင် ပြောပြထားတာ"

"နင် ဘာပြောပြထားလဲ"

"သူငယ်ချင်းတစ်ယောက် ရှိတယ်ပေါ့၊ ငယ်ငယ်ကတော့ စာရူးပေရူးလို့၊ ကဗျာရေးရ စာညွှန့်ရေးရ၊ ဝတ္ထုတိုရေးရနဲ့၊ ရေးသမျှလည်း ဖတ်မဲ့လူမရှိတော့ ငါနဲ့ပုလဲ တစ်ပုဒ်ဖတ် ဖာလူဒါတစ်ခွက် စနစ်နဲ့ ဖတ်ခဲ့ရတဲ့အကြောင်း"

"နင်နော်"

"နေဦး ... မပြီးသေးပါဘူး၊ တစ်ခါတလေလည်း နင် ဘာသာရေးထား၊ ငါတို့က နားမလည်ပေါ့ဟယ်၊ စာရေးဆရာတွေ ဘာတွေနဲ့ သိချင်ကျွမ်းချင်တာလည်း နန့်နန့်ဖြ



www.burmeseclassic.com

www.burmeseclassic.com



နေတာလို့၊ ငါ့ဘကြီး သူငယ်ချင်းစာရေးဆရာကြီးကို သိတင်းကျွတ် အုကြောင်ကြောင် သွားကန်တော့ဖူးတဲ့ အကြောင်းတို့"

"ဟွန်း"

"သူငယ်ချင်းရဲ့ ယောက်ဖရဲ့တူ ဆယ်စမ်းကွဲရဲ့ ရည်းစားရဲ့ အနှေါ် စာရေးဆရာမကြီးကိုလည်း ခင်ချင်လွန်းလို့ မိတ် ဆက်နိုင်းပြီး ဖုန်းတဂွမ်ဂွမ်ဆက်၊ စာရေးနည်းတွေမေး အဆက်အသွယ်တွေတောင်း ဟိုကစိတ်ညစ်၊ နောက်ကြ တော့ ရှိရကိသာ့နဲ့ မရှိဘူးလို့ ရှောင်ရ၊ ဒီလောက်တောင် စိတ်ညစ်ဖို့ကောင်းအောင်လည်း စာရေးဆရာတွေကို နှော ယှက်တတ်တဲ့အကြောင်းတို့"

"နင်နော်၊ အားလုံး လျှောက်ပြောရလား၊ ဟိုက ငါ့ကို အထင်သေးတော့မှာပဲ"

"မသေးပါဘူး၊ ရယ်ရုံပါပဲဟဲ့"

"ငါ နောက်ပိုင်း အဲလောက် အရူးအမူး အသည်းအ လိုက်မလုပ်တော့ပါဘူး"

"အေးပါ ကြုံရင် ကြုံသလိုလောက်ပဲ လုပ်တော့တယ်လို့ ပြောပါတယ်၊ အသက်ကြီးလာတော့ ကိုယ့်စီးပွားရေ





ကိုယ်လုပ်လာရတော့မှ ပိုးနည်းနည်း ငြိမ်သွားတာလို့၊ အဟင်း အဟင်း၊ ကောင်းကောင်းမိတ်ဆက်ပေးထားတယ်၊ နင်တို့ ငါတို့နဲ့ ရွယ်တူပဲဟဲ့"

"ဟုတ်လား ... လှလားဟင်"

"ဩော် ... စာရေးဆရာမနဲ့ လှတာနဲ့ ဘာဆိုင်လဲဟဲ့၊ ဒီလိုပဲပေါ့၊ ကြည့်ကောင်းပါတယ်၊ သဘောလည်းကောင်း တယ်"

"ကြုံရင် မိတ်ဆက်ပေးဦးနော်"

"မကြုံရင် ကြုံအောင်လုပ်ရမှာ မဟုတ်လား"

အင်း။ ရွှေစင် တစ်ယောက်ဟာ အခြေခံအချက်တွေ လောက်သာသိပြီး နောက်ပိုင်းအဖြစ်အပျက် အခြေအနေတွေ သိသေးပါဘူး။ ထိပ်ထားကြင်ကလည်း ပုလဲကိုပဲ မိန်းမချင်းလည်း ဖြစ်၍ ကိုယ်ရောစိတ်ပါ ပိုပြီးတရင်းတနှီးထား ဖွင့်ပြောတော့ တာ။

ရွှေစင်နဲ့ကဲ အတွေ့လည်း ပိုကျဲတော့ နောက်ပိုင်း အတ်တွေ မသိတော့တာပါ။ ထိပ်ထားကြင်ကို သူငယ်နာစင်သွား ပြီးလို့ ရွှေစင်က ထင်နေတာ။ ထင်ရအောင်လည်း အလုပ်ကခပ် ရှုပ်ရှုပ် ခပ်များများရယ် မဟုတ်လား။ တကယ်တော့ ထိပ်ထား



www.burmeseclassic.com

www.burmeseclassic.com



ကြင်ဟာ ခုထိ ရှုပ်လှတဲ့အလုပ်တွေ ပစ်ရင်ပစ်ထားရမစေ စာပေ ၅း စာရေးဆရာရှူး ရှူးတုန်းဆိုတာ သူ မသိရှာ။

ဟိုဟိုဒီဒီတွေကို စာမှုဂ်ိတုန်း ရင်ခုန်တုန်း ရှူးသွပ်တုန်းဆိုတာအထိ ရှေ့စင် မသိ။ တကယ်က အသက်ပိုကြီးလာလေ ပိုတောင်ဆိုးလာလေ။ ထိပ်ထားကြင်မှာ စီးပွားရေးက ဘာမှမပူရ အောင်မြင်နေပြီမို့ စာရေးဆရာမတစ်ယောက်အဖြစ် ရပ်တည်နိုင်မည့် ဂုဏ်အရသာကို ပိုလို့တော်မွတ်တောင့်တနေသေးတာ။

တစ်လောကလုံးမှာ ပုလဲ တစ်ယောက်ကိုသာ လျှ အဖြစ် အသိပေးထားပြီး ကြိုးစားနေတုန်းဆိုတာ၊ ဆယ်နှစ်လောက် အတွင်း ကဗျာတိုနှစ်ပုဒ်၊ ဝတ္ထုတိုနှစ်ပုဒ်လောက်ကြီးများတောင် ရွေးချယ်ခံရပြီး မဂ္ဂဇင်းထဲ ပါဖူးခဲ့ပြီဆိုတာ၊ အခုတော့ ရည်ရွယ် ချက် ကြီးကြီးမားမားနှင့် လုံးချင်းဝတ္ထုတောင်မှ စမ်းရေးထားတာ နှစ်အုပ်ရှိနေပြီဆိုတာ ...။

"အင်း ... နင်လည်း တကယ်ပဲ ဝင့်မစင်သေးဘူးကို တကယ်ပဲ ခုထိ သိချင်တုန်းလား"

"စာရေးဆရာ ဆရာမတွေနဲ့လည်း ခင်ချင်တုန်းပဲ၊ စာအုပ် တိုက်တွေနဲ့ပါ ခင်လို့ရရင် ခင်ချင်တာ သိချင်တာ"





"ဪအောင်မာ ... နင်က စာအုပ်တွေ ဘာတွေများ ပုံနှိပ်ပေးနေဦးမှာလား"

"ဒီလိုပဲပေါ့ဟယ်၊ သိထား စင်ထားချင်တာပါ"

"ငါ့ဆိုင်နားမှာတင် ထုတ်ဝေတဲ့စာအုပ်တိုက် နှစ်တိုက်ရှိတယ်၊ တခြားလည်း သိတာရှိပါတယ်၊ ငါတို့အလုပ်က နယ်ပယ်စုံကလူတွေနဲ့ သိရကျွမ်းရလွယ်တယ်ဟဲ့၊ မဂ္ဂဇင်းတွေ ဘာတွေမှာလဲ ငါ့အသိတွေ ရှိတာပဲ၊ နင့်ရှူးတုန်းနှမ်းတုန်းဆိုရင် ငါ မိတ်ဆက်ပေးလို့ ရပါတယ်"

"အေး ... ငါလိုရင် နင့်ကိုပြောမယ် သိလား"

"လောလောဆယ်တော့ ပျင်းလွန်းလို့ နင်နဲ့ပဲ အထည်ဆိုင် လိုက်ထိုင်နေမှပဲ"

"ငါကိုယ်တိုင်တောင် တစ်နေ့ရာတည်း ကြာကြာမထိုင်ဘူး၊ ဟိုနဲ့ ဒီနဲ့ ပြေးပတ်နေတာဟဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့၊ ငါ အားနေတာပဲဟာ"

ထိပ်ထားကြင်သည် ရုတ်တရက် ခေါင်းထဲ တစ်စုံ ...ရာ ဝင်လာခဲ့ကာ ...

"နင် သိပ်အားနေလား"

"သိပ်ကို အားနေတာ"



www.burmeseclassic.com

"ဒါဖြင့် ငါ့ကို တစ်ခုကူညီမလား"

"ဘာလဲ"

"ငါ နင့်ကို ခိုင်းချင်တာ တစ်ခုရှိတယ်၊ အရင်တိုင်ပင်ကြည့်ဦးမယ်၊ ဘယ်ကစပြီး ဘာကို ဘယ်လိုလုပ်ရမယ်ဆိုတာ ငါလည်း အကြံမရသေးဘူး၊ နင့်ကို ဖွင့်တိုင်ပင်ရင် ကောင်းမယ်ထင်တယ်ဟဲ့၊ ပုလဲကလည်း ဒါမျိုးတေလုပ်နိုင်မှာ မဟုတ်ဘူး၊ တခြားဆွေမျိုးသားချင်းထဲကလည်းခိုင်းလို့မကောင်းနိုင်ဘူး"

"ဘာကိစ္စလဲ"

"နင် နှုတ်လုံနော် ရွှေစင်"

"မလုံဘူးဟယ်၊ ကိုယ်တို့က ဖွာဖွာပဲ ... ကဲ"

"ဒါဖြင့် ပြီးရော"

"ဘယ်လိုဖြစ်နေတာလဲ၊ ငါ့လိုမျိုး နှုတ်မလုံတဲ့သဘောသံသယရှိတာ ငါ့သိက္ခာကို အတုံးအတစ်လိုက် ပိုင်းတပြီး မြောင်းထဲပစ်လိုက်သလို ခံစားရတယ်ဟဲ့ ... သိလား"

ထိပ်ထားကြင်က ရွှေစင့် အမူအရာနှင့် အပြောကြောင့် သူ့ပခုံးကို ထုကာရိုက်ကာ ရယ်မိပါသည်။





"ဟုတ်တယ်၊ ဒီလူနဲ့ ဒီလူ ထူးပြီး နှုတ်ပိတ်နေရဦးမှာလား၊ ကိုယ့်သူငယ်ချင်းက အသိမခံစေချင်တဲ့ အကြောင်းအရာဆိုရင် ရွှေစင်က ဓားမိုးပြီး မေးတောင်မှ ဟွန်း"

"ဘာလဲ ... ကြောက်ပါပြီတော့ ဆိုပြီး အကုန်ပြောချမှာမဟုတ်လား"

"ဓားချိုးပစ်မယ်ဟဲ့၊ ဓားချိုးပစ်မယ်၊ နင်ဟာလေ ငါ့ကိုအတော် စော်ရကား မော်ရကား ပြောနေပါလား၊ တော်ပြီဟေ့ ... ဒါလောက်မှ မယုံကြည်ရင် မပြောနဲ့၊ ပြန်မယ်"

ရွှေစင်က ဆေးကပစ္စည်းတွေ ကောက်ယူလိုက်ဆောင့်ချလိုက် ဒေါတွေပွနေပါသည်။

"ပြောမှာပေါ့ဟယ်၊ ငါမှာလည်း ယုံကြည်စိတ်ချ ခင်မင်ရတဲ့သူငယ်ချင်းဆိုလို့ နင်နဲ့ပုလဲ ရှားရှားပါးပါး နှစ်ယောက်တည်းရှိတာပဲဟယ်"

"ဒါဖြင့်ပြော ... အချိန်မရှိဘူး"

"အချိန်ရှိပါတယ်၊ ဘာလို့မရှိရမှာလဲ"

"ငါ သိပ်သိချင်နေလို့"

"ဒီကိစ္စက ငါ့ရင်ထဲမှာ တအုံ့နွေးနွေး ဖြစ်နေတာကြာပြီ"

"ဘာကိစ္စလဲ၊ ဘာနဲ့ ပတ်သက်လဲ"

www.burmeseclassic.com



"ငါ့ယောကျ်ား"

"ဟင်"

ရွှေစင်က ခုန်ထ့တော့မလိုဖြစ်ကာ မျက်လုံးပြ

မျက်ဆန်ပြူးနှင့် စားပွဲပေါ်ကို လက်နှင့်တဖြန်းဖြန်းရိုက်ရင်း

"ဟင် ... ကိုညဦး ... ကိုညဦး၊ သင်း ဘာလုပ်လဲ၊ သင်

ဖောက်ပြန်နေသလား ... ဟုတ်လား၊ ဒီလိုဆိုရင်တော့ ငါ

ပညာပေးရမှာပေါ့၊ ညဦးကနေ ညဦ့နက်သန်းခေါင် ဖြ

သွားစေရမယ် ... ဟွန်း၊ ငါ့သူငယ်ချင်းလေးကိုလေ ဒီလူ

က သစ္စာဖောက်နေသလား"

"ဟဲ့ ... တိုးတိုးလုပ်စမ်းပါ ရွှေစင်ရယ်၊ ဘာတွေလျှော

ပြောနေတာလဲ၊ မဖောက်ပြန်သေးပါဘူး"

"ဖောက်ပြန်လုနီးဆဲဆဲလား"

"အဲလိုလည်း မဟုတ်ပါဘူးဟဲ့"

"ဒါဖြင့် ဘာလဲ"

"ဘာလဲဆိုတော့"

ထိပ်ထားကြင်က မျက်နှာလေး အလေးအနက် တည

လာကာ ...

"မောင့်မှာ လျှို့ဝှက်ချက် တစ်ခုခု ရှိနေတယ်၊ ငါမသိအောင

ဖုံးကွယ်နေတယ်"





"ဘာလျှို့ဝှက်ချက်လဲ"

"ခြော် ... အဲဒါကို ငါသိမှတော့ လျှို့ဝှက်ချက်လို့ ခေါ်ပါတော့မလား၊ မသိလို့ပေါ့၊ ငါမသိအောင် တစ်ခုခုကို ကြိတ်လုပ်နေတယ်၊ အဲဒါ ဘာလဲ ငါသိချင်တယ်"

"ဟဲ့ ... နင်တောင် အနီးကပ်နေပြီး မသိနိုင်မှတော့ သူများတွေ ဘယ်လိုလုပ် သိနိုင်မှာလဲ"

"ဒီလိုလည်း ဘယ်ဟုတ်မလဲ၊ ဇနီးမယားဆိုတာ ကိုယ့်ယောကျ်ား လျှို့ဝှက်ချက်ကို နောက်ဆုံးမှ သိရတဲ့သူတွေပဲဟဲ့၊ ငါမသိပေမဲ့ သူ့သူငယ်ချင်း သူ့မိတ်ဆွေ၊ သူ့ကျူရှင်ဆရာဆော်ဒါတွေ သိကောင်း သိနိုင်တယ်"

ထိပ်ထားကြင်က အဖြစ်အပျက် အခြေအနေကို ပြောပြလိုက်ပါသည်။ ဘယ်သူ့ဘယ်သူမှ မဝင်ရလို့ စည်းကမ်းထားထားကြတဲ့ အိမ်ကအလုပ်ခန်းတွေအကြောင်း။ ထိပ်ထားကြင် အနီးမှာရှိလျှင် ညဦးက သူတောင် ဒီအခန်းထဲ တံခါးဖွင့်မဝင်တဲ့ အကြောင်း။

"သူ့အလုပ်ခန်းထဲက လျှို့ဝှက်ချက်ကို တစ်အိမ်ထဲနေတဲ့ နင်တောင် သိခွင့်မရမှတော့ ငါကကော ညဘက် ဖောက်ထွင်းဝင်ရောက်တာကလွဲပြီး ဘယ်လိုလုပ် ဝင်သိနိုင်ပါ့မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲလို ဖောက်ထွင်းဝင်ဖို့တော့ ဘယ်ဟုတ်မလဲ"

"နေပါဦး၊ အပြန်အလှန် စည်းကမ်းထားကြတယ်ဆိုတော့ နင်ကရော ဘာအရွးထပြီး နင့်အလုပ်ခန်းကို လျှို့လျှို့ဝှက်ဝှက် ပိတ်နေရတာလဲ၊ နင်ကပါ လျှို့ဝှက်စရာ ရှိနေသလို ဖြစ်နေတာပေါ့"

"ငါ့မှာ ဘာလျှို့ဝှက်ချက်မှ မရှိပါဘူးဟယ်"

ထိပ်ထားကြွင်က မလုံမလဲလေး ငြင်းပါသည်။

"ဒါဖြင့် အဲဒီစည်းကမ်းချက်ကြီး ဖျက်တယ်ဟေ့လို့ လုပ်လိုက်ပေါ့၊ နင်လည်း နင့်အလုပ်ခန်းတံခါးကို တဆုံးတွန်းကပ်ပြီး ကုလားထိုင်တစ်လုံးလောက်နဲ့ပါ တွန်းဖိပြီး အသေဖွင့်ထားလိုက်၊ နင့်ယောက်ျားကိုလည်း အဲဒီအတိုင်းလုပ်ခိုင်းလိုက်"

"မဖြစ်သေးပါဘူးဟယ်"

"ဘာကြောင့် မဖြစ်တာလဲ"

"ငါက ဖွင့်ကော သူက သဘောတူပြီး လိုက်ဖွင့်ဦးမှ"

"အဲသလို မဖွင့်ရင်တော့ လျှို့ဝှက်ချက် တစ်ခုခုရှိတာ သေချာပြီပေါ့၊ နို့မို့ရင်တော့ နင် အကြောင်းမဲ့ အဆန်းထွင်ပြီး ပိတ်သလို သူလည်း ပိတ်တာ ဖြစ်နိုင်တာပဲ"





"မဟုတ်ဘူးဟဲ့၊ ငါ စမ်းကြည့်ပြီးပြီ၊ မတော်တဆ ဝင်မှာတောင် ကြောက်လို့ အသေအလဲ ပြန်တွန်းပိတ်တာ"

"နင်တို့ကိုက နဂိုကတည်းက လျှာရှည်တာလေ၊ သူမဝင်ကြေး၊ ငါမဝင်ကြေးနဲ့ အဆန်းထွင်တာကိုး"

"အဆန်းထွင်တာလည်း မဟုတ်ပါဘူးဟယ်၊ ကဲ ... အဲဒါက ထားလိုက်ပါတော့ ချွေစင်ရယ်၊ နင် ငါ့ကို ကူညီမယ် မကူညီဘူးပဲပြော"

"နင့်တော့ ကူညီချင်တာပေါ့ဟဲ့၊ ဘယ်လိုနည်းနဲ့ ကူညီရမှာလဲဆိုတာက ရှိသေးတာ"

"အိမ်မှာ လာစုံစမ်းရမှာတော့ ဘယ်ဟုတ်မလဲ၊ အိမ်မှာတော့ ငါကိုယ်တိုင်တောင် သဲလွန်စရှာဖွေဖို့ ဝင်ကြည့်ဖို့ခက်တာ၊ နင်အပြင်မှာ စုံစမ်းပေး၊ မောင့်သတင်းတွေ မောင် ဘာလုပ်နေတယ်ဆိုတာမျိုးတွေပေါ့၊ ဘာကိစ္စမှန်းကို မသိတာဆိုတော့ နည်းနည်းကလေး သဲလွန်စရရင် ဆက်လိုက်လို့ရတယ်၊ နင့်နည်း နင့်ဟန်နဲ့ပေါ့ဟယ်၊ ဘယ်လိုလုပ်၊ ဘယ်လိုလုပ် ဆိုတာအထိတော့ ငါလည်း မပြောတတ်ဘူး"

ချွေစင်က သူ့ထုံးစံ အကြောလေးနှင့် ပြုံးရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဪ ... အပြင်မှာ လူတစ်ယောက်အကြောင်း စုံစမ်းဖို့ ဆိုတာမျိုးကတော့ ပိုင်ပါတယ်၊ ဖောက်များဖောက်ပြန်နေ လို့များတော့ ပိုတောင်စုံစမ်းရ လွယ်သေးတယ်"

"မောင်က ဖောက်တော့ မဖောက်ပြန်လောက်ဘူး ထင်တာ ပဲဟာယ်"

"အေးလေ ... ယုံထားတာမှ တစ်နှစ်မရှိသေး၊ ဖောက်ပြန် နေပြီ ဆိုရင်လည်း ကိစ္စတုံးပစ်ဖို့ပဲ ကောင်းတော့တယ်၊ ငါပြောတာက အဲဒီကိစ္စမျိုးဆိုရင် ပိုစုံစမ်းရလွယ်တယ်လို့ ချက်ချင်းပေါ်မှာပဲ"

"တခြားဟာ ဆိုရင်ကော"

"အမယ်လေး ... စုံစမ်းလို့ ရပါတယ်ဟယ်၊ အလွန်ဆုံးကြ တစ်ပတ်ပေါ့၊ နင်မသိအောင် ခိုးလုပ်နေတာ တစ်ခုခုသာ ရှိပါစေ၊ ပေါ်စေရမယ်၊ တစ်ခုအရေးသာတာက ကိုညီ ကျူရှင်မှာ ငါ့တူတွေတို့ ငါ့အသိတွေရဲ့ ကလေးတွေတ အများကြီးပဲရှိတယ်"

"ဟဲ့ ... နင် ပွထနေအောင်လည်း လျှောက်ဖွပြီး မစုံစမ် နဲ့ဦး"





"အေးပါဟဲ့၊ ရှေ့စင်ပါ၊ ငါ နားလည်ပါတယ်၊ အရင်ဦးဆုံး ကျူရှင်ပေါ်ကို တန်းတက်သွားမှာ၊ ဒီနားတစ်ဝိုက်မှာ ငါ ဆိုင်ဖွင့်ဖို့ အခန်းလေး ဘာလေး ရှာလို့ရမလား၊ ငှားရင် ဘယ်ဈေးလောက်တွေ ရှိမလဲဆိုတဲ့ အကြောင်းအရာနဲ့ သူတို့ဆီ တန်းဝင်ပစ်လိုက်မှာ၊ သူ့ရုံးခန်းထဲတောင် ဝင် မွှေလိုက်ဦးမယ်၊ နင် သိတယ်မဟုတ်လား၊ တစ်ခါတလေ ကျရင် ငါတို့လို မိန်းမလျှာတွေကို လူတွေက ရယ်စရာ၊ ခွင့်လွှတ်စရာ၊ ထမင်းထုပ် ဟင်းထုပ် သဘောမျိုးလည်း ထားတတ်တာဟဲ့၊ သူများမလုပ်ရဲတာ ငါတို့လုပ်ပစ်လိုက် လည်း ဘာမှမဖြစ်ဘူး၊ တင့်တယ်တယ်"

"နင် သိရသမျှ ငါ့ကို အရင်ဆုံး လာပြောနော်"

"ဪ ... အေးပေါ့ဟဲ့၊ နင်က ကာယကံရှင်ပဲ"

ထိပ်ထားကြင်က ဘဝင်ကျ စိတ်အေးသွားပါသည်။ တစ်ခုခုတော့ သိရမည်လို့လည်း ယုံကြည်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားကြင်နှင့် ပုလဲ စားသောက်ဆိုင်ထဲ ထိုင်စောင့်နေဆဲ ခြံဝင်းထဲကို ရွှေစင့်ရဲ့ ဆီလီကာကားလေး မောင်းဝင်လာတာ တွေ့လိုက်ရပါသည်။ ဘောင်းဘီရှည်အနက်၊ ကိုယ်တိုပိုးရှပ်လက်ရှည်အဖြူနှင့် မိန်းကလေးတစ်ယောက်ထက်တောင် ချောနေချင်သေးတဲ့ ရွှေစင်က ကားသော့ တယမ်းယမ်းနှင့် ခပ်ကြော့ကြော့လေး ပြုံးကာ ထိပ်ထားကြင်တို့ရှိရာ တန်း၍ဝင်လာသည်။

"ရင်တောင်တုန်တယ် ပုလဲရယ်၊ မောင် ဘာလုပ်နေလဲ ရွှေစင်က သိနေပြီတဲ့"

"ဒီကောင် အတော်ကိန်းခန်းကြီးချင်တယ်၊ ဖုန်းထဲက ပြောပြလိုက်လည်း ပြီးရောဟာ၊ စားသောက်ဆိုင်ကိုချိန်းပြီး စာချုပ်နေရသေးတယ်၊ သူလုပ်မှ စိတ်မောရင်မောရှိလိုက်တာ"

စကားအဆုံးသတ်ကို ကြားလိုက်ရသော ရွှေစင်က ခုံဆွဲဝင်ထိုင်ရင်း ...





"ဟဲ့ ... စာချုပ်သင့် ချုပ်ရတယ်ဟဲ့၊ ဒါမှ စကားတန်ဖိုးတက်တာ၊ ငါ့ကိုလည်း တစ်ဝိုင်းကျွေးဦးမှပေါ့၊ မျက်နှာပြောင်တိုက် ဖတ်ဖတ်မောထားရတာ၊ စိတ်ဆင်းရဲစရာပါရင် ငါက ဆိုင်မှာကျွေးရင်း ပြောမယ်လို့ ဒီမိန်းမကို ညှဉ်းထားပါမလား"

ထိပ်ထားကြင် မျက်နှာ ဝင်းသွားရကာ ...

"ဟင် ... မကောင်းတာ ဘာမှမပါဘူးပေါ့၊ ဟုတ်လား"

"ဘာမှမပါဘူး၊ ရေခဲရိုက်ထားတဲ့ ငါးသလောက်စတိုင်မျိုး ထုတ်မနေနဲ့တော့"

"ပြော ... ပြော၊ ပြောလေဟာ"

"မှာဦးလေ ဘာမှာထားလဲ၊ အမောလေးမျှ ပြေပါရစေ"

ပုလဲက ရွှေစင့်ကို မျက်စောင်းထိုးလိုက်ပါသည်။

"နင်ကြိုက်တဲ့ မှိုနဲ့မျှော့နဲ့ဟင်းပွဲ ထည့်မှာထားပါတယ်"

"ငါ ဘီယာသောက်မယ်နော်"

"သောက်တော်မူ"

ရွှေစင်က ဘီယာမှာသည်။ ဆိုင်နံရံကမှန်ထဲ ရွှေရောင်ဆိုးထားတဲ့ သူ့ရဲ့ရှေ့ဆံပင်အမျှောင်းလေးတွေ ဆွဲကာဖွကာ ပြုံးစိစိ အချိန်ဆွဲသေးသည်။ ပုလဲက စိတ်မရှည်လှသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားကြင်က မကောင်းတာ ဘာမှမပါဘူး၊ တစ်ခွန်းနှင့် ရင်အေးသွားပြီဖြစ်၍ ရွှေစင် ဘာမှလုပ်နေနေ စိတ်တွေရှည်နေပါသည်။ စိတ်လည်း ချမ်းသာနေသည်။

စိတ်ဆင်းရဲစရာ မပါမှတော့ ခုပဲကြားရရ၊ တော်ကြာပဲ ကြားရရ။ တိုက်ဂါးဘီယာနှစ်ဘူး ရောက်လာလျှင် ရွှေစင်က ဘီယာနှင့် ငါးမုန့်ကြော်ကို အရသာခံ စားသောက်ရင်းမှ ...

"ကိုညဦးက အသန့်လေးပါတော်၊ ဘာအရှုပ်အရှင်းမှ မရှိဘူး၊ မကောင်းမှု ဒုစရိုက်လည်း ဘာမှ မလုပ်ဘူး သိရဲ့လား၊ သူ့ဘော်ဒါ သူ့အပေါင်းအသင်းထဲ အရက်သမားတွေ ဒီလောက်ရှိတာ သူကတော့ သူတို့နဲ့ ထိုင်ရင်သာထိုင်မယ်၊ လုံးဝမသောက်တဲ့သူတဲ့၊ အလွန်ဆုံး ဘီယာလေးတစ်ဘူးလောက် တစ်ခါတလေ ပါတာ"

"အဲဒါတော့ သိတယ်လေ"

"တော်သေးတာပေါ့၊ သိရင်"

"သိတာပေါ့တဲ့၊ သူ့နားက တစ်ခါမှမှ အရက်နံ့မရပဲ"

"တော်လိုက်တာနော်၊ နေ့လယ်သောက်ထားရင် ညကျ အနံ့ရပါ့မလား"

"နေ့လယ်မှ သူ မအားတာ"





"အမယ်လေး ... အားလိုက်တာမှ၊ တော်း၊ နင့်ယောကျ်ားဟာ မိုးလင်းက မိုးချုပ်၊ ကျူရှင်ခန်းထဲ မိုက်ကရိုဖုန်းတစ်လုံး လက်ကမချရဘူးလို့ မှတ်နေလား၊ ဒီ ရိုးတန်းတန်းဆိုရင် တစ်ချိန်နဲ့ တစ်ချိန်ကြား နာရီဝက် အားတယ်၊ ညနေငါးနာရီလောက်ကနေ ခြောက်နာရီလောက်အထိ နှစ်နာရီ အားတာက လေးရက်၊ နေ့လယ်နှစ်နာရီက လေးနာရီအထိ အားတာက နှစ်ရက်၊ ဗုဒ္ဓဟူးနေ့တွေဆိုရင် သူ့ရက်အားသဘောမျိုး ထားထားတော့ တစ်နေ့ကုန်မှ မနက်အစောကြီးတစ်ချိန်၊ ညဘက် စစ်စ်သာတိတ္ အိတ်တစ်ချိန်ပဲ နှစ်ချိန် စာသင်ရပြီး ကြားမှာ တောက်လျှောက်အအား"

"ဟုတ်လား၊ အားနေရက်နဲ့ အိမ်တော့ ပြန်မနေဘူး"

"အိမ်ပြန်နေကော နင် ရှိလို့လား၊ အဲ့ပကားပေါ့၊ သူက ကျူရှင်အုံနာဆိုတော့ စာသင်ချိန်မရှိလည် အုပ်ချုပ်မှုသဘောနဲ့ သွားနေတာ ဖြစ်မှာပေါ့၊ နေ့တိုင်း တစ်နေ့နှစ်နာရီဆက်တိုက် အားချိန်ရှိတယ်၊ ဗုဒ္ဓဟူးနေ့ဆိုရင် နေ့ခင်းတောက်လျှောက် ရှစ်နာရီ ကိုးနာရီလောက်က အားနေတာ၊ အဲဒီအချိန်တွေမှာ နင့်ယောကျ်ားဟာ ကျူရှင်မှာပဲနေတဲ့ အခါလည်းနေ၊ မနေရင် မြို့ထဲသွားတယ်"



www.burmeseclassic.com

"မြို့ထဲ ဘယ်ကိုလဲ"

"သူ့ကိစ္စနဲ့ သူပေါ့၊ မျိုးစုံပေါ့ဟဲ့၊ အဲဒီသွားတဲ့နေရာတွေ အကုန် ငါက လိုက်သိနိုင်ပါ့မလား၊ ဒါပေမဲ့ သွားတဲ့ထဲမှာ စာပေတိုက်၊ စာအုပ်ထုတ်ဝေရေး၊ စာအုပ်ဆိုင်တွေ၊ မဂ္ဂဇင်း တိုက်တွေ၊ နောက် လေထန်ကုန်းတို့ ဘာတို့ စာသမား တွေစုတဲ့ လက်ဖက်ရည်ဆိုင်တို့ ဘာတို့ဆီတွေကိုလည်း ပါတယ်"

"ဟင် ... အဲဒီနေရာတွေကို မောင်က ဘာလုပ်ဖို့လဲ"

"ဘာလုပ်ဖို့လဲ ဟုတ်လား"

"အေးလေ ... စာပေအသိုင်းအဝန်းထဲ မောင်က ဘာအတွက် ဝင်ထွက်နေတာလဲ"

"ဘာကြောင့်လဲ ဆိုတော့ တိုက်တိုက်ရယ်မှ ဆိုင်ဆိုင် ရယ်တောင် ရယ်ချင်တယ်၊ နင်တို့နှစ်ယောက်လေ တွေ့ တွေ့တတ်တယ်။ ဖူးစာဆုံပုံက အံကိုက်ကျလွန်းလို့ ဖူးစာ ရေးနတ်ကို ဆုချရမယ်ဟဲ့၊ စာရှူးပေရှူး ကဗျာရှူး စာရေး ဆရာရှူး နှစ်ယောက်မှ လာပြီး တစ်ယောက်ရဲ့ အရူး လည်း တစ်ယောက်မသိပဲနဲ့ လာကြိုက်၊ ယူကြ၊ ပြီးတော့ ကိုယ့်ဝါသနာလည်း ကိုယ်မြှုထား"





"ဟင်"

ထိပ်ထားကြင် မျက်လုံးလေး ပြူးထွက်နေပါသည်။

"မဟင်နဲ့၊ မပြူးနဲ့၊ ကဲ ... မှန်မှန်ပြောစမ်း၊ နင်လည်း ဒီ အလုပ်မျိုး ခုထိလုပ်ဆဲများလား"

ထိပ်ထားကြင်က မျက်လွှာချရင်း ...

"ဘာလဲဟ ... ဘာပြောမှန်းလဲ မသိဘူး"

"မှုယာမာယာ မလုပ်နဲ့၊ နင်လည်း စာရေးကဗျာရေး၊ ဟိုပို့ဒီပို့လုပ်၊ စာရေးဆရာ ဖြစ်ချင်စိတ် ပြင်းထန်တုန်း လား"

"အောင်မာ ... ဝါလေ ကဗျာနှစ်ပုဒ် ဝတ္ထုတိုနှစ်ပုဒ်တောင် ရွေးခံရဖူးပြီ သိရဲ့လား"

"ထင်သားပဲ၊ ဒီမိန်းမလည်း သူ့အခန်း သော့ခတ်မြဲဆို တော့ ဒီအတိုင်း နေမှာပဲလို့၊ ဘာဖြစ်လဲဟယ် ... ဝတ္ထု ရေး ... ရေးတယ်ပေါ့၊ ဘာဖုံးထား လျှို့ထားစရာလဲ"

"အောင်မှ မအောင်မြင်သေးပဲဟဲ့၊ ရှက်တာပေါ့"

"ရှက်စရာလား၊ သတ္တိရှိရှိ ခပ်တင်းတင်းပေါ့ဟဲ့၊ ရေးတယ် ဟယ် ... ရွေးချင်ရွေးကြ၊ မရွေးချင်လည်းနေ၊ ဂရုမစိုက် ဘူး၊ ဒါပဲပေါ့"

www.burmeseclassic.com



"ဒါ ဒီအကျော်များများလေး ပါလာရင်တော့ လှသိစတော့ မလို့ဟ၊ အခုတော့ မောင် သိမှာလည်း ငါကရှက်နေတာ ပေါ့"

"နင်ဟာတွေ ရွေးခဲ့မူးပြီဆိုတော့ ကလောင်နာမည်က !"

"ကြင်နာ ... ဟဲ ဟဲ"

"အောင်မယ်လေး ... တတ်လိုက်ခဲ့ရတဲ့ အတိုင်းပဲ၊ နောက်က ဟဲဟဲက ကွင်းစကွင်းပိတ်ထဲမှာလား"

"သေလိုက်ပါလားဟဲ့၊ တွေ့လား၊ နင်တောင် နောက်နေတာ၊ အဲလို နောက်ပြောင် ဟားလှောင်မှာတွေ ငါ မရချင်လို့ပေါ့၊ ကိုယ်တကယ်ဝါသနာကြီးပြီး မျှော်လင့်ချက်ထားခဲ့တာကို မောင်က အလကား၊ အပိုတွေ ရူးနေတာယ်လို့ ထင်မှာစိုးရိမ်တာပေါ့"

"သူလည်း ဒီတိုင်း တွေးနေမယ် ထင်တာယ်"

"နင် ဘယ်လိုများသိလဲ ရွေစင်ရယ်၊ သေကော သေချာရဲ့လား"

"ပြော် ... မသေချာရင် ခြင်တောင်မရိုက်ဘူးဆိုတဲ့ ရွှေစင်ပါဟဲ့၊ ကိုညွှန်းက ငါနဲ့စင်တဲ့ တအုပ်တိုက် တစ်တိုက်နဲ့တောင် ဝင်ချက်စင်မင်နေတာယ်၊ သူ့ကလောင်နာမည်တောင် နင်မသိဘူး မဟုတ်လား"



"အေး ... ဘယ်သိမလဲ"

"မင်းညှ ... တဲ့"

"မင်းညှ !"

ဟင် ... ဒါဆိုရင် ထိပ်ထားကြင်တို့ လက်ထပ်တဲ့လကချက်ပြီး နှစ်ယောက်လုံးမှာ ဆင်တူပါလာပြီး ရှိနေတဲ့(----) ...ခင်းထဲမှာ ထိပ်ထားကြင် တမှုပါသလို မောင့်ရဲ့တမှုလည်း ...တာပေါ့။ တာသာပြန် ဝတ္ထုတိုကလေးလေ။ ဖတ်လို့လည်း ...ကောင်း စိတ်ဝင်စားစရာလည်း၊ ကောင်းတဲ့ အဲဒီဘာသာပြန်ဝတ္ထု ...တိုကလေးကို ထိပ်ထားကြင် နှစ်သက်ခဲ့မိတာပဲ။

အဲဒါ ... မောင့်ဝတ္ထုတဲ့။

ထိပ်ထားကြင်သည် ရင်ထဲတွင် ကြည်ကြည်နူးနူး ...နဲ့ တလှပ်လှပ် ဖိုလှိုက်လာခဲ့ပါသည်။ ပျော်လည်းပျော်၊ စိတ် ...ည်းချမ်းသော။ မောင်လည်း ဒီလိုဆိုရင် ထိပ်ထားကြင် စာရေး ...တာ သိသွားတဲ့အခါ အံ့သြကြည်နူးမှာပါပဲ။

လက်စသတ်တော့ အလုပ်ခန်းတွေကို မိတ်ပြီး ...ယ်ဝါသနာပါရာ ကိုယ်လုပ်နေကြတာ။ မောင်လည်း ဝတ္ထု ...ာ ဘာသာပြန်နေမှာပေါ့။ ဒီတိုင်းဆိုရင် မောင်ဟာလည်း ...ာက်နည်းနည်း မိုမိုအောင်မြင် လှသိသောမှပဲ ထိပ်ထားကြင်ကို ...ပြောပြမှာ စိတ်ကူးထားတာ ဖြစ်မှာမလို့။

www.burmeseclassic.com

www.burmeseclassic.com



"ကိုညီးရဲ့ ဘာသာပြန်ဝတ္ထုတိုလေးတွေလည်း မဂ္ဂဇင်းထဲ ပါတာ သုံးလေးငါးပုဒ်ရှိပြီ ပြောတာပဲ၊ အခုက သူက လုံးချင်းဝတ္ထုဘာသာပြန်ဖို့ပါ လုပ်နေတယ်၊ ငါနဲ့သိတဲ့ စာပေတိုက်ကိုတောင် ပေးဖတ်ဖို့ စကားပြောထားကြတယ်"

"ဟင် ... စာအုပ်ထွက်တော့မှာပေါ့နော်"

"တိုက်ကကြိုက်မှ ထုတ်ဝေမှာပေါ့၊ တစ်ပုဒ်တောင်ပြီးပြီး သား ပေးဖတ်မယ် ပြောထားတယ်"

"ဟင် ... မောင်က လုံးချင်းဝတ္ထုစာအုပ်ပါ ထွက်တော့မှာ ဆိုရင် ငါ့အခြေအနေလေးကို ဖွင့်မပြောချင်ပါဘူး၊ ငါက ဘာမှလဲ မဟုတ်သေးဘူး၊ ရှက်တယ်"

"လာပြန်ပြီ ... ရှက်တာက၊ ဒါ ရှက်စရာကိစ္စမှ မဟုတ်ပဲ ကို၊ နင်လည်း လုံးချင်းရေးပါလား၊ ငါနဲ့သိတဲ့ တိုက်တစ်ခု လိုက်ပြပြီး ပေးဖတ်ကြည့်ပေးမယ်"

"တကယ်လား"

"ဪ ... တကယ်ပေါ့ဟဲ့"

"ငါ့မှာ ရေးပြီးသားတွေ ရှိတယ်"

"ဟင် ... အတင်းပဲ"

"ဘာအတင်းပဲလဲ၊ နင်ပဲ ပြပေးမယ် ပြောတာ"





"ခုမှ စ,ပြောတာ၊ နင်က ရေးပြီးသားတောင် ရှိနေရပြန် ပြီ"

"ရှိနေတာကိုးဟဲ့၊ ရေးထားတာ သုံးပုဒ်တောင်၊ တစ်ခုပဲ အစအဆုံး ပြီးသေးတယ်"

"ဟင် ... ကျန်နှစ်ခုက မဆုံးပဲနဲ့ ဘယ်လိုလုပ် နှစ်အုပ်ဖြူး ဖြစ်နေလဲ"

"နောက်ဆုံးခန်းလေးတွေ ပေါင်းပေးရမလား၊ ခွဲပစ်လိုက် ရမလား၊ ဆုံးဖြတ်လို့ မရတာနဲ့ နည်းနည်းလေးတွေ ချန် ထားပြီး ဓာတ်မသိမ်းပဲ ထားထားတယ်"

"ဖြစ်မှ ဖြစ်ရလေ စာရေးဆရာမကြီး ကြင်နာရယ်"

"နင်နော်၊ လျှောက်မပြောနဲ့၊ နှုတ်လုံထားနော်၊ ပုလဲဆိုရင် ခုထိနှုတ်ကိုပိတ်ပြီး 'လုံထားတာ တွေ့လား"

"ဟင် ... နင်က ဒီပုလဲမကျတော့ ဖွင့်ပြောတယ်"

"ဒါတော့ ဟိုပို့ဒီပို့ သူက ကူညီပေးရသေးတာကိုးဟဲ့၊ သူ့ရုံးက မြို့ထဲဆိုတော့ ငါက စာမူပို့ခိုင်းတာ၊ ပါမပါသွား မေးတာတွေ၊ ပယ်ရင်လည်း သိရအောင် ပုလဲပဲ အကူညီ တောင်းရတာ"



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့လင်မယား ရောဂါကလည်း မသေးပါလားဟယ်
ရောဂါချင်းကလည်း ဆင်တူ၊ ဘယ်သူကရောဂါပိုသည်
မလဲ မသိဘူး"

"အတူတူပဲ နေမှာပဲ"

"ကိုညဦးရဲ့ ကျူရှင်တိုက်ရဲ့ ဟိုဘက်မှာလည်း လက်ဖက်
ရည်ဆိုင်ကြီး တွေ့တယ်မဟုတ်လား၊ အဲဒီမှာလည်း သူ
ဆုံကြ ထိုင်ကြတယ်၊ လာချင်တဲ့ စာရေးဆရာ ကဗျာဆ
လာခဲ့၊ သူ ဒိုင်ခံဘီလ်မှတ်ပြီး ရှင်းနေတာ၊ အလှူကြ
အတန်းကြီးကိုဖြစ်လို့၊ အဲဒီလက်ဖက်ရည်ဆိုင်ကိုပဲ
တစ်ပတ်တစ်ပတ် ရှင်းရတာ သောင်းချီနေတာတဲ့၊ ကြ
ရတာ နမြောလိုက်တာ"

"ဟယ် ... ဟုတ်လား၊ အဲဒီဝိုင်း ငါလည်းပါချင်လိုက်တာ
ဟယ်"

ထိပ်ထားကြင်က မနမြောတဲ့အပြင် သူပါ နွှဲချင်
ပါသည်။

"မိန်းမထဲက ပါတာတော့ မတွေ့သေးဘူး၊ သူတို့ကျူ
မှာတင် တင်ထွန်းနိုင် ဆိုတဲ့ မြန်မာစာဆရာကလည်
ကဗျာဆရာတဲ့"





"ဟယ် ... ဟုတ်လား၊ ကိုတင်ထွန်းနိုင်ကလေ"

"အင်း ... မှုပြီးရင် ကွန်ပျူတာရိုက်ဖို့ ကွန်ပျူတာသမား
ကလည်း သူ့ကျူရှင်မှာတင် အသင့်လေ၊ အဆင်ကိုပြေလို့၊
မာတုဗေဒသင်တဲ့ ဆရာကကျတော့ ဂရပ်ဖစ်ဒီဇိုင်းတွေ
စမ်းလှုပ်နေသတဲ့၊ သူကလည်း အဖုံးနှစ်ဖုံးသုံးဖုံး အပ်ရ
ပြီးပြီ၊ နင့်ယောကျ်ား ကျူရှင်ကြီးက သူ့တစ်နေရာတည်းနဲ့
အနုပညာလောကကြီးကို ဖြစ်လို့"

"အားရစရာကြီးဟယ်၊ မောင်ကလည်း ဒါကြောင့် သူ့
ကျူရှင်မှာ သူ သိပ်ပျော်တာ"

"နင့်ယောကျ်ား စာမူတွေတောင် ငါက တွေ့ဖူးပြီးပြီ"

"ဟင် ... ဘယ်လိုလုပ်ပြီး တွေ့တာလဲ"

"တစ်ရက် ငါက ကျူရှင်ပေါ် အစိမ်းသိုက်ကြီး တက်ချ
သွားတာလေ၊ နင့်ယောကျ်ားက စာသင်နေတယ်၊ ငါလည်း
သူလစ်တုန်း သူ့ရုံးခန်းထဲ ဝင်ထိုင်စောင့်မယ်ဆိုပြီး ဝင်တာ
ပေါ့၊ အဲဒီ တင်ထွန်းနိုင်ကလည်း ငါ့ကို သိတယ်လေ၊
ဒီတော့ ဝင်ထိုင်ရင်း ရှုသလိုပေါ်သလိုနဲ့ ဟိုမွှေ ဒီမွှေ မွှေ
တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်"

"သူ ဘာသာပြန်လက်စ စာမူတွေ တွေ့တာပဲ။ ခြစ်ရာ ဖျက်ရာတွေရော ရှုပ်ပွလို့ပေါ့ဟယ်၊ တင်ထွန်းနိုင်လည်း ကမန်းကတန်းကို ညဦးကို ပြေးပြောတာပဲ၊ ဟိုကလည်း စာသင်လက်စကနေ စိတ်မဖြောင့် နောက်ကြောင်းမအေး ပြေးထွက်လာတာပေါ့"

"အဲဒါနဲ့ ... !"

"အဲဒါနဲ့ ငါက ပျင်းလို့ လျှောက်ဖတ်ကြည့်နေတာပေါ့၊ ဝတ္ထုတွေလား မသိဘူးပေါ့၊ နှင့် ကိုညဦးလေ မျက်စိ မျက်နှာပျက်နဲ့၊ မဟုတ်ပါဘူးတဲ့၊ ကျောင်းသားတွေကို စာသင်ဖို့ဟာတွေ ဘာသာပြန်ထားတာတဲ့၊ ငါကလည်း စာသင်ဖို့ အကြောင်းက ဝတ္ထုလိုပဲလို့ ဆိုတော့ ပုံဝတ္ထုလို သင်ပြီးမှ ဒီထဲက လေ့ကျင့်ခန်းသဘော အမေးအဖြေတွေ ကွက်လပ်တွေ ပြန်ထုတ်ပေးတာတဲ့၊ သူ့ခများ ရှီးရတာ ရှီးရတာ"

"အဟိ"

"ငါက ဟယ် ... ကိုညဦးက တကယ်တော်တယ်၊ ဒါကြောင့် နာမည်ကြီး ကျူရှင်ဆရာအဖြစ် အောင်မြင်တာပဲလို့





English ကို ပြဌာန်းစာတင်မကပဲ ဘေးဗဟုသုတအဖြစ် အပြင်စာတွေပါ သင်ပေးတယ်ဆိုတော့ ကျောင်းသားတွေ အရမ်းတိုးတက်မှာပဲလို့ ... အဟိဟိ"

ထိပ်ထားကြင်တို့ သုံးယောက်သား တခိခိ သဘောကျနေပါသည်။

"အမှန်က အဲဒီအချိန်မှာ ငါက သူ့အကြောင်း သိပြီးနေပြီ ... ဟား ဟား၊ သူ့ကိုတော့ ဒီနား အခန်းလာရှာတာလို့ ပြောလိုက်တာပေါ့၊ ငါနဲ့တွေ့တာ နှင့်ကို မပြောဘူးလား"

"မပြောပါဘူး"

"သူ စိတ်ပူနေမှာပေါ့၊ ငါ သံသယဝင်သေးလား၊ နှင့်ကို ဘာပြန်ပြောမလဲ ဆိုတာ တွေးပြီး စကား မစရဲဘူးထင်တယ်"

"မနေ့ကလား"

"အေး ... မနေ့က နေ့လယ်က"

"သြော် ... ဒါကြောင့် မနေ့ညက ပြန်လာတော့ သူ့ရဲ့ လျှို့ဝှက်အခန်းကြီးထဲကိုတောင် အရင်လို တကုပ်ကုပ်ဝင် လုပ်မနေဘူး၊ ထမင်းစားပြီးတာနဲ့ အပေါ်ထပ်အိပ်ခန်းကို ပဲ တန်းတက်တာ၊ သူ့စိတ်ထဲ ငါ တစ်ခုခုပြောမလား



www.burmeseclassic.com

www.burmeseclassic.com



မေးမလား ထင်တယ် ထင်ပါရဲ့၊ ခေါင်းကိုက်တယ်ကွာ၊ ဒီညတော့ အလုပ်တွေ ပစ်ထားဦးမယ် ဘာညာနဲ့ ကောားရော ဖွဲ့ရော်ပေါ့ပါယ်၊ ဒါကြောင့်ကိုး၊ ခုမှ ပြန်စဉ်းစားတော့ သူ့ မလုံမလဲကြီး ဖြစ်နေတာဟဲ့"

"အစစ်ပေါ့၊ ကဲ ... နင်တို့ချင်း ဖွင့်ဝန်ခံပြီး အခန်းတံခါးတွေ ဟင်းလင်းဖွင့်ကြဖို့ သင့်ပြီထင်တယ်"

"မဖြစ်သေးဘူးဟ"

"ဟင် ... ဘာမဖြစ်သေးပြန်ဘူးလဲ"

"မောင်က လုံးချင်းတောင် ထုတ်ရင်ထုတ်ဖြစ်တော့မလို့လို လေ၊ ငါက ဘာမှမဟုတ်သေးဘူးဟ၊ ငါ့ဟာကို မပြောချင်သေးတော့ သူ့ဟာကိုလည်း ငါသိတယ်ဆိုတာ မဖော်သေးပဲ ဒီတိုင်း မျှောထားပါဦးမယ်ဟာ"

"ဖြစ်ရပြန်ပြီ"

"ငါလည်း လုံးချင်းဝတ္ထု ထုတ်ခွင့်ရချင်တယ်ဟယ်"

"အမယ်လေး ... စာအုပ်ထုတ်တာများဟယ်၊ နင်တို့လင်မယားက ကိုယ့်စီးပွားနဲ့ကိုယ် ဒီလောက် တောင့်တင်းနိုင်မာနေကြတာ၊ နင့်မလည်း ဝင်ငွေတွေ သုံးမကုန်၊ စာအုပ်တစ်အုပ်စာ ငွေရင်းဘယ်လောက်ကုန်မှာမို့လဲ ..."



ခုမှ စ,ထုတ်တာ အုပ်နည်းနည်းပဲ ရိုက်ရမှာ၊ နှစ်သိန်း သုံးသိန်း အလွန်ဆုံးပေါ့ဟယ်၊ ဒီငွေလောက်တော့ နင့်အတွက် ဖွဲပါ"

"ဟုတ်တယ် ... ဖွဲပဲ၊ ငါ့အစ သူငယ်ချင်းတွေကို ကျွေးလိုက်ပြီး တစ်နေရာရာမှာ ဒင်နာတစ်ပွဲကျွေးလို့ ငွေနှစ်သိန်း သုံးသိန်း ကုန်သွားမယ်ဆိုရင် ဘာမှမဖြစ်ဘူး ဖွဲပဲ၊ ဒါပေမဲ့ ..."

"ဘာဖြစ်လဲ"

ရွှေစင်က နားမလည်သလို မျက်မှောင်ခပ်တွန့်တွန့်နှင့် မေးရာ ထိပ်ထားကြင်က မျက်စောင်းပျော့ပျော့ ရွယ်လိုက်ရင်း ...

"ဒါပေမဲ့ ... နင် စဉ်းစားကြည့်ပေါ့ဟဲ့၊ ကိုယ့်စာအုပ်ကို ကိုယ့်ပိုက်ဆံနဲ့ကိုယ် ထုတ်ရတယ်ဆိုကတည်းက ထုတ်ချင်တဲ့ ထုတ်ဝေသူ မရှိလို့ဆိုတာ အသိသာကြီး"

"မဆိုင်ပါဘူး၊ ကိုယ်ရေးပြီး ကိုယ့်ပိုက်ဆံနဲ့ ထုတ်နေတဲ့ စာအုပ်တွေ အများကြီး ရှိပါတယ်"

"အဲဒါ နာမည်ကြီးတွေဟဲ့၊ တချို့နာမည်ကြီးတွေ ပရိသတ်ရှိပြီးသားတွေ၊ ကိုယ့်စာအုပ်ကိုယ် စိတ်တိုင်းကျ လုပ်ချင်လို့ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ထုတ်တာကို နှိုင်းပြောလို့ မရဘူးလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လဲဟယ်၊ နင်က အတွေးခေါင်လွန်းတယ်"

"ဖတ်မဲ့သူ မရှိ၊ ပရိသတ်မရှိပဲ ငွေရှိလို့ ကိုယ့်စာအုပ်ကိုယ် ထုတ်ရင် ငွေရှိလို့ဖြစ်တဲ့ စာရေးဆရာလို့ လူတွေကပြောမှာပေါ့"

"အမယ်လေးနော်၊ အဲသလောက် လိုက်ပြောနေရအောင်လည်း ဘယ်သူမှ အားအားယားယား မရှိပါဘူး ကြင်ကြင်ရယ်"

"ဒါပေမဲ့ ဂုဏ်ငယ်တယ်ဟ၊ တိုက်တစ်တိုက်တိုက်က ငါ့ကို ထုတ်ပေးမယ်ဆိုပြီး လက်ခံကမ်းလှမ်းလို့ စာအုပ်ထွက်ရတာမျိုးက ဂုဏ်ရှိတာပေါ့ဟယ်၊ ငါက အဲလိုဖြစ်ချင်တာ၊ အဲဒါကြောင့် ငါ့ဝတ္ထုစာမူလေးတွေကိုသာ နင်နဲ့သိတဲ့တိုက်တွေကို ပေးဖတ်ပေး"

"အေးပါဟာ ... အေးပါ ... အေးပါ"

"အေး ... အဲဒါဆိုရင် ငါ့ဝတ္ထုလေးတွေ ဆက်စသတ်ပြီး နင့်ဆီ လာပို့ထားမယ် သိလား"

"လာပို့"

ထိုနေ့က ထိပ်ထားကြင်သည် သူ့လုံးချင်းစာမူတွေအတွက် ရွှေစင်မှတစ်ဆင့် အဆက်အစပ် လမ်းစတွေ့တာမို့လည်း





ပျော်ရပါသည်။ သူ့ရင်ထဲ တထင့်ထင့် တထိတ်ထိတ် ဖြစ်နေမိသော ညဦးရဲ့ လျှို့ဝှက်ချက်နှင့် ပတ်သက်ပြီး သိခွင့်ရလိုက်တာအတွက်လည်း ကြည်နူးရွှင်မြူးနေပါသည်။

ညဘက် အိမ်မှာ လင်မယားနှစ်ယောက်သား ဆုံကြတော့ ထိပ်ထားကြင်သည် မောင့်လက်မောင်းကို တဖက်ဖက်တတွယ်တွယ်နှင့် မောင့်လျှို့ဝှက်ချက်ကို သိနေတာမို့ ရယ်မြူးစိတ်ကလည်း ရွှင်ရွှင်နှင့် 'တစ်နေ့ ကိုယ့်အကြောင်း သူ့ကို အသိပေး ဖွင့်ပြောတဲ့အခါ'လို့ တွေးပြီးတော့လည်း ရင်တဖိုဖိုနှင့်။

ညဦးကပင် ထိပ်ထားကြင်ရဲ့ ထူးခြားနေတဲ့ အမူအရာအတွက် သူပါရောနှောရွှင်လန်းကာ အံ့အားသင့်နေပုံလည်း ရပေသည်။

ဖဖဖ



www.burmeseclassic.com

www.burmeseclassic.com



## ၇

ရွှေစင်ကတစ်ဆင့် ထုတ်ဝေသူတွေထံ ပေးဖတ်ခိုင်းလို့ ထိပ်ထားကြင်က ရေးလက်စတွေကိုလည်း အဆုံးသတ်ခြင်းဖြတ်တောက် ပြင်ဆင်ခြင်းတွေလုပ်၊ စာအုပ်သစ်ကိုလည်း ကြိုးစားပမ်းစား အပ်မိရေးနေဆဲ တစ်နေ့မှာတော့ ရွှေစင့်ထံက မုန်းလာသည်။

"ဟဲ့ ... ကြင်ကြင်၊ ဒီညနေ နင့်ယောက်ျား ပြန်လာရင်တော့ အခြေအနေ ထူးခြားလာလိမ့်မယ်ဟေ့"

"ဘာလဲ ရွှေစင်"

"သူ့ကို စာရေးဆရာ မင်းညှာ အဖြစ်နဲ့ ငါနဲ့ မိတ်ဆက်ပေးဖို့ ခံလိုက်ရတယ်"

"မှာယ်"



"အေး ... နင့်ကို ငါက လှမ်းမပြောပဲ မြှုတားမယ်ဆိုတာမျိုးကလည်း မဖြစ်နိုင်တူးဆိုတော့ ဒီနေ့ည နင့်ကို သူဝင်စံရတော့မှာပဲ သိလား"

ညဦး အကြောင်းကို ထိပ်ထားကြင် ဘက်က သိနေပေမဲ့ မသိသလို ဟန်ဆောင်ပြီး ဟန်မပျက် နေနေခဲ့တာ။ ညဦးဟာလည်း သူ့အကြောင်းကို ထိပ်ထားကြင် သိနေလိမ့်မည် ဟု ထင်မိလိမ့်မည် မဟုတ်။ စုတော့ သူ့လျှို့ဝှက်ချက်ထားတာကို ရွှေစင် သိပြီဆိုပြီး မောင် အတော်ပဲ ထိတ်လန့်သွားမလား၊ စိတ်ပျက်သွားမလား မသိ။

ထိပ်ထားကြင်က ရင်များပင် တုန်လာခဲ့ပြီး ...

"ဘယ်မှာများ ဘယ်လိုသွားဆုံလို့လဲဟယ်"

"အဲဒီ မဂ္ဂဇင်းတိုက်က ကာတွန်းမှုတွေအတွက် ငါပဲ လိမ်းလိမ်းပေးနေကျလေ၊ ဒီမနက်တော့ ငါ့မော်ဒယ်လ်လေးက အတင်းခေါ်တာနဲ့ မထာတာဖြတ်ပဲ ဆိုပြီး ငါကလည်း အားနေတာနဲ့ လိုက်သွားတာဟဲ့၊ အဲဒီမဂ္ဂဇင်းတစ်တိုက်လုံး လိုလိုကလည်း ငါနဲ့ခင်တာကိုး ...

တာတ်မှုံ တွေ့ဒီယိုက မဂ္ဂဇင်းတိုက် ဘေးခန်းမှာပဲ၊ ကောင်မလေး တာတ်မှုံရိုက်တုန်း ငါက ဒီဘက်ကူးပြီး

www.burmeseclassic.com

www.burmeseclassic.com



လက်ဖက်ရည်သောက်ပြီး အဲဒီကလူတွေနဲ့ စကားပြောနေတာ၊ ကိုညဦးက ရောက်လာတာဟဲ့၊ ဟို … ကိုတင်ထွန်းနိုင်လည်း ပါတယ်၊ နောက်တစ်ယောက်လည်း ပါသေးတယ်"

"သူတို့ ဘာလာလုပ်တာလဲ"

"စာမူလာပေး၊ စာအုပ်လာထုတ်၊ လုပ်ကြတာဟဲ့၊ ကိုတင်ထွန်းနိုင်ရဲ့ ကဗျာတစ်ပုဒ် ဒီလပါတယ် ပြောတယ်"

"မောင်က နင့်ကို တွေ့သွားတာပေါ့"

"ငါက ပထမ သူတို့ဘက် ကျောပေး၊ သူ ငါ့ကို မသိသေးဘူး၊ နောက်မှ ငါက ဟိုဘက်ခန်း ပြန်ကူးဖို့ထ,ရင်း နှုတ်ဆက်ရင်း သူလည်းတွေ့ ငါလည်းတွေ့၊ ငါတို့ချင်း နှုတ်ဆက်တာတွေ့တော့ အဲဒီက အယ်ဒီတာက ခင်ကြသလားဆိုပြီး စကားပြောရင်း ဆိုရင်း ပေါ်သွားတာ …

ငါက ကိုညဦးကို ဘာလာလုပ်လဲလို့ မသိချင်ယောင်ဆောင်ပြီး မေးတာပေါ့မှာ၊ သူက မဖြေပဲ ဟိုကုတ်ဒီကုတ်အီးအဲနဲ့ ဖြစ်နေတုန်း အယ်ဒီတာက ဝင်မိတ်ဆက်ပေးတာ ဒါက စာရေးဆရာ မင်းညာ၊ ဒါက ကဗျာဆရာ တင်ထွန်းနိုင်(မြန်မာစာ) စသဖြင့်ပေါ့ဟယ်"





"မောင်တစ်ယောက်တော့ ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားမှာပဲ"

"အမယ်လေး … စိတ်တွေပျက်၊ စိတ်တွေရှုပ်၊ မျက်နှာကြီးကိုပျက်ပြီး ပုပ်အဲ့ရှုံ့မဲ့နေတာပဲ"

"နင်က ဘာပြောသေးလဲ"

"ခုမှ သိရသလိုနဲ့ပေါ့၊ ကိုညဦးက စာရေးဆရာလုပ်နေတာ မိကြင်ကြင်က ပြောတောင်မပြောဘူးလို့ … ဟား ဟား၊ ဒီတော့ သူက အကြင်လည်း သေချာမသိပါဘူးတဲ့၊ စာရေးဆရာရယ်လည်း မဟုတ်သေးပါဘူး၊ ဒီလိုပဲ မြေစမ်းခရမ်းပျိုး ကြိုးစားနေတုန်းပါတဲ့"

"ငါ့ကို ပြန်မပြောဖို့ ပိတ်သေးလား"

"မပိတ်ပါဘူး၊ ပိတ်လည်း လုံမယ်မထင်လို့ နေမှာပေါ့"

ဒါကြောင့် ထိုည မောင်ပြန်လာကာနီး အချိန်တွင် ထိပ်ထားကြင် ရင်တွေပင် ခုန်နေပါသည်။ မောင်ဟာ သူ့ကိုဖွင့်ကိုပြောရတော့မှာ။ အဲဒီအခါ မောင် ရှက်ကိုးရှက်ကန်း ဖြစ်နေဦးမှာ မလွဲပါ၊ မောင် ရှက်ရ မျက်နှာပူရ သက်သာအောင် အရေးကြီးသလို စပ်ပေါ့ပေါ့ကလေးပဲ အမူအရာပြဖို့ ထိပ်ထားကြင်က စိတ်ကူးသည်။



www.burmeseclassic.com

အရမ်းအံ့သြသွားပုံ မပြဘူးလေ၊ သာမန်သတင်းထူးလေးတစ်ခု အမှတ်တမဲ့ သိလိုက်ရသလောက်သာ ထားမှာပေါ့၊ ထိုည ညဦး ပြန်လာချိန်မှာ ထိပ်ထားကြင်ဟာလည်း သူ့အလုပ်ခန်းထဲကို ဝင်မနေပါ။ ထမင်းစားခန်းထဲ ထမင်းပွဲပြင်နေရာမှာ လိုအပ်တာ ကြီးကြပ်နေရင်း မောင် ဝင်လာသံကြားတော့ ...

"မောင်ရေ ... အကြင် ဒီမှာ"

လှမ်းကာ အသံပြုလိုက်လျှင် ညဦးက ထမင်းစားခန်းဆီ လျှောက်ဝင်လာကာ မချိုမချဉ် မျက်နှာနှင့် ထိပ်ထားကြင်ကိုလည်း အကဲခတ်ရင်း ...

"အကြင် ဘာတွေ လုပ်နေလဲ"

"ဈေးက မမဝင်း ဆီကလေ ပုန်းရည်ကြီးလက်ဆောင်ရလို့ မောင် ပုန်းရည်ကြီးကြိုက်မှန်းသိလို့ အဲဒါလေး ထည့်သုပ်ပေးဖို့ စီစဉ်နေတာ၊ ဟိုးတစ်ခါ လက်ဆောင်ရတုန်းကလည်း မောင်ကြိုက်တယ်လေ"

"အင်း ... ဟုတ်တယ်၊ အကြင်က မောင့်အကြိုက် သိတယ်"

ညဦးက စာရေးတဲ့ကိစ္စလေးကို မိန်းမတစ်ယောက်လုံးကို ဖွင့်မပြောပဲ ဖုံးကွယ်ထားရကောင်းလားလို့ ထိပ်ထားကြင်ရန်တွေ့မှာ မကျေနပ်ဖြစ်မှာကို စိုးရိမ်နေတာ ဖြစ်ပါသည်။





ထားကြင် ပုံစံ ခပ်အေးအေးကို မြင်ရလျှင် စေဝေဝါနှင့် သိမှသေးရဲ့လားပင် ထင်မိသည်။

ထိပ်ထားကြင်၌ အံ့အားတသင့်ဖြစ်ခြင်း၊ မကျေမနပ်ခြင်း စသည့် ဘာအမူအရာမှ ရှိမနေ။

"အကြင်"

"ဘာလဲမောင် ... ရေချိုးလိုက်လေ"

"အင်း ... ချိုးပါမယ်၊ အကြင့်ကို ပြောစရာရှိသေးတယ်"

"ဘာလဲ မောင်ရဲ့"

"ဒီနေ့ ဟိုဒင်းလေ၊ ရွှေစင်နဲ့တောင် တွေ့တယ်၊ သူအကြင့်ဆီ ဖုန်းဆက်သေးလား"

ထိပ်ထားကြင်က ပြုံးချင်စိတ်ကို အောင့်ရင်း ...

"သြော် ... ဟုတ်တယ်၊ ရွှေစင် ဖုန်းဆက်တယ်၊ မောင်နဲ့ တွေ့တယ်လို့ ပြောတယ်"

"အင်း ... အဲဒါ ... အဲဒါလေ ... ရွှေစင်က ဘာပြောသေးလဲ"

ထိပ်ထားကြင်က ခပ်အေးအေး မျက်နှာကြည်ကြည်နှင့်ပင် ...

www.burmeseclassic.com



"ရွှေစင်က ပြောတယ်၊ မောင် စာရေးဆရာ လုပ်နေတ
တဲ့"

ညဦး မျက်နှာက နီရွှေးရွှေး ရှက်သွေးပြေးသွား
သည်။

"ဟုတ်လား မောင်"

"အာ ... အဲဒီလောက် သူ ညွှန်းသလောက်ကြီးလည
စာရေးဆရာလို့ အခေါ်ခံရလောက်အောင် မဟုတ်သေး
ဘူး အကြင်ရယ်၊ မောင်က ဘာသာပြန်ဝတ္ထုတိုကလေ
တွေ စမ်းရေးကြည့်နေတာ အပျော်သဘောလောက်ပ

"အကြင်တောင် မသိဘူးလို့ ရွှေစင့်ကို ပြောရတ
မောင့် ကလောင်နာမည်က မင်းည ဆို၊ အကြင်
မဂ်လာဆောင်တဲ့လက ထွက်တဲ့ '---'မဂ္ဂဇင်းထဲမှာတော
မောင့်ဝတ္ထုတိုလေး ပါတာပေါ့နော်၊ မောင်က ပြောလည
မပြောဘူး၊ လျှို့ထားတယ်"

ညဦးသည် ဆံပင်တွေကို နေရထိုင်ရ ခက်ခက်
ဖွကာကုတ်ကာ ...

"ပြောရမှာ ရှက်စရာကြီးလိုလို ဖြစ်နေလို့ပါ အကြင်
အောင်မြင်နေရင်တော့ ပြောလို့ကောင်းတာပေါ့၊ အောင်





နေတာလည်း မဟုတ်သေးပဲ ဟိုစမ်းရေး ဒီစမ်းရေးနဲ့
ဝါသနာအရ ကြိုးစားနေကြတဲ့ သူတွေကို တချို့က စာရူး
ပေရူးလိုလို တစ်မျိုးမြင်တတ်တာ၊ ဒါကြောင့်"

"အကြင်က အဲလိုမမြင်ပါဘူးနော်၊ စာရေးတယ်ဆိုတာ
လူတိုင်းရေးနိုင်တဲ့ အလုပ်မို့လို့လား၊ ပါရမီရှိမှ ရေးနိုင်တာ၊
ပညာတတ်တိုင်း ပိုက်ဆံရှိတိုင်းလည်း ကိုယ်ဖြစ်ချင်တိုင်း
ဖြစ်လို့ရတာမဟုတ်ဘူး မောင်ရဲ့၊ ဂုဏ်ယူစရာသာ ရှိတယ်၊
ရှက်စရာ မရှိပါဘူး"

စီးပွားရေးကို တစိုက်မတ်မတ် ဇောက်ချအောင်မြင်
တဲ့ ကုန်သည်တစ်ပိုင်း ထိပ်ထားကြင်ဟာ စာရေးတယ်ဆိုတဲ့
လုပ်မျိုးကို အရူးထခြင်းတစ်မျိုးရယ်လို့ အထင်မကြီးပဲ ရှိလိမ့်
ယ်လို့ ညဦးက ထင်ထားခဲ့သည်။ ထင်ထားသလို မဟုတ်ပဲ
ိပ်ထားကြင်ထံမှ အားပေးဂုဏ်ယူတဲ့ စကားမျိုးတွေ ကြားရတာ
ညဦးက ကြီးစွာသော စိတ်ချမ်းသာပီတိနှင့် ထိပ်ထားကြင်
လေးကို ထွေးဖက်မိသည်။ ချစ်မို့ကောင်းလှတဲ့ ဇနီးအလှ
လိမ္မာလေး။ သူ့ရဲ့ဝါသနာကို အထင်မသေး၊ လှောင်ပြောင်လိမ့်
ပကတိ ကျေနပ်လေးစား ဂုဏ်ယူနေတဲ့ ဇနီးသည်ကို လျှပ်
စ်ပြက်မှာ အချစ်ကြီးချစ် ကျေးဇူးတွေလည်း တင်မိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"အကြင့်ကို မောင် သိပ်ချစ်တာပဲကွာ၊ အကြင်က အ[illegible]
နားလည်မှုရှိပြီး ပါရမီဖြည့်ဘက် ပီသတဲ့ ဇနီးကောင်း[illegible]
ပဲ"

"အကြင် ကိုယ်တိုင်လည်း စာဖတ်ဒီလောက်ဝါသနာပါ[illegible]
စာအုပ်တွေကို ဒီလောက်မြတ်နိုးတာ မြင်ရဲ့သားနဲ့ [illegible]
က အကြင့် စိတ်ကို သိဖို့ကောင်းပါတယ်"

နှစ်ယောက်သား လှေကားမှ အပေါ်ထပ် အိပ်ခန်း[illegible]
တက်လာကြရင်း ...

"အကြင့်ကို ဖွင့်မပြောပဲ ဖုံးကွယ်ထားသလို ဖြစ်သွား[illegible]
မောင် တောင်းပန်ပါတယ်ကွာ ... နော်"

"ရပါတယ် မောင်ရယ်၊ မောင် မကောင်းမှု လုပ်နေတာ[illegible]
မဟုတ်တဲ့ဟာ၊ သိရတော့လည်း အကြင် ဂုဏ်ယူ[illegible]
တာ"

"ဟိုမဂ္ဂဇင်းထဲက ဝတ္ထု အကြင် ဖတ်ဖူးသလားဟင်"

"ဖတ်ဖူးတာပေါ့ မောင်ရဲ့၊ ဖတ်ပြီးတော့လည်း အ[illegible]
ကြိုက်တယ်"

ညဦးမှာ တအားပင် ကြည်နူးစိတ်ချမ်းသာမိကာ[illegible]
"တကယ်လား အကြင်ရဲ့"





"တကယ်ပေါ့၊ တချို့ ဘာသာပြန်ဝတ္ထုတွေက ကောင်းချင်ရက်နဲ့ အမည်တွေက ကိုယ်နဲ့အကျွမ်းမဝင်လို့ ဖတ်ရတာ အနှောင့်အယှက်ဖြစ်တာ ရှိတယ်၊ တချို့ကျတော့ ဘာသာပြန်အရေးအသား ထောင့်နေ ဆတ်နေတတ်တာမျိုးလည်း ရှိတယ်၊ တချို့ကျတော့ လုံးစေ့ပတ်စေ့ တိုက်ရိုက်ဘာသာပြန်တဲ့ နေရာမှာ မြန်မာ့မျက်စိနဲ့ အရသာခံဖို့ ခက်တာရှိတယ်၊ မောင့်ဝတ္ထုတိုလေးက ဒီအချက်တွေအားလုံး ပြေပြစ်တယ်၊ ဖတ်ရတာ မထောင့်ပဲ ပြေပြစ်ချောမွေ့ပြီး ရှင်းရှင်းကလေး ဖြစ်နေတယ်၊ ဒီတော့ အရသာခံဖတ်လို့ ကောင်းတယ်"

ညဦးက ထိပ်ထားကြင်ရဲ့ နဖူးကလေးကို ချစ်စိတ် မွှန်မွှန်နှင့် ဖျတ်ခနဲ နမ်းရှိုက်လိုက်မိပါသေးသည်။

"မောင် ဝမ်းသာလိုက်တာ အကြင်ရယ်၊ အကြင်ဆီက ဒီလိုစကားတွေ ကြားရတာ မောင် အရမ်းပျော်တာပဲ၊ အားတွေလည်း တအားတက်တယ်၊ ဒီလိုမှန်းသိရင် ဟိုးအစောကြီးကတည်းက အကြင့်ကို ဖွင့်ပြောပါတယ်"

ထိပ်ထားကြင်က ပြုံးပြုံးကလေးနှင့် တကယ် ကျေနပ် ဝမ်းမြောက်နေသော ညဦးကို စိုက်ကြည့်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကြင်က အလကား အပိုတွေလုပ်နေတယ်များ ဝေဖန်မလား၊ မောင့်ဝါသနာ မျှော်လင့်ချက်တွေကိုမှ နားလည်မှု ရှိပါ့မလားလို့ မယုံရဲလို့ မောင်က တိတ်တိတ်ကလေး မှုံးထားမိတာပါ၊ တစ်ခါတစ်ခါ အောက်က အလုပ်ခန်းတံခါးကို ပိတ်ပြီး မောင် ဝတ္ထုရေးနေတာပေါ့၊ အကြင် ဝင်လာရင် သိသွားမှာစိုးလို့ အကြင့်ကိုပါ မဝင်စေခဲ့တာ၊ အခုလို ဆိုရင် မောင့်အလုပ်ခန်းကို ကောင်မလေးတွေသာ မဝင်စေနဲ့၊ စာရွက်တွေ ပျောက်မှာရှုမှာပဲ စိုးရိမ်လို့၊ အကြင်တော့ တံခါးမရှိ ဓားမရှိ ဝင်ထွက်ပေတော့နော် ... အကြင်"

ထိပ်ထားကြင်က ပြုံးပြုံးကလေး ခေါင်းညိတ်သည်။

"အကြင့် အခန်းကျတော့ရော မောင် ဝင်လို့ မရနိုင်ဘူးလား"

ထိပ်ထားကြင်က တစ်ချက်စဉ်းစားသည်။ မောင်ဝင်လာကာ တွေ့သွားသိသွားရင်လည်း ရှိပါစေတော့။ သိသွားလည်း အရင်လောက် အကြင် မရှက်မကြောက်တော့ဘူးလေ။ မောင့်ဘက်ကိုတောင် သိခွင့်ရနေမှပဲ၊ မောင်လည်း သိချင်သိပစေ။ အကြင်ကိုယ်တိုင် ဖွင့်မပြောချင်သေးတာကကျတော့ အကြင်က မောင့်လောက် အဖြစ်မရှိသေးလို့ဝင်။





"အကြင်က ငွေကြေးဘောက်ချာတွေ ပျောက်ရှမှာ ရှုပ်ကုန်မှာ ရောကုန်မှာ စိုးရိမ်တာပါ၊ မောင်တော့ ဝင်ရင်လည်း ဝင်ပေါ့၊ မောင့်အခန်းထဲတောင် အကြင်က ဝင်ရမှတော့ အကြင့် အခန်းထဲလည်း မောင့်ကို ဝင်ခွင့်ပြုသင့်တာပေါ့ နော် ... မောင်ရဲ့ ...

မောင် ... လုံးချင်းစာအုပ် ထုတ်ဖို့လည်း လုပ်နေတယ်ဆို"

"အဲဒါက သေချာ အချောသတ်ပြီးမှ ထုတ်ဝေသူဆီ ပြကြည့်ရဦးမှာပါ၊ ကိုယ့်ပိုက်ဆံနဲ့ကိုယ်တော့ မောင်က မထုတ်ချင်ဘူး"

"ဟုတ်တယ် ... ဟုတ်တယ် ... အကြင် နားလည်တယ်၊ သူများက သဘောကျလို့ ထုတ်တော့ ပိုဂုဏ်ရှိတာပေါ့၊ ကိုယ့်ဟာကိုယ် ထုတ်ရတာကျတော့ ထုတ်ပေးချင်တဲ့သူ မရှိရာ ကျတာပေါ့"

"အကြင်က မောင့်ခံစားချက်ကို သိလိုက်တာ၊ နားလည်တတ်လိုက်တာကွာ"

"မောင့်ဝတ္ထုတွေ ဘယ်နှပုဒ်လောက် ပါပြီးပြီလဲဟင်"

"ငါးပုဒ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... အများကြီးပဲ"

ထိပ်ထားကြင်ရဲ့ တအံ့တသြ ဂုဏ်ယူသံလေးကြော ညဦးမှာ ကျေနပ်စိတ်ချမ်းသာစွာ ပါးစပ်ပင် မစေ့နိုင်တော့ပါ

"အကြင် တစ်ပုဒ်တည်း ဖတ်ရဖူးသေးတာ၊ ကျန်တာတွေ ဖတ်ချင်သေးတယ် မောင်ရဲ့၊ စာအုပ်ခန်းထဲမှာ ရှိလား"

"ဖတ်ရမှာပေါ့ကွာ၊ မဂ္ဂဇင်းလေးအုပ် မောင်ကိုယ်တိုင်ယ လာပေးမယ်၊ ခုလို ဖတ်ချင်စိတ် စိတ်ဝင်စားမှု အကြင့်မှ ရှိတာကိုပဲ မောင်က ကျေးဇူးတင်လှပြီ၊ ချစ်လှပြီ၊ ဒီမှ စောင့်နေ၊ မောင် သွားယူလာပေးမယ်၊ အကြင်က ဖတ်ပြီ ရင် ဝေဖန်ပေးနော်"

အခန်းထဲမှ တက်ကြွသွက်လက်စွာ အပြေးထွ သွားသော ညဦးကို ထိပ်ထားကြင်က အပြုံးနှင့် ငေးကျန်ရစ်ရေ သည်။

❁❁❁





အဲဒီနောက်တော့ ညဦးဟာ အကြင့် ရှေ့မှာတင် လွတ်လွတ်လပ်လပ် ပေါ်ပေါ်ထင်ထင် ဝတ္ထုရေးခွင့်ရတဲ့သူ ဖြစ်သွားပါသည်။ သူ့ရဲ့အလုပ်ခန်းဟာ အမြဲပင် တံခါးပွင့်လျက်သား ရှိပါတော့သည်။

ညဘက်တွေဆိုရင်လည်း မောင် စာရေးနေသည် ရယ်လို့ ထင်ထင်ပေါ်ပေါ် သိရပြီမို့ အကြင်က လက်ဖက်သုပ်လေး ဂျင်းသုပ်လေး ရေနွေးကြမ်းလေး လုပ်ပေးလိုက်ပါသေးသည်။ မောင်ဟာလည်း ထိပ်ထားကြင် အပေါ်ထပ် တက်တော့မည့် အချိန်ကို မှန်းပြီး သူ့ပါ အလုပ်ခန်းက ထွက်လာဖို့ မလိုတော့။

စိတ်ဖြောင့်လက်ဖြောင့် အာရုံရသလောက် စာရေးနေလို့ရပြီ။

တစ်ခါတစ်ခါတော့လည်း အကြင်တစ်ယောက်တည်း ဖြစ်နေမှာကို ကရုဏာသက်၍ ပစ်ထားသလို မဖြစ်ရအောင် အိပ်ခန်းထဲကိုအထိ စာမူစာရွက်တွေ သယ်တက်လာကာ အခန်းထဲ ယူရေးလို့လည်း ရပြီ။ သူ့တစ်ယောက်တည်း ပစ်ထားသလိုဖြစ် လည်း အကြင်က ဘယ်လိုမှ မနေ။



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေပါမလဲ။ ထိပ်ထားကြင် ဘက်ကလည်း ညဦး စာရေးနေသမျှ သူပါရေးနေခွင့် ရနေသည်။ နှစ်ယောက်လုံး စာပိုရေးဖြစ်လာတာမို့ ထိပ်ထားကြင်ကလည်း ကျေနပ်နေခြင်း ဖြစ်တာကို ညဦးကတော့ မသိပါ။

ထိပ်ထားကြင် စိတ်မှာ သူရေးတာကိုပါ ညဦး သိလျှင်လည်း သိစေတော့ရယ်လို့ ပုန်းလျှိုးကွယ်လျှိုး ဖွက်တာမျိုး သိပ်မလုပ်တော့။ သို့ပေမဲ့ မိန်းမတွေလောက် ယောက်ျားတွေဟာ ဉာဏ်နီဉာဏ်နက်တွေ သံသယတွေ မများတာဘ်လို့လား မသိ။ ညဦးက ထိပ်ထားကြင်ကို သံသယလည်းမဖြစ်၊ မယုံသင်္ကာလည်း လာမကြည့်၍ ထိပ်ထားကြင်လည်း စာရေးနေခဲ့သည်ဆိုတာကို သိကိုမသိပါ။

ညဘက်လေးမှ လင်မယား ဆုံကြရသော်လည်း သူ့ စာရေးချင်သလောက်ရေး၊ မငြူစူတဲ့ ထိပ်ထားကြင်ကို ညဦးကတော့ အချစ်တွေတိုး၊ အကြင်နာတွေတိုး၊ အမှတ်တွေလည်း စိတ်ထဲကျိတ်ကာ ပေးလို့မဆုံးပေ။ သူ့ဘက်က စာရေးခြင်းနှင့် ပတ်သက်သည့် စာပေအသိုင်းအဝိုင်းနှင့် ပတ်သက်သည့် သတင်းပလင်းတွေကို လျှို့ဝှက်မထားတော့ဘဲ ဖွင့်ပြောပြတတ်၍ ထိပ်ထားကြင်က အလုံးစုံကို သိနေရပါသည်။





ယောက်ျားနှင့် မိန်းမ အသိုင်းအဝိုင်း ကျယ်ပြန့်နှံ့စပ်နိုင်တာခြင်း မတူတာမို့ ထိပ်ထားကြင်မှာ စာပေအသိုက်အဝန်းက မိတ်ဆွေတစ်ယောက်မှ မရှိသော်လည်း ညဦးမှာက တစ်ပုံတစ်ပင်။ ဤစာရေးဆရာများ ကဗျာဆရာများ ဂျာနယ်လစ်စ်များနှင့် ထိပ်ထားကြင်ကလည်း သိကျွမ်း ခင်မင်လိုပေသည်။

ဒါဟာ ထိပ်ထားကြင်ရဲ့ ကိုယ့်ဘာသာဖြစ်တဲ့ အရင်းခံဆန္ဒမျိုး ဖြစ်သော်လည်း ညဦးကတော့ ယောက်ျားကို ပါရမီကောင်းစွာ ဖြည့်တတ်တဲ့ မိန်းမရယ်လို့သာ ထိပ်ထားကြင်ကို အထင်ကြီး မြတ်နိုးမဆုံးပေ။

ထိပ်ထားကြင်သည် မောင့်ကိုပူဆာ၍ ရုံဖန်ရံခါတွင် မောင်တို့ ကျူရှင်အောက်ဘက်သောနားက စာပေသမားများဆုံသည့် လက်ဖက်ရည်ဆိုင် စကားဝိုင်းတို့တွင် ပါဝင်ခွင့်ရပါသည်။ အမြဲတော့မဟုတ်။ အမြဲတမ်းအတွက်လည်း ထိပ်ထားကြင် မအား။ တစ်ပတ်တစ်ကြိမ် ဆယ်ရက်တစ်ကြိမ်လောက် ဤဝိုင်းထဲ ပါဝင်နားဆင်ခွင့်ရတာကိုပင် ထိပ်ထားကြင် ကျေနပ်လှသည်။

ဤစကားဝိုင်းမှာ ယောက်ျားတွေ များသော်လည်း တစ်ခါတစ်ရံတွင် အမျိုးသမီးတစ်ဦး၊ နှစ်ဦး ပါတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤအစ်မကြီးများကိုလည်း ထိပ်ထားကြင်က လေးစားခင်မင်နေပေသည်။ သူတို့အမြင်မှာတော့ သူတို့ဝိုင်းထဲက စာရေးဆရာပေါက်စရဲ့ဖနီး၊ စာဖတ်ဝါသနာကြီးသူလေး အဖြစ်နှင့်ရယ်သာ။

ထိပ်ထားကြင်သည် ညဦးနှင့် အရင်းနှီးဆုံး စာပေသမား အချို့ကိုပင် ညစာဖိတ်ခေါ်ကျွေးလိုက်ပါသေးသည်။ သူတို့ ဤသို့ အိမ်မှာလာပြီး စားကြသောက်ကြ စကားပြောကြတဲ့အခါ ထိပ်ထားကြင်ပါ ပျော်ရွှင်ရပါသည်။ ညဦးသည်လည်း သူ့ဝါသနာပါရာကို ငွဲကွက်စရာမရှိ၊ မိန်းမသိမှာ မကြောက်ရ၊ လုပ်ချင်ကာလုပ်၊ နေချင်သလိုနေရတဲ့အတွက် အတိုင်းမသိ လွတ်လပ်စိတ်ချမ်းသာလျက်ပင်။

ထိပ်ထားကြင်သည် ညဦးက သူ့ကို လူရေးလူရာသွင်းကာ ပေးဖတ်တဲ့ ဝတ္ထုတိုကလေးတွေကို သေချာဖတ်ကာကြိုက်တဲ့အချက်၊ မကြိုက်တဲ့အချက်၊ ကောင်းကောင်းဝေဖန်ပေးသည်။ ထိပ်ထားကြင်ရဲ့ ဝေဖန်ပုံ ဝေဖန်နည်း အချက်အလက်တို့ကိုလည်း ညဦးက သဘောကျ လက်ခံတတ်ပါသည်။

ညဦး စာရေးခြင်းကို ကိုယ်တိုင်ဝန်ခံလိုက်ပြီးတဲ့နောက် လေးလလောက်မှာတော့ သူတို့လင်မယားနှစ်ယောက်ဘဝထဲမှာ ပျော်စရာအကောင်းဆုံးရယ်ပင်။ ညဦး လုံးချင်းအဖြစ်





သာပြန်နေတာကိုပါ ထိပ်ထားကြင်က ပြီးသလောက် တစ်ခန်းချင်း ကောက်ယူဖတ်ရှု ဝေဖန်သည်။

ထိပ်ထားကြင် ကိုယ်တိုင်လည်း စာပိုရေးနိုင်ခဲ့တာပင်။ မောင့်ဝတ္ထုတွေကို သူက ဝေဖန်ထောက်ပြပြောဆိုပေးသော်လည်း သူ့ဝတ္ထုတွေကိုတော့ မောင့်ထံမှ ဝေဖန်ထောက်ပြခြင်းမျိုး မရနိုင်။ ခုထိ မောင်မှ မသိပဲ။

ထိပ်ထားကြင် ရေးတဲ့ ဝတ္ထုတွေကလည်း သာမန်ရိုးစင်းစင်း မဟုတ္တာဘဲ့ ဝတ္ထုလေးတွေသာပင်။ လူ့ဘဝထဲ လူ့တ်ဝန်းကျင် အသိုင်းအဝိုင်းထဲ ဖြစ်ပျက်ကြုံတွေ့နေကြရမြဲဖြစ်သာ လူတွေရဲ့ စရိုက်လက္ခဏာလေးတွေအပေါ် မူတည်၍ပင်တ်လမ်းရိုးရိုး၊ ရေးသားတင်ပြပုံ ရိုးရိုးကလေးတွေနှင့် ဖွဲ့စည်းသည့် ဝတ္ထုလေးတွေသာ။

ရွှေစင့် အသိမိတ်ဆွေ စာပေတိုက် နှစ်ခုစလုံးကက်ထဲမှာ လောလောဆယ် ရေးပြီးသား ခုနစ်အုပ်စာလောက် သူတို့ယူဖတ်ကြည့်မည်ဆိုတဲ့အတွက် ခုဆိုရင် ကြိုးစားပမ်းစားလာရင်း ခုနစ်အုပ်တော့ ပြီးသွားခဲ့ပါပြီ။

“နင် စာရေးပုံလေးက ညက်ညောတယ်၊ ရိုးရိုးကြောင်းအရာလေးတွေပဲ ရေးထားပေမဲ့ စာရေးညက်တော့



www.burmeseclassic.com

www.burmeseclassic.com



ဖတ်လို့ကောင်းနေတယ်" ဆိုတဲ့ ပုလဲနဲ့ ရွှေစင်ရဲ့ ချီးကျူးအားပေး စကားလေးပဲ သူ့မှာ အားတက်စရာ ရှိပါသည်။

မောင် ဘာသာပြန်နေတဲ့ ဂန္ထဝင်ဝတ္ထုကြီးတွေရဲ့ ယှဉ်လိုက်တော့ ကိုယ့်ဝတ္ထုလေးတွေက "ငချွတ်"လေးတွေ ဖြစ် နေသလိုလို။ သိလည်းမသိ သံသယလည်းမဝင် လုံးဝထင်မိတွေး မိပုံ မပေါ်သော မောင် တစ်ယောက်ဟာ လေးလလောက် ဟင်း လင်းဖွင့်ထားသော အလုပ်ခန်းထဲ ရုံဖန်ရံခါ ဝင်လာဖူးသော်လည်း ဘာကိုမှ မရိပ်မိခဲ့။

မောင့်ထံက အကြံဉာဏ်၊ အားပေးမှု၊ ဝေဖန်မှုတို့ ကိုလည်း ရရှိလိုသေးတာမို့ ကိုယ်တိုင်ပဲ ဖွင့်ပြောလိုက်ရတော့ရင် ကောင်းမလားလို့လည်း တွေးမိသည်။ အကြင်လည်း စာရေးကြောင်း မောင် သိလျှင် မောင်ကလည်း အကြင့်ကို ပါရမီဖြည့်မှာပါပင်။

ဤအခြေအနေ အချိန်ကာလများရဲ့အလွန် ... တစ်ခု သော နေ့တစ်နေ့မှာတော့ ... ..."





၈

အဲဒီနေ့က ဗုဒ္ဓဟူးနေ့တစ်ရက် ဖြစ်ကာ လွန်ခဲ့တဲ့ နှစ်ရက်ကတည်းက ညဦးက တုပ်ကွေးဖျားနေပါသည်။ ကျူရှင် ကိုပျက်လို့ မဖြစ်တာမို့ ဖျားဖျားကြီးနဲ့ပင် စာသွားသင်နေရတာ။ ဗုဒ္ဓဟူးနေ့ကိုရောက်တော့ အဖျားမကျသေးပဲ နွမ်းနယ်နေတဲ့ ညဦးကို ထိပ်ထားကြင်က တစ်ရက် အပြည့်အဝ နားလိုက်ဖို့ နားချရသည်။

မနက်အစောကြီး တစ်ချိန်ကိုလည်း ဖျက်လိုက်တော့။ ညဦး ဖျက်လိုက်လျှင် သချာဆရာကလည်း သူ့အစား ယူကာ ဝင်ချင်နေသည်။ ညတစ်ချိန်ကိုလည်း အခြေအနေကြည့်ကာ ဖျက်သင့်ရင် ဖျက်လိုက်။ ဒါဆိုရင် တစ်နေ့လယ်ခင်းလုံး တောင်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်အားတဲ့ ဗုဒ္ဓဟူးတစ်ရက်ကို အပြည့်အဝ အနားယူလို့ ရနိုင်မည်။

ထိပ်ထားကြင် တိုက်တွန်းလွန်း၍ ညဦးကလည်း ထိပ်ထားကြင်ပါ တစ်နေကုန် အိမ်မှာနေမည်ဆိုလျှင် နားမည်လို့ ကတိပေးကာ အင်္ဂါနေ့ကတည်းက နောက်တစ်နေ့ သူ့ကျူရှင် ချိန်တွေကို ဖျက်ခဲ့ပါသည်။ ဗုဒ္ဓဟူးနေ့ကျတော့ လင်မယားနှစ် ယောက်စလုံး အိမ်မှာ။

မနက်ကတည်းက ထိပ်ထားကြင်သည် ညဦး စားချင်သည်ဆိုတဲ့ ငါးရံ့ဆန်ရေဟင်းလေးကို စပလင်နိုင်းချင်းနှင့် မွှေးပျံ့အရသာရှိနေအောင် ကိုယ်တိုင်ချက်ပြုတ်နေပါသည်။ ညဦးကို အစားကျွေးလိုက်၊ ဆေးတိုက်လိုက်။ ညဦးရဲ့ ပြီးလုဆဲဆဲ တတိယမြောက် ဘာသာပြန်ဝတ္ထုစာအုပ်ကို ဘေးက ကူဖတ်ရင်း စာလုံးအကျအပေါက် ပြင်ပေးရင်း အေးအေးချမ်းချမ်း ရှိနေကြပါသည်။

"ဟယ်လင်၏ မျက်လုံးကလေးများသည် ယာခင်းပြင်ရှိ မျက်စိတဆုံး ရိုးပြတ်ခြောက်များကို ရပ်ကြည့်နေရင်းက ဆွေးရိပ်သမ်းလာကြသည် ... ဆိုတဲ့ ဝါကျမှာ 'ဟယ်လင်၏ မျက်လုံးကလေးများသည်'ကို နောက်ကိုပို့လိုက်ရင်





ပိုကောင်းမယ် ထင်တယ်နော် မောင်၊ ပိုချောသွားမယ်ထင်တယ်၊ စာထဲမှာ ရပ်ကြည့်နေတာကလည်း ပါနေတော့ မျက်လုံးတွေက ရပ်ကြည့်သလို ဖြစ်နေတယ်"

ထိပ်ထားကြင် စကားကြောင့် ညဦးက စာငုံ့ဖတ်နေရာမှ ခေါင်းထောင်လာကာ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း ပြုံးယောင်ယောင် ဖြစ်လာသည်။

"ဟုတ်တယ်၊ အကြင်က အဲဒါမျိုးလေးတွေ တကယ်မြင်တတ်တယ်၊ အဲဒါ မြန်မာသဒ္ဒါကို နားလည်တဲ့သဘောပဲ"

"အို ... အကြင်ကတော့ သဒ္ဒါကို နားလည်တာထက် ဖတ်ရတာပိုပြီး အရသာချောမှာကို တွေးမိတာပါ"

"အဲဒါ ... အကြင် တော်တာပဲလေ၊ အကြင် ရှိနေတာ မောင် သိပ်အားကိုးရတာပဲ၊ အကြင် ပြောသလို ပြင်လိုက်လေ"

"ယာခင်းပြင်ရှိ မျက်စိတဆုံး ရိုးပြတ်ခြောက် ဆိုတာက ကော မှန်ပါ့မလားဟင် မောင်"

"ယာခင်းပြင်ရှိ ရိုးပြတ်ခြောက်များကို မျက်စိတဆုံး ရပ်ကြည့်နေရင်းက ဟယ်လင်၏ မျက်လုံးကလေးများမှာ ဆွေးရိပ်သမ်းလာကြသည်ပေါ့၊ ဟုတ်လား အကြင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား မဟုတ်လားက မောင့်သဘောပါ၊ မောင်က ပိုနားလည်မှာပေါ့၊ မှုရင်းဝတ္ထုလည်း အကြင်က ဖတ်ရတာမှ မဟုတ်တာ"

"အကြင် ပြောသလိုကွာ ပိုချောမွေ့ပါတယ်၊ အဲသလိုသာ ပြင်လိုက်ပါ"

အကြင်က ရွှေချင်သော စာစုလေးကို ကွင်းခတ်ကာ မြားဦးတွေ ဟိုထိုးဒီထိုး ပြုပြင်နေသည်ကို ညဦးက ကြည့်ရင်း...

"အကြင်လည်းပဲ ဝတ္ထုရေးရင် ဖြစ်မှာကွ"

ထိပ်ထားကြင်က ရှက်စနိုးနှင့် ...

"အို ... မောင်ကလည်း"

"ဟုတ်တယ်၊ ရေးပါလား အကြင်ရဲ့၊ မောင်လည်း အားကနေ အားပေးကူညီမှာပေါ့၊ လိုအပ်တာရှိရင်လည်း မောင် ပြင်ပေး တည်းဖြတ်ပေး ဖြည့်စွက်ပေးမှာပေါ့၊ သဒ္ဒါအထား အသိတွေ ဘာတွေ အကြင် နားလည်ပြီးသား၊ စာတ်လမ်း စာတ်အိမ်လေးရှိရင် ဖြစ်ပြီပဲ"

အကြင်က ရှက်ရှက်နှင့် ခေါင်းကိုသာယမ်းရင်း ...

"ဟင့်အင်း"





"ဘာဖြစ်လဲ အကြင်ကလည်း၊ ဒီလိုပဲ တဖြည်းဖြည်း ကြိုးစားရင်း ဖြစ်လာရမှာပေါ့၊ အကြင်က စာဖတ်တာကိုလည်း ဝါသနာပါပြီးသားပဲ၊ တစ်နေ့တော့ ဖြစ်ကိုဖြစ်လာမှာပေါ့"

ထိပ်ထားကြင်သည် မောင် ဒီလောက်တောင် ပြောနေမှ ခုနေ ရုတ်တရက် ဖွင့်ဟဝန်ခံလိုက်ရင် ကောင်းမလားရယ်လို့ တွေးမိသည်။ ထိုစဉ်မှာပင် ...

"အန်တီ ... အမြန်ချောပို့တဲ့၊ စာလာတယ်၊ လက်မှတ်ထိုးယူရမယ်တဲ့ အန်တီ"

အပ လာပြောတဲ့ စကားကြောင့် ထိပ်ထားကြင်က ညှိခန်းထဲ ထိုင်နေကြရာမှ ထ,လာရင်း အိမ်ကခါးဝဆီ ရောက်လာပါသည်။ ဆိုင်ကယ်နှင့် အမြန်ချောပို့သမားသည် စာရွက်လွှတ်တစ်ရွက်၌ အကြင့်ကို လက်မှတ်ထိုးဖို့ပြကာ

"ဒေါ်ထိပ်ထားကြင်နော်"

"ဟုတ်ပါတယ်"

"ရော့ ...၊ ဒီမှာ လက်မှတ်ထိုး"

ထိပ်ထားကြင်က လက်မှတ်ထိုးရင် ကပင် စာအိတ်သို့ဝါကြီးရဲ့ထိပ်မှစာကို ဖတ်မိသွားပါသည်။ စာပေတိုက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တံဆိပ်ကလေးပါ နှိပ်ထားပြီး မိုးဦးဆွေစာပေ ဆိုတဲ့ အမည်ကို စာအိတ်ထိပ်မှာ စာလုံးမည်းကြီးတွေနှင့် ရိုက်ထားသည်။ သူတို့ လုပ်ငန်းရဲ့ ကိုယ်ပိုင်စာအိတ်အဖြစ် သီးသန့်ပြုလုပ်ထားတဲ့ စာအိတ် မျိုးပင်။

ထိုမိုးဦးဆွေစာပေဟာ ဂျာနယ်တစ်စောင်နှင့် မဂ္ဂဇင်း တစ်စောင်ကို အပတ်စဉ်၊ လစဉ် ထုတ်ဝေနေကာ လုံးချင်းဝတ္ထု တချို့တလေပါ ထွက်ရှိနေတာ ထိပ်ထားကြင် သိသည်။ ဒါပေမဲ့ ချွေစင် ပေးဖတ်ထားသော စာအုပ်တိုက်နှစ်ခုထဲမှာ ထိုစာပေရဲ့ အမည် မပါပါ။

ထိပ်ထားကြင်က စာအိတ်ပေါ်က သူမရဲ့နာမည်ကို အသေအချာ ပြန်ဖတ်ကြည့်ကာ ရင်တွေ တဒိန်းဒိန်း တုန်လာပါ သည်။ ခြေလက်တွေ အေးစက်လျက် မျက်လုံးတွေပင် ပြာနေ ကာ စာအိတ်ကြီးကိုင်ပြီး အတောင့်သား ရပ်နေမိသည်။

"ဘယ်ကစာလဲ အကြြင်"

အိမ်တံခါးဝနဲ့ ပေနှစ်ဆယ်သာသာလောက်သာ ထေ သောနေရာမှာ ရှိနေသည့် ညဦးက လှမ်းမေးနေပြီမို့ ထိပ်ထား ကြင်သည် ဘာဖြေရမလဲ မသိပဲ ယောက်ယက်တွေ ခတ်နေမိပြီး လျှင် ...





"ဟို ... မ ... မသိဘူး မောင်ရဲ့"

"လာလေ ... အကြြင်၊ ပြပါဦး"

ထိပ်ထားကြင်သည် စာအိတ်ကြီးကို ဖွက်လို့လည်း မရ၊ ခုမှကျွေ့ရှောင်သွားတော့ဖို့လည်း မဖြစ်၊ ရင်တွေ တဒိတ်ဒိတ် တုန်လှုပ်ကာ စာအိတ်ကြီးကို မောင့်အနား ယူလျှောက်လာသည်။ အနားရောက်သည်နှင့် ညဦးက ထိပ်ထားကြင် လက်ထဲမှ စာအိတ် ကို ဖျတ်ခနဲ လှသလိုကို ဆွဲယူကာ ...

"ဟာ ... မိုးဦးဆွေစာပေတဲ့၊ ဟာ ... အကြြင် ... ဟား"

ညဦးသည် စာအိတ်ပေါ်က လိပ်မူထားသည့်အမည် ကိုပင် မဖတ်တော့ပဲ စာအိတ်ရဲ့လိုဂိုတံဆိပ်တွေ စာပေတိုက်အမည် တွေ တွေ့သည်နှင့်ပင် ဝမ်းသာအားရ ခုန်ပေါက်တော့မလိုဖြစ် ကာ စာအိတ်ကို ဗြိခနဲနေအောင် ထောင့်မှဆွဲဆုတ်ဖွင့်လိုက်သည်။

ထိပ်ထားကြင်ကတော့ ကြောင်တက်တက် ရင်ခုန် ခုန်နှင့် ငေးကြောင်နေမိပါသည်။

"မိုးဦးဆွေတဲ့၊ မောင့်ပထမစာမူကို မောင် ကော်ပီလေးခု တောင် ပွားရိုက်ပြီး တိုက်လေးတိုက်ကို တစ်ပြိုင်နက်ထဲ ဖတ်ထားတယ် အကြြင်ရဲ့၊ ဟောဒီ မိုးဦးဆွေစာပေလည်း ပါတယ်ကွ ... အဟား"



www.burmeseclassic.com

www.burmeseclassic.com



ညဦးရဲ့သဏ္ဌာန်မှာ အကြီးအကျယ် စိတ်လှုပ်ရှားနေပါသည်။ စာမူပေးဖတ်ထားအပြီး တစ်ဖက်က မထုတ်ဝေချင်ဘူး၊ စိတ်မဝင်စားဘူးဆိုလျှင် အားနာသောအားဖြင့် စာနှင့်လည်း မဆက်သွယ်၊ ဖုန်းလည်းမဆက်၊ ဘာအကြောင်းမှ ကြားမနေပဲ ဒီအတိုင်း ထားလိုက်တတ်တာဗင်။

ကိုယ့်ဘက်က တကူးတက ဆက်သွယ်မေးယူမှပဲ အငြင်းစကားကို အားနာပါးနာ ပြောလိုက်လေ့ရှိတာမျိုးပါ။ ခုလို စ,ဆက်သွယ်လာသည် ဆိုကတည်းက မျှော်လင့်စရာလေး ရှိနေ၍ ညဦး ဒီလောက်တောင် စိတ်လှုပ်ရှားနေတာ။

ထိပ်ထားကြင်က တောင့်တောင့်လေးရပ်ကာ ညဦးကို ရင်တဒိတ်ဒိတ်တုန်လျက် ငေးကြည့်နေဆဲ ညဦးက စာရွက်ကို ဆွဲထုတ်ဖြန့်ဖတ်လိုက်ပါသည်။ စာရွက်မှာလည်း ထိပ်စည်းမှာ စာပေတိုက်ရဲ့အမည်၊ လိုဂိုနှင့် လိပ်စာကို ရိုက်နှိပ်ထားပါသည်။

"ဆံရာမ ကြင်နှာ ခင်ဗျား၊ ဟင် … ဘာကြီးလဲ၊ ဘယ်က စာကြီးလဲ"

ညဦး အသံထွက်ဖတ်လိုက်သံကြောင့် ထိပ်ထားကြင်သည် ရင်ထဲက နှလုံးသားလည်ချောင်းဝ ခုန်ပေါက်ရောက်ရှိကာ တစ်ဆို့သွားသလို ခံစားရရင်း ထစ်အအနှင့် …





"ဘာ …? ဘာတဲ့လဲ မောင်"

"စာမှားရောက်တာကြီးလေ၊ ဘယ်လိုဖြစ်တာလဲ၊ လိပ်စာတော့ မှန်နေပြီးတော့"

"အောက်မှာ ဘာရေးထားတာလဲ မောင်"

"ကျွန်တော်များ မိုးဦးဆွေစာပေသည် တဲ့၊ ချစ်မိတ်ဆွေစာပေနှင့် ညီနောင်စာပေ ဖြစ်ပါသည်တဲ့၊ ချစ်မိတ်ဆွေစာပေသို့ ပေးပို့ရောက်ရှိထားသော ဆရာမ၏ လုံးချင်းဝတ္ထုများကို ဖတ်ရှုနှစ်သက်ပါသည်တဲ့၊ ချစ်မိတ်ဆွေစာပေမှ ခေတ်ပေါ်လုံးချင်းဝတ္ထုလိုင်း ကလောင်သစ် ထုတ်ဝေရန် အစီအစဉ် မရှိပဲ ကျွန်တော်များ မိုးဦးဆွေစာပေမှ ကလောင်သစ်စာရေးဆရာမများ၏ လုံးချင်းဝတ္ထုများကို ထုတ်ဝေသွားရန် အစီအစဉ် ရှိပါသည် … တဲ့ …

ဆရာမ၏ 'အဖွဲ့နှံ'ဝတ္ထုမှ အစပြု၍ ဖတ်ရှုပြီးသော လုံးချင်းဝတ္ထု ခုနစ်အုပ်လုံးကို ဆက်တိုက်ထုတ်ဝေသွားလိုသည့်ဆန္ဒ ရှိသည့်အပြင် အရှိန်အဟုန်ဖြင့် အဆက်မပြတ် ထုတ်ဝေနိုင်ရန် စာမူသစ်များကိုလည်း ထပ်မံအလိုရှိပါသည် တဲ့ …

ထုတ်ဝေရန် ကိစ္စအဝဝကို ဆွေးနွေးညှိနှိုင်းရန်အတွက် ဆရာမထံ လာရောက်တွေ့ဆုံလိုပါသည်။ တွေ့ဆုံ



www.burmeseclassic.com

www.burmeseclassic.com



ဆွေးနွေးနိုင်မည့် နေ့ရက်နှင့် အချိန်ကို ကျွန်တော်များ စာပေတိုက်သို့ ဆက်သွယ်အကြောင်းကြားပေးပါရန် ဖြစ်ပါသည်ခင်ဗျားတဲ့ ...

လေးစားစွာဖြင့် ... တဲ့၊ ကိုမိုးဦး၊ မိုးဦးဆွေစာပေ၊ အမှတ်(--) (--)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့၊ တယ်လီဖုန်းအမှတ် -------"

ထိပ်ထားကြင်သည် သူရပ်နေရာအနီးမှ ခန်းဆီးစရှည်ကို မယောင်ယမ်းဆွဲယူ အားပြုမိကာ ယိုင်ချင်သလိုရှိသော ကိုယ်ကိုထိန်း၍ ခန်းဆီးစကို လက်ထဲဆုပ်ချေနေမိသည်။

မယုံနိုင်လောက်အောင်ဖြစ်ကာ ရင်ထဲ မောဟိုက်မူးမိုက်လို့ပင် လာပါသည်။ ဆရာမကြင်နာတဲ့။ အတ္တနှံ့တဲ့။ သေချာသည်။ ထိပ်ထားကြင် အတွက် ရေးလိုက်တဲ့စာ ဆိုတာ သေချာပါပြီ။ ချွေစင် ပေးဖတ်ထားသည့် သူ့မိတ်ဆွေ စာအုပ်တိုက်နှစ်ခုထဲမှာ "ချစ်မိတ်ဆွေစာပေ"ဆိုတာ ပါပါသည်။

ချစ်မိတ်ဆွေက ခေတ်ပေါ်လုံးချင်းဝတ္ထုလိုင်; ထုတ်ဝေရန် အစီအစဉ်မရှိ၍ မိုးဦးဆွေစာပေက ယူဖတ်ပြီး ထုတ်ဝေဖို့ ကမ်းလှမ်းခြင်းပေပဲ။

"တခြားစာရေးဆရာမဆီ ရေးတဲ့စာပဲ၊ ဒါပေမဲ့ လိပ်စာက ..."





ညဦးက မကျေမနပ် ရှုံ့မဲ့ရေရွတ်ရင်း ခုမှပဲ စာအိတ်ညိုဝါဝါကြီးရဲ့ မျက်နှာစာကို လှန်ဖတ်ကြည့်လိုက်ပါသည်။

"ဟင် ... ဒေါ်ထိပ်ထားကြင်တဲ့"

ခုမှ ညဦးက ဗိုပြီးအံ့ဩကာ ...

"စာအိတ်ပေါ်မှာ ဘာဖြစ်လို့ အကြင့်နာမည်ကြီး ဖြစ်နေရတာလဲ"

မေးရင်း ထိပ်ထားကြင်ကို မော့ကြည့်လိုက်ပါသည်။ မတ်တတ်ရပ်ရင်း ဝမ်းသာခြင်း အံ့အားသင့်ခြင်း တုန်လှုပ်ခြင်း လှိုက်ဖိုမှုကြီး ဘွားဘွားပေါ်သွား၍ ညဦးကို မျက်နှာမှုရှက်ရွံ့ခြင်း ... စတဲ့ ခံစားချက် အမျိုးမျိုးက ထိပ်ထားကြင် မျက်နှာပေါ်တွင် ရောနှောနေကာ မျက်နှာကလေး တစ်ခုလုံးလည်း နီရွေးရွေးလေး ဖြစ်နေပါသည်။

"အကြင်"

ညဦးက တအံ့တဩ ခေါ်မိလျှင် ...

"အကြင် ... အကြင် ... ဟိုလေ ... မောင်"

"အကြင်နဲ့ ဒီစာရေးဆရာမ ကြင်နာ ဆိုတာ ဘယ်လိုပတ်သက်နေလဲ"

"ဟို ... ဟို ...၊ အဲဒါ ... အဲဒါ ... အကြင်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



ညဦးမှာ ရုတ်တရက် အကြီးအကျယ် အုံအားသင့်ခြင်းနှင့် ကြက်သေ ဇ်သွားပြီးမှ မယုံနိုင်သောလေသံတိုးတိုးနှင့် ...

"ဘယ်လို"

"ဟို ... ကြင်မှာ ဆိုတာ အကြင်ပဲ မောင်ရဲ့၊ အကြင် ... အကြင်လေ ... အဲဒီကို ဝတ္ထုစာမူတွေ ပို့ ... ပို့ထားတာ"

"အကြင်က စာရေးဆရာမ !၊ အကြင်က စာရေးတယ် !"

ထိပ်ထားကြင်သည် ညဦးကို မရဲမဝံ့ ကြည့်ကာ ခေါင်းကို အသာညိတ်ပြလိုက်ပါသည်။ ညဦး၌ ဖြစ်သွားသော ခံစားချက်ကို ထိပ်ထားကြင် နားလည်ပါသည်။ သူ့ ပေးပို့ထားသည့် စာအုပ်ကို ထုတ်ဝေဖို့ လက်ခံအကြောင်းကြားသည့်စာရယ်လို့ မျှော်လင့်ထားရာက သူ လုံးဝမသိရပဲ စာရေးနေသော သူ့မိန်းမရဲ့စာအုပ်ကို ထုတ်ဝေဖို့ ကမ်းလှမ်းတဲ့စာ ဖြစ်နေတဲ့အခါ စိတ်ထဲမှာ ဗီလင်အောက်သွားတော့တာမျိုး။

ထိပ်ထားကြင် စာရေးနေမှန်း သူ ကြိုသိထားရလျှင် မောင်ဟာလည်း မျှဝေဂုဏ်ယူမည့်သူရယ်လို့ အကြင် နားလည်ပါသည်။ ခုတော့ ခုနကပဲ အကြင့်ကို စာစမ်းရေးဖို့ တိုက်တွန်းပြီး သူကိုယ်တိုင် ပြင်ဆင်တည်းဖြတ်ပေးမှာပေါ့လို့ အားပေးနေခဲ့တဲ့





မောင်ဟာ ခုတော့ အကြင်က သူ့ကို ပြန်အားပေးရမဲ့ဘဝမျိုးကို ပြောင်းပြန်လှန်လိုက်သလို ရောက်သွား၍ ဘာမှမပြောနိုင်တော့အောင် ခြေကုန်လက်ပန်း ကျသွားတဲ့ပုံစံ ဖြစ်နေပါသည်။

"မောင်"

"........."

"မောင်"

"နေ ... နေစမ်းပါဦး၊ မင်းက ဘယ်တုန်းက စာရေးနေခဲ့တာလဲ"

"ဟိုတုန်းကတည်းက ... တက္ကသိုလ်ကတည်းကပါ"

"ကြာလှပြီပေါ့"

"ဟုတ်တယ် မောင်၊ ဒါပေမဲ့ ကျောင်းတုန်းက ကဗျာလေးနှစ်ပုဒ်၊ ခုနောက်ပိုင်းက ဝတ္ထုတိုလေးနှစ်ပုဒ် ဒါပဲပါဖူးပါသေးတယ်"

"ဩော် ... မဂ္ဂဇင်းထဲတောင် ပါဖူးတယ်"

"ဟုတ်"

"အဲဒါ ဘာဖြစ်လို့ မင်းက မပြောပဲ လျှို့ဝှက်ထားရတာလဲ"

"အကြင် ရှက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... ရှက်လို့ ... !"

ညဦး မျက်နှာက ညှိမှုန်နေပါသည်။

"ရှက်စရာမှ မဟုတ်တာ၊ အကြင်က ဘာလို့ မောင့်ကို မပြောပဲ လျှို့ဝှက်ထားရတာလဲ"

ထိပ်ထားကြင်က အနည်းငယ်ဆတ်ချင်သော ညဦးရဲ့လေသံကြောင့် မျက်လွှာလေးပင့်ကြည့်ရင်း ...

"မောင်လည်း ဒီလိုပဲ လျှို့ဝှက်ထားခဲ့တာပဲ မဟုတ်လား"

"ဘယ်မှာ လျှို့ဝှက်လို့လဲ၊ မောင် ဖွင့်ပြောထားတာ ကြာလှပြီ၊ အကြင်လည်း ဒီလိုပဲ ဖွင့်ပြောလို့ ရတာပဲ"

"မောင် ဖွင့်ပြောထားတာ မဟုတ်ပါဘူး၊ ရွှေစင်နဲ့ တိုက်ရိုက်တည့်တည့်တိုးလို့ လူသိသွားတာပါ"

"ဒါပေမဲ့ ဘာပဲဖြစ်ဖြစ်ပေါ့ကွ၊ အဲဒီတုန်းက မင်းလည်းပြောလို့ရတာပဲ"

"အကြင် ရှက်လို့ပါ မောင့်ရာ၊ အဲဒီတုန်းကတည်းက မောင်က ဝတ္ထုတို ငါးပုဒ်လောက် ပါဖူးနေပြီ၊ အကြင်က နှစ်ပုဒ်ထဲပါဖူးသေးတော့ ရှက်တာပေါ့"

"မင်း အဲဒါ မောင့်ကို ပြိုင်တဲ့သဘောပေါ့"

"ပြိုင်တာတော့ ဘယ်ဟုတ်မလဲ"





"ပြိုင်တာပေါ့ကွ၊ မောင့်လောက် မပါသေးခင် မပြောသေးဘူးဆိုပြီး ဖုံးထားတာ ပြိုင်တာပေါ့၊ ဒီကြားထဲ လုံးချင်းတွေကြိတ်ရေးပြီး ခုလို အခြေအနေမျိုးကြီးတစ်ခုကိုရမှ ဖွင့်ပြောမယ်ပေါ့၊ သဘောကတော့ မင်းက မောင့်ထက်သာမှ ဖွင့်ပြောမယ်ဆိုတဲ့ သဘောပဲလေ"

"မဆိုင်ပါဘူး မောင်ရာ၊ မောင့်ဘက်က ကိစ္စက သူ့ဟာသူ ပေါ်သွားတာ၊ အကြင်ကကျတော့ ကိုယ့်ဟာကိုယ် စ,ဖွင့်ပြောရမှာ ရှက်လို့ ဖွင့်မပြောပဲ ထားတာ ...

ဒီအခြေအနေမျိုး ဆိုတာကလည်း အိပ်မက်တောင် မက်ထားတာ မဟုတ်ဘူး၊ စိတ်ကူးတွေသာ မရဲတရဲ ယဉ်ဖူးတာပါ၊ လုံးချင်းတွေကလည်း ဟိုးအရင်ကတည်းက ရေးနေတာ ကြာလှပြီ၊ အခု ဒီကြားထဲကျမှ ရေးတာမဟုတ်ဘူး"

"ဘယ်တုန်းက ရေးတာက အရေးမကြီးပါဘူး"

"အရေးကြီးတာပေါ့၊ ဒီကြားထဲ ဒီနောက်ပိုင်းမှ ရေးတာဆိုရင် မောင်က မောင်ဘာသာမြန်လုံးချင်းရေးလို့ လိုက်ပြိုင်ပြီး ရေးတယ်လို့ ပြောနေဦးမယ်"

ညဦးသည် မျက်မှုံးတွန့်တွန့်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အကြင် မောင့်ကို ပြိုင်တာတော့ ပြိုင်တာပဲ မဟုတ်လား"

"မပြိုင်ဘူး၊ ဘာဖြစ်လို့ ပြိုင်ရမှာလဲ၊ မောင့်ကိုပြိုင်ဖို့ အကြင် စာရေးတာလည်း မဟုတ်ဘူး၊ ဟိုးငယ်ငယ်လေး အရွယ်ရောက်ကာစကတည်းက ဝါသနာကြီးလာတာ အကြင် ယူလိုက်တဲ့ယောက်ျားက ဒီလိုပဲ ဝါသနာတူပြီး ဒီလိုပဲ စာတွေရေးနေတဲ့သူ ဖြစ်နေတာကတော့ ကုသိုလ်ကံ ပဲ"

ညဦးသည် ဘာကိုမှန်းမသိ လုံးဝတော့ မကျေမနပ် ဖြစ်နေတာ အမှန်ပင်။ ရှက်သလို အောက်သလို ခံစားနေရတာ လည်း အမှန်ပင်။ သို့သော် သူသည် ပညာတတ်တစ်ယောက်ဖြစ် ၍ သူ့ခံစားချက်တွေကို သေးသိမ်တဲ့သဘော၊ အောက်တန်းကျတဲ့ သဘောမျိုးရောက်မှာတော့ ရှက်တတ်သည်။

ဤသို့မဖြစ်ချင်၍သာ စိတ်ကို ထိန်းသိမ်းနေသော်လည်း တကယ်တမ်းမှာ စိတ်ကို ပြောင်းလဲပြုပြင်မရ။ တကယ်ဆို သူ စာရေးနေတာ ပေါ်သွားပြီး သူ ဝန်ခံကတည်းက အကြင်လည်း တစ်ပြိုင်နက် ဝန်ခံသင့်တာပေါ့။ ပြောလိုက်တော့ ဘာဖြစ်သွားမှာ မို့လဲ။





ထိုစဉ်က အကြင် ဖွင့်မပြောတာသည် အနေအထား အားဖြင့် (သူ့လောက် မဂ္ဂဇင်းတွေထဲ မပါဝင်သေးပဲ) သူ့ထက် နိမ့်နေလို့။ ဒီကြားထဲ သူ့ထက်သာအောင် ကြိုးစားလိုက်ပြီးမှ သာမှ အသိခံတဲ့သဘော။ အဲသလိုသာ သူက ယူဆသည်။ အကြင် ဘယ်လိုငြင်းငြင်း ဒါ သူ့ကို အကြင် ပြိုင်ဆိုင်တာလို့ပဲ ..င်ထဲ ခံစားနေရပါသည်။

ပြီးတော့ ... စိတ်ပုပ်ခြင်းလို့သာ အမည်တပ်ရတော့ လား မသိနိုင်တဲ့ မနာလိုစိတ်တစ်မျိုးကိုလည်း သူ့ရင်ထဲမှာ သူ ဘယ်လိုမှ ချိုးနှိမ်လို့မရပါ။ သူလည်း စာအုပ်တိုက်တွေကို ပေး ..တ်ထားပြီ၊ အကြင်လည်း ပေးဖတ်ထားခဲ့သည် ဆိုကဲ့အခါမှာ အကြင့် စာအုပ်တွေကို ထုတ်ဝေသူက ထုတ်ဖို့ရွေးချယ်စဉ်းစား သည်။ သူ့မှာတော့ ဤသို့ အခွင့်အရေး မရ။

"မောင်က တကယ်ပဲ၊ ကလေးကျနေတာပဲ၊ အကြင့်မှာ ကိုယ့်စာအုပ်ထုတ်မဲ့သူ ပေါ်လာတဲ့အရေးကို မပျော်ရွှင်ရပဲ သူ အပြစ်တင်တာကိုပဲ ခံနေရတယ်၊ သူ့ပြန်တောင်းပန် နေရတယ်၊ ခုလိုဖြစ်လာတာတော့ သူ့ကုသိုလ်ကံနဲ့သူပဲ မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... မင်းက မောင့်ကို စိတ်ပုပ်တယ် မနာလိုတယ်ဆိုချင်တာလား"

"မောင်က အခု မနာလိုဖြစ်နေလို့လား"

"ဘာမှဖြစ်စရာ မရှိဘူး၊ မောင့်ဘက်ကတော့ အကြွင့်ကို တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေး အားလုံး အသိပေးရက်နဲ့ အကြွင့်ဘက်ကျတော့ အကြွင် ဖုံးဖိပြီး ကျိတ်လှုပ်ရှားနေတာကို မကျေနပ်တာ"

"မောင့်ဘက်ကလည်း အကြွင့်ကို တိုင်တိုင်ပင်ပင် ဆွေးဆွေးနွေးနွေး အသိပေးတာကို မဟုတ်ဘူး၊ အကြွင့် သူငယ်ချင်း ဘွားခနဲ သိသွားလို့ မောင် ချော်လဲ ရောထိုင်လိုက်တာ၊ ရွှေစင် မတွေ့ရင် မောင်လည်း ခုထိ ဖုံးထားမှာပဲလေ"

"မဖြစ်ခဲ့တာကို မှန်းခြေနဲ့ ရမ်းပြောမနေစမ်းပါနဲ့"

"ရမ်းပြောတာ မဟုတ်ဘူး၊ အဟုတ်ကို ပြောနေတာ"

ထိပ်ထားကြွင်သည်လည်း ပြောရင်း ပြောရင်းက တဖြည်းဖြည်း စိတ်ထဲ နိုးလိုးခုလုနှင့် စိတ်တိုချင်လာသည်။ မောင်ဟာ အကြွင့်အတွက် အကြီးအကျယ် ဝမ်းမြောက်ဂုဏ်ယူလောက်တဲ့ အောင်မြင်မှုလမ်းစ အခွင့်အရေးကြီးတစ်ခု ရတာကို





အကြွင်နဲ့ထပ်တူ လိုက်မပျော်နိုင်ပါလား၊ အကြွင့်ကို မနာလိုနေတာပါလားဟုပင် စိတ်ကခံစားသိရှိလာရသည်။

ကိုယ့်တုန်းကတော့ သူ့ကို ဘေးကနေ စာမူတွေ ဝိုင်းဖတ်ပေး၊ သူ စာရေးဖို့အတွက် လက်ဖက်သုပ်ပေး၊ ရေနွေးကြမ်းလုပ်ပေး စသဖြင့် အားတက်သရော ကူညီခဲ့ရသည်။

"အခုက ချစ်မိတ်ဆွေစာပေကို မင်းက သွားဆက်သွယ်ခဲ့တာလား"

"မဟုတ်ဘူး၊ အဲဒီစာပေက ရွှေစင်နဲ့ ခင်လို့ ရွှေစင်က ဖတ်ကြည့်ပေးပါဆိုပြီး သွားပို့ထားပေးတာ"

"ရွှေစင် !"

"အင်း"

"ဘယ်နှအုပ်လဲ"

"ခုနစ်အုပ်"

"ခုနစ်အုပ်တောင် ရေးပြီးပြီ ဟုတ်လား"

"ဟုတ်တယ်၊ အကြွင့် စာမူတွေက မောင့်စာမူကြီးတွေလို အထူကြီးတွေလည်း မဟုတ်ဘူး၊ အဲဒီခုနစ်အုပ်အပြင် နောက်ထပ်တောင် ရေးနေသေးတယ်"

"အား ... ဖန်တီးနိုင်လှချည်လားကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အကြင်က အကြင် စိတ်ကူးယဉ်နိုင်ရင် ယဉ်နိုင်သလို ကိုယ့်ခေါင်းထဲက ထွက်တာတွေ ကိုယ်လက်တန်းရေးရတာ ကိုး။ တစ်ထိုင်တည်းနဲ့ တောက်လျှောက် မရပ်မနား အရှက်နစ်ဆယ် အစိတ် ရေးနိုင်တာ၊ မောင်ကကျတော့ မှုရင်းရှိပြီးသား စာမူတစ်ခုကို သူ့အာဘော်မပျက်၊ သူ့ဇာတ်လမ်းစဉ်မပျက်၊ လုံးစေ့ပတ်စေ့ မြန်မာလို ပြန်နေရတာကိုး၊ ပြီးတော့ ဝတ္ထုတွေက အရှည်ကြီးတွေ အထူကြီးတွေ ကြာတာပေါ့"

ညဦးသည် သူ့ဟာနှင့်သူပင် သတိမထားမိပဲ ခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းခါနေမိပါသည်။ ဘာတွေ ရုတ်တရက် ထဖြစ်ကုန်တာလဲ။ သူစာရေးဆရာဖြစ်ဖို့ ကြိုးပမ်းနေဆဲ အကြင်က ကောက်ကာငင်ကာ စာရေးဆရာ ထ,ဖြစ်တော့မည်။

"မောင် ဘာလို့ ခေါင်းခါတာလဲ"

"ဪ ... ခေါင်းခါတာပဲကွာ၊ ဒီလိုပဲ ခါမိတာပေါ့"

"အကြင့်ကို စာရေးဆရာမ မဖြစ်စေချင်တဲ့ သဘောလား"

"ဟာ ... ကျွတ် ... ဘာဆိုင်လဲကွာ"

ညဦးက လက်ထဲကစာအိတ်ကို စားပွဲပေါ် ပစ်ချလိုက်၍ ထိပ်ထားကြင်က ကောက်ယူလိုက်သည်။





"ဪ ... စာရေးဆရာမကြီး ... စာရေးဆရာမကြီး၊ ဒါနဲ့များတောင် ခုန မောင်က စာရေးပါလားဆိုတော့ ဟင့်အင်းလေး ဘာလေးနဲ့၊ မင်း မောင့်အပေါ် မရိုးသားဘူး ကွာ"

"အကြင် ဖွင့်ပြောဖို့ မဆုံးဖြတ်ရသေးလို့ပါ၊ မောင့်ကို မရိုးသားတဲ့သဘောလည်း မဟုတ်ဘူး၊ အခုလည်း ဒီစာ ရောက်လာလို့သာ၊ ရောက်မလာရင် အကြင် ဖွင့်ပြောဖြစ်ဖို့ အရမ်းအားတင်းရမှာ၊ ကိုယ်က ကိုယ့်ကိုယ်ကိုယ် စာရေးတယ်၊ ဘာညာ ကြော်ငြာထားပြီး ဘာမှဖြစ်မလာမှာကို ရှက်တယ်"

"အခု မောင့်လိုပေါ့၊ မောင့်ကို ပြောတာပေါ့"

"မောင့်ကို လုံးဝမပြောပါဘူး၊ အဲဒါကို မဆိုလိုဘူး၊ မောင်ကလည်း ဒုက္ခပဲ၊ အကြင့်မှာ ပျော်ရမှာကို မပျော်ရပဲ စိတ်ညစ်လာပြီ"

"အဲဒါ ... အကြင် လုပ်တာပဲလေ"

ညဦးက ထ,ရပ်ကာ အိပ်ခန်းထဲထိ တောက်လျှောက် တက်သွားပါသည်။ ထိပ်ထားကြင် နောက်က လိုက်သွားလျှင် ရှုပ်အကျီထပ်ဖွပ်နေတာကို တွေ့ရတာမို့ ...



www.burmeseclassic.com

www.burmeseclassic.com



"မောင် ဘယ်လဲ"

"ကျူရှင်ဘက် ခဏသွားလိုက်ဦးမယ်၊ လက်ဖက်ရည်ဆိုင်လေး ဘာလေး ထိုင်လိုက်ဦးမယ်"

"အို ... နေလည်းမကောင်းပဲနဲ့၊ တစ်နေကုန်နားပါလို့ ပြောထားတာ"

"အဖျားလည်း မရှိတော့ပါဘူးကွာ၊ ခဏပါ အကြင်ရာ ကိုယ့်မိန်းမ ရုတ်တရက် စာရေးဆရာမ ဖြစ်နေတဲ့အကြောင်းလည်း သူငယ်ချင်းတွေကို တအံ့တသြ ပြောပြရဦးမယ်"

"ဟာ ... မောင် လျှောက်မပြောနဲ့ဦးကွာ၊ ဘာမှမသေချာပဲနဲ့"

"သေချာနေပါပြီ၊ မောင်သာ ဘာမှ မသေချာသေးတာ မင်းက စာရေးဆရာမ ကြွင်နာ ဖြစ်သွားပါပြီ"

ညဦးက ပြုံးမဲ့မဲ့လေး ဆိုသည်။

ဖဖဖ





## ၉

ထိပ်ထားကြင်သည် မိုးဦးဆွေစာပေနှင့် ဆက်သွယ်ရက်ချိန်းပြီးပြီမို့ ရင်တွေ တဒိတ်ဒိတ် ခုန်နေပါသည်။ ဒီရက်တွေအတွင်း ရှိုတစ်ဝက် ခါးတစ်ဝက် ရှိနေတဲ့ ညဦးကိုလည်း မျက်နှာကို အရိပ်တကြည့်ကြည့် ချော့မော့နေရပါသေးသည်။

နေရင်းထိုင်ရင်း ထိပ်ထားကြင်မှာ ခင်ပွန်းသည်ဖြစ်သူကို အားပဲနာသလိုလို၊ မျက်နှာပဲ ပူသလိုလို၊ ကိုယ်ကပဲ တစ်ကိုယ်ကောင်းဆန် အပြစ်ရှိနေသလို ဖြစ်နေကာ ကိုယ်ပြောဆိုပြုမူတဲ့အထဲ သူ့ကို ထိခိုက်စရာ စိတ်မကောင်းစရာ ပါသွားမှာကို အထူးဆင်ခြင်နေရသည်မှာ ကျဉ်းကျပ်ပါဘိတော့။

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း"

"မိုးဦးဆွေစာပေကို နက်ဖြန်မနက် ချိန်းထားတယ် သိလား"

"အင်း ... အင်း"

"ညဘက်ဆိုတော့ ကောင်းပါ့မလားလို့လေ၊ မနက်ပိုင်း ... တော့ ပိုလည်းမင်္ဂလာရှိတယ်လို့ ထင်တယ်"

"အင်းပေါ့ ... မနက်ပိုင်း ကောင်းပါတယ်"

"အဲဒါ ... မောင်လည်း ကူညီဆွေးနွေးပေးဦးနော်"

"အာ"

မနစ်မမြို့ အော်လိုက်တဲ့ ညဦးရဲ့ အသံကြီးကြောင့် ထိပ်ထားကြင်မှာ တုန်တက်မတတ်ပင် ဖြစ်ရသည်။

"အာ ... မောင် မနေပါဘူး၊ မောင် ဝင်မပါဘူး၊ ဘာဆို ... လို့လဲ ... အကြင်ကလည်း"

"ဟင် ... မောင်က အကြင့်ယောက်ျားလေ"

"ယောက်ျားတော့ ယောက်ျားလေ၊ ဒါပေမဲ့ စာရေးဆရာ ... က အကြင်ပဲ၊ အကြင်နဲ့ပဲ ဆွေးနွေးရမှာပေါ့"

"ဒါပေမဲ့ မောင်ပါတော့ အကြင် အားရှိတယ်လေ၊ အကြင် ... ဒါမျိုးတွေလည်း ပြောဖူး ဆိုဖူးတာမှ မဟုတ်တာ၊ အကြင် ... စီးပွားရေးစကားပဲ ပြောတတ် ညှိတတ်တယ်၊ လူမှုရေး ...





လောကရေးကျတော့ မောင်ကမှ နားလည်တာ၊ သူတို့ဘက်က ဘာပြောရင် အကြင် ဘာပြန်ပြောရမယ်ဆိုတာ မသိဘူး မောင်ရဲ့"

"ဒါတော့ကွာ၊ ဦးနောက်လေး အသိဉာဏ်လေးနဲ့ပဲ စဉ်းစားချင့်ချိန် ပြောရမှာပေါ့။ သူတို့ ဘာပြောလာရင် ဘာပြန်ပြောရမယ် ဆိုတာမျိုး မောင်ကကော ဘယ်ကြိုသိပါ့မလဲ၊ ပြောရင်း ဆိုရင်းမှ စကားတွေအပေါ် ကြည့်ရှုဝေဖန်ဆုံးဖြတ်ရမှာမျိုးပဲဟာ"

"အကြင် မဆုံးဖြတ်တတ်ဘူး"

"မင်းကလည်းကွာ၊ ဝတ္ထုစာအုပ် ရေးရတာလောက် မခက်ပါဘူး စာရေးဆရာမကြီးရာ"

ထိပ်ထားကြင်သည် စိတ်တိုဝမ်းနည်းကာ ...

"မောင် အကြင့်ကို စာရေးဆရာမကြီး စာရေးဆရာမကြီးနဲ့ ရွဲ့မခေါ်ပါနဲ့"

"ဟာ ... မင်းက စာရေးဆရာမကြီးပဲ မဟုတ်လား"

"ခုမှ စ,ရေးကာ ကြိုးကာရှိသေးတယ်၊ မောင်က ဂုဏ်ယူပြီးခေါ်တဲ့ လေသံလည်း မဟုတ်ဘူး၊ အကြင် သိတယ်၊ မောင် တမင်အောင့်သက်သက်နဲ့ ရွဲ့ခေါ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကို မောင်က အောင့်သက်သက် ဖြစ်ရမှာလဲ"

မောင် စာရေးဆရာကြီး မဖြစ်ရလို့ပေါ့လို့ ပက်ခနဲ ရန်စွာလိုက်ချင်သော်လည်း ထိပ်ထားကြင် အောင့်အည်းလိုက်ရပါသည်။

"ကဲပါ မောင်ရယ်၊ နက်ဖြန် အကြောင်နဲ့အတူ ရှိပေးပါ၊ သူတို့နဲ့ စကားပြောတုန်း ဘေးက မားမားရပ်ပေးပါ"

"အမယ်လေးကွာ၊ စာစရေးတုန်းကလည်း ကိုယ့်စိတ်ကိုယ် သဘောနဲ့ စ,ရေးခဲ့တာပဲ မဟုတ်လား၊ မောင့်ကို တိုင်ပင်ခဲ့တာမှ မဟုတ်တာ၊ ခုလည်း ကိုယ့်သဘောနဲ့ကိုယ်ပဲ ပြောဆိုပေါ့"

"ဒါတော့ မောင်ကော မောင် စာစ,ရေးတာကို တိုင်ပင်ခဲ့လို့လား"

"ကျွတ် ... ကွေ့ပတ်ပြီး ဝက်ပါလို ဖြစ်နေပြီ၊ မောင်မတိုင်ပင်ခဲ့ဘူး ဟုတ်တယ်၊ အခု မောင် မင်းကိုလည်း ဘာမှ တောင်းဆိုမနေဘူးလေ၊ မင်းလည်း ကိုယ့်ဟာကိုယ်ရေး ကိုယ့်ဟာကိုယ် မဂ္ဂဇင်းတိုက်ပို့၊ အခု ကိုယ့်ဟာကိုယ် စာမူတွေ သွားပေးဖတ်တဲ့အထိ ကိုယ့်စိတ် ကိုယ့်သဘော ကိုယ့်ဆုံးဖြတ်ချက်နဲ့ပဲ တောက်လျှောက် လုပ်လာခဲ့တာ





မဟုတ်ဘူးလား၊ ခုမှ မောင်လည်းပါပါ ဖြစ်နေတာ အဓိပ္ပာယ်မှ မရှိတာ၊ မောင်မပါလည်း ဘာဖြစ်သလဲ ...

ကိုယ့်သဘော ကိုယ့်အရည်အချင်းနဲ့ ကိုယ်စ,ထားတာပဲ၊ ဒီလမ်းပေါ် ကိုယ့်ဟာကိုယ်ပဲ ဆုံးတဲ့ထိလျှောက်ပါ"

ထိပ်ထားကြင်သည် မခံနိုင် မရပ်နိုင် မျက်ရည်လည်ကာ ...

"မောင်က ထိပ်ထားကြင်ရဲ့ ယောကျ်ား၊ ထိပ်ထားကြင်ရှေ့က မားမားမတ်မတ် ရပ်ပေးရမဲ့သူ မဟုတ်ဘူးလား၊ ထိပ်ထားကြင်ဟာ ဒီယောကျ်ားကိုပဲ အားကိုးရမှာ မဟုတ်ဘူးလား၊ ကိုယ့်မိန်းမကို ကိုယ်စောင့်ရှောက် ကာကွယ်ရမယ် မဟုတ်ဘူးလား"

"ကျွတ် ... ဘာတွေလာပြောနေတာလဲကွာ၊ အားကိုးတာတွေ စောင့်ရှောက်တာတွေ မားမားမတ်မတ်ရပ်တာ ဘာညာတွေဟာ သဘောတရားထဲမှာပဲ ရှိတာလေ၊ မင်းက ငွေရေးကြေးရေး စီးပွားရေး အစစ အားလုံး မင်းဟာမင်း ဘယ်သူ့မှ အားကိုးအားထား မပြုပဲ ဘာမှမတိုင်ပင်ပဲ စ,လာတာ အခု အောင်မြင်မဲ့ အခန်းကဏ္ဍကိုတောင် ရောက်လာမှ မောင်က ဘာလိုသလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မောင်က မောင့်ကို မတိုင်ပင်ပဲ ဒီအထိ ဖြစ်လာတာ
အပြစ်တင်နေတာလား" .

"ဘာမှ အပြစ်လဲ မတင်ဘူး၊ ဘာမှ မပြောဘူး၊ ကျ
ဒုက္ခပါပဲကွာ၊ မင်း မရစ်နဲ့ အကြင်ရာ"

"မောင် ရစ်တာလေ၊ မောင်ပဲ ရစ်နေတာလေ"

"ဟာ ... ငါ ဘာရစ်လို့လဲ"

တစ်ယောက်နှင့် တစ်ယောက်မှာ ဒေါသသံ
ပါလာရပါပြီ။

"မိန်းမက သူ့ကို အားကိုးပြီး စာပေကိစ္စ စာအုပ်
စကားပြော ဆွေးနွေးတုန်း ဘေးမှာရပ်တည်ပေးပါ ဆို
ကိုတောင် မောင် မကူညီနိုင်ဘူး"

"ဘေးမှာ ရပ်တည်ပြီး ငါက ဘာလုပ်ရမှာလဲ"

"မောင်ရှိနေရင်ပဲ အားရှိတာပဲ့"

"ပြီးတော့လည်း မင်းဟာမင်းပဲ ဆုံးဖြတ်ပြီးစီးသွားမှ
မဟုတ်ဘူးလား၊ သူတို့နဲ့ ထုတ်မှာပဲ မဟုတ်လား"

"ထုတ်တာက ထုတ်မှာပေါ့၊ ဒီကိစ္စမျိုးက အပေးအ
အချုပ်အနှောင်တွေ ရှိသေးတယ်၊ အကြင် စာချုပ် ချု
မှာလား၊ ဘယ်နှအုပ်လောက် ချုပ်ပေးရမလဲ၊ စာမူခ





ပဲ အလကားရေးပေးရမှာလား၊ သူတို့က အလကား ရေး
ပေးဆိုရင် ကိုယ်က ပိုက်ဆံမမက်မောသော်လည်း ကိုယ့်
ဂုဏ်သိက္ခာ ကိုယ့်နာမည် ရပ်တည်မှုအတွက် ပေးသင့်မပေး
သင့်"

ညဦးက ထိပ်ထားကြင်ကို ခါးထောက်ရပ်ကြည့်နေ
ပါသည်။

"မင်း ဒီလောက်တွေတောင် ကြားဖူးနားဝ ရှိထားပြီးသားပဲ၊
ဆုံးဖြတ်လို့ ရနေတာပဲ"

"မောင်က ဘာဖြစ်လို့ ဒီလောက်တောင် ခါးခါးသီးသီး
ငြင်းနေရတာလဲ"

"ဟာ ... ငါ ဒီဝိုင်းထဲ ဝင်ထိုင်မနေချင်လို့ပေါ့ကွ"

ညဦးက အော်လိုက်၍ ထိပ်ထားကြင်လည်း ဒေါပွ
လာပါသည်။

"ဘာလို့မထိုင်ချင်ရတာလဲ၊ အဲဒါ မောင် သက်သက်ကတ်ဖဲ့
တိုက်တာ"

"ငါ့ဟာနဲ့ငါ မထိုင်ချင်ဘူးကွာ၊ အဲ့ဒါဘာဖြစ်လဲ၊ ကတ်ဖဲ့
တိုက်တယ်ဆိုလည်း ဘာဖြစ်လဲ"

"အဲဒါ စိတ်ပုပ်တာ၊ စိတ်ပုပ်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

ညဦးမျက်နှာကြီးမှာ ရဲတောက်ရာမှ ညိုမည်းပုပ်လာ၍ ကြောက်စရာကြီးကောင်းအောင်ကို ခက်ထန်လာပါသည်။

"မောင် အကြင့်ကို မနာလိုနေတာ၊ အကြင် စာရေးဆရာမ ဖြစ်တော့မှာကို မောင် မနာလိုဖြစ်နေတာ၊ မခံစားနိုင်တာ၊ မျှဝေမပျော်နိုင်တာ၊ ပွဲပျက်ရင် ပိုကြိုက်မယ် မဟုတ်လား"

"အကြင် ... မင်း ... မင်း ...၊ မင်း ငါ့ကို စော်ကားတဲ့ စကားမပြောနဲ့နော်၊ ငါ လက်သီးနဲ့ ဆွဲထိုးမိလိမ့်မယ်"

"ထိုးလေ ... ရှင်တောင် လက်သီးနဲ့ ဆွဲထိုးနိုင်ရင် ကျွန်မ ကတော့ ဘာကြောင့် ပန်းအိုးနဲ့ ကောက်မရိုက်နိုင်ရမှာလဲ၊ လူလူချင်း ဗလအားကိုး အသားထိမှာ ခံမဲ့မိန်းမ မထင်နဲ့"

"တောက် ... တော်တော်လူဝါးဝတဲ့ မိန်းမ"

"ရှင် လက်သီးနဲ့ထိုးမှာကျတော့ လူဝါးမဝလို့လား"

"ဒါကို ပြောနေတာ မဟုတ်ဘူး၊ မင်းတို့မိန်းမတွေ စိတ် ဓာတ်တွေကို ဒါကြောင့် အထင်မကြီးတာ၊ နည်းနည်း ကလေး ဟုတ်မယ် မကြံသေးဘူး၊ လက်မထောင်ချင် လူပါးဝချင်၊ ခေါင်းပေါ်တက်ချင်လာပြီလေ၊ ဟော့ ...မင်း ဟာမင်း ဘာကောင်ကြီး ဖြစ်သွားသွား ငါ လုံးဝအထင်မ ကြီးဘူး၊ နားလည်ထား"





"ရှင်မှ မဖြစ်ရတာ၊ ဘယ်အထင်ကြီးပေးမလဲ၊ ရှင်တို့ ယောကျ်ားတွေက ကိုယ်တိုင် လူဟုတ်ဖြစ်ရမှ အထင်ကြီး စရာ သတ်မှတ်တာလေ၊ မိန်းမတွေ ကိုယ့်ထက်ဟုတ်ရင် သာရင် အထင်မကြီးဘူး မဟုတ်လား၊ အတ္တသမား တစ် ကိုယ်ကောင်းစိတ်ထားတွေလေ၊ မနာလိုတတ်တဲ့ မစ္ဆရိယ သမားတွေလေ ..."

ရှင်သာ ခုနေ စာရေးဆရာကြီးလောက်ဖြစ်ရင် ရှင့် မိန်းမ ကျွန်မက ဝမ်းသာအားရ ဂုဏ်ယူနေမှာ၊ မိန်းမက ထ,ဖြစ်တော့ ရှင်ဂုဏ်မယူနိုင်ဘူး၊ ရှင်ကသာ သာချင်တာ၊ မိန်းမကို နည်းနည်းမှ အသာမခံနိုင်ဘူး မဟုတ်လား"

ညဦး မျက်နှာမှာ ကြောက်စရာကြီးနှင့် ...

"မင်းက ဘာများသာနေလို့လဲ၊ မင်း ငါ့ထက်သာတယ်လို့ ဒီနေ့ထိ တစ်ခါမှကို မထင်ဘူး၊ နားလည်လား"

"ရှင်မရတဲ့ အခွင့်အရေး ရလို့လေ"

"အခွင့်အရေးရတာ မင်း တော်လို့မှ မဟုတ်တာ၊ ငါ့သွဲလို့ မှ မဟုတ်တာ၊ ကံသိုလ်ကံပဲ၊ စာရေးဆရာ ဖြစ်ခွင့်ရတိုင်း ဒီလူဟာ စာရေးဆရာ မဖြစ်တဲ့သူထက် သာတယ် တော် တယ်လို့ ဆုံးဖြတ်လို့ ရသလား၊ ပြောစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကိုက ရှင့်ရင်ထဲမှာ မနာလိုခြင်းတွေ ပြင်းထန်နေတာ"

"မင်း ... မင်း တော်တော့နော် အကြင်၊ မင်းတော်ရင်ကောင်းမယ်၊ နာကြည်းစရာတွေ ငါ မဖြစ်ချင်ဘူး"

"နာကြည်းရမှာက ရှင်လား၊ ကျွန်မလား၊ ကျွန်မထားနိုင်သလို ဝမ်းသာဂုဏ်ယူတဲ့ စိတ်ကောင်းမျိုး မထားနိုင်တဲ့ ရှင့်ကိုသာ ကျွန်မက နာကြည်းရမှာရှင့်၊ ရှင်ဖြစ်ရင် ကျွန်မ ဝမ်းသာမှာ၊ ကျွန်မ ဖြစ်တော့ ရှင် ဝမ်းမသာဘူး၊ တကယ်ဆို သူ မဖြစ်ရရှာလေခြင်းဆိုပြီး သနားပြီး ကျွန်မကတောင် လိုက်ပြီး အရိပ်တကြည့်ကြည့် ..."

"ဟော့ ... မင်း ငါ့ကို ဘာမှသနားစရာ မလိုဘူး၊ ငါ့ဘဝက သနားစရာ ဘဝလည်း မဟုတ်ဘူး၊ ဘာမှ စုတ်ပြတ်ပဲ့ရွဲ့မနေဘူး၊ မင်း ကံစွပ်ပြီး အခြေအနေတစ်ခုကိုရတိုင်း ဒီအခြေအနေကို မရတဲ့သူတွေကို သနားစရာ သတ္တဝါမှတ်မနေနဲ့"

"ဒီမှာ ကိုမာနအိုးကြီးရဲ့ ကျွန်မက စိတ်ကောင်းနဲ့သနားတာရှင့်"





"ဘာနဲ့မှ လာမသနားနဲ့၊ ငါ့အနေအထားက ဒီတိုင်း ဒီတိုင်းပဲ၊ မင်း စာရေးဆရာမ ဖြစ်သွားတာနဲ့ ငါက အောက်ကို ပြုတ်ကျနိမ့်ပါးသွားတာ မဟုတ်ဘူး"

"အလကား ... Complex တွေ ဝင်နေတာ"

"ဘာ ! ... Complex ! ဟား ဟား ... ဒီစကားသုံးရလောက်အောင် မင်းက ငါ့ထက် ဘာများ ဘယ်နေရာများ သာနေလို့လဲဟင်၊ ပြောစမ်းပါဦး ထိပ်ထားကြင်ရဲ့"

နှစ်ဦးသားစလုံးမှာ ဒေါသကိုယ်စီနှင့် သူ့စကားကိုယ်နားမဝင်၊ ကိုယ့်စကား သူ နားမဝင်ပါ။ နောက်နေ့တွေ့ဆုံဖို့ကိစ္စကို ရင်ဖိုစိတ်လှုပ်ရှားနေသော ထိပ်ထားကြင်မှာ သူ့အနားနေမပေးဘူးဆိုသည့် ညဦးကို ဘယ်လိုမှ မကြေလည်နိုင်။

တကယ်တမ်းတွင် တစ်ဖက်က တင်ပြတောင်းဆိုချုပ်ကိုင်လာမှာမျိုးတွေထဲက ဘယ်ဟာကို လက်ခံရမည်။ ဘယ်ဟာကို ဘယ်လိုပြန်တောင်းဆိုရမည် ဆိုတာတွေ ထိပ်ထားကြင်တကယ်ပဲ သိပ်နားမလည်။ ဒါတွေက ကြိုတင်တိုင်ပင်ထားလို့လည်း မရ။ တစ်ဖက်က ဘယ်လိုပြောလာသည်ကို ကြားရပြီးမှသာ ကိုယ့်ဘက်က ဆုံးဖြတ်တုံ့ပြန်ရမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်တွေတုန်ကာ စိတ်လှုပ်ရှားနေကာ ထိပ်ထားကြင်မှာ ညဦးကို တကယ်ပဲ အားကိုးအားထားနှင့် ရှိနေဖို့ လိုအပ်မိတာဖြစ်ပါသည်။ တစ်ဖက်က ပြောဆိုလာတဲ့ စကားတွေအပေါ် မောင်က လက်ခံလိုက်ဆိုလျှင် ကောင်းလို့ပဲ ဖြစ်မှာဟု လက်ခံလိုက်မည်။ မောင်က လက်မခံသင့်ဆိုလျှင် နစ်နာစရာရှိလို့ ဖြစ်မှာဟု လက်မခံပဲ နေလိုက်မည်။

မောင် ကူညီဆုံးဖြတ်ပေးသည့်အတိုင်း နာခံလက်ခံမည့် ထိပ်ထားကြင်ပါ။ ဟန်လုပ်ပြီး မကောင်းတတ်လို့ ခေါ်ရတာလည်း မဟုတ်။ သောမှာ ခင်ပွန်းသည် ရပ်တည်နေခြင်းဟာ ကိုယ့်အတွက် အများကြီး အဟန့်ရှိသည်လို့ ယုံကြည်ကိုးစားထားပါသည်။

ကိုယ့်ဘက်က အားကိုးတကြီး ခေါ်တာကို မောင်ကူညီမပေးအူးဟု ယတိပြတ် ငြင်းတာမို့ စိတ်မကောင်းဖြစ်ခြင်း၊ ဝမ်းနည်းခြင်း၊ ဒေါသဖြစ်ခြင်းတွေ ရင်ထဲမှာ ဆူပွက်နေပါတော့သည်။ မောင် စိတ်နုပြီး ထပ်တူမခံစားနိုင်တာလို့ပဲ ရင်ထဲတနုံ့နုံ့နှင့် ကသိကအောက် ဖြစ်လှသည်။

မောင့်ထက် သူက သာသည် တော်သည်လို့လည်း ထိပ်ထားကြင် ပြောလည်းမပြော၊ စိတ်ထဲမှာလည်း ခုချိန်ထိ





လည်း မယူဆ။ မိန်းမက သာမှာကို မလိုလားဘူး မနာလိုဘူးတဲ့ စကားတွေဟာလည်း သူ့ကို ထိုးနှက်မှုသက်သက်သာသည်။ ကိုယ့်ကိုယ်ကိုယ် သာနေပြီထင်လို့ မဟုတ်။

မောင်ဟာ ပညာအရာမှာရော အသိဉာဏ်အရာမှာ ထိပ်ထားကြင်ထက် သာတဲ့လူလို့ ယုံကြည်ခဲ့ပြီးသားပါ။ ကိုယ်က သာချင်းသာ ကသိုလ်ကံသာတာပဲ ရှိမယ်ဆိုတာလည်ပြီးသားပါ။ ဒါပေမဲ့ မောင့်စကားတွေကတော့ ထိပ်ထားကြင် အပေါ် တဆိတ်နိမ့်လှသည်။

“ရှင့်ကို ဒီလိုထင်မထားမိခဲ့တဲ့အတွက် အခုတော့ ဝမ်းလည်းနည်း၊ အံ့လည်းသြမိတယ်”

မျက်ရည်တွေလည်ကာ စိတ်နာနာနှင့် ပြောမိသည်။

“ခက်ပါလား အကြင်၊ ခုငါက ဘယ်လိုများ ဖြစ်နေလို့လဲ၊ ဒီအတိုင်းပဲ၊ ပုံမှန်ပဲ၊ မင်းသာ ပြောင်းလဲခံစားနေတာ”

“မောင်သာ ပြောင်းလဲတာ၊ အကြင် ဘာပြောင်းလဲလို့လဲ”

“မင်းကိုယ်မင်း သိပ်အခြေအနေ ကောင်းသွားပြီ၊ စင်ပေါ်ရောက်သွားပြီလို့ ယူဆလိုက်ပြီးတော့ ဒီအောင်မြင်မှုဟာ ငါ့ကတော့င် မနာလိုဖြစ်ထိုက်တယ်လို့ မင်းဘာသာမင်း ထင်နေတာ၊ အဲဒီအထင်က ငါ့ကို စော်ကား အထင်သေး



www.burmeseclassic.com

www.burmeseclassic.com



ရာကျနေတယ်၊ အဲဒါကို ငါ ခံပြင်းတာကလွဲရင် ငါ ဘာ
မပြောင်းလဲဘူး၊ ဒီတိုင်း ဒီတိုင်းပဲ ... မင်းကသာ ငါ
Complex ဝင်နေတယ်ဆိုတဲ့ စကားမျိုး ထပ်မပြောမိပါ
နဲ့၊ ဒီစကားဟာ လူတစ်ဖက်သားကို ဟိုးအောက်ကို ထိုး
တဲ့စကား၊ ကိုယ့်ကိုယ်ကိုယ် ဘဝင်မြင့်တဲ့စကား"

"ဘာမှ ဘဝင်မမြင့်ဘူး၊ ကျွန်မ ဘာမှလဲ ဟုတ်သေး
မဟုတ်ဘူး၊ ခုမှ စာအုပ်ထုတ်ဖို့ စကားစ,ပြောတော့မယ်
ရှိသေးတာ၊ ဒီလိုပျော်စရာကောင်းတဲ့ အခြေအနေတစ်
ရဖို့ လင်မယား ဒီလောက်ထိ စိတ်ဝမ်းကွဲရမယ် ဆိုတာ
ကြိုသိရင် နဂိုကတည်းက စာမူတွေကို ပေးဖတ်မိ
တောင် ပေးဖတ်မိမယ်"

"အပိုတွေ ပြောမနေစမ်းပါနဲ့ကွာ"

ထိပ်ထားကြင်က နှုတ်ခမ်းလေးကို ဖိကြိတ်ရေ
"မနက်ဖြန် ရှင် တကယ်ပဲ ရှိနေမပေးဘူးပေါ့"

"ဟုတ်တယ်၊ အဲ့လကားဆောင်းမှာ လူပိုကြီး လုပ်ပြီး
မနေချင်ပါဘူး"

"ဒါဖြင့်လည်း ပြီးတာပဲ၊ ရပါတယ် ... ကိုယ့်ဟာ
ဖြစ်အောင် လုပ်ပါ့မယ်"





ထိုစကားကိုလည်း ညဦးက ဝုံကြွားသံကြီးဟု ရင်ထဲ
ခံခနဲ ဖြစ်ရသည်။

"လုပ် ... မင်းဘာသာမင်း လုပ်"

ထိပ်ထားကြင်က ဝမ်းပန်းတနည်း အံလေးကြိတ်
ထားမိပါသည်။

ဓဓဓဓဓ

"တစ်မျိုးကြီးတော့ ဖြစ်တာပေါ့ကွာ၊ အမှန်ပဲကွ"

ညဦးက တင်ထွန်းနိုင်ကို မှုန်ကုပ်ကုပ်ကြည့်ရင်း ...

"ဘာတစ်မျိုးကြီးလဲ"

"ထိပ်ထားကြင် ထင်မြင်ယူဆမယ်ဆိုလည်း ထင်မြင်စရာ
ဖြစ်နေတာပေါ့ကွာ၊ ပုံမှန်ဆိုရင် မင်းက ကိုယ့်မိန်းမစာမူ
ကိစ္စ ထုတ်ဝေဖို့ကိစ္စ၊ ထုတ်ဝေမဲ့သူနဲ့ စကားပြောတဲ့အချိန်
ဘေးမှာရှိနေပေးသင့်တာတွေ အမှန်ပဲ၊ ခုမှ အစဆိုတော့
သူလည်း အားငယ်မှာ"

"ဟ ... မင်း၊ ငါ ဘယ်မျက်နှာကြီးနဲ့ ထိုင်နေရမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမျက်နှာကြီးနဲ့ပဲပေါ့ကွ"

"ငါသာ ရိုးရိုးလူသာမန်လူ ဆိုရင် ငါနေပေးမှာ[illegible] ခုတော့ သူက သူအားရှိဖို့ ခေါ်ထားချင်တာပဲ တွက်[illegible] ငါ့ဘက်က ဘယ်လိုခံစားချက် ရှိနိုင်လဲဆိုတာ လုံးဝမတွေ[illegible] ဘူး"

"မင်း ဘာတွေ ခံစားနေရလဲ"

"ဟာ ... ငါလည်း ဒီစာပေတိုက်ကို စာမူပေးဖတ်ထားတာ[illegible] ကွာ၊ သူကမှ ပေးဖတ်မထားပဲနဲ့ ထုတ်ဝေသူ ညီအစ်[illegible] ချင်း ယူဖတ်ပြီး သဘောကျလို့ ဆက်သွယ်ခံရတာ၊ ငါ[illegible] သွားကိုပေးဖတ်ထားတာ၊ ငါ့စာမူကို ဘာမှ အကြောင်းမပြ[illegible] ပဲနဲ့ ဒီလူတွေရှေ့ ငါက ဘာမျက်နှာကြီးနဲ့ ၎တ်တုတ်[illegible] ရမလဲ ...

အကြောင်းမပြန်တာဟာ ဖတ်မပြီးသေးလို့လည်း ဖြစ်နိုင်တယ်၊ မထုတ်ချင်လို့ အကြောင်းမပြန်တာလည်း ဖြစ်နိုင်တယ်၊ မထုတ်ချင်တဲ့သူရှေ့မှာ ငါက ဒီမျက်နှာ[illegible] ကို အားနာအောင် ထိုင်ပြနေရာကျမှာပေါ့၊ ငါ့ကိုပါထ[illegible] လိမ့်နိုးနိုးနဲ့၊ ခွေးသေကောင်မျှော်နေတဲ့ လဒကြီးလို အ[illegible] မရှိ ငါက ထိုင်နေပြရမလားကွ"





ညဦး မျက်နှာပေါ်က ခံစားချက် အရိပ်အယောင်များကို တင်ထွန်းနိုင် ကိုယ်ချင်းစာ နားလည်နိုင်သည်။ အဲဒီလိုတော့လည်း ဟုတ်ပြန်တာပဲ။ တမင်တကာ "ငါလည်း ရှိသေးတယ်နော်"လို့ သတိပေးနေသလို မျက်နှာထိုင်ပြနေရမှာကို ညဦး အဖြစ်မခံနိုင်တာ။ ညဦးမှာ သိမ်ငယ်စိတ် အနည်းငယ်ပဲဖြစ်စေ ဝင်သွားတာကိုတော့ ညဦး ဝန်မခံ မခံခံ တင်ထွန်းနိုင် သဘောပေါက်နေသည်။

"မင်းပြောတော့လည်း ... ဟုတ်တော့ ဟုတ်ကယ်"

"ဟုတ်တယ်လေ။ သူ့ဟာသူ စကားပြောတော့ ဘာဖြစ်လဲ၊ ပြောပေါ့ကွာ၊ ငါဟာ စာရေးဆရာ ဖြစ်ဖို့လဲ ကြိုးစားမနေဘူး၊ ဒီလူတွေဆီလည်း စာမူပေးဖတ်မထားဘူးဆိုရင် ငါ အကြင့်ဘေးမှာ ထိုင်နေမှာပေါ့၊ ပိုတောင်ထိုင်နေချင်သေးတယ်၊ ငါထိုင်နေရင် ငါ တစ်မျိုးထင် ခံရနိုင်တယ်ဆိုတာ သူ ငါ့အတွက် မစဉ်းစားပေးဘူး"

"မတွေးမိတာ ဖြစ်ပါလိမ့်မယ်ကွာ"

"သူ့အတွက်ပဲ သူ တွေးတတ်တော့တယ်လေ"

"ဒီလိုလည်း မဟုတ်ပါဘူးကွာ၊ မင်း ဘာကြောင့် ဒီဆွေးနွေးဝိုင်းမှာ ထိုင်နေမပေးချင်တယ် ဆိုတာကိုရော အကြင့်ကို မင်း ရှင်းပြသလား"



www.burmeseclassic.com

www.burmeseclassic.com



"မပြဘူး"

"မင်း ပြောပြရမှာပေါ့ ညဦးရာ။ အခု ငါ့ကိုတောင် ပြောပြသေးတာပဲဟာ၊ ကိုယ့်မိန်းမကိုလည်း ဒီလိုပဲ နားဝင်အောင် စိတ်ရှည်လက်ရှည် ရှင်းပြပေါ့ကွ"

"အကြင်က နေ့ချင်းညချင်း တစ်မျိုးဖြစ်လာတယ်ကွာ၊ ငါ ရှင်းပြနေချင်စိတ် မရှိတော့ဘူး၊ ငါ သူ့လောက် အလွယ်တကူ အခွင့်အလမ်း မပွင့်သေးတာကိုသာ စိတ်မကောင်းဖြစ်ရင် ရှိရမယ်၊ သူ့ကိုမနာလိုဘူးဆိုတာတော့ သူ ပြောရက်တာ ရင်နာတယ်ကွာ"

ဓဓဓဓဓ





## ၁၀

ထိပ်ထားကြင်နှင့် ညဦးတို့ နှစ်ယောက်အကြား ဆက်ဆံရေးမှာ တင်းမာချည်တစ်လှည့်၊ ကိုယ့်စိတ်ခေါ်သ ကိုယ်ထိန်းသိမ်းကာ ရင်ထဲကြေလည်ယောင်ဆောင်၍ အထိုက်အလျောက် နူးညံ့ပျော့ပျောင်းချည်တစ်လှည့် ရှိနေရသော်လည်း အရင်အတိုင်း ရင်ထဲက အစစ်အမှန်လာသော ချော့မွေ့ပြေပြစ်ခြင်းမျိုးကား ဖြစ်မလာချေ။

နှစ်ယောက်လုံး ကိုယ်စီရဲ့ ရင်ထဲမှာ အဖုအထစ်များနှင့်။ တစ်ယောက်ကို တစ်ယောက်လည်း စိတ်ထဲက နာတာတာ ရှိကြသည်နှင့် အမြင်တွေကလည်း မကြည်လင်နိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမဖြစ်သလို ဟန်ဆောင်ကာ ခေါ်ပြောမေးမြန်းပြောဆိုနေကြသော်လည်း တစ်ယောက်စကားကို တစ်ယောက်က အထအန ကောက်နေမိကြပြန်၍ ပြေလည်အေးချမ်းတယ်ရယ်လို့ပဲ မရှိပါ။

"မနက်က ဘယ်လိုလဲဟေ့"

ထိုညက ကျူရှင်မှ ပြန်လာလျှင် ညဦးက ဘာမှမဖြစ်သလို ခပ်အေးအေး မေးသည်။ တကယ်တော့ သိချင်လွန်းလှသည်တောင် မဟုတ်။ စိတ်ဝင်တစား မမေးမြန်းလျှင် ဝမ်းမသာနိုင်ရာ စိတ်ပုပ်ရာ ကျမည်စိုး၍သာပင်။

"ဘာကိုလဲ မောင်ရဲ့"

ထိပ်ထားကြင်ကလည်း ဘာကိုမေးမှန်း သိတဲ့တိုင် မသိချင်ယောင်ဆောင်၍ စိတ်မနာဖူးခဲ့သလို ခပ်ပျော့ပျော့ တုံ့ပြန်သည်။

"ဟို ... မိုးဦးဆွေစာပေလေ"

"သြော် ... အဲဒါလား"

"အင်း ... ဘယ်လိုလဲ၊ ထုတ်ဖြစ်လား"

"ထုတ်ဖြစ်ပါတယ်၊ အစကတည်းက သူတို့ကလည်း ထုတ်ချင်လို့လာတာပဲဟာလေ"





"ဘာတွေပြောသေးလဲ"

"ရိုးရိုးပါပဲ၊ စိတ်ကောင်းရှိကြပုံလည်း ပေါ်ပါတယ်၊ အကြွင့်ကိုလည်း ဆက်တိုက်ဆက်ရေးခိုင်းတယ်လေ၊ သူတို့လည်း ဆက်တိုက်ထုတ်မယ်၊ အသစ်တင်တယ်ဆိုတာ အရှိန်နဲ့ ထုတ်နိုင်ဖို့လည်း လိုတယ်တဲ့၊ ပြီးသမျှကိုတော့ ခုကတည်းက ကွန်ပျူတာရိုက်ပြီး စိစစ်ရေး စ,တင်တော့မယ်ပေါ့၊ အကြင်ကလည်း နောက်အုပ်တွေ ဆက်တိုက်ရေးပေးပါတဲ့"

"အကြင်ကကော ရေးနိုင်ပါ့မလား"

"ရေးနိုင်ပါတယ်၊ အခု ဆိုင်တွေကို နေ့တစ်ဝက်ပဲ ပတ်တော့မယ်လို့ စဉ်းစားထားတယ်၊ စာရေးဆရာမ ဖြစ်ချင်တယ် မဟုတ်လား၊ မျက်နှာလွှဲသင့်သလောက်တော့ လွှဲရမှာပဲ၊ စာရေးဖို့ အချိန်ပိုပေးရမှာပေါ့"

လေသံမြင့်မြင့်ကို ညဦးက မသိကျိုးကျွံပြု၍ ...

"ဘယ်နှအုပ် အလကား ပေးရဦးမှာလဲ"

"မပေးရပါဘူး၊ သူတို့က စ,ပြောကတည်းက ဆရာမ ဘယ်လိုဖြစ်ချင်သလဲ၊ ဆရာမ ဆန္ဒကိုပြောပါ၊ ဆရာမ သဘောထား ပြောပါနဲ့ပဲ ပြောကြတယ်"

"အဲဒီတော့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ ... အကြင်က လူသစ်တစ်ယောက်ကို ဘယ်လို ရင်းနှီးမြှုပ်နှံရတယ် စွန့်စားရတယ်၊ ဖြစ်လာအောင် ဘယ်လိုကြိုးစား တင်ရမယ်ဆိုတာတွေကို အားလုံး သဘောပေါက်နားလည်ပါတယ်လို့၊ ဒါပေမဲ့ ကျွန်မဘက်က ဆန္ဒကတော့ ဘယ်နှအုပ် အလကားရေးပေးရတယ် ဆိုတာမျိုးကြီးမဖြစ်ချင်ဘူးလို့၊ ငွေကြေးမက်မောလို့ မဟုတ်ပါဘူးလို့၊ ဒါပေမဲ့ ပထမစာအုပ်က စ,ပြီး ဘယ်လောက် Amount ပဲ ဖြစ်ဖြစ် စာမူခလေးတော့ လိုချင်တယ်လို့ ပြောလိုက်တယ်"

"ဒီတော့ သူတို့က ပေးလား"

"သူတို့လင်မယား တိုင်ပင်ကြတယ်၊ ပြီးတော့ ပထမစာအုပ်ကစပြီး တစ်အုပ်ကို စာမူခ တစ်သောင်းပေးမယ်တဲ့၊ ပြောတယ်"

"ဩော် ... ဒီလိုဆိုရင် ကောင်းတာပေါ့၊ ဒီစာအုပ်တိုက်က မဆိုးပါဘူးပဲ"

"စာအုပ် အုပ်ရေ အခြေအနေကိုကြည့်ပြီး ကောင်းလာသလို တိုးပေးမယ်တဲ့၊ ဒုတိယအုပ်မှာ အုပ်ရေတက်နေပြီဆိုရင် ဒုတိယအုပ်ကတည်းက စာမူခ တိုးပေးမယ်တဲ့၊ တစ်သောင်းမဟုတ်တော့ဘူးတဲ့"





"အဲဒီအချက်အလက်တွေကို စာနဲ့ ပေနဲ့ ဘချုပ်စာတန်းရေးသေးလား"

"ဟင့်အင်း ... မရေးဘူး"

"ကဲ ... အခု မင်းဟာမင်း ပြောလိုက် ဆိုလိုက်တော့လည်း ပြီးတာပဲ မဟုတ်လား၊ ပြောလည်း ပြောတတ်သားပဲ၊ ရလဒ်လည်း ကောင်းသားပဲ"

"ပြီးတော့ ပြီးတာပေါ့၊ မောင့်ကို ခေါ်တာလည်း စကားမပြောတတ်လို့ တစ်ခုကြောင့် ခေါ်တာမဟုတ်ဘူးလေ၊ လင်ယောက်ျားက ဘေးမှာရှိနေတယ်ဆိုတဲ့ အချက်ကို ဂုဏ်ယူပီတိဖြစ်ချင်လို့ရယ်၊ မတော်တဆ မပြေမလည်နဲ့ စကားပြောရ အဆင်မပြေရင် မောင် ကြားဝင်ပေးနိုင်ကောင်းရဲ့ဆိုပြီး"

"လိုမှ မလိုတာ"

"အင်းပါ ... ထားလိုက်ပါတော့၊ မငြင်းတော့ဘူး၊ သူတို့ကလည်း ကိုယ့်အကြောင်း ဘာမှန်းညာမှန်း မသိကြတော့ အကြင့်ကို အပျိုလို့တောင် မှတ်နေကြတယ်"

"မပြောပြဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြတာပေါ့ရှင်၊ ကျွန်မ ယောက်ျားက ကျူရှင်ဆရာ၊ စာရေးဆရာ မင်းညလို့၊ ဘာသာပြန်ဝတ္ထုတွေ ရေးတယ်လို့"

"ဟာ ... မင်း ဘာဖြစ်လို့ အဲဒါကို သွားပြောလိုက်ရတာလဲ၊ ကျူရှင်ဖွင့်ထားတယ် ဆိုရင် ပြီးနေတာပဲ"

"သူတို့ဆီ မောင့်စာမူပေးဖတ်ထားတယ် ဆိုတော့ အဲဒီအခြေအနေလည်း သိချင်လို့ပေါ့"

"မလိုပါဘူး၊ အဲဒါကို သူတို့ ပြောရခက် ရင်ဆိုင်ရခက် ဖြစ်နေမှာ စိုးလို့ကို စကားဝိုင်းမှာ မထိုင်ချင်တာ၊ မင်းကလည်း အလကား သွားပြောတယ်ကွာ"

"မောင်ကလည်း မပြောရဘူးလို့မှ တားမထားတာ"

"ဒါပေမဲ့ ဘာထည့်ပြောစရာလိုလဲ၊ မဆီမဆိုင်"

"ဘာမဆီမဆိုင်လဲ၊ ကိုယ့်ယောက်ျားအကြောင်း ပြောတာပဲ၊ အကြင် ပြောလိုက်တယ်ဆိုတော့ မောင် တစ်မျိုးမကြိုက်ဘူး၊ အကြင်က ဘာမှထည့်မပြောလိုက်ဘူး ဆိုရင်လည်း မောင် တစ်မျိုး ခကျေနပ်ဦးမှာပါပဲ၊ အပြစ်ကိုတင်မှာ"

"အဲဒါက ဘာစကားလဲ"





"ဒီစကားပဲလေ၊ ပြောလိုက်တော့ ဘာဖြစ်သွား လဲ၊ သူတို့ကလည်း အကြင့်ယောက်ျားက 'မင်းည'လို့ သိသွားတော့ အံ့သြနေတယ်၊ သူတို့ဆီ မောင့်စာမူတစ်ခု ပို့ထား သေးတယ်တဲ့၊ သူတို့က ဘာသာပြန်လိုင်းမျိုး ထုတ်ဝေဖို့ အစီအစဉ် မရှိလို့ပါတဲ့"

"ကဲ ... အဲသလိုပြောတော့ မအောက်ဘူးလား"

"မအောက်ပါဘူး၊ အဲဒီအောက်တယ် မအောက်ဘူး ဆိုတာတွေ မောင် ဖြစ်နေတာကိုက ခက်နေတာ၊ ကိုယ့်ဘက်ကလည်း မောင့်စာအုပ် ထုတ်မယ် မထုတ်ဘူး သိဖို့လိုတာပဲ မဟုတ်လား"

"ဘာမှ ပြန်မဆက်သွယ်ကတည်းက မထုတ်ဘူးလို့ တွက်ပြီးသားပဲဟာ၊ မင်းက အလကားရှည်လျားပြီး သွားမေးနေသေးတယ်"

"အကြင် အကောင်းမေးတာပဲ၊ အကြင်လည်း သိချင်တယ်လေ၊ ထုတ်လည်း ထုတ်ဖြစ်စေချင်တယ်"

"ထုတ်ဖြစ်စေချင်စရာလည်း မလိုဘူး၊ သူ့ဟာသူ ဖြစ်လာလိမ့်မယ်"

"မောင် ဘာဖြစ်လို့ အကြင့်ကို ဘုပဲပြောပြီး ရန်သူလို ဆက်ဆံနေရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ … မင်း အဲသလို မေးတာ ထင်တာကိုက ငါ့ကို သက်သက်မဲ့ စော်ကားနေတာကွာ၊ တော်ပြီကွာ"

"ရှင့်ကို ဘာမှ မစော်ကားဘူး၊ ရှင်ဖြစ်နေတာကို ပြောနေတာ"

"ငါက ဘာဖြစ်နေလို့လဲ"

ထိပ်ထားကြင်သည် အသံတွေ တုန်လာကာ …

"အခုဖြစ်နေတာလေ၊ အကြင် ခုလိုဖြစ်နေတာကို ရှင်မပျော်နိုင်တာ၊ ကျွန်မကတော့ ရှင်ပါ ဒီလိုအခွင့်အလမ်း ပေါ်လာစေချင်ပြီး ပေါ်လာရင် ပျော်ချင်တဲ့ မိန်းမပါရှင့်"

"မင်း ခုလို ဖြစ်တာကို ငါ မပျော်ဘူးလို့ ဘာကြောင့် ထပ်ခါ ထပ်ခါ စွပ်စွဲနေရတာလဲ"

"ပျော်လို့လား၊ ပျော်လို့လား၊ ဟိုစာရောက်လာတဲ့နေ့က တည်းကစပြီး ဘယ်တစ်ရက်များ စကားပြော ပြေလည်လို့လဲ၊ ကိုယ့်ရဲ့မျှော်လင့်ချက်လေး စိတ်ကူးယဉ် အိပ်မက်လေးဖြစ်လာတဲ့အတွက်ကို ကိုယ့်ဟာကိုယ် မပျော်ရဲလောက်အောင် ဖြစ်နေရပြီ …

မျက်နှာကြီးက မှုန်သိုးပြီး ဖြစ်နေလိုက်တာ၊ ရှင် ကျွန်မကိုလည်း အကောင်းမမြင်နိုင်တော့ဘူး"





"မင်းကော အခု ငါ့ကို အခု မြင်နေတာ အကောင်းတွေ မို့လို့လား၊ မင်းကို မနာလိုလိမ့်မယ်ချည်းပဲ တောက်လျှောက် ထင်နေတယ်"

"ရှင့်မုံစံက ဒီအတိုင်း ဖြစ်နေတာကိုး၊ ဒီတိုင်းပဲ ထင်ရတော့မှာပဲ"

"တောက်"

ညဦးသည် သောက်လက်စ ရေဖန်ခွက်ကို စားပွဲ ပေါ် အားနှင့်ဆောင့်ချလိုက်ရာ အခန့်မသင့်၍ ဖန်ခွက်က စွမ်း ကွဲရှလွင့်စင်သွားရပါသည်။ စားပွဲပေါ် ရေတွေရွှဲ ဖန်ခွက်အစ တွေ ပြန့်ကျဲ။

ထိပ်ထားကြင်သည် တအီအီ ရှိုက်ကာငိုသည်။ ညဦးကလည်း တောက်တခေါက်ခေါက်။ ညဦး ရင်ထဲတွင် ထိပ်ထားကြင် အတွက် မပျော်တာ မဟုတ်ပါ။ ထိပ်ထားကြင် ဖြစ်ခွင့်ရတာကို မကျေနပ်လည်း မရှိပါ။

ကိုယ့်မိန်းမအတွက် ပျော်နိုင်တာ ဝမ်းသာနိုင်တာက ခြား။ ကိုယ်တိုင်က စာရေးနေသူ မျှော်လင့်ချက်ကြီး ထားနေသူ မဟုတ်ရင်တော့ မိန်းမအတွက် ကျွမ်းပစ်လိမ့်ထိုးနေမီလောက် အောင် ပျော်မှာပါ။ ခုတော့ ထိပ်ထားကြင် အတွက် ပျော်နိုင်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



နှင့်တန်းတူ ကိုယ့်အတွက်ကိုယ် မကျေမနပ်စိတ်၊ အလိုမပြည့်စိတ်
အောင့်သက်သက်စိတ်၊ သိမ်ငယ်စိတ်တို့က အင်အားကောင်းကောင်
ကြီး ပူးတွဲမင်းမူနေကြပါသည်။

ကိုယ့်အဖြစ်ဟာ သိမ်ငယ်နေစရာ မဟုတ်ပါဘူး
ဆိုရင်လည်း ဆိုလို့ရပါသည်။ ဒါပေမဲ့ ကိုယ့်စိတ်ကိုက ဖြစ်နေတာ
ကို ဘာမှမတတ်နိုင်။ ငယ်ငယ်ကတည်းက ဒီအပေါ် Serio
တအား ဖြစ်ခဲ့တဲ့သူမို့ ထင်သည်။ စာရေးဆရာ ဖြစ်လိုစိတ်
စာအုပ် ထုတ်ဖြစ်လိုစိတ်က ရင်ထဲကြိတ်ပြီး တောင့်တောင့်တ
အင်အားပြင်းထန်ခဲ့သည်။

ကိုယ့်အတွက် မျှော်လင့်ချက် ကြီးမားနေပြီး ထ
သန်စော ပြင်းထန်နေတဲ့ အချိန်မှာ စာရေးဖူးတယ်ပင် မထင်သည်
ကိုယ့်မိန်းမက စာအုပ်ထုတ်ဖို့ ကမ်းလှမ်းခံရကာ စာရေးဆရာ
အဖြစ်ကို မျက်စိရှေ့မှောက်၌ မယုံနိုင်စရာ ဖျတ်ခနဲ ရောက်ရှိ
တာဟာ သူ့ရင်ကို အင့်ခနဲ အောင့်သွားစေလိုက်တာ၊ အရုပ်ကြ
ပြတ် ရိုက်အချခံလိုက်ရသလိုပဲ။

အဲဒါကို စိတ်ပုပ်တယ်လို့ ထိပ်ထားကြင် စွပ်စွဲ
လျှင်တော့ သူ အင်မတန် အခံရခက်လှပါသည်။ သူ
ထိပ်ထားကြင် နားလည်မည် မထင်ပါ။





အိမ်ထောင်သက် နှစ်ပေါက်တဲ့အထိ ဖြူးဖြောင့်ချောမွေ့ သာယာနေခဲ့သည့် သူတို့ရဲ့အိမ်ထောင်ရေးဟာ ဤရက်ပိုင်း အချိန်ပိုင်းကလေး အတွင်းမှာ ဝါးအစည်းပြေလာလိုက်တာ အတော် ဆိုးဆိုးဝါးဝါး ကျိုးပဲ့အက်ကွဲလာတဲ့ အထိပင်။ ဖြည်းဖြည်းချင်း၊ တစ်ရက်ချင်း တရိရိ ပိုပိုဆိုးလာတဲ့ သူတို့ရင်တွင်း ခံစားချက်တွေဟာ မီးတောင်မြို့လိုပင် အတွင်း၌ ဆိုးဆိုးဝါးဝါး လှိုက်ကာလောင်နေသည်။

စကားတစ်ခု စ,လိုက်သည်နှင့် တစ်ယောက်ကို တစ်ယောက် အကောင်းမမြင်နိုင်တဲ့ အခံနှင့် အထအန တွေ ချော်တောင်ပြီး ကောက်မိကြကာ ရန်စကားတွေအဖြစ် မိနစ်ပိုင်းအတွင်း ဝုန်းဝုန်းဒိုင်းဒိုင်း ထ,ဖြစ်လာတော့တာပင်။

အိမ်ဟာ တစ်ရက်မှ အေးချမ်းတယ် မရှိတော့ပဲ အိမ်ပူကြီး ဖြစ်နေပါသည်။ အိမ်က ကောင်မလေးတွေမျာ မိုးလေဝသ မကောင်းသည့် အိမ်ရှင်လင်မယားအကြား မြေစာပင်ဖြစ်လျက် ကြိမ်းမောင်း ငေါက်ငမ်းခံရခြင်းနှင့် လွတ်တဲ့ရက်မရှိ။

ညဦးဟာ သူ့ရဲ့စာမူတွေကို ထိပ်ထားကြင်ကို အတင်းပြ၊ အတင်းဖတ်စေခဲ့သော အပြုအမူနှင့် ပြောင်းပြန်ဆန့်



www.burmeseclassic.com

www.burmeseclassic.com



ကျင်ဘက် ဖြစ်သွားကာ သူ့စာမှုတို့ကို ထိပ်ထားကြင် ရှေ့ယောင်လို့မှ မတွေ့စေရတော့ပေ။ အလုပ်ခန်း အသီးသီးဟာ ဟိုးတုန်းကလို သော့တွေပြန်ခတ်ကာ အထဲမှာပိတ်ပြီး ကိုယ့်စာကိုယ်ရေးရင်း သွေးကွဲနေကြပါသည်။

ညဦး အိမ်ပြန်ချိန် နောက်ကျတဲ့ရက်တွေ စိတ်လာသည်။ တစ်ခါတစ်ရံ ဘီယာနံ့တသင်းသင်း ပါလာတတ်သည်၊ ထိပ်ထားကြင်ကလည်း ယောင်ပြီးတော့တောင် ထမင်းစားမစောင့်တော့ပေ။ ကိုယ့်ဟာကိုယ် စားနှင့်ပြီး စာမှုများများကျအောင် တစ်ခါးပိတ်ရေးတော့သည်။

ဒီကြားထဲမှာ ကဲဇာတာ တက်နေသော ထိပ်ထားကြင်ရဲ့ ဝတ္ထုတိုတစ်ပုဒ်ကလည်း မဂ္ဂဇင်းတစ်အုပ်ထဲမှာ ထပ်ပါလာပြန်သည်။ အိပ်ရာပေါ် ရောက်နေတဲ့ မဂ္ဂဇင်းကို ကောက်လှန်မိရင်း ကြင်နှာ ဆိုတဲ့ ကလောင်အမည်ကိုတွေ့တော့ ညဦးက စိတ်ဝင်တစား ဖတ်ကြည့်ပါသည်။

ရိုးရိုးရှင်းရှင်း ညက်ညက်ကလေးနှင့် သိပ်သိပ်သည်းသည်းလေး ရေးဖွဲ့ထားတဲ့ ဝတ္ထုတိုကလေးဟာ ထိပ်ထားကြင် စာရေးကျွမ်းမှုကြောင့် တကယ့် အဖြစ်အပျက်ကလေး တစ်ခုနှယ်ပင် ထင်စရာ ကောင်းသည်။



ဖွဲ့ဖွဲ့နွဲ့နွဲ့ကြီးတွေ သမားဂုဏ်ပြသည့် အရေးအသားတွေမပါဘဲ ဝတ္ထုကလေးက ချစ်စရာလည်း ကောင်းလေသည်။ ဘယ်လိုပင်ဖြစ်စေ ထိပ်ထားကြင်ရဲ့ ရိုးရိုးလေးနှင့် နှစ်သက်စရာဖြစ်အောင် ရေးတတ်မှုကို ကျိတ်၍ မချီးမွမ်းပဲ မနေနိုင်။

ဒါပေမဲ့ နှုတ်က ဖွင့်ဟပြီးတော့တော့ ညဦးက မချီးမွမ်းဖြစ်ခဲ့ပါ။ သူ ဘဝင်မြင့်လာတယ်ဟု ထင်နေသော သူ့မိန်းမကို ဒီထက်ပိုပြီး ထပ်မရောင့်တက်စေချင်။ စိတ်ထားမမှန်ဘူးပဲ ပြောချင်ပြော နှစ်သက်မိသည့်တိုင် လုံးစေ့ပတ်စေ့ အပြစ်ရှာကြည့်သေးသည်။

တစ်နေ့သောအခါမှာတော့ သူတို့နှစ်ယောက် ကျိတ်ကာဖြစ်နေသော အိမ်တွင်းစစ်အေးတိုက်ပွဲများကို နှစ်ဖက်မိဘသိသွားကြပါသည်။ သူတို့နှစ်ယောက်စလုံး ဘယ်လောက်ပဲ အိမ်ပြန်နောက်ကျကြသည်ဖြစ်စေ မိဘများအိမ်ကို မိုးချုပ်ခဲ့ပြီမှာပင် တစ်ပတ်တစ်ရက် သွားလေ့ရှိပါသည်။ ဒီတစ်ပတ် ထိပ်ထားကြင်ရဲ့အမေအိမ်ဆိုရင် နောက်တစ်ပတ် ညဦး အမေအိမ်ကို။

နှစ်ပတ်တစ်ကြိမ် မှန်မှန်ရောက်နေကျမှ မရောက်ဖြစ်ကြပဲ ရှိကြတဲ့အခါ မိဘအိမ်တွေက ဖုန်းဆက်ကာ မေးသည်။ သူတို့ကလည်း ကြည့်ကျက်လှည့်ပတ် အကြောင်းတွေပြပြီး ရှောင်

www.burmeseclassic.com

www.burmeseclassic.com



ရှားနေခဲ့ကြပါသည်။ တစ်ရက်တော့ ထိပ်ထားကြင် အမေက အိမ်ကိုဖုန်းဆက်ကာ သူတို့မရှိတုန်း အပုတို့ကို သဲသဲမဲမကောင်း မေးတော့မှ ခုနောက်ပိုင်းတလော အိမ်မှာ လင်မယားနှစ်ယောက် တချိန်းချိန်း စကားများပွဲတွေ ဆက်နေတာ သိသွားပါသည်။

ထိပ်ထားကြင် အမေက သိသည်နှင့် ညဦး အမေကို အကြောင်းကြားသည်။ ခမည်းခမက်တို့ဟာ ဟိုးရှေးကတည်းက ပေါင်းလာတဲ့ မိတ်ဆွေရင်းချာလို ဆွေမျိုးသားချင်းတွေလို ချစ်ကြည်စည်းလုံးနေသည် ဖြစ်ရကား တစ်ဦးကိုတစ်ဦး တိုင်တိုင်ပင်ပင်။

ဒီလောက် မကြာမကြာ စကားများပြီး လင်မယား စိတ်ဝမ်းကွဲနေတာကို လုံးဝလက်သင့်မခံနိုင်ကြပါ။ နှစ်မအေစလုံးသည် သက်ဆိုင်ရာ ကိုယ့်သားသမီးကို ဖုန်းဖြင့်လှမ်းကြိမ်းသည်။ ညဦး၏အမေက ညဦးကို အကျိုးအကြောင်း မေးမြန်းဆုံးမလျှင် ညဦးက သူ့ဘက်က ဘာအမှားအပြစ်မှ မရှိကြောင်း ခုခံကာကွယ် ချေပသည်။

"ဒီမှာ ညဦး၊ မင်းပြောတာတွေ နားထောင်ရတာ ဝေ့လည်ပြီး ရှုပ်နေတာပဲ၊ ဘာတွေမှန်းကို မသိဘူး၊ သူ့ခံစားချက်တွေရော၊ ကိုယ့်ခံစားချက်တွေရော၊ မင်းစကားထဲမှာ





ပတ်ရှုပ်နေတာ။ ငါ အာရုံတွေနောက်တယ်၊ ခုဖြစ်နေတာတွေဟာ ငါ ကောက်ချက်ချမိသလောက်တော့ မင်းတို့နှစ်ယောက်စလုံး စာရေးဆရာ ဖြစ်ချင်ကြလို့ စာတွေရေးနေကြလို့ ဖြစ်နေတာ၊ ဒီစာတွေ မရေးကြရင် ဘာမှမဖြစ်ဘူး၊ ဒီတော့ ရှုပ်တယ်၊ မင်းတို့နှစ်ယောက်လုံး ဘာစာမှ မရေးနဲ့၊ စာရေးဆရာ မလုပ်ကြနဲ့ ... ဒါပဲ၊ ဘာလဲ ... ကိုယ်စီးပွားရေးနဲ့ကိုယ် နိုင်မာပြီးသား အောင်မြင်ပြီးသားတွေပဲဟာ"

"အာ ... မေမေကလည်း မဆိမဆိုင်ဗျာ"

"ဘာမဆိမဆိုင်လဲ၊ မင်းတို့နှစ်ယောက် ညားကာစက ဘာသံမှ မကြားရဘူး၊ ချစ်လိုက်ကြတာ တုန်လို့၊ ဘာပြဿနာမှ မရှိဘူး၊ ဒီစာရေးတာတွေ ဘာတွေ ပါလာမှ ရန်ဖြစ်ကြရတာ"

"ဒီစာက ခုမှထ,ရေးကြတာ မဟုတ်ဘူး မေမေ၊ သား စာရေးခဲ့တာ ကြာလှပြီ"

"ဒီလောက်ကြာပြီး ဘာမှ ဖြစ်မလာတဲ့ဟာကို မရေးနဲ့တော့ပေါ့"

"ဟာ ... မေမေကလည်း ပြဿနာပဲ၊ ပြောရခက်လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မခက်ဘူး"

"အကြွင်လည်း စာရေးတာပဲ၊ သားကျမှ ဘာလို့မရေး
တော့မှာလဲ"

"သူ့သမီးကိုလည်း သူ့အမေ ပြောလိမ့်မယ်၊ မင်းတို့စာရေ
ဆရာ ဖြစ်တော့ရော ဘာဖြစ်သွားမှာလဲ၊ အရေးမရ အဖ
မရှ"

ဤမျှသော အမြင်မျိုးသာရှိသည့် အမေဖြစ်သူ
ဘာပဲဆက်ပြောနေနေ မောရုံသာ ရှိတော့မည် ဖြစ်သည်။

"ကိုယ့်စီးပွားရေးနဲ့ကိုယ် အဆင်ပြေကြပြီးသားဟာကို ဘာ
မထွန်းကား မကြီးပွားနိုင်တဲ့ ကိစ္စတစ်ခုအတွက်နဲ့ လင်
မယားကြား ပြဿနာမဖြစ်ဖြစ်အောင် ရှာနေကြရတယ်လို့
လူကြားရင်တောင် ရယ်စရာ ကောင်းသေးတယ်၊ စာရေ
ဆရာ အဖြစ် ပြိုင်ကြရင်းနဲ့ လင်မယားချင်း မတည့်ရဘူ
ရယ်လို့ ...

မင်းလည်း ဘာစာတွေပေတွေမှ ဆက်ရေးမနေနဲ့
မင်းပြောတော့ ရေးလာတာ ကြာလှဆို၊ ခုထိ ဘာများဖြ
လာလို့လဲ၊ ဘာတွေ ရေးနေခဲ့သလဲ၊ ငါလည်း တော
လျှောက် မသိရပါလား၊ မင်းကိုရော စာရေးနေမှန်း လူ





ဘယ်နှယောက်က သိသလဲ၊ တော်ပြီ ... တော်ပြီ ...
ပြဿနာ မကြားချင်ဘူး"

ညဦးသည် သူ့အမေကို ဘယ်လိုစကားမျိုးနှင့်
ရှင်းပြနားချရမည် မသိ၍ ဘာမှပြောမနေလိုက်တော့ပါ။ သူ့အမေ
ဆိုတာမျိုးက ဆီဆန် ငရုတ်ကြက်သွန် ငါးပိငါးခြောက် စသည့်
ပွဲရုံကုန်ပစ္စည်းတွေလောက်သာ သိတဲ့သူ။ ဘာစာမှ မယ်မယ်ရရ
ဖတ်တာမဟုတ်။ မင်းသား မင်းသမီးအကြောင်း များများပါသည့်
ဂျာနယ်လောက်သာ ဖတ်တဲ့သူမျိုး။

သူ့အမေကို ရှင်းပြပြောပြနေလို့တော့ လေကုန်ရုံပဲ
ရှိမည်ကို သိကာ ညဦး ဘာမှ မပြောတော့ပါ။

"ဒါပဲ၊ ဘာသံမှ ထပ်မကြားပါရစေနဲ့၊ လင်မယားတည့်
အောင်နေဖို့ အရေးအကြီးဆုံး၊ ဘာအပိုအလုပ်တွေမှ မလုပ်
ကြနဲ့"

ညဦး ထိုသို့ ပြောဆိုကြိမ်းမောင်းခံရကာ စိတ်ပျက်
လက်ပျက် ဖြစ်နေချိန်မှာ ထိပ်ထားကြွင်သည်လည်း တစ်ဖက်မှာ
သူ့အမေကြောင့် အတော့်ကို စိတ်လက်ညစ်နောက်နေရပါသည်။

"ညည်း ဘာမဟုတ်တမ်းတရား စာတွေလျှောက်ရေးနေ
သလဲဟင် ထိပ်ထားကြွင်၊ ညည်းတို့လင်မယား ဒီလိုစာရေး

www.burmeseclassic.com

ပေရှး မထခင်က ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနဲ့ ဘာ အနှောင့်အယှက်မှ ရှိတာမဟုတ်ဘူး၊ ကိုယ့်အိမ်ထောင်ရေး သာယာချမ်းမြေ့ဖို့ထက် ဘာက ပိုအရေးကြီးရဦးမှာလဲ၊ ညည်း ဒီအလုပ်ကို ရပ်တန်းက ရပ်စမ်း"

"မေမေ ... အစကတည်းက အကြင်တို့ နှစ်ယောက်စလုံး ကိုယ်ဝါသနာပါတဲ့ စာရေးတဲ့အလုပ်ကို တိတ်တိတ်လုပ် နေကြတာ၊ ခုမှထ,လုပ်ပြီး ရန်ဖြစ်ကြရတာ မဟုတ်ပါဘူး၊ ခုဟာက သူ သဘောထားသေးလို့သာ ပြဿနာတွေ တက်ရတာ"

"ကဲ ... သူ သဘောထား သေးတယ်ပဲထားဦး၊ ဒီလိုသဘော ထားသေးရော ဖြစ်လာတာကိုက ညည်း ဒီစာတွေရေးလို့ လေ၊ ဘာမှမရေး၊ ဘာမှမလုပ်ရင် သူကော ဘာသဘောထား သေးစရာရှိမလဲ"

"ဟင့်အင်း ... သူလည်း တစ်သက်လုံးဆက်ပြီး စာရေးမှာ၊ သမီးလည်း ရေးရမှာပဲ၊ ဝါသနာကို မစွန့်လွှတ်နိုင်ပါဘူး"

"ဒီဆိုင်ဖွင့်မယ် ဆိုကတည်းက တစ်ခါ၊ မိဘမျိုးရိုးစဉ်ဆက် လုပ်လာတဲ့ အလုပ်ကို လုပ်ပါဆိုတာ ညည်းက ဝါသနာ အကြောင်းပြပြီး ကိုယ်လုပ်ချင်ရာ လုပ်ပြီးပြီ၊ ခုဟာက





တစ်ခါ လာပြန်ပြီ ဝါသနာ၊ ညည်းမှာ ဝါသနာတွေက ဘယ်နှမျိုးတောင် ရှိနေဦးမှာလဲ၊ ဒီစာရေးဆရာဖြစ်လို့ရော ညည်းတို့မှာ ဘာအကျိုးရှိမှာလဲ၊ ဘာမှရှည်မနေနဲ့၊ ညည်း တို့လင်မယား နှစ်ယောက်လုံး ကိုယ့်အလုပ်ပဲ ကိုယ်လုပ်၊ မဆိုင်တဲ့အလုပ်တွေ လုပ်မနေကြနဲ့၊ ဒါဆို ရန်ဖြစ်စရာလည်း အကြောင်းမရှိတော့ဘူး"

ထိပ်ထားကြင်မှာလည်း စိတ်ညစ်လက်ညစ်နှင့် ရှုံ့မဲ့ ၍သာ နေမိသည်။

[illegible]

www.burmeseclassic.com



## ၁၆

ညကြီးမင်းကြီး ကားတစ်စီးမောင်းပြီး အိတ်တွေ အထုပ်တွေနှင့် ရောက်လာသော ထိပ်ထားကြင်ကို မြင်လျှင် ပုလဲမှာ တအံ့တသြ အော်ဟစ်မြည်တမ်းခြင်းသာ ပြုနိုင်သည်။

"ဘယ်လိုများ ဖြစ်လာရတာလဲ ကြင်ကြင်ရယ်"

ထိပ်ထားကြင်သည် အံ့အားတသင့် ဖြစ်နေသည့် ပုလဲရဲ့အမေထံ အရင်ပြေးကာ ...

"အန်တီ ... အကြင် ဒီမှာနေမယ်နော် အန်တီ၊ အကြင့်ကို ပုလဲလိုပဲ သမီးလုပ်ပြီး မွေးစားပါနော်"

"ဟဲ့ ... ကြင်ကြင့်ရယ်၊ နေတာကလည်း နေပါ၊ ညည်း လည်း ပုလဲသူငယ်ချင်း ငါ့သမီးပဲပေါ့၊ ဒါပေမဲ့ ဘယ်လိုများ ဖြစ်လာတာတုံးအေ"





"ယောက်ျားနဲ့ ကွဲရှင် [illegible] ခုတော့ အိမ်ပေါ်က ဆင်းလာတာပဲပေါ့၊ မကြာ[illegible]ည်းခန်းပါ ရှင်းလင်းပြီး တရားဝင် ပြတ်စဲမှာ၊ မပေါင်းတော့ဘူး"

"မဟုတ်သေးပါဘူး သမီးရယ်၊ လင်မယား ရန်ဖြစ်တယ် ဆိုတာ စကာပေါ့၊ စိတ်ဆိုးလဲ ..."

"စိတ်ဆိုးတာ မဟုတ်ဘူး အန်တီ၊ စိတ်သိပ်နာတာပဲ၊ လင်မယားချင်းချင်း မနာလိုနေတာ အန်တီ၊ ဘယ်လိုလုပ် ဆက်ပေါင်းမလဲ"

"လင်မယားကွဲတာ ဒီလောက် မလွယ်ပါဘူးအေ"

"အို ... လွယ်ပါတယ် အန်တီရယ်၊ အကြင်တို့ ကွဲကိုကွဲမှာ၊ ကွဲရင်လည်း သရက်စေ့ထက်ခြမ်းကွဲပဲ၊ လုပ်ငန်းက ကိုယ့်ဟာနဲ့ကိုယ်၊ အိမ်ကတစ်ဝက်စီပိုင်တော့ ရောင်းပြီး တစ်ယောက်တစ်ဝက် အမ်းယူမယ်"

"ဒီပစ္စည်းခန်းတွေကို ပြောတာမဟုတ်ဘူး ကြင်ကြင်ရယ်၊ လူမှုရေးသဘောကို ပြောတာပါ၊ စိတ်လိုက်မာန်ပါ မလုပ် ပါနဲ့ ငါ့သမီးရယ်"

"ဟင့်အင်း ... ဟင့်အင်း၊ မေမေတို့ကလည်း ညည်းတို့ အိမ်ထောင်ရေး ကွဲပြီမယ်ကြံရင် ငါတို့ဆီတော့ တက်လာ မယ် စိတ်မကူးနဲ့တဲ့၊ ကိုညဦးနဲ့ကွဲရင် သမီးအဖြစ်ကပါ



www.burmeseclassic.com

www.burmeseclassic.com



စွန့်မယ်တဲ့၊ ဒါ ... "အန်းဂွ်ကို မွေးစားဖို့ ပြောရတာ၊ အန်တီ မမွေးတဲ့ ... ရွှေစင်အရွယ်ကို မွေးစားခိုင်းရမှာ အန်တီရဲ့"

ဒိုကြီးချက်မနှင့် ထိပ်ထားကြင်က ပြောလေရာ ...

"မဟုတ်ပါဘူးကွယ်၊ မွေးဆိုမွေးစားပါတယ်၊ အန်တီပြောချင်တာက ..."

"ရပြီ အန်တီ၊ အန်တီ မွေးစားရင် ရပြီ၊ ဒီမှာပဲ နေတော့မယ်"

ပုလဲက သူ့အမေကို ပြုံးစိစိနှင့် မျက်ရိပ်ပြ တားလိုက်ရပါသည်။ ထိပ်ထားကြင်ကိုလည်း တမင်ကသိလို၍ ...

"ဟဲ့ ... နင်က မွေးစားသမီးနော်၊ ငါက သမီးရင်း၊ ငါ့ထက်တော့ အခွင့်အရေး တစ်ဆင့်နိမ့်မယ်၊ ဒါပဲ"

"ဩော် ... အရေးထဲ ဒီကောင်မလေးက တစ်မျိုး"

"ရတယ် ... ရတယ် ... ဘာအခွင့်အရေး မရမရ ကိုယ့်မှာ ကျောထောက်နောက်ခံ မိသားစုရှိပြီး စာရေးရရင် ပြီးရော"

ပုလဲရဲ့အမေမှာ ပြုံးရခက် မဲ့ရခက်နှင့်ပဲ ဘာဆက်ပြောရမှန်း မသိ၍ ဆိတ်ဆိတ်သာ နေရပါတော့သည်။ ထိပ်ထားကြင်ကတော့ သူ့အိတ်တွေ အထုပ်တွေ နေရာချ၊ မျက်ရည်မခြောက်တဲ့ရုပ်နှင့် မှန်တေတေ ဖြစ်နေပါသည်။





"ကဲ ... ဖြစ်ကြောင်းကုန်စင် ရှင်းပါဦး"

"ဘာမှ ရှင်းစရာ တရှည်တလျား မရှိဘူး၊ ငါ့ကို မနာလိုတဲ့ယောက်ျားနဲ့ ငါ ဆက်ပေါင်းနေရင် အလကားပဲ၊ ငါ နစ်မွန်းဖို့ပဲ"

"နင့်ကို မနာလိုဘူးလို့ ဝန်ခံပြီလား"

"ဩော် ... ဝန်တော့ခံမလားဟဲ့၊ ကျိတ်ပြီးတော့သာ မနာလိုနေတာပေါ့"

"ဩော် ... ဩော်"

"ကြည့်ဟယ် ... ငါ့ဝတ္ထုအတွက် ပထမဦးဆုံး မျက်နှာဖုံးလေး နမူနာရလို့ သူ့ပြတော့ မလှဘူးတဲ့ ... ကဲ၊ အထဲစာသား ကွန်ပျူတာစာရိုက်တာတွေကိုလည်း မသပ်ရပ်ဘူး၊ အကျအပေါက် များတယ်တဲ့၊ ဒါပြင့်လည်း သပ်ရပ်ပြီး အကျအပေါက် မရှိအောင် သူ့ကွန်ပျူတာသမားနဲ့ ရိုက်ပေးလိုက်ပါလားဲ၊ ဒီတော့လည်း သူနဲ့ဘာဆိုင်လို့လဲတဲ့၊ ဒါ ထုတ်ဝေသူ အလုပ်တဲ့"

"ဟုတ်သားပဲ"

"ဟုတ်ပေမဲ့ သူ ဘာလို့ လိုက်ဝေဖန်နေလဲ"

"နင့်ဝတ္ထုကို ကောင်းစေချင်လို့ နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း ... တလေတည်းပဲ၊ နင်တို့ ဘယ်နားမှာချိန်းပြီး တိုင်ပင်ထားလဲ"

"ညောင်ပင်အောက်မှာဟယ် ... ကဲ၊ အကောင်းပြောပေးလည်း အကောင်းမထင်ဘူး၊ နင်ကလည်း သူ့အပေါ်နည်းနည်း အကောင်းမြင်ဦးမှပေါ့ မိကြွင်ကြွင်ရဲ့၊ ကိုညဦးပြောသမျှ အထင်လွဲမနေနဲ့လေ"

"သူက ငါ့ကို အကောင်းမှ တစ်ခုမှ မပြောဘဲ၊ ဘာကို အကောင်းမြင်ရမှာလဲ၊ ဆက်ဆံတာကိုက တစ်မျိုးဖြစ်လာတယ်၊ ငါ သိပ်ဝမ်းနည်းတယ် ... သိလား"

ပြောရင်း ဆိုရင်း ထိပ်ထားကြင်က ငိုမဆုံး ဖြစ်နေပါသည်။

"ငါအတည်ပြောတာ မိကြွင်၊ နင် စဉ်းစားပါဦးဟယ်"

"အို ... နှစ်ယောက်လုံး အပြတ်ပြောကြပြီးပြီ၊ စဉ်းစားစရာမလိုတော့ဘူး၊ သူလည်းအိမ်ပေါ်က ဒီညပဲ ဆင်းသွားပြီ"

"ဟင် ... ဒီတော့ အိမ်မှာ ! "

"အပုနဲ့ အလုံးပဲ"

"ဟင် ... နင်တို့ဟာကလည်း၊ သူဆင်းလည်း ပြီးရောပေါ့၊ နင်က မဆင်းနဲ့တော့ပေါ့"





"အော် ... သူဆင်းပြီး ငါမဆင်းတော့ ငါက ဒီအိမ်ထောင်လေးကို မက်မောရာကျနေဦးမယ်၊ သူကလည်း ဘာမှမမက်ဘူးတဲ့၊ ဒီအိမ်ကြီး ငါ ယူလိုက်တဲ့"

"ဒီတော့ ... နင်က ! "

"ငါကလည်း ရှင်ပဲ ယူလိုက်လို့ ပြောတာပေါ့"

"ဟင် .../ ဖြစ်နေလိုက်ကြတာ၊ ဘယ်သူမှ မလိုချင်ရင် ငါ့ဘက်ပစ်လိုက်ကြဟော ... ပြီးရော"

"ငါ့ပိုက်ဆံချည်းပဲမှ မဟုတ်တာ၊ ငါချည်းပဲ ပိုင်တာမှ မဟုတ်တာ၊ သူကလည်း ငါ့ပိုက်ဆံပါလို့ သူ မပိုင်ဘူးတဲ့၊ ငါကလည်း သူ့ပိုက်ဆံပါလို့ ငါ အပိုင်မယူနိုင်ဘူး ... ဒါပဲ"

"အမယ်လေးတော် ... တစ်ဖက်ကိုတစ်ဖက် သဒ္ဒါတရားတွေ ထက်သန်နေလိုက်ကြတာ"

"အခု ရှင်းတယ်လေ၊ အိမ်ရောင်းမယ်၊ နှစ်ယောက်ခွဲယူမယ်၊ ဒါပဲ၊ နက်ဖြန်ကို ပွဲစားတွေ လျှောက်အပ်ပစ်မယ်၊ အမြန်ဆုံး ရောင်းထုတ်ပြီး နှစ်ပုံခွဲ၊ ငါတို့လည်း ကွာရှင်း၊ ပြီးပြီ"

"နင်ဟာလေ၊ စိတ်လိုက်မာန်ပါချည်းပဲ၊ သူ့ဘက်မှာလည်း သူ့ဘက်က အမြင်နဲ့ ခံစားချက် ရှိဦးမှာပေါ့၊ နင်ကခုလို



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်ဖို့ လမ်းစပွင့်တဲ့ အချိန်မှာ သူ့ကို ကွာရှင်းမယ် ပြတ်စဲမယ် လုပ်တော့ သူက ပိုခံစားရမှာပေါ့"

"အို ... သူက သူ့ကို ဒီလောက် မကောင်းမြင်နေရင် အတူတူ ဆက်နေဖို့ မလွယ်ဘူးလို့ စ,ပြောတာလေ။ ဒီတော့ ငါကလည်း အတူတူဆက်နေဖို့ မလွယ်ရင် ကွဲလို့ ပြောလိုက်တာပေါ့၊ သူကလည်း အိုကေ ... အဆင်သင့်ပဲ၊ ရတယ်တဲ့၊ အဲဒါကို ငါက စဉ်းစားပါဦးလို့ ပြန်ချော့ရော လား။ ဒါဆိုလည်း ခုပဲ ဆင်းမယ်လို့ ငါ အိတ်ပြင်တာ ပေါ့ ...

ဒီတော့ သူက မင်း မှဆင်းနဲ့ ငါဆင်းမှာတဲ့၊ မင်း နေ ငါနေနဲ့ ငြင်းကြရင်း နောက်ဆုံးတော့ နှစ်ယောက်လုံး ပြိုင်တူဆင်းချလာခဲ့တော့တာပဲ"

"သူက ဘယ်ကိုဆင်းတာလဲ၊ ကျုံးရှင်ကိုလား"

"ဘယ်ကလာ ... ကိုတင်ထွန်းနိုင် အိမ်ကိုတဲ့၊ ကျုံးရှင်ဆို ရင် အဲဒီအိမ်နဲ့ နီးနေတယ်တဲ့၊ ဝေးအောင်ကို သွားနေမယ် တဲ့"

"သူကလည်း တစ်မျိုးဟာယ်၊ ဒုက္ခပါပဲ"

"သူ့အိမ်ကလည်း ငါနဲ့ကွဲတာနဲ့ သူ့ကို အမွေပြတ် စွန့် လွှတ်မှာပဲ၊ သူ့အမေကလည်း ကြိမ်းထားတယ်"





"နင်တို့ဟာတွေကလည်းဟယ်"

ပုလဲမှာ ခေါင်းကိုသာ ကုတ်ဖွမိသည်။

ဖဖဖဖဖ

"ဟော့ကောင် ... ဝိစကီလေး ဘာလေး မရှိဘူးလား"

တင်ထွန်းနိုင်က ညဦးကို စိတ်ပျက်သလိုကြည့် ...

"မင်း ဘယ်တုန်းက ဝိစကီတွေ ဘာတွေ သောက်ဖူးလို့လဲ ဟော့ကောင်၊ လုပ်မနေနဲ့၊ ဘီယာသောက်နေတာ တော်ပြီ ပေါ့ကွ"

"ရှိရင် လာစမ်းပါကွာ၊ မင်းကလည်း၊ ငါမူးချင်လို့ပေါ့ကွ၊ မူးမှ ဒီမိန်းမကို တွက်နေတဲ့ ဒေါသတွေ လျော့ကျသွား မယ်၊ ဒေါသတွေကို မေ့သွားမယ်"

"မင်း ဒေါသတွေကိုသာ မေ့ချင်တာ၊ ထိပ်ထားကြင်ကို တော့ မမေ့နိုင်ဘူး မဟုတ်လား"

"တော်စမ်းပါကွာ၊ ဘာလို့ မမေ့နိုင်ရမှာလဲ၊ ကြီးကျယ်တဲ့ မိန်းမ၊ လူပါးဝတဲ့မိန်းမ၊ ငါ သူ့ကို မေ့ပစ်မယ်၊ သူနဲ့ ငါနဲ့ ပြီးပြီ၊ ဟော့ကောင် အရက်ရှိရင် ချစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်ကုလားထိုင် တစ်လုံးပေါ် ခြေတင်ကာ ထိုင်
သော ကိုအောင်ကြီးက ရုတ်တရက်ထကာ အခန်းထဲ ဝင်သွား
သည်။ ကိုအောင်ကြီးဟာ တင်ထွန်းနိုင်ရဲ့ အစ်ကို။ သူတို့ညီအစ်
လူပျိုကြီးနှစ်ယောက်တည်း တိုက်ခန်းတစ်ခန်းမှာ နေကြတာ
သည်။

"ရော့ ... ညဦး၊ ချ"

ကိုအောင်ကြီးက ရမ်အရက်တစ်လုံးကို သစ်
စားပွဲပေါ် ဆောင့်ချလိုက်လျှင် တင်ထွန်းနိုင်က ကိုအောင်ကြီ
မှုန့်မှဲမှော့ကြည့်ကာ ...

"ဟာ ... အစ်ကိုကလည်း သူ အရှုးထတိုင်း မြှောက်
မနေနဲ့"

"သူ မူးချင်နေတာပဲကွာ၊ မူးပစေ"

"အလကား ... ဒီကောင် သောက်တတ်တာလည်း မဟု
ဘူး၊ အရိုင်းကြီး၊ အန်ကုန်မယ် ... အစ်ကိုကလည်း"

"သူ မူးချင်နေတာ မူးပစေပေါ့၊ ပြီးရင် ပြောချင်တာ
ပြောပစေ၊ ဒါမှ ပြီးသွားမယ်၊ မဟုန်နိုင်ရင် မှောက်
လိမ့်မယ် ... ဒါပဲ"





ညဦးက ပုလင်းကိုဖွင့်၍ သောက်လက်စ ဘီယာခွက်
ထဲ ငှဲ့ရောလိုက်သည်။ တင်ထွန်းနိုင်လည်း ဘာမှပြောမနေချင်တော့
၍ နှုတ်ဆိတ်ကာ ညဦးကို စိုက်ကြည့်၍သာ နေလိုက်သည်။

"ကိုအောင်ကြီး ... ကျွန်တော့်မိန်းမက မကောင်းဘူးဗျ၊
မိန်းမတွေများ နည်းနည်းကလေး ဟုတ်မယ်ကြံရင် လက်မ
က ထောင်ချင်လာတယ်၊ အကြည့်တွေကိုက တစ်မျိုးဖြစ်
လာတာ"

"မိန်းမဆိုတာ ဒီအတိုင်းပဲလေ"

ပြောရာပြောကြောင်း မပြောတဲ့ ကိုအောင်ကြီးကို
တင်ထွန်းနိုင်က မျက်မှောင်ကုတ်၍ သတိပေးသလို ကြည့်သည်။

"ကျွန်တော့်မိန်းမဟာ သူ့ကို စာအုပ်ထုတ်ပေးမဲ့သူ ပေါ်
လာကတည်းက အချိုးပြောင်းလာတော့တာပဲ၊ ကျွန်တော့်
အပေါ် တာမဟုတ်တာနဲ့လဲ အပြစ်မြင်လာတယ်၊ အဲဆိုးဆုံး
က ကျွန်တော်က သူ့ကို မနာလိုဖြစ်ပါတယ်တဲ့၊ စွပ်စွဲ
တော့တာလေ၊ သူ့စာအုပ်အဖုံးကိုဗျာ ထုတ်ဝေသူက ပန်းချီ
အပ်ထားတာ မစွံပါဘူးဗျာ၊ အဲဒီလို ပြောမိလို့ ငိုကြီးချက်မ
နဲ့ ဖြစ်တော့တာပဲ ...

ကျွန်တော်မှာ မလှတဲ့ မျက်နှာဖုံးကြီးကို မလှဘူး
တောင် ပြောခွင့်မရှိတော့ဘူးလား၊ သိပ်လှတာပဲလို့ လိမ်



www.burmeseclassic.com

www.burmeseclassic.com



ပြောမှ ကျေနပ်မှာလား၊ သူ့စိတ်ထဲမှာ သူက သာသွား[illegible] မြင့်သွားပြီ တက်ပြီ၊ ဒါကို ကျွန်တော်က မနာလိုစိတ်[illegible] ဝင်နေတယ်၊ ဒီလိုထင်တာဟာ ကျွန်တော့်ကို သက်သက်[illegible] စော်ကားနေတာပဲဗျာ"

"ဒါပေါ့ကွာ၊ သူ့ကို မနာလိုဘူးလို့ သူပြောတာဟာ [illegible] ထက် မင်းက နိမ့်ပါးနေလို့ဆိုတဲ့ သဘောပေါ့"

"အစ်ကိုကလည်းဗျာ၊ အဆင်းကို ဘီးတပ်နေပြန်ပြီ"

"ညဦး ပြောတာ ဟုတ်သားပဲကွ"

"ဒါပေမဲ့ လင်မယားကြားဗျ၊ ပြေလည်အောင်ပဲ ပြော[illegible] ပေါ့"

"ဘာမှ ပြေလည်စရာ မရှိဘူး တင်ထွန်းနိုင်၊ သူကလည်[illegible] ဒီအိမ်ပေါ် ဘယ်တော့မှ ပြန်မတက်ဘူးတဲ့၊ အပြီးဆင်းတာ[illegible] တဲ့၊ သူ အပြီးဆင်းတာဆိုတော့ ငါက ခဏတဖြုတ် ဟ[illegible] ဆောင်ဆင်းတာ ကျနေတာပဲ၊ ငါလည်း အပြီးအပြ[illegible] ပဲ"

"မင်းက အပြီးအပြတ်ဆင်းပြီး ဘယ်မှာနေမှာလဲ"

"ဟော့ကောင် တင်ထွန်းနိုင်၊ ဒါက ဘာစကားလဲ၊ မင်း[illegible] ငါ့ကို အိမ်ပေါ်တင်မထားချင်တဲ့ သဘောလား ဟော့ကောင်"

"မေးကြည့်တာပါကွာ"





"သူက ငါ့ကို အဲဒီအိမ်တောင် ပေးစစ်ခဲ့မတဲ့၊ ငါ ယူလိုက်တဲ့ ဟား ဟား ဟား"

"ယူလိုက်ဆိုရင် ယူလိုက်ရုံပေါ့ကွ"

"မယူနိုင်ပါဘူး၊ သူတောင် စွန့်နိုင်တဲ့ ဒီအိမ်ဒီရာကို ငါက ဘာမက်နေရမှာလဲ၊ ပြောပုံကိုက ဆောင့်ကြွားကြွား နဲ့၊ သိပ်ကို မာန်တက်နေတာ"

"အဲဒီတော့ မင်းတို့က ဘယ်လိုလုပ်မှာလဲ"

"ကွာရှင်းမယ်၊ အိမ်ကိုရောင်းပြီး တစ်ဝက်စီ ပြန်ယူမယ်... ဒါပဲ၊ ဝယ်ကတည်းက သူ့ဘက် ငါ့ဘက် သူ့ငွေ ငါ့ငွေ တစ်ဝက်စီပဲ"

"ရောင်းတာ လွယ်တယ်ဟော့ကောင်၊ ရောင်းပြီးမှ မင်းတို့ ပြန်ပြေလည်သွားရင် ဒီအိမ်မျိုး အလွယ်တကူ ပြန်ရှာဝယ် ဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ စိတ်ငြိမ်[illegible] နီး ခဏမှာ စိတ်လိုက်မာန်ပါတွေ မလုပ်စမ်းပါနဲ့ ညဦး ရ"

"စိတ်ငြိမ်းက ခဏကွဲတာ မဟုတ်ဘူး၊ အတူနေရင် ဆက်ကွဲနေဦးမှာပဲ၊ ဘယ်လိုမှ ပြန်ဆက်စပ်ဖို့ မရတော့ ဘူး"

"မင်း ထင်နေတာပါ ညဦးရာ၊ ဒီကိစ္စမှာ ထိပ်ထားကြင် အမှားမကင်းသလို မင်းလည်း အမှားမကင်းနိုင်ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့မာန်တွေကြောင့်လည်း အများကြီးပါတယ်၊ မင်းအနေနဲ့ ငါကျတော့ ဘာဖြစ်လို့ မဖြစ်ရသလဲ ဆိုတဲ့ မကျေနပ်စိတ်ကို ဖျောက်ပြီး ထိပ်ထားကြင်ရဲ့ အဆင်ပြေမှု ကံကောင်းမှုကို ဒီထက်အားရဝမ်းသာပုံ ပြသင့်တယ်"

"ဟ ... သူက သူ့ စာရေးတာကိုတောင် လျှို့ထားပြီး ကျိတ်ပြိုင်နေတာလေ"

"ကျိတ်ပြိုင်တယ်တော့ ဘယ်ဟုတ်ပါ့မလဲ၊ သူ မဖြစ်သေးတာကို ရှက်ပြီး မြှုထားတုန်း၊ ရုတ်တရက် ကောက်ဖြစ်သွားတာမျိုးပါပဲကွာ"

"ငါတောင် လျှို့မထားတာ သူ လျှို့ထားစရာလား"

"မင်းဟာကလည်း ပေါ်သွားလို့သာ သူ သိရတာပါ၊ မင်းလည်း စာရေးနေတာကို ဖုံးကွယ်ထားခဲ့တာပဲ မဟုတ်လား၊ ရွှေစင်နဲ့သာ တိုက်ရိုက်မဆုံရင် မင်းလည်းဖွင့်ပြောမဲ့ကောင်မှ မဟုတ်တာ"

"ဒါကတော့ သူ့အကြောင်းလည်း ငါမသိ၊ ငါ့အကြောင်းလည်း သူ မသိ၊ ဘဲစားဘဲခြေပဲလေ၊ ငါစာရေးတယ်ဆိုတာ သိမှတော့ သူ စာရေးကြောင်းလည်း ဖော်သင့်တာပေါ့ကွ၊ ဆက်ဖုံးထားတာ မရိုးသားတာပဲ၊ အဲဒါကြောင့် ငါက ကျိတ်ပြိုင်နေတယ်လို့ ပြောတာ"





"ကဲ ... အခုရောကွာ ... သူ့ကို စာအုပ်ထုတ်ဖို့ ကမ်းလှမ်းတာကို သူက ဂုဏ်ယူဝံ့ကြွားစွာကြီးနဲ့ မောက်မောက်မာမာကြီး ပြောတာမို့လို့လား၊ သူ့ဆီလာတဲ့စာကို မင်းက မင်းဆီလာတဲ့စာမှတ်ပြီး ဖောက်ဖတ်ပြီးတော့ မင်းဘာသာမင်း ဖီလင် အောက်သွားတာလည်း အများကြီး ပါပါတယ်ကွာ"

"အေးပေါ့ကွ၊ ငါ ရှက်သွားတာလည်း ပါတာပေါ့၊ အဲဒါကို သူက ငါက မနာလိုဖြစ်တယ်လို့ စွပ်စွဲတာကို ဒေါကန်တာ"

"မင်းတို့နှစ်ယောက် အခု ဖြစ်တာက ဘာမှ အဓိပ္ပာယ်မရှိဘူး၊ ဟိုးအစောကြီးကတည်းက တစ်ယောက်နဲ့တစ်ယောက် အိမ်ထောင်ပြုနေမှပဲ၊ ကိုယ် စာရေးတာ ဝါသနာပါတယ်၊ ဝတ္ထုလေး ဘာလေး ရေးကြတယ်ဆိုတာ တစ်ယောက်ကို တစ်ယောက် ဖွင့်ပြောထားပြီးသား ဖြစ်ရမှာ ...

မပြောကြတာကို မင်းတို့စိတ်တွေထဲမှာ မှုမမှန်တာ၊ ဖြစ်လာမှ လူသိခံမယ်၊ ဖြစ်မလာရင် မြှုထားလိုက်တော့မယ်ဆိုတဲ့ အတွေးက မင်းတို့နှစ်ယောက်လုံးမှာ ရှိနေတယ်၊ နှစ်ယောက်လုံး မပွင့်လင်းတာ၊ အုံ့ပုန်းစိတ်တွေ၊ အဲသလို စိတ်ဓာတ်အမျိုးအစားတွေမို့လို့လည်း ခုပြဿနာမျိုး ဖြစ်လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့ စာအုပ်ထုတ်ဖြစ်တာကို မုဒိတာ ပွားနိုင်တယ် ဟော့ကောင်"

"ယုံပါတယ်၊ ဒါပေမဲ့ အဲဒါကို ငါသိဖို့ ငါယုံဖို့ မလိုဘူး သူသိဖို့ သူယုံဖို့လိုတာ"

"သိလည်း သူက ယုံမှာမဟုတ်ဘူး၊ ခုကြည့်လေကွာ၊ သူ့ မျက်နှာဖုံးဟာ စုတ်ပြတ်နေတာပဲ၊ သိပ်အပေါစားဆန်တယ်၊ အထဲက ကွန်ပျူတာရိုက်ထားတဲ့ စာသားတွေကလည်း အမှားအယွင်း အကျအပေါက်တွေ သိပ်များတာပဲ၊ စာအုပ် အပြင်အဆင်က လုံးဝမစွဲဘူး၊ စာအုပ်တစ်အုပ်ဟာ စာ ကောင်းနေပစေဦး၊ ကိုင်ကြည့်လိုက်လို့မှ ဖတ်ချင်စဖွယ် ဖြစ်မနေရင် ဘယ်သူက သွားဖတ်မှာလဲ ...

ဒါကို ထုတ်ဝေသူကို သူ ဆွေးနွေးရမယ်၊ တောင်း ဆိုရမယ်၊ ထုတ်ဝေသူကလည်း အထိုက်အလျောက်တော့ လက်ခံမှာပါ၊ ဒီစာအုပ်စွဲမှ သူလည်း အကျိုးရှိမှာလေ၊ သူလည်း ငွေထုတ်ရင်းထားရတဲ့သူပဲ၊ ဒါတွေကို ငါဝေဖန် တော့ သူက သူ့အတွက် အကောင်းမမြင်နိုင်ဘူး မကောင်း တွေပဲ ပြောနေတယ်လို့ ထင်တယ်၊ တိမ်တယ်ကွာ ... ကျုတ်၊ တော်ပါပြီ၊ စေတနာနဲ့ ထောက်ပြဝေဖန်တာကို အထင်မှား စော်ကားတာ စိတ်ပျက်သွားပြီကွာ"





ညဦးက ခေါင်းကိုယမ်းရင်း အဂ္ဂက်ဖန်ခွက်ကို ကောက်မော့သည်။

"ဟော့ကောင် ... တော်ဦး၊ ဖြည်းဖြည်းလုပ်၊ မူးမယ်၊ မင်း ပြောတာ မှန်ပါတယ်၊ ဒါပေမဲ့ သူက အတွေ့အကြုံ မရှိတဲ့ မိန်းမတစ်ယောက်ကွ၊ မင်းမှာက အနည်းဆုံး ကျူရှင်က စာအုပ်တွေ ရိုက်ဖူး ထုတ်ဖူးတဲ့ အတွေ့အကြုံ ရှိသေးတယ်၊ ဒါတွေ သူ့ထုတ်ဝေသူကို မင်း ရပ်တည် တောင်းဆိုပေးလိုက်ပါလားကွာ"

"ပထမတော့ စိတ်ကူးတယ်လေ၊ ခုတော့ တော်ပြီ၊ ဘဝင် မြင့်တဲ့မိန်းမ ပစ်ထားလိုက်မယ်၊ ငါနဲ့လည်း ပြီးပြီ ပြတ်ပြီ"

"မဟုတ်သေးပါဘူး ညဦးရဲ့"

ညဦးက ခေါင်းကို ခါယမ်းရင်း နာနာကြည်းကြည်း တောက်ခတ်လိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ခေါ်နေပြီလား၊ လိုင်းမအားဘူးလား"

"ခေါ်နေတယ်၊ ဖုန်းမကိုင်သေးဘူး"

"နင်ပဲ ပြောနော်"

ထိပ်ထားကြင်က ဆိုဖာကြီးပေါ် တင်ပလ္လင်ခွေထိုင်ကာ မရမ်းပြားတစ်ထုပ်ကို ပမာမခန့်ပုံနှင့် စားနေရင်းက ချဉ်စုတ်ရှုံ့မဲ့နေသည်။

"ဟော ... ဟော ... ကိုင်ပြီ၊ ဟယ်လို"

"ဟယ်လို ... ပြောပါ ခင်ဗျာ"

"ကိုညဦးနဲ့ ပြောချင်လို့ပါ"

"ဗြော် ... ဘယ်သူပါလဲ"





"ကျွန်မ ပုလဲပါ၊ ထိပ်ထားကြင် သူငယ်ချင်းပါ၊ ကိုတင်ထွန်းနိုင် လား"

"ဗြော် ... မပုလဲ၊ ဟုတ်ပါတယ်၊ တင်ထွန်းနိုင်ပါ၊ ညဦးနဲ့ပြောမှာ ဘယ်သူလဲ၊ ထိပ်ထားကြင် ပြောမှာလား"

"ဟင့်အင်း ... သူ မပြောဘူးရှင့်၊ ကျွန်မကို ပြောခိုင်းတာ ကျွန်မ ပြောမလို့"

"ဗြော် ... ဗြော်"

တင်ထွန်းနိုင်က ညဦးဘက် လှည့်ကြည့်လိုက်သည်။ စာအုပ်တစ်အုပ် ဖတ်နေရာမှ တင်ထွန်းနိုင် စကားသံတွေကြောင့် စိတ်ဝင်တစား လည်တိုင်မတ်ကာ နားစွင့်နေတဲ့ ညဦးက တင်ထွန်းနိုင် လှည့်ကြည့်လာလျှင် စိတ်မဝင်စားသယောင် မကြားသယောင် ဒူးတန့်နှံ့ လုပ်နေတာမို့ အမြင်ကတ်စွာပင် ...

"ဟောကောင် ... ရော့၊ ပုလဲက ထိပ်ထားကြင် ပြောခိုင်းတာ ပြောစရာရှိလို့တဲ့"

ညဦးက မေးစေ့ကိုပင့်ကာ မျက်လုံးမှေးစင်းရင်း ...

"ဟော ... ပြောလိုက်၊ တစ်ဆင့်ပြောခိုင်းတဲ့စကား ငါလာနားထောင်စရာ မလိုဘူးလို့၊ ပြောတဲ့သတင်း မင်းပဲလက်ခံထားလိုက်"



www.burmeseclassic.com

www.burmeseclassic.com



တင်ထွန်းနိုင်က ညဦးကို မျက်စောင်းရွယ်ကာ ညဦး ပြောတဲ့အတိုင်း တစ်ဖက်က ပုလဲကို ပြန်ပြောလိုက်ပါသည်။

"ကြားတယ် ကိုတင်ထွန်းနိုင်၊ ကျွန်မ ဖုန်းထဲကနေ ကိုညဦး အသံကြီး ကြားတယ်၊ ခဏနော်၊ ဟဲ့ အကြင် ... ကိုညဦးက လာမပြောနိုင်ဘူး၊ ကိုတင်ထွန်းနိုင်နဲ့ပဲ ပြောခဲ့တဲ့"

ထိပ်ထားကြွင်က ရှုံ့မဲ့ကာ ...

"ပြောလိုက်ပေါ့၊ သိပ်ပြီး ဈေးတွေခေါင်နိုက်မနေနဲ့လို့ သူ့အသံကြီး မကြားရလေ ကျက်သရေရှိလေ၊ အဲဒါပါ ထည့်ပြောလိုက်"

"ဟယ်လို ... ကိုတင်ထွန်းနိုင်၊ ဟိုလေ ... ကိုညဦးကို သိမ်ပြီး ဈေးတွေခေါင်နိုက်မနေနဲ့လို့ အသံမကြားရလေ ကျက်သရေရှိလေတဲ့၊ ကျွန်မ ကိုတင်ထွန်းနိုင်နဲ့ပဲ ပြောခဲ့မယ်"

"ခဏနော် ... သူ့ကို ပြောပြဦးမယ်၊ ဟော ... ညဦး၊ မင်းကို ထိပ်ထားကြွင်က သိပ်ပြီးဈေးခေါင်နိုက်မနေနဲ့တဲ့ အသံမကြားရလေ ကျက်သရေရှိလေတဲ့"

"ပြောလိုက်စမ်းကွာ၊ အသံတကယ် မကြားချင်ရင် အကြောင်းရှာပြီး မဆက်နဲ့လို့"





"ပုလဲရေ ... ညဦးက အသံတကယ် မကြားချင်ရင် အကြောင်းရှာပြီး မဆက်နဲ့တဲ့၊ အဲဒါလေး ပြောလိုက်ပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ...၊ ဟဲ့ ... မိကြင်ကြင်၊ ကိုညဦးက နင့်ကို အသံမကြားချင်ရင် အကြောင်းရှာ မဆက်နဲ့တဲ့"

"အောင်မာ ... သူ့များ အကြောင်းရှာ ဆက်စရာလားဟဲ့"

"ကိုတင်ထွန်းနိုင် ... အောင်မာ ... သူ့များ အကြောင်းရှာ ဆက်စရာလားဟဲ့ ... တဲ့"

"ဟော ... ညဦး၊ အောင်မာ ... သူ့များအကြောင်းရှာ ဆက်စရာလားဟဲ့ ... တဲ့"

"ဒါဆိုရင် ကင်းကင်းနေပါလို့"

"ဒါဆိုရင် ကင်းကင်းနေပါတဲ့"

"အကြင် ... ဒါဆိုရင် ကင်းကင်းနေပါတဲ့"

"မပြောမဖြစ်လို့ ပြောရတာ၊ သန်ဘက်ခါ အိမ်ဝယ်မဲ့သူ လာကြည့်မယ်၊ ကျုံရှင်ကနေ အိမ်ကိုသွားပြီး တံခါးဖွင့်ပြလိုက်လို့"

တစ်ဆင့် တစ်ဆင့် ပြောနေရ၍ ဒေါတွေပွလာတဲ့ ထိပ်ထားကြွင်ဟာ ခါးကိုထောက်ရင်း မရမ်းဖြားထုပ် ပစ်ချကာ တားရွက်ကို ပုလဲနှင့် ဖုန်းအနားသို့ ကပ်လာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတင်ထွန်းနိုင်ရေ"

"ကြားတယ် ... ကြားတယ်၊ ဟောကောင် သန်ဘက်ခါ အိမ်ဝယ်မဲ့ သူလာကြည့်မယ်တဲ့၊ တံခါးသွားဖွင့်ပြလိုက်တဲ့"

ညဦးကလည်း ခါးထောက်၍ ခေါက်တုံ့ခေါက်ပြန် လျှောက်နေရာမှ ဖုန်းခွက်နား ကုန်း၍ကပ်ကာ ...

"မပြနိုင်ဘူး၊ မအားဘူး၊ ဟိုဟာမလေးတွေ ရှိသားပဲ"

"မပုလဲရေ ... ကြားတဲ့အတိုင်းပဲ"

"အကြင်ရေ ... မပြနိုင်ဘူးတဲ့၊ မအားဘူးတဲ့၊ ဟိုကောင်မ လေးတွေ ရှိသားပဲတဲ့"

ထိပ်ထားကြင်က ဖုန်းနားကပ်ကာ ...

"သူတို့က ဘာပြောတတ်မှာလဲ၊ ဈေးစကားတွေ ဆစ်တာ ဆက်တာတွေ ပြောရဆိုရဦးမှာ၊ မေးသမျှ သူပဲ ဖြေတတ်မှာ ပေါ့"

ဤသို့လျှင် တစ်ဖက်နှင့်တစ်ဖက် အာပေါက်သ အောင် စကားအပေးအယူ အသယ်အပို့ ပြောနေကြရာမှ တဖြည်းဖြည်းနှင့် ညဦးရော ထိပ်ထားကြင်ပါ စိတ်မရှည်နိုင်အောင် ဒေါပွလာကာ ဖုန်းခွက်ကို ပုလဲနှင့် တင်ထွန်းနိုင်ထံမှ အသီးသီး ဆွဲလုယူလိုက်ကြပါသည်။





"ဒီမှာ မပုလဲ"

"ဒီမှာ ကိုတင်ထွန်းနိုင်"

အသံနှစ်သံ ထပ်တူပေါ်လာပြီးလျှင် ...

"ကျွန်မ ပုလဲ မဟုတ်ဘူး၊ ထိပ်ထားကြင်"

"အေး ... ငါလည်း တင်ထွန်းနိုင် မဟုတ်ဘူး၊ ညဦး၊ ကဲ... ဘာလဲ"

"အိမ်တကယ်ဝယ်မဲ့သူမို့ ရှင့်ကို သွားပြခိုင်းတာ၊ ရှင့်ကျူရှင်နဲ့က နီးနီးလေးဟာ၊ ကျွန်မက ဝေးတယ်၊ ရှင့်မှာလည်း သော့ရှိတယ်၊ သွားပြပြီး စကားပြောလိုက်ပါ"

"ဟိုမှာ ... အပုတို့ရှိနေတာ ငါက ဘာလို့သွားရမှာလဲ"

"သူတို့က ဘာပြောတတ်မှာလဲ၊ မေးတာတွေ မဖြေနိုင်ရင် တစ်ခေါက်နဲ့ မပြီးပဲ အရစ်ရှည်နေမှာပေါ့"

"ဒါဖြင့် မင်း သွားပြလိုက်ပေါ့"

"ရှင်ဘာလို့ တွက်ကပ်နေရတာလဲ၊ ဘာလဲ ... ရှင့်စိတ်ထဲမှာ ဒီအိမ်ကို ရောင်းမထွက်ချင်ပဲ နှမြောနေလို့လား"

"အောင်မာ ... ဘာကိစ္စနှမြောရမှာလဲ၊ လှည့်ကို မကြည့်ချင်တာ ရှင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် သွားမပြတာ ရှင် ဒီအိမ်ကို ရောင်းမထွက်ချင်တာပဲ၊ တခြားအကြောင်းတွေ ပြမနေနဲ့၊ ရှင့်စိတ်ထဲ သံယောဇဉ်မပြတ် ဖြစ်နေလဲ ... ဆောရီးနော်၊ ကျွန်မကတော့ အိမ်မြန်မြန်ရောင်း၊ မြန်မြန် စာရင်းရှင်း၊ ဒါပဲ လိုချင်တယ်"

"မင်း လိုချင် မင်းဟာမင်း ကြိုးစားလုပ်"

"ရှင်ကတော့ သံယောဇဉ် ငင်နေတယ်ပေါ့"

"ဘာကို ငင်ရမှာလဲ၊ ဟား ဟား ... မင်း ဖြစ်ချင်တာတွေ စိတ်ကူးယဉ်ပြီး မျှော်လင့်မနေပါနဲ့ကွာနော်၊ ငါက ဒီအရေးမပါတဲ့ကိစ္စအတွက် အလုပ်ရှိတာဖျက်ပြီး အချိန်မပေးနိုင်လို့ပါ ... ဟဲ ဟဲ"

"သန်ဘက်ခါ ဗုဒ္ဓဟူးလေ၊ ရှင် ဒီလောက် အားအားယားယားရှိတာ၊ ကျွန်မ မသိတာမို့လို့လား"

"ကျုပ်ရှင်ကိစ္စ အားပေမဲ့ ငါ့စာအုပ် ထုတ်ဖြစ်တော့မဲ့ကိစ္စလေ၊ အဲဒါ ပတ်ဘလစ်ရှာနဲ့ စာမူခ ရာခိုင်နှုန်းလေး ညှိစရာကိစ္စရှိလို့ မအားဘူး၊ ဟုတ်ပြီနော်"

"ဘာ ... ဘာရှင့် စာအုပ်လဲ"





"ဪ ... တယ်နားဝေးပါလား၊ ငါ့ရဲ့ဘာသာပြန်လုံးချင်း စာအုပ် ထုတ်ဝေတော့မယ်လေ၊ သိပ်မကြာခင် ထွက်မယ်၊ အခုထုတ်မယ်ဆိုတာနဲ့ ခပ်သွက်သွက်ပဲ ထွက်လာတော့မယ်လေ"

"ဒီမယ်၊ ရှင် မရှက်ဘူးလား ကိုညဦး၊ ရှင် စကားပြောတဲ့လေသံဟာ အရွယ်မရောက်တဲ့ Mature မဖြစ်တဲ့ သူမျိုးရဲ့လေမျိုးဖြစ်နေတယ်၊ အဲသလောက်လည်း ကြွားမနေနဲ့ရှင့်၊ ကျွန်မရဲ့ ပထမဆုံးလုံးချင်းဝတ္ထုက ရှေ့တစ်ပတ်တည်း ထွက်တော့မှာ"

"ဪ ... ကောင်းတာပေါ့ ခင်ဗျာ ... ကောင်းတာပေါ့"

"ဒီမှာ ရှင်ရှိမနေနဲ့၊ သန်ဘက်ခါ ကျွန်မ လာရမယ်ဆိုရင် အဒေါ်ကြီးက လာရမှာ၊ ရှင်က နီးနီးလေးရယ်၊ မတွက်ကပ်ပါနဲ့၊ သွားပြလိုက်ပါရှင့်"

"အားအားယားယားကွာ၊ မပြနိုင်ပါဘူး၊ မင်းတော့ လာမပြပဲနဲ့၊ ငါက နီးလို့ဆိုပြီး ဒီအိမ်ပြတဲ့ကိစ္စကို နောက်လည်း ငါပဲ လုပ်နေရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်လိုဖြစ်နေတာလဲ၊ ဒီအိမ်ရောင်းထွက်ဖို့ကိစ္စက ကျွန်မတို့ နှစ်ယောက်စလုံးကိစ္စရှင့်၊ ကျွန်မ တစ်ယောက်တည်းကိစ္စ မဟုတ်ဘူး"

"ဟုတ်တယ်လေ ... နှစ်ယောက်လုံးရဲ့ကိစ္စ ဖြစ်တဲ့အတွက် နှစ်ယောက်လုံး အတူတူလာပြမှပဲ ငါလည်းပြနိုင်မယ်"

"ရှင် သိပ်အတ္တကြီးတယ် ... တောက်"

"မင်းလည်း အတ္တကြီးတာပဲ၊ သန်ဘက်ခါ အိမ်ပြတဲ့အခါ မင်းပါ လိုက်လာမယ်ဆိုရင်တော့ ငါလည်း လာခဲ့မယ် ရောက်တော့မယ် ဆိုရင် ဖုန်းဆက်လိုက်၊ မင်း မလာဘူး ဆိုရင် ငါလည်း မလာဘူး"

"ဘယ်သူမှ လာမပြရင် ဒီအိမ် ဘယ်လိုရောင်းမှာလဲ"

"အေးလေ ... အဲဒါကြောင့် မင်းလည်းလာခဲ့လို့"

"ဘာလဲ ကိုညဦး၊ ရှင်က ကျွန်မနဲ့ တွေ့ခွင့်ဆုံခွင့်ရဖို့ ကြံနေတာပေါ့ ... ဟုတ်လား"

"အောင်မယ်လေးဗျာ၊ ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်ကြီး အထင်တွေ ကြီးမနေပါနဲ့၊ မင်းကို တွေ့ချင်လွန်းလို့ မဟုတ်ရပါဘူး။ မင်းတောင် မလုပ်တဲ့ကိစ္စကို ငါလည်း မလုပ်နိုင်လို့၊ မင်းကလည်း လာမယ်တစ်ခွန်းပြောလိုက်





ရင် ပြီးနေတဲ့ကိစ္စကို မပြီးနိုင်အောင် ဆက်ရစ်နေတာ ငါနဲ့ စကားအကြာကြီး ပြောချင်လို့များလား၊ ငါ့အသံကို ကြားမဝလို့ ဒီလောက် အရှည်ကြီး ပြောနေတာလား"

"အောင်မာ ... ရှင်နဲ့ စကားမပြောရရင် စိတ်အချမ်းသာဆုံး၊ ကဲ ... ပြီးရော ... ဒါပဲ၊ ဒါဆိုရင် သန်ဘက်ခါ ရှင် မနက်ဆယ်နာရီ အိမ်ကိုလာပါ"

"မင်းလည်း လာမှာနော်"

"လာမှာ ... လာမှာ"

ထိပ်ထားကြင်ဘက်က ဖုန်းကို ခွပ်ခနဲ ချသွား၍ ညဦးကလည်း ပခုံးတစ်ချက်တွန့်ရင်း ဖုန်းချလိုက်ပါသည်။

ထထထ

နွဲ့နှောင်းငယ်ရွယ်သော ကောင်မလေးက သူ့ကောင်လေးရဲ့ လက်မောင်းတစ်ဖက်ကို တစ်ချိန်လုံး ချိတ်တွဲထားကာ ချွဲနွဲ့နွဲ့ပုံစံနှင့် ချစ်စဖွယ် ရှိလှသည်။ ကောင်လေးကလည်း ကောင်မလေးဘက် ငုံ့ကာ ငုံ့ကာ တတွတ်တွတ် စကားပြောနေပုံက တယုတယ ကြင်ကြင်နာနာ ရှိလှပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... ပုံစံတွေကတော့ ဟိုးလွန်ခဲ့တဲ့ တစ်နှစ်ခွဲလောက်က ညဦးနဲ့ ထိပ်ထားကြင် အိမ်လာကြည့်စဉ်က ပုံစံအတိုင်း ကယုကယင်လေးတွေပေါ့။ ထိပ်ထားကြင်သည် သူတို့နှင့် မလှမ်းမကမ်းမှ လက်ပိုက်၍ လျှောက်လိုက်ရင်း ရင်ထဲ ဝမ်းနည်းသလိုကြီး ဖြစ်လာပါသည်။

"အခန်းတွေ အများကြီးပဲနော် ကိုကို"

ကောင်မလေး စကားကြောင့် ထိပ်ထားကြင်က ဝင်ကာ ...

"ဟုတ်တယ် ညီမရေ၊ အိပ်ခန်းချည်းပဲ ခြောက်ခန်းပါတယ်"

"မမတို့ ကလေးတွေ များလို့လားဟင်"

သုံးဆယ်ကျော် စုံတွဲမို့ သားတွေ သမီးတွေနှင့်လို့ ထင်လည်း ထင်လောက်သည်။ ထိပ်ထားကြင်နှင့် ညဦး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြပါသည်။ ဖျတ်ခနဲ မျက်နှာလွှဲလိုက်ပြီးမှ ...

"ကလေးတော့ မရှိသေးပါဘူး ညီမရယ်၊ စာအုပ်ခန်းတို့ အလုပ်ခန်းတို့ လုပ်ထားလိုက်တာပေါ့၊ ဒီမှာလေ ... ကြည့်"

ထိပ်ထားကြင်က အခန်းတချို့ကို ဖွင့်ပြလိုက်သည်။

"အိမ်ကြီးကတော့ အကြီးကြီးနဲ့ အရမ်းကောင်းတာပဲ"





ကောင်မလေးက ပြောလျှင် ကောင်လေးက ...

"ငယ်ငယ် ကြိုက်လား"

"ကြိုက်ပါတယ် ကိုကို၊ ဒါပေမဲ့ ဈေးက နည်းနည်းများတော့ ..."

"တစ်အိမ်လုံးက ပါကေးခင်း၊ အိပ်ခန်းသုံးခန်းက ဘာ့သ်အတက်ချ်လေ၊ အိမ်ဆောက်ထားတဲ့ ထုကြီ လည်း ကြည့်ပါဦး၊ လှေကားဆိုရင်လည်း တမင် ဒီလိုကွေ့ဝိုက်ဆောက်ထားတာက ရိုးရိုးလှေကားထက် စရိတ်အများကြီး ပိုဝင်တယ်၊ မျက်နှာကျက်တွေကအစ တော်ရိုလျော်ရိ လုပ်ထားတဲ့ဟာ ဘာမှ မပါဘူး၊ အစ်မတို့ ဝယ်တုန်းကလည်း ဒီလိုကောင်းလို့ ဈေးကြီးပေးဝယ်ထားရတာပဲ ညီမရယ်၊ ဝယ်ပြီးတဲ့နောက် အစ်မတို့ စိတ်တိုင်းကျ ပြင်ဆင်ထည့်ထားတာတွေကလည်း ရှိသေးတယ်"

ထိပ်ထားကြင် ပြောနေတာကို ညဦးက နားထောင်ရင်း အိမ်ကြီးကို နှမြောသလိုပင် ဖြစ်လာမိတော့သည်။ သူတို့တုန်းကလည်း ဈေးဈေးစပ်စပ်နှင့် အိမ်ပေါင်းများစွာ ကြည့်ရှုပြီးမှ အကောင်းဆုံး စီစစ်ရွေးချယ်ခဲ့တာ။ တန်ဖိုးကြီးတဲ့ အိမ်ကြီးတစ်လုံးကို နှမြောတာမျိုးသက်သက် မဟုတ်ပဲ သူတို့နှစ်ဦးရဲ့ ပျော်ရွှင်



www.burmeseclassic.com

www.burmeseclassic.com



ကြည်နူးဖွယ် သာစောင့်သာယာ အိမ်ထောင်ဦးအစမှာ စိတ်တူကိုယ်တူ ရွေးချယ်ခဲ့သည့် အိမ်တစ်ဆောင်အဖြစ် နှမြောမိတာပါ။

ဤအိမ်ကြီးထဲမှာ သူတို့နှစ်ယောက်ရဲ့ အချစ်တွေ မြတ်နိုးတွယ်တာမှုတွေ အချင်းချင်း လိုအပ်မှုတွေ၊ ပျော်ရွှင်မှုတွေကို အစပျိုး မြုပ်နှံခဲ့သည်။ သူတို့အိမ်တွေ လိုက်ကြည့်ကာ ဒီအိမ်ကြီးကို မျက်စိကျ အကြိုက်တွေ့စဉ်က ထိပ်ထားကြင်ရဲ့ ပြုံးမျက်နှာလေးဟာ ဒီကောင်မလေးလိုမျိုးပါပဲ။

အင်း ... ခုတော့။ ခုတော့ ဒီအိမ်ကြီးကိုရော၊ ဒီအိမ်ထောင်ကိုပါ သူမက တန်ဖိုးမထားတော့ပြီပဲလေ။ သူက ဘာများတတ်နိုင်ဦးမှာလဲ။ ညဦးသည် အသီးသီး အိမ်ပေါ်က ဆင်းသွားကြပြီးမှ ခုပထမဆုံးအကြိမ် ဒီအိမ်မှာ ပြန်ဆုံရတာမို့ ရင်ထဲ နင့်တင့်တင့် ဆွေးမြည့်လာသည်။

"အိမ်ကြီးက ဒီလောက်ကောင်းတာ၊ မမတို့ ဘာဖြစ်လို့ ရောင်းမှာလဲဟင်"

ကောင်မလေးက စီးပွားပဲကျလို့လား၊ ဒီထက်ကောင်းတာဆီ ရွှေ့ဖို့ပဲလား စဉ်းစားပုံရသည်။ တချို့က အယူသည်းတတ်ကြတာ ရှိပါသည်။ စီးပွားကျတဲ့အိမ်၊ အိမ်ထောင်ပျက်တဲ့ အိမ်မျိုး





ဆို သူတို့ပါ မနေချင်တာမျိုး ရှိပါသည်။ ညဦးနှင့် ထိပ်ထားကြင် အကြည့်ချင်း ဆုံပြန်ကာ ထိပ်ထားကြင်က ...

"ဒီအိမ်ကလေ စီးပွားလည်း တရိပ်ရိပ်တက်တယ်၊ အစ်မတို့ရဲ့ ဝါသနာတွေ ရည်မှန်းချက်တွေလည်း ဒီအိမ်မှာပြည့်ဝခဲ့ပါတယ်၊ အကြောင်းကြောင်းကြောင့်ပါကွယ်၊ အစ်မတို့ တခြားမှာလည်း ပြန်ဝယ်စရာ ရှင်းနှီးမြုပ်နှံစရာတွေ ရှိလို့ပါ"

"သြော်"

"အပေါ်ထပ် တက်ကြည့်ပါဦး ညီမတို့၊ တက်ပါ၊ တက်ပါ၊ ရှေ့ကတက်၊ လွတ်လွတ်လပ်လပ် လိုက်ကြည့်ပါ"

လူငယ်စုံတွဲလေးက ရှေ့ကတက်သွားလျှင် ထိပ်ထားကြင်က ညဦး အနားကပ်လာကာ လေသံတိုးတိုးနှင့် ...

"ကျွန်မတို့နှစ်ယောက် အိမ်ထောင်ကွဲလို့တွေ ဘာတွေ ရှင် လျှောက်မပြောနဲ့ဦးနော်၊ သူတို့က မင်္ဂလာဆောင်ကာနီး စုံတွဲလေး၊ အယူသည်းချင် သည်းမှာ"

"ငါ နားလည်ပါတယ်ကွာ၊ ဒါမျိုး မပြောရဘူး ဆိုတာလောက်တော့ သိပါတယ်၊ မင်း ပြောနေစရာ မလိုပါဘူး"

"ပြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားကြင်က နှုတ်ခမ်းစူ၍ ဟိုစုံတွဲနောက် တက်လိုက်သွားရာ ညဦးလည်း မလှမ်းမကမ်းမှ လိုက်တက်သွားရပါသည်။ ဟိုစုံတွဲလေးဟာ ဒီအိမ်ကို နှစ်သက်သည်ဖြစ်၍ စေ့စေ့စပ်စပ်ကြည့်ကာ နိုက်နိုက်ချွတ်ချွတ် မေးကြသည်။ ဒါတွေကို ဖြေနေရတာကိုပဲ ညဦး ရင်ထဲ ခပ်ဆို့ဆို့နှင့် အတော်မကောင်းလှ။ ဒီအိမ်ကို ဝယ်စဉ်က ဒီလိုနည်းနှင့် ပြန်ရောင်းရလိမ့်မည်လို့ ဘယ်သူ စိတ်ကူးမိမှာတဲ့လဲ ...။

ကောင်လေးက ရေစနစ်တွေ မီးစနစ်တွေ မေးနေ၍ ထိပ်ထားကြင် မဖြေတတ်တာတွေမို့ ညဦး ဝင်ဖြေနေရပြန်ပါသည်။

"ကျွန်တော်တို့ အိမ်တွေကြည့်နေတာများပါပြီ။ အိမ်ရှင်တွေလည်း အမျိုးမျိုး တွေ့ရတယ်ဗျာ။ အိမ်ရဲ့မကောင်းတာကို ဖုံးကွယ်ပြီး ညာပြောချင်တာတို့ အမွှန်းတင်လွန်းတာတို့ တွေ့ရတယ်၊ အစ်ကိုတို့ကတော့ အေးအေးဆေးဆေးပဲ၊ ကောင်းတာကို ကောင်းတယ်၊ မကောင်းတာကို မကောင်းဘူးပဲ"

"ဟုတ်တယ် ... ဒီအစ်ကိုကလည်း တည်တည်ကြည်ကြည်နဲ့ အစ်မကလည်း ယဉ်ယဉ်ကျေးကျေး ပျူပျူငှာငှာနဲ့ အစ်ကိုနဲ့မမ သိပ်လိုက်တာပဲ သိလား"



ကောင်မလေး စကားကြောင့် ညဦးနှင့် ထိပ်ထားကြင်တို့ မျက်နှာများ ရှက်သွေးဖြေးချင်ချင် ဖြစ်သွားရပါသည်။

"တချို့အိမ်ရှင်လင်မယားတွေဆို အိမ်အကြောင်း ပြောရင်းကပဲ ထ,ငြင်းခုန်ရင် ငြင်းခုန်ကုန်တာ၊ စကားတွေဘာတွေ များရင်များကုန်တာ၊ အစ်ကိုနဲ့ မမက အေးချမ်းနေတာပဲ၊ အိမ်လာကြည့်ရတာ စိတ်ချမ်းသာတယ်နော် ကိုကို"

"ဟုတ်တယ်ခင်ဗျ၊ ဒီအိမ်ကို ခြံရှေ့ရပ်လိုက်ကတည်းက နှစ်သက်မိပြီး အိမ်ထဲဝင်လိုက်တာနဲ့ စိတ်ထဲ ငြိမ်းချမ်းအေးမြသွားတာပဲ၊ အိမ်'သာ'တယ်လို့ ခေါ်ရမှာပေါ့၊ ကျက်သရေရှိတဲ့အိမ်မျိုးမို့ဗျ၊ အိမ်တွေက လှချင်လှ ကောင်းချင်ကောင်းနေမယ်၊ ဝင်လိုက်တာနဲ့ စိတ်ထဲ ငြိမ်းအေးချမ်းသာသွားတဲ့ ခံစားချက်က ဖြစ်ဖို့ခဲယဉ်းတယ်"

ထိပ်ထားကြင်က ပြုံးရင်း ...

"အစ်မတို့ ဝယ်တုန်းကလည်း ဒီလိုပဲ ခံစားခဲ့ရတာပါပဲ၊ မောင်လေးက အိမ်ကို အမွှန်းတင်ပြီး ပြောနေတော့ အစ်မ စိတ်ထဲမှာ အိမ်ကိုနှမြောတောင် လာတယ်ကွယ်"

ထိပ်ထားကြင် ရင်ထဲ တကယ်ပဲ တစ်မျိုးကြီးဆို့နင့်ကာ နှမြောလာရတာပင်။ ငိုချင်သလိုတောင် ဖြစ်လာမိ၍ ညဦး

www.burmeseclassic.com

www.burmeseclassic.com



ဘက်လှည့်မကြည့်မိအောင် တင်းထားရသည်။ သူ့ကိုကြည့်မိရင်တော့ မျက်ရည်က ချက်ချင်းလည်တက်လာတော့မှာ။ သူကတော့ ယောကျ်ားရင့်မကြီးပဲ။ ဘယ်ခံစားရလိမ့်မလဲ။

"ဟား ဟား ... ရောင်းမဲ့ အစ်မတို့က နှမြောတယ်ပြောနေတော့ ကျွန်တော်တို့က ဆစ်ချင်ရင်တောင် ဘယ်လိုလုပ်ဆစ်ရမှန်း မသိတော့ဘူးဗျာ ... ဟား ဟား"

"ရပါတယ် ငါ့ညီ၊ ဆစ်တာက ဆစ်ပါ၊ ကိုယ်တို့က ဒီလောက်တန်တယ်ထင်ပြီး ဒီဈေး ပြောထားပေမဲ့လည်း ဝယ်သူစိတ်ထဲ ဆစ်ချင်စိတ် ရှိသေးတာပေါ့၊ သဘာဝကျပါတယ်၊ နှစ်ဖက်စလုံး အကျိုးရှိမဲ့ ဈေးနှုန်းတစ်ခု ညှိယူတာပေါ့"

ကောင်မလေးမှာ ငယ်ရွယ်သူလေးမို့ ဟန်မဆောင်တတ်ပုံပင်။ တစ်ခန်းဖွင့်လိုက်တိုင်း သူ့သဘောကျလျှင် ကျသလို ဟယ် ... လုလိုက်တာ၊ ကောင်းလိုက်တာနှင့် ချီးမွမ်းရေရွတ်မဆုံး။

"ဟယ် ... ဒီအိပ်ခန်း နောက်ဘက်က ဝရန်တာကြီးက ကောင်းလိုက်တာ၊ နောက်ဘက်မှာဆိုတော့ အဆန်းမျော် အရိပ်ကျပြီး အေးမြနေတာပဲ၊ ကျယ်လည်းအကျယ်ကြီး၊





လသာတဲ့ညတွေ ဒီခုံလေးတွေမှာ ထွက်ထိုင်နေလို့ အရမ်းကောင်းမှာပဲ"

သူတစ်ခွန်း ချီးမွမ်းတိုင်း ညဦးနှင့် ထိပ်ထားကြင်မှာ တစ်ကြိမ်ပင့်သက်ရှိုက်၍ နှမြောတသ,ကြရပါသည်။ သူတို့ချီးမွမ်းစကားတွေကလည်း အပိုတွေမှ မဟုတ်ပဲ။

"အိမ်ရှေ့က မြက်ခင်းလေးကလည်း မကြီးလှပဲနဲ့ စိမ်းစိုနုညက်နေတာပဲ၊ မြက်ခင်းရဲ့ ပုံသဏ္ဌာန် ကွေ့ကွေ့လေးကိုက ချစ်စရာလေး ဖြစ်နေတာ"

"ငယ်ငယ်ရေ ... ငယ် ဒီလောက်ကြိုက်နေတာနဲ့တော့ အစ်ကိုတို့ အစ်မတို့က ဈေးလျှော့တော့မှာ မဟုတ်ဘူးနော်"

"ဒါတော့ ကြိုက်လို့ကြိုက်တယ် ပြောတာပဲဟာ ကိုကိုရယ်၊ ကြည့်ပြီးသမျှ အိမ်တွေထဲမှာ ဒီအိမ် အကြိုက်ဆုံးပဲ"

"ဟုတ်ပါတယ်ကွယ်၊ ဈေးကတော့ ကြိုက်ရင်ညှိရတာပေါ့၊ ကိုယ့်အိမ်ကို အပြစ်အနာအဆာရှာပြီး ပြောပြီး ဈေးဆစ်မဲ့သူမျိုးနဲ့စာရင် သိပ်ကြိုက်လို့ လိုချင်လွန်းလို့ ဈေးဆစ်တာမျိုးက လျှော့ရကျိုး နပ်ပါသေးတယ်ကွယ်"

"ငယ်ကတော့ ဒီအိမ်ကို သိပ်ကြိုက်နေပြီ မမရဲ့၊ ဒါပေမဲ့ ငယ်တို့နှစ်ဖက်မိဘက စပ်တူဝယ်ပေးမှာလေ၊ သူတို့သဘော



www.burmeseclassic.com

www.burmeseclassic.com



မှတ်ပေးထားတဲ့ တန်ဖိုးထက် နည်းနည်းများနေတယ် မမရယ်၊ ဒါပေမဲ့ ကြိုက်နေတော့ ဖေဖေတို့ကိုရော ယောက္ခမတွေဘက်ကိုပါ ခေါ်တော့ပြရမှာပဲ၊ နော် ကိုကို၊ အများကြီး ကွာရင်သာ ဖေဖေတို့က ပြောမှာပါ၊ ငယ်တို့လည်း သိပ်ကြိုက်တယ်၊ ဈေးကွာတာလည်း နည်းနည်းပဲဆိုရင်တော့ ဖေဖေတို့က ဝယ်ရင်ဝယ်ပေးမှာပါ ကိုကိုရဲ့ ... နော်"

"အင်းပေါ့ ... ခေါ်ပြကြည့်တာပေါ့ ငယ်ရယ်"

"နောက်တစ်ပတ်လောက် တစ်ကြိမ်ထပ်ကြည့်ချင်သေးတယ် မမရယ်၊ လူကြီးတွေပါ ခေါ်လာပြီးလေ"

ထိပ်ထားကြင်က ညဦးကို လှမ်းကြည့်လိုက်ပါသည်။ စုံတွဲလေးရှေ့မှာ ရှင်နဲ့ကျွန်မလည်း မပြောချင်၊ 'မောင်' လို့လည်း မခေါ်ချင်၍ နာမ်စားမပါပဲ ...

"နောက်ဗုဒ္ဓဟူး ချိန်းလိုက်မလား၊ အားတယ်မဟုတ်လား"

ညဦးက ထိပ်ထားကြင်ကို စေ့စေ့ကြည့်ကာ ...

"မင်းကော"

"အဲဒီနေ့ သွားစရာလေး ရှိလို့"

"မင်းအားတဲ့နေ့ ချိန်းလိုက်လေ"

သူတောင် တ 'မင်း' 'မင်း' နှင့်မို့ ထိပ်ထားကြင်က ...





"ရှင်အားတာပဲဥစ္စာ"

"တင်ထွန်းနိုင်နဲ့ ချိန်းထားတယ်"

ညဦး တမင်ရွဲ့ပြောမှန်းသိ၍ ထိပ်ထားကြင်က မျက်နှာကို မပုပ်သိုးအောင် ထိန်းလိုက်ရပါသည်။ တင်ထွန်းနိုင်နဲ့ ချိန်းနေစရာလား၊ အတူနေ အတူစား အိမ်ကအတူထွက် အတူပြန်နေတဲ့ကိစ္စကို၊ ညဦးကို အမြင်ကတ်သော်လည်း ဒီစုံတွဲကလေးရှေ့ ကတောက်ကဆတ်တွေ ဆက်မပြောချင်တော့တာမို့ ထိပ်ထားကြင်က ကောင်မလေးဘက် လှည့်ပြုံးရင်း ...

"ဒီလိုလုပ် ညီမရယ်၊ ညကျ အစ်မဖုန်းဆက်လိုက်မယ်၊ နောက်တစ်ပတ် ဘယ်ရက် ဘယ်အချိန် ကြည့်နိုင်မလဲဆိုတာလေ"

"စနေ တနင်္ဂနွေကော မမ"

"စနေ တနင်္ဂနွေတွေ သူများတွေက အားကြပေမဲ့ မမတို့နှစ်ယောက်လုံးက မအားကြဘူးကွယ့်၊ အဲဒါကြောင့်ပါ၊ ညကျ မမ ဖုန်းဆက်မယ်၊ မမမှာ ညီမရဲ့ဖုန်းနံပါတ်ရှိတာပဲ"

"ဟုတ်ကဲ့ ... ငယ့်ဆီဆက်ဆက် ကိုကို့ဆီဆက်ဆက်ရတယ် မမ၊ မမ ပြောမှ လူကြီးတွေကို ချိန်းရပြုရဦးမှာမို့ ဒီညတော့ ဆက်ပါနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီကွယ်"

ထိုစုံတွဲလေး ကားပေါ်တက်ကာ ပြန်ထွက်သွားကြလျှင် ပေါ်တီကိုဆီထွက်ကာ နှုတ်ဆက်နေကြရာမှ နှစ်ယောက်လုံး အိမ်ထဲပြန်လှည့်ဝင်ကာ ကိုယ့်ကားသော့ ကိုယ်ကောက်ယူလိုက်ကြပါသည်။

"ရှင် ဘယ်လိုဖြစ်နေလဲ၊ သိပ်ကို တွက်ကပ်တယ်၊ ကိုယ့်အိမ်ရောင်းချင်တာ ရောင်းထွက်အောင် နည်းနည်းဝီရိယစိုက်ထုတ်ပေါ့၊ သိပ်ရေသာမခိုချင်နဲ့"

"ဝီရိယက နှစ်ယောက်လုံး ဆတူစိုက်ထုတ်ရမှာပဲလေ မင်းက ငါလာပြဖို့ပဲ ပြောတာကိုး၊ ငါပြောပြီးသား။ မင်းလာပြရင် ငါလည်းလာပြနိုင်မယ်၊ မင်း မလာရင် ငါလည်း မလာဘူး ... ဒါပဲ"

"ရှင် သိပ်တစ်ကိုယ်ကောင်းဆန်တယ်"

"ဒါဆိုရင် မင်းလည်း တစ်ကိုယ်ကောင်းဆန်တာပဲလေ"

နှစ်ယောက်လုံး ရင်ထဲမှာ နောက်တစ်ကြိမ် ဒီအိမ်ထဲမှာ လှည့်ပတ်ပြီး အိမ်ကိုဝယ်မည့်သူကို ကောင်းရာကောင်းကြောင်း ပြောဆိုနေရမှာအပေါ် စိတ်မသက်မသာ ရှိလှသည်။ အခုကိုပဲ





နှစ်ဦးလုံး ဒီအိမ်ကြီးကို နမြောနေမိကြပြီ။ ကိုယ်နမြောဝမ်းနည်းပြီး စိတ်မကောင်း ဖြစ်နေတာကိုသာ ကိုယ်သိကာ တစ်ဖက်သားဘက်ကိုတော့ မသိနိုင်တာမို့ ကိုယ်ခံစားနေရတာ သူ သိမှာကိုပဲ အသီးသီး စိုးရိမ်ပြီး ဘာမှဂရုမစိုက်သလို ပုံဖမ်းထားကြပါသည်။

"အတ္တသမား"

"မင်းလည်း ထို့အတူပဲ"

"ရှင် ... ဒီအိမ်ကို ရောင်းမထွက်လေ ကြိုက်လေ ဖြစ်နေတာမဟုတ်လား"

"ဟာဟ ... မင်းမှာ ဘဝင်မြင့်တဲ့ရောဂါ ကိုယ့်ကိုယ်ကိုယ် ထင်တစ်လုံး ဖြစ်နေတဲ့ရောဂါက အတော်အမြစ်စွဲနိုင်နေပြီပဲကွ၊ ငါက ရောင်းမထွက်စေချင်လို့ ကတ်နေတာ မဟုတ်ဘူး၊ မင်းဟာမင်းသာရောင်း၊ ဘယ်လောက်နဲ့ပဲရောင်းရောင်း ဘယ်လောက်လျှော့လျှော့ စိတ်မဝင်စားတာကွ သိလား၊ ရတဲ့ငွေတစ်ဝက် လာပေးလိုက်၊ ငါစာရင်းလည်း မစစ်ဘူး သဘောပေါက်လား"

"ဩော် ... ဒီလိုအချောင်ခိုပုံမျိုးတော့ ကျွန်မလည်း ခိုချင်တာပေါ့၊ ရှင်ရောင်းပြီး ကျွန်မကို တစ်ဝက်လာပေးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါပြောတဲ့အတိုင်း လိုက်မပြောနဲ့၊ ကဲ ... ကဲ ... ငါပြ
တော့မှာ၊ ဗုဒ္ဓဟူးနေ့ ဘယ်လိုလဲ၊ မင်း လာမယ်ဆိုရင် ငါ
လည်းလာမယ်၊ မင်းမလာဘူး ဆိုရင်တော့ ငါလည်းလာ
လိမ့်မယ် မထင်နဲ့၊ ဘယ်လိုလဲ"

ထိပ်ထားကြင်က ဝမ်းနည်းခြင်းကို ဖျောက်ကာ
အောက်နှုတ်ခမ်းကိုသာ ဖိကိုက်ရင်း ...

"လာမယ်ရှင် ... လာမယ်၊ တကတဲ၊ မုန်းစရာ သိပ်ကောင်း
တယ်"





၁၃

"ကိုတင်ထွန်းနိုင်လား၊ ကျွန်မ ပုလဲပါ"

"ဩော် ... မပုလဲ ... ပြောပါ၊ စာရေးလေးက အမျိုးသမီး
တစ်ယောက် ဆက်တယ်ဆိုလို့ တအံ့တသြ ဖြစ်နေတာ၊
ကျုပ်ရှင်ကို ဖုန်းလာခဲ့တဲ့အထဲ မိန်းကလေးထဲက ဘယ်သူမှ
ဆက်လေ့မရှိတော့ ..."

"အမယ်လေး ... ရှင်ကလည်း အရေးထဲ ဂုဏ်ဖော်နေပြန်
ပါပြီ၊ ရှင် အခုအားလား၊ စကားပြောလို့ ရသလား"

"ရတယ် ... ပြောလေ၊ ညဦးနဲ့အတူတူ စကားထိုင်ပြော
နေကြတာပါ"

"သူက အနားမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး၊ နောက်ငါးမိနစ်လောက်ဆို သူ အတန်းဝင်ရမှာ၊ ဝရန်တာမှာ ထွက်ထိုင်ပြီး သူ ရင်ဖွင့်တာတွေ နားထောင်နေတာဗျ၊ ဖုန်းလာတယ်ဆိုလို့ ရုံးခန်းထဲ ဝင်လာပြောတာ၊ ပြောပါ၊ ရပါတယ်"

"ကျွန်မလည်း ရှင့်ကို ပြောချင်တာ တိုင်ပင်ချင်တာရှိလို့၊ ညဘက်ကျတော့လည်း အိမ်မှာ ထိပ်ထားကြင်က ရှိနေတော့ ဖုန်းဆက်ရ မလွတ်လပ်ဘူးပေါ့၊ အခု ကျွန်မ ရုံးကပြောနေတာ"

"ပြောပါဦး၊ ဘာများ အရေးကြီးလို့လဲ"

ပုလဲက ခဏနှုတ်ဆိတ်သွားပြီးမှ ...

"ကိုတင်ထွန်းနိုင်ရယ်၊ ရှင်ကလည်း ကိုညဦးရဲ့ သူငယ်ချင်းအရင်း၊ ကျွန်မလည်း ထိပ်ထားကြင်ရဲ့ သူငယ်ချင်းအရင်းပေါ့နော်၊ သူတို့နှစ်ယောက်ကြားမှာ မိဘတွေကလည်း စိတ်ဆိုးပြီး မပါပဲ ပစ်ထားတော့ ကျွန်မတို့အချင်းချင်းကြားက တိုင်ပင်လို့ ရမလားလို့ပါ"

"သြော် ... စကားပလ္လင်တွေ ခံနေစရာ မလိုပါဘူးဗျာ၊ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော်တောင် ခင်ဗျားဆီ ဖုန်းဆက်တီးခေါက်ကြည့်ချင်တာ၊ ခင်ဗျားဖုန်းနံပါတ်က





မသိနဲ့၊ ဒီကောင့်မေးရင်လည်း ကျွန်တော် ဆက်မယ်ဆိုတာသိရင် ပေးမှာမဟုတ်ဘူးဗျ"

"အခုလေ ... ကျွန်မရော ရွှေစင်ရော သူ့အတွက် စိတ်လည်းမကောင်း၊ သူ့ကို ပျော်အောင်လို့လည်းမရ၊ ကြင်ကြင်က သိပ်ခေါင်းမာတာပဲ၊ ခေါင်းမာတဲ့အထဲမှာ ကိုညဦးကတောင် သူ့ကို ပြတ်နိုင်တာ သူက ဘာကြောင့်မပြတ်နိုင်ရမှာလဲ ဆိုတဲ့ မာနက တင်းခံနေသေးတာ"

"ဟာ ... ဒီမှာလည်း ဒီအတိုင်း တစ်လေတည်းပါပဲဗျာ၊ ကျွန်တော်တို့က သူ့ကို မပျော်အောင်ပဲ ဘယ်နေပါ့မလဲ၊ သူကလည်း ထိပ်ထားကြင်က ပြတ်နိုင်ရင် သူက ဘာဖြစ်လို့ မပြတ်နိုင်ရမှာလဲ ဆိုပြီး ပေနေတာပဲ"

"အခု ... အိမ်ကအခြေအနေကို ပြောရရင် ကြင်ကြင်ဟာ တမှိုင်မှိုင် တတွေတွေနဲ့ စိတ်ဆင်းရဲနေတာတော့ ဟိုဗုဒ္ဓဟူးနေ့က အိမ်ပြပြီး ပြန်လာကတည်းကပဲ၊ နက်ဖြန်ဗုဒ္ဓဟူးနေ့လေ၊ ဟိုစုံတွဲလေးရဲ့ မိဘတွေကို သွားပြရဦးမယ်လေ၊ ဒီစုံတွဲက ကောင်မလေးက အဲဒီနေ့ကတည်းက ဖုန်းဆက်ပြီး သူ့မိဘတွေ ယောက္ခမတွေက မှန်းတဲ့ငွေထက် နည်းနည်းပိုလည်း ဝယ်ပေးပါ့မယ်လို့ ပြောတယ်တဲ့၊ သူတို့လည်း



www.burmeseclassic.com

www.burmeseclassic.com



ထပ်လာကြည့်မယ်၊ ကြင်ကြင်တို့ကလည်း တတ်နိုင်သလောက် ဈေးချပေးပါပေါ့၊ ကြင်ကြင်တို့ နောက်ဆုံးချပေးနိုင်မယ် မှန်းထားတဲ့ ဈေးမျိုးက ဟိုဘက်ကပေးနိုင်မဲ့သဘောရှိတယ်"

"ဟုတ်လား၊ ညဦးကတော့ အဲဒီအိမ်ကို သွားမြဲပြီး ပြန်လာပြီးကတည်းက သောက်သလား မဖေးနဲ့ရှား ဒီကောင် အရက်စွဲသွားမှာတောင် စိုးရိမ်နေရပြီ"

"အဲဒါ ... ဒုက္ခပဲ၊ ကိုတင်ထွန်းနိုင်လည်း သိမှာပါ၊ သူတို့ချင်းက အချစ်ဦးတွေလည်း ဖြစ်တယ်၊ နှလုံးသားရော ဦးနှောက်ရောနဲ့ ဆင်ဆင်ခြင်ခြင် တည်ဆောက်ထားတဲ့ အိမ်ထောင်ပါ။ တခြားလည်း ဘာပြဿနာမှ သူတို့မှာရှိတာ မဟုတ်ဘူး၊ ဒီ ဝတ္ထုရေးတဲ့ကိစ္စတစ်ခု ဝင်ဖောက်လာပြီး မာန်တွေနဲ့ နားလည်မှုတွေ လွဲနေကြတာပဲ"

"ဒီကိစ္စကလည်း ညဦး ဟိုးကျောင်းသားဘဝကတည်းက ဝါသနာက ရင့်နေခိုင်နေပြီဗျ၊ ခုမှထ,စိတ်ရူးပေါက်တာမျိုးတော့ မဟုတ်ဘူး"

"ကြင်ကြင်လည်း ဒီတိုင်းပဲ၊ လိုတာတော့ နှစ်ယောက်လုံးလိုတာပဲ၊ စ,ယူကြကတည်းက ဒီကိစ္စ ပွင့်ပွင့်လင်းလင်း





သိထားကြရင် ဒီလိုပြဿနာတွေ ရှိလာမယ် မထင်ဘူး၊ ခုတော့ အပျက်ပျက်နဲ့"

"ကျွန်တော်က ကိုယ့်သူငယ်ချင်းဘက် ကိုယ်ဖော်ကောင်လုပ်လိုက်ဦးမယ်ဗျာ၊ ညဦးဟာ ကြင်ကြင့်ကို မပြတ်နိုင်ပါဘူး၊ သူ သိပ်ချစ်တာ၊ အရက်သောက်ရင်း ငိုတောင်ငိုတယ်ဗျာ၊ တစ်ဖက်က ပြတ်နိုင်တယ်ဆိုပြီး နာကြည်းနေတာ ဝမ်းနည်းနေတာဗျ"

"ကြင်ကြင်လည်း ဒီတိုင်းပဲလေ၊ ကိုညဦးကို သူ ဘယ်ပြတ်နိုင်မလဲ၊ ဒီအိမ်ကိုရောက်တာ တစ်လအတွင်း ကိုယ်ရေစစ်သွားတာ ကြည့်ပါလား၊ မစားနိုင် မအိပ်နိုင်ပဲဟာ၊ ဗုဒ္ဓဟူးနေ့က ပြန်လာပြီးတဲ့နောက် ပိုဆိုးတယ်၊ သူ့ခမျာ အိပ်တောင်မပျော်ရှာဘူး၊ မျက်ရည်ကျကျနေတာပဲ၊ ကျွန်မရော ရွှေစင်ရော နားချတာပဲ၊ သူက ကိုညဦး သူ့ကို ပြတ်နိုင်တယ်ပဲ ယူဆတော့ သူ ခုလိုဖြစ်နေတာကို လုံးဝအသိမခံနိုင်ဘူး"

"အဲဒါ ဘယ်လိုလုပ်ကြမလဲဗျ။ နားချစရာ စကားတော့ ကုန်နေပြီ၊ ညဦးကို ကြင်ကြင်က မင်းကိုမပြတ်နိုင်ဘူး ဆိုတာ ပြောပြပြီး၊ ကြင်ကြင့်ကိုလည်း ညဦးက သူ့ကိုမပြတ်နိုင်ဘူးဆိုတာ ပြောပြကြတာပေါ့"

www.burmeseclassic.com



"ဟုတ်တယ်၊ အဲဒါလည်း ပြောပြကြမယ်၊ ဟိုစုံတွဲကလည်း လူကြီးတွေ အိမ်လာကြည့်ပြီးလို့ သဘောကျရင် ချက်ချင်းလို ဈေးဆစ်ငွေချေမှာတဲ့၊ အဲဒါဘယ်လိုလုပ်မလဲ"

"အဲဒါကျတော့ ကိုယ့်ဘက်မှ မဟုတ်ပဲ၊ ကိုယ်ဘာဝင်စီစဉ်လို့ရမှာလဲ၊ လူကြီးတွေ အိမ်ကိုမကြိုက်ကြပါစေနဲ့ ဆိုတာပဲ ဆုတောင်းပြီး အိမ်ရောင်းမထွက်အောင် ယကြာလေးဘာလေး ချေပေါ့ဗျာ၊ ခင်ဗျားတို့အမျိုးသမီးတွေ နားလည်ပါတယ်"

"နက်ဖြန်ပဲ အိမ်ကြည့်မှာ ဘယ်မီတော့မလဲ၊ ကျွန်မကတော့ ဟိုက ဒီလောက်ကြိုက်နေတာ ဈေးတစ်ပြားမှ မလျှော့နဲ့ ဆိုတာမျိုးတော့ ပြောထားတယ်၊ အိမ်ကိုသာရောင်းပြီးသွားရင် ပိုညှိရခက်ပြီး ပိုဝေးကွာသွားမှာ အမှန်ပဲ၊ ဒီလိုစိတ်တိုင်းကျ အိမ်မျိုးရော သူတို့ ဘယ်လိုလုပ် ပြန်ရနိုင်မလဲ၊ သူတို့ ပြန်ပြေလည်ချင်တာတောင်မှ ဒီအိမ်ရောင်းဖြစ်သွားရတာ သူ့ကြောင့် ငါ့ကြောင့် ဆိုတဲ့ စိတ်နာစရာတွေက သူတို့ခေါင်းထဲ စွဲနေတော့မှာလေ"

"ညဦးအမေနဲ့ အစ်မကတော့ အိမ်ရောင်းပြီး ကြင်ကြင်နဲ့ ကွဲလိုက်ရင် သူ့ကို လုံးဝအဆက်အဆံ မလုပ်ပဲ စွန့်လွှတ်ပစ်မှာ သေချာတယ်၊ ရာဇသံပစ်ထားပြီးပြီ"





"ကြင်ကြင့် အမေလည်း ဒီတိုင်းပဲ၊ အမျိုးထဲမှာ အိမ်ထောင်ပျက် မရှိဘူးတဲ့၊ ဘာမဟုတ်တဲ့ ကိစ္စနဲ့ တည်ပြီးသားအိမ်ထောင်ကို လွယ်လွယ် ဖြိုဖျက်မယ်ကြံရင် ငါ့ကို အမေမခေါ်နဲ့တဲ့၊ သူလည်း သမီးမခေါ်နိုင်ဘူးတဲ့"

"ကြင်ကြင်လည်း အတော်တော့ စိတ်ဆင်းရဲမှာပါ၊ မိန်းမတစ်ယောက်ကိုးဗျ၊ ညဦး ကိုယ်တိုင်တောင် ဒီလောက်ချူးချူးကျ ခံစားနေရတာ"

"ကြင်ကြင့် ခမျာ နောက်တစ်ခုလည်း ကံဆိုးရှာသေးတယ်၊ အင်း ... ကျွန်မ ဖွင့်ပြောရင် သစ္စာဖောက်များ ဖြစ်မလား မသိဘူးရှင်"

"ပြောသာပြောပါဗျာ၊ စေတနာဆိုးနဲ့ ပြောနေကြတာမှ မဟုတ်တာ"

"ဟိုလေ ... ကြင်ကြင့် စာအုပ်လေ"

"ဝတ္ထုလား၊ ဒီအပတ်ထဲ ထွက်လိမ့်မယ်တောင် ညဦး ပြောနေတယ်၊ ထွက်ပြီလား၊ အခြေအနေကောင်းလား"

"တနင်္လာနေ့မနက်က ဖြန့်တယ်ရှင့်၊ အခြေအနေ မကောင်းဘူး ပြောတယ်"

"ဟုတ်လား၊ ဒါပေမဲ့ နှစ်ရက်ပဲ ရှိသေးတာပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီနှစ်ရက်အတွက်ကိုပဲ အတော်အခြေအနေ ဆိုးတာတဲ့၊ လုံးဝမရှောင်းရဘူး ပြောတယ်၊ ရန်ကုန်မှာ ထွက်တဲ့ရက်က လေးငါးဆယ်တောင် ကုန်အောင် မနည်းဖြန့်ရတာတဲ့၊ အဲဒါလေ ... ရွှေစင်ကလည်း စိတ်မကောင်းတော့ သူ့ဟာ သူ ပတ်ဘလစ်ရှာဆီ တိုးတိုးတိတ်တိတ် သွားမေးကြည့် တယ် ...

ဝတ်ဘလစ်ရှာလည်း အရမ်းစိတ်ပျက်လက်မှိုင်ချ သွားတာတဲ့၊ နှစ်ရာ သုံးရာလောက်ကို ကုန်ရင်တောင် သူ စိတ်ခတ်မကျပါဘူးတဲ့၊ ခုတော့ နောက်တစ်အုပ်ကိုတောင် သူ အတော် ပြန်စဉ်းစားမယ်တဲ့၊ စိတ်မပါတော့ဘူးတဲ့၊ စွတ်ဖြန့်ခဲ့တဲ့ စာအုပ် လေးငါးဆယ်တောင် လုံးဝပိုက်ဆံ မရခဲ့ဘူးတဲ့"

"နယ်ရော"

"နယ်လည်း ထုံးစံအတိုင်းတော့ ပို့လိုက်တာပေါ့လေ၊ ဒါပေမဲ့ ပတ်ဘလစ်ရှာကတော့ မျှော်လင့်ချက် မထားတော့ ဘူးတဲ့၊ သူက အဲဒါကို ကြည့်ကောင်းအောင်လည်းမပြော ဘူး၊ ကြင်ကြင့်ကို အဲရင်းတိုင်းကြီး ပြောချလိုက်တော့ ကြင်ကြင် အရမ်းစိတ်ဓာတ်ကျပြီး စိတ်ဆင်းရဲသွားတာပေါ့၊





ပိုလဲသွားတာပဲ၊ မနေ့ကလည်း စာအုပ်ဖြန့်ရက်မို့ သူ့ဆိုင် တွေ မသွားဘူး၊ အိမ်မှာပဲ ဘုရားရှိခိုး ပုတီးစိပ်နေတာ၊ ဒီနေ့လည်း မထူ့ထောင်နိုင်လို့ ဘယ်မှမသွားနိုင်ရှာဘူး၊ အိမ်မှာပဲ၊ အဲဒီကိစ္စကပဲ ကြင်ကြင့်ကို အလူးအလဲ ဖိစီး လာတော့ ကျွန်မတို့ မကြည့်ရက်အောင် သနားမိတယ်၊ ဒါကြောင့်လည်း ကိုညဦးကို နားချမြှောင်းပျံစေချင်လို့ ကြင်ကြင် စိတ်ထိခိုက်အောင် သိပ်မပြောဆိုဖို့ ကျွန်မ လှမ်းကောင်းပန်ကြည့်တာပဲ"

တင်ထွန်းနိုင်က သက်ပြင်းကြီးတစ်ချက်ကို မှုတ် ထုတ်သည်။

"အဲဒီ တနင်္လာနေ့က ပြဿဒါးနေ့များလား"

"ဘာဖြစ်လို့လဲ၊ ဘာနေ့လဲ မသိဘူးရှင့်၊ မကြည့်မိပါဘူး"

"ကြင်ကြင်ရော ညဦးရော မျှော်လင့်ချက်တွေ ပျက်စီးရတဲ့ နေ့မို့ပေါ့"

"ကိုညဦးက ဘာဖြစ်လို့လဲ"

"ညဦးရဲ့ စာအုပ်လည်း မထွက်ဖြစ်တော့ဘူးဗျ၊ လောလော ဆယ်တော့ပေါ့လေ၊ ဘယ်လိုမှ ထွက်လို့မရတော့ဘူး"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့စာအုပ်က ဘာသာပြန် မဟုတ်လား၊ အဲဒီစာအုပ်ကိုပဲ တခြားနာမည်ကြီး ဘာသာပြန်စာရေးဆရာကြီးက ဘာသာပြန်ပြီး ထုတ်ဖို့လုပ်နေတာ၊ စာအုပ်က ပြီးတော့နေပြီ၊ ရှေ့တစ်ပတ်ထွက်မှာတဲ့၊ ဟိုဆရာကြီး ဒီစာအုပ်ကို ပြန်နေတယ်ဆိုတာလည်း ညဦးက ဘယ်သိမလဲ၊ ခုလိုတိုက်နေတော့ ညဦးလို ဘာနာမည်မှ မရှိသေးတဲ့သူက ဘယ်လိုလိုက်ထွက်လို့ ရတော့မလဲ၊ သူ့စာအုပ်ကို ထုတ်မဲ့သူက ဟိုဆရာကြီးစာအုပ် ထွက်ဖို့အသင့်တင်ထားတာ တွေ့လာတော့ သူ့စာအုပ်ကို မထုတ်ရဲတော့ဘူး၊ မထုတ်နိုင်တော့ဘူးတဲ့"

"ဟင် ... လုံးဝ မထုတ်ရတော့ဘူးလား"

"သတ္တိရှိရင် ကိုယ့်ပိုက်ဆံနဲ့ အရှုံးခံထုတ်ရင် ထုတ်လိုက်တော့၊ ဒါပဲရှိတယ်လေ၊ မူကွဲတယ်ဆိုရုံလေးကွဲမဲ့ စာအုပ်ဆင်တူကြီးကို ဂရိတ်နာမည်ကြီး စာရေးဆရာနဲ့ ဘယ်လိုလုပ် ယှဉ်ထုတ်ရဲမှာလဲဗျာ၊ ကိုယ့်လည်ပင်း ကိုယ်ကြိုးကွင်းစွပ်သလို နေတော့မှာပေါ့၊ နှစ်တွေအတော်ခြားပြီး ကိုယ်လည်း နေရာလေးနည်းနည်း ရပြီဆိုမှ ပြန်ထုတ်ရင်တော်သေးတာပေါ့"





"ကိုညဦးလည်း စိတ်ပျက်သွားမှာပဲ"

"စိတ်ပျက်ပြီလားဗျာ၊ စိတ်ဓာတ်တွေ ခွန်အားတွေ လျော့ကုန်တာပေါ့၊ နောက်ထပ် ပြန်လက်စအုပ်ကိုတောင် ဘယ်သူနဲ့ တိုက်နေဦးမလဲ မသိဘူးဆိုပြီး ဘာမှ ဆက်မလုပ်ပဲ ပစ်ကိုထားလိုက်ပြီ"

"ကြင်ကြင်က သူတော့ စာရေးဆရာ မဖြစ်နိုင်တော့ပါဘူး၊ ကိုညဦးကတော့ ဖြစ်သွားမှာပါလို့ ထင်နေတာ"

"ညဦးကလည်း ဒီတိုင်းပြောတယ်လေ၊ သူတော့ စိတ်ဓာတ်ကျပြီတဲ့၊ ကြင်ကြင်ကတော့ ဖြစ်သွားမှာပါတဲ့"

"တကယ်တော့ သူတို့ စိတ်ဝမ်းကွဲကြတာ သိပ်ဝမ်းနည်းဖို့ကောင်းတာပဲ ကိုတင်ထွန်းနိုင်ရယ်၊ ကြင်ကြင်က ကိုညဦးကို အမြဲ ချီးမွမ်းတယ်၊ ကိုညဦးဟာ စာရေးတဲ့ နေရာမှာ စတိုင်တစ်ခုရှိတယ်တဲ့၊ ပြီးတော့ ဘာသာပြန်စာအုပ်ရယ်လို့ ဖတ်ရတာ ထောင့်မနေပဲ ပင်ကိုယ်ရေးလေးလို ချောပါးချောမွေ့တယ်တဲ့၊ သူက ကိုညဦး ရေးတဲ့စာကို ကြိုက်တယ်"

တင်ထွန်းနိုင်ကလည်း သက်ပြင်းတချက် ရှိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ညဦးကလည်း ကြင်ကြင့်ကို ချီးမွမ်းရှာပါတယ်ဗျာ၊ ကြင်ကြင်ဟာ ဖြစ်မှာတဲ့၊ စာရေးအင်မတန် ညက်တယ်တဲ့၊ ရှီးရှီးရှင်းရှင်းရှင်းလေး ရေးသွားပုံဟာ စွဲမက်စရာတစ်မျိုး ကောင်းတယ်တဲ့"

ထို့နောက်တော့ တင်ထွန်းနိုင်ရော ပုလဲပါ ဆက်ပြောစရာ မရှိသလို တိတ်ဆိတ်စွာ စိတ်မကောင်း ဖြစ်နေမိကြသည်။

တစ်ယောက်နှင့်တစ်ယောက် ခေါင်းချင်းရိုက်၊ တွတ်တွတ် တွတ်တွတ်နှင့် တိုင်ပင်ကျေနပ်နေသော အမျိုးသမီးကြီးနှစ်ဦးကို ငေးကြည့်နေရင်းက ညဦး မျက်စိထဲ သူတို့ရဲ့အမေနှစ်ယောက်ကို ပြန်လည်မြင်ယောင်လာသည်။ သူ့အမေနှင့် ထိပ်ထားကြင်အမေလည်း ဒီလိုပဲပင်။ တစ်ယောက်နှင့်တစ်ယောက် ရင်းနှီးချစ်ကြည်ကြသည်နှင့်အမျှ စိတ်တူကိုယ်တူရှိလှကား ဒီအိမ်လာကြည့်ကြစဉ်က ဒီလိုပုံစံတွေပါပဲ။





ညဦးက ထိပ်ထားကြင် ရှိရာသို့ ဖျတ်ခနဲ မျက်လုံးရွေ့ကာ ခိုးကြည့်လိုက်ပါသည်။ ချောင်ကျနေသော မျက်နှာကလေးနှင့် ဓမ်းစေ့အောက်တွင် လက်ညှိုးကလေးထောက်ကာ တွေတွေဝေဝေလေး ငိုင်နေသည်။ ထိပ်ထားကြင်လည်း ထိုအမျိုးသမီးကြီးနှစ်ယောက်ကိုပင် ငေးနေသည်။ သူလည်း ညဦး တွေးတဲ့အတိုင်း ပြန်မြင်ယောင် တွေးနေမှာမလွဲ။

အမျိုးသမီးကြီး တစ်ဦးက ညဦးဘက်လှည့်ကာ ...

"အိမ်ကတော့ သားတို့ သမီးတို့ အမည်ပေါက်ပဲနော်"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်နဲ့ ကျွန်တော် ...၊ ကျွန်တော့်မိန်းမနာမည် နှစ်ယောက်တွဲ နာမည်ပေါက်ပြီးသားပါ"

"ဖုန်းကကော ထားခဲ့မှာလားကွယ့်"

ညဦးက ထိပ်ထားကြင် ဆန္ဒကို ခံယူသလိုကြည့်သည်။

"ဟုတ်ကဲ့ ... ဒီအိမ်မှာ တပ်ဆင်ပြီး ရှိသမျှ အကုန်ထားခဲ့မှာပါ၊ ဖုန်း၊ အဲကွန်းတွေ၊ ပြီးတော့ မီးဖိုမှာဆိုလည်း မီးဖိုခုံလုပ်ကတည်းက အာဗင်ကို အသေထည့်တွဲထားတာမျိုးမို့လို့ ဖြုတ်ယူ ငြင်လည်း အဲဒီဟောင်းလောင်းပေါက်ထဲ လူသစ်က အံကျတော်မဲ့အသစ် ဝယ်ထည့်နေဖို့ ရှုပ်ပါတယ်၊ ယှဉ်တွဲအဆုံး နှစ်ပေစလောင်းပါ လိုချင်ရင်ထားသွားပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိပ်ထားကြင် လေသံက နွမ်းလျ၍ စိတ်မာတ်ကျနေသည်။

"မမ ... နေမကောင်းဘူးလား"

"ဟုတ်တယ် ညီမရယ်၊ နေသိပ်မကောင်းလို့"

"သြော် ... အားနာစရာကြီး မမရယ်၊ နေမကောင်းကြောင်း ဖုန်းဆက်ရင် ယေယေတို့ နောက်ရက် ထပ်ချိန်းပြီး လာပါတယ်"

"ရပါတယ်၊ ချိန်းပြီးသားပဲ၊ ပြရမဲ့တာဝန် ရှိတာပဲကွယ်"

"ကလေးနှစ်ယောက်ကလည်း ဒီအိမ်ကို သိပ်ကြိုက်နေတာပဲ၊ ဒီအိမ်ကြည့်ပြီးကတည်းက တခြား နောက်ထပ်အိမ်လည်း ထပ်မကြည့်ကြဘူး၊ ဟဲ့ ... ဒီကြားထဲ တခြားအိမ်တွေ ကြည့်ကြည့်ပါဦး၊ အားနေတာပဲဟာ ဆိုလည်း မရဘူး၊ မကြည့်ချင်တော့ဘူးတဲ့၊ ဒီအိမ်ကို သူတို့နှစ်ယောက်လုံး အကြိုက်ချင်း ညီတယ်လေ၊ ရှေ့ကကြည့်ခဲ့တဲ့အိမ်တွေလည်း သားကကြိုက်ရင် သမီးကမကြိုက်၊ သမီးကကြိုက်ရင် သားကမကြိုက် ဖြစ်နေတာ၊ ဒီအိမ်ကျတော့ နှစ်ယောက်လုံး ကြည့်ပြီးသမျှထဲမှာ အကြိုက်ဆုံးတဲ့ ... ဟင်း ဟင်း"

ညဦးရော ထိပ်ထားကြင်ပါ ဟန်မပျက် လိုက်ပြုံးရပါသည်။





"မေမေတို့ အပေါ်ထပ်အိပ်ခန်းက ဝရန်တာကြီး တစ်ချက် တက်ကြည့်ပါဦး"

"အို ... သမီးကလည်း၊ အိမ်ရှင်တွေလည်း အားနာစရာ ကွယ်၊ ညည်းတို့ကြည့်ပြီးသား မဟုတ်လား"

"ဒါပေမဲ့ မေမေတို့ကိုပါ ကြည့်စေချင်သေးလို့၊ သမီးသိပ် ကြိုက်လို့ ပြချင်တာ၊ မမရယ် ... အားတော့နာပါတယ်၊ ရတယ်မဟုတ်လားဟင်"

"ရပါတယ် ညီမရယ်၊ အန်တီတို့ တက်ကြည့်ရင်ကြည့်ပါ"

အမေတွေကလည်း ကြည့်ချင်ပုံမို့ ထိပ်ထားကြင်က အပေါ်ထပ် ဦးဆောင်ခေါ်လာခဲ့ရပါသည်။ အိပ်ခန်းတံခါးကို ဖွင့်ပေး၊ ဝရန်တာထွက်တဲ့ တံခါးကို ဖွင့်ပေးရင်း ဝမ်းနည်းစိတ်က တလှပ်လှပ် ဖြစ်လာသည်။ ကောင်မလေး မှတ်ဉာဏ်ကောင်းရင် တော့ အိပ်ရာကြီးရဲ့ အိပ်ရာဖုံးဟာ ဟိုတစ်နေ့က အိပ်ရာဖုံး အတိုင်းပဲ ဖြစ်နေတာ၊ တီဗီကြီးပေါ် တင်ထားတဲ့ အစွန်နားက ရီမုတ်ကွန်ထရိုးလ်ဟာ နေရာမရွေ့ ဟိုနေ့ကအတိုင်း တည်ရှိနေတာ၊ ဝရန်တာထွက်တဲ့ တံခါးဝက ခြေသုတ်ကော်ဇောလေးကအစ နေရာတစ်စက်မှ မရွေ့ကြပဲ မြင်ကွင်းဟာ ဟိုနေ့က မြင်ကွင်းအတိုင်း တစ်သဝေမတိမ်း ရှိတာတွေကို ရိပ်မိနိုင်မည်။



www.burmeseclassic.com

www.burmeseclassic.com



ငယ်ငယ့် ကြည့်ရတာ နည်းနည်းရိပ်မိပုံပေါ်ကာ အံ့အားတသင့်လေးလို ဖြစ်နေသည်။ ဝရန်တာကြီးမှာ ချထားတဲ့ ကြိမ်ဝိုင်းဝိုင်း ဆက်တီတစ်စုံရဲ့ အနေအထား၊ ကြိမ်အလယ်စားပွဲပေါ်က ဂျာနယ်တစ်စောင်ကအစ ဟိုနေ့ကအတိုင်း ဖြစ်နေသည်ကိုး။ ဂျာနယ်ကိုကြည့်ပြီးလျှင်တော့ ငယ်ငယ်က အံ့သြမှုကို မထိန်းနိုင်ပဲ ...

"ဟင် ... မမတို့ လောလောဆယ် ဒီမှာ မနေကြဘူးလား"

"ဟုတ်တယ် ညီမ၊ လူတွေ လာကြည့်ကြမယ်ဆိုတော့ ကိုယ်နေနေလက်စနဲ့ဆိုရင် ရှုပ်နေမှာစိုးလို့ အစ်မတို့ တခြားပြောင်းနေကြတယ်လေ"

"ဩော် ... ဟိုကောင်မလေးတွေကော"

"သူတို့ကိုတော့ အိမ်စောင့်အနေနဲ့ ထားတုန်းပဲ၊ နောက်မှ သူတို့ကို ခေါ်မယ်"

"ဩော် ... ဟိုဂျာနယ်ကအစ ဒီအတိုင်းဆိုတော့ ငယ်ငယ်က အံ့သြသွားတာ"

အမျိုးသမီးကြီး နှစ်ဦးကတော့ ကြိုက်သထက် ပိုကြိုက်နေကာ ...





"ဟောဒီက အပင်ကအကိုင်းက ဝရန်တာဘောင်မှာဖြာပြီး နေနေတော့ ရုပ်တရက်ကြည့်ရင် သစ်ပင်ပေါ်က လင့်စင်လေးလိုတောင် ဖြစ်နေတယ်၊ ဟင်း ဟင်း၊ သူတို့ကြိုက်မှာပဲဆိုလည်း အိမ်က ကြိုက်စရာပဲ၊ အေးအေးချမ်းချမ်းလေး ဖြစ်နေတယ်နော်"

အားလုံး အပေါ်ထပ်မှ ပြန်ဆင်းလာကြရင်း ...

"ကဲ ... သမီးရယ်၊ ကလေးတွေကလည်းကြိုက်၊ မအေတွေလည်းကြိုက်နေပြီ၊ သူတို့အဖေတွေနဲ့ အိမ်မှာ ငွေရေးကြေးရေး ပြန်ညှိရုံပဲ၊ ဝယ်ဖြစ်ဖို့တော့ များနေပါပြီ"

အိမ်ရောင်းချင်သူ တစ်ယောက်မို့ ဝမ်းသာစရာစကားဖြစ်သော်လည်း ထိပ်ထားကြင်မှာ မိုက်ခနဲ မူးယိုင်သွားကာ လှေကားလက်ရန်းကို အားပြု၍ ငိုက်သွားပါသည်။

"အကြင်"

ဖြန်းခနဲအော်သံနှင့် လွှားခနဲ ရောက်လာသူမှာ လှေကားရင်းမှ မော့ကြည့်နေသည့် ညည်ဦးပင်၊ ထိပ်ထားကြင်မူးသွားပုံရတာကို လှမ်းကြည့်နေသူမို့ ချက်ချင်းသိကာ ချက်ချင်းရောက်လာပြီး လက်မောင်းကို ကိုင်တွဲလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် … မမ အတော်နေမကောင်းနေတာ၊ သိပ်အားနာတာပဲ၊ ငယ်တို့ ပြန်ကြစို့ မေမေ၊ မမနဲ့ နောက်မှဖုန်းပြောလည်း ရတာယ်"

"အေး … အေး၊ ဟုတ်ပါရဲ့၊ မေမေတို့ကလည်း အကြာကြီး ပတ်ကြည့်နေမိတာကိုး၊ ကဲ … ကဲ … သမီးရယ်၊ စနေ တနင်္ဂနွေ တစ်ရက်ကို ဈေးလာဆစ်ပါရစေနော်၊ အိမ်မှာ သူတို့အဖေတွေကို ပြန်တိုင်ပင်ရင် တစ်ရက် နှစ်ရက်ပေါ့၊ မြန်မြန်ကိစ္စပြတ်အောင် စနေ တနင်္ဂနွေမှာ စကားပြောလိုက်ချင်တယ်"

ထိပ်ထားကြင်က ညဦးကို မော်ကြည့်ရင်း …

"ဘယ်လိုလဲ"

"ဟုတ်ကဲ့ … ဟုတ်ကဲ့ … ရတယ် အန်တီ၊ ဒီအချိန်ပဲလာပေါ့၊ စနေနေ့ လာလိုက်ပါ"

"ဒါဖြင့် အန်တီတို့ ပြန်မယ်ကွယ်"

"ဟုတ်ကဲ့"

ညဦးက အိမ်ကြည့်သူတို့ ပြန်တာကိုပင် ကားနားမပို့နိုင်ပါ။ ထိပ်ထားကြင်ကို မျက်နှာမှန်မှန်နှင့်ပင်တွဲကာ ဧည့်ခန်းမှာ ထိုင်စေသည်။ ထိပ်ထားကြင်က ဆိုဖာအမှီပေါ် ခေါင်းမှေးတင်ကာ မျက်စိမှိတ်လိုက်ပြီး …





"ရပါတယ်၊ ရှင်ပြန်ရင် ပြန်ပါ"

"မင်းမူးနေသေးတယ် မဟုတ်လား"

"ခဏလေးနေရင် သက်သာသွားမှာပါ"

အပုတို့နှစ်ယောက်သည် ဧည့်ခန်းအဝနားမှာ မျက်နှာငယ်လေးတွေနှင့် ရပ်ကြည့်နေကြပါသည်။

"အပု … သံပရာရည်ဖျော်ခဲ့၊ ရှိလား"

"ဟုတ်ကဲ့ ဦး"

ညဦးက မလှမ်းမကမ်းက ဆိုဖာပေါ်ထိုင်ကာ ထိပ်ထားကြင်ကို စိုက်ကြည့်နေမိပါသည်။ ကြည့်စမ်း… သူဟာ အကြင်နှင့် ခပ်ခွာခွာ နေနေမိလိုက်တာ။ လူတွေမှာ တကယ်တမ်း စေစားအရေးပါနေသည်က "စိတ်"ပါပဲ။ ခုနေ ထိပ်ထားကြင်နှင့် သူဟာ လင်မယားချင်းပဲ ဆိုတဲ့စိတ်ကို ထားနိုင်ရင် အနီးမှာကပ်ထိုင်ပြီး ပခုံးလေးမွေ့ ဖေးမထားနိုင်မည်။

ဒီလူနှင့်ဒီလူပဲ ဖြစ်ပါလျက် မကြာခင် ပြတ်ကြစဲကြည်လို့ သဘောထားလိုက်လျှင်တော့ ခုလို ခပ်ခွာခွာလေးသည်းနဲ့ကမ်းနဲ့ ထိုင်ရတော့မှာပေါ့။ ညဦးသည် စိတ်မကောင်းခြင်းနှင့် သက်ပြင်းတစ်ချက် ချမိသည်။ ထိပ်ထားကြင်က မျက်လုံးဖွင့်လာကာ လေသံပျော့လေးနှင့် …



www.burmeseclassic.com

www.burmeseclassic.com



"စနေနေ့ ရှင် အားလို့လား"

"ဩော် ... ဖျက်စရာရှိ ဖျက်လိုက်ရတော့မှာပေါ့ကွာ၊ နို့မို့ မိန်းမကြီးတွေက မပြန်သေးပဲ ရက်ညှိနေဦးမယ်"

"ကျွန်မလည်း လာရဦးမှာပေါ့"

"လာရမှာပေါ့၊ ဈေးဆစ်ပါမယ် ဆိုမှ"

"ရှင့်ဘာသာရှင် ဘယ်လောက်လျှော့ပေးပေး ဘယ်လိုဆုံးဖြတ်ဖြတ် ကျွန်မက အရေးမကြီးပါဘူး၊ သဘောတူမှာပါ"

"သူတို့က တစ်ရက် နှစ်ရက်အတွင်းပဲ ငွေချေတော့မယ်၊ အိမ်ပေါ်တက်တော့မယ်ဆိုရင် အိမ်ထဲကပစ္စည်းတွေ ဘယ်လိုလုပ်မှာလဲ"

ထိပ်ထားကြင်က ရုတ်တရက် မျက်ရည်လည်လာကာ ...

"တာမွေက ကျွန်မပိတ်စလိပ်ရွှေ့ထားတဲ့ ဂိုဒေါင်ခန်းမှာ တမျိုး ထားလို့ရတယ်"

ညဦးက မျက်နှာကို တစ်ဖက်လွှဲကာ သက်ပြင်းချလိုက်သည်။

"ကျန်းမာရေး ဂရုစိုက်ဦး၊ စိတ်ဓာတ် ဒီလောက်မကျပါနဲ့၊ စာအုပ်လောကမှာ ဒါမျိုးဖြစ်တတ်တာပဲ၊ ကုသိုလ်ကံလည်း ပါသေးတယ်၊ မင်းက စာရေးကောင်းပါတယ်၊ လူတွေမဖတ်





မိသေးလို့ပါ၊ ပထမအုပ်မို့ပါ၊ ဖတ်မိပြီးကြရင်တော့ ဖတ်တဲ့သူတိုင်းဟာ မင်းပရိသတ် ဖြစ်လာမှာပါ၊ ဒီစာအုပ်လေး ကောင်းပါတယ်"

"ရှင် ဖတ်ကြည့်လို့လား"

"အင်း ... မနေ့ညက အဲဒီစာအုပ် သွားဝယ်ပြီး ဖတ်ဖြစ်တယ်"

ထိပ်ထားကြင် မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ် ဖြစ်လာသည်။ ရင်ထဲက ဆို့နင့်သော အားငယ်စိတ်ကို ရှိုက်သံအဖြစ် လွင့်ထွက်မလာအောင် ကျိတ်မှိတ်ရင်း ...

"ရှင့်အကြောင်းလည်း သတင်းကြားလို့ စိတ်မကောင်းပါဘူး"

"စိတ်မကောင်း မဖြစ်ပါနဲ့၊ ဒီလိုပေါ့၊ ဒါမျိုးတွေ ဖြစ်တတ်ပါတယ်၊ နေရာတကာတိုင်းမှာ အလွယ်တကူနဲ့တော့ ဘယ်ဖြစ်နိုင်ပါ့မလဲ၊ မင်းရော ငါရောမှာ အချိန်တွေရော အခွင့်အလမ်း လမ်းစတွေရော ရှိပါသေးတယ်"

ထိပ်ထားကြင်သည် ညဦးရဲ့ တိုးတုန်သော အသံကြောင့် မျက်ရည်စက်လေးတစ်ပေါက် စီးလိမ့်ကာ ကျလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၄

စနေနေ့ဖြစ်၍ အားလပ်တာမို့ ပုလဲက ထိပ်ထားကြင်နှင့် အဖော်ပါလာခဲ့သလို ညဦးနှင့်အတူ တင်ထွန်းနိုင် ပါလာသည်။ ပုလဲသည် အေးစက်နေတဲ့ ထိပ်ထားကြင် လက်ဖျားကို ဆုပ်နယ်ပေးရင်း ရင်ထဲမချို။ တင်ထွန်းနိုင်သည် ညကမှုးမှုးနှင့် မျက်ရည်ပင်ကျခဲ့သော ညဦးကိုသာ မျက်နှာရိပ် မျက်နှာကဲ ကြည့်နေမိသည်။

အခန်းက တိတ်ဆိတ်နေရာမှ ကောင်မလေးရဲ့ဖခင်က လည်ချောင်းတစ်ချက် ရှင်းလိုက်ကာ ...

"အန်ကယ်တို့ အားလုံး အိမ်ကိုသဘောကျကြတော့ ဈေးလေးပဲညှိဖို့ လိုတော့တာမဲလေ၊ ဘယ်လိုမှတော့ သဘောမ





ထားပါနဲ့၊ အိမ်က မကောင်းလို့ မတန်လို့ မဟုတ်ပဲ၊ အလုပ်သဘောအရ ဆစ်မှာပါ၊ သူတို့ကို ဝယ်ပေးဖို့မှန်းထားတဲ့ တန်ဖိုးထက် တစ်ရာလောက် ပိုနေတော့ ဒီကအိမ်ရှင်များဘက်က ငါးဆယ်လောက်များ လျှော့နိုင်ရင် ..."

ထိပ်ထားကြင်နှင့် ညဦး တစ်ယောက်ကိုတစ်ယောက် ဖျတ်ခနဲ ကြည့်လိုက်မိကြပါသည်။ နှစ်ဦးလုံးရဲ့ မျက်ဝန်းများထဲမှ ကြေကွဲညှိုးချုံးရိပ်ဟာ ဘယ်လိုမှ ဖုံးဖိမရ။ မျက်နှာအသီးသီးပျက်နေတာကို ကောင်လေး ကောင်မလေးရော မိဘစုံတွဲပါ ရိပ်မိပေသည်။ တကယ်တမ်း ရောင်းကာနီးမှာ ကိုယ်နေခဲ့တဲ့အိမ်အပေါ် သံယောဇဉ်တငြီး နှမြောစိတ်မကောင်း ဖြစ်တတ်တဲ့သဘောကို နားလည်ပြီးသားမို့ အိမ်ရှင်တွေ ရောင်းဖို့ရာ နှမြောနေကြပြီဟု စိတ်ထဲ ထင်မိကြပါသည်။

ထိပ်ထားကြင်သည် ဟန်မဆောင်နိုင်အောင် မျက်လုံးလေးများ ရဲလာကာ ညဦးထံ ခပ်တိုးတိုးနှင့် ...

"ပြောလိုက်လေ"

ညဦးကလည်း တုန်ခတ်သော အသံနှင့်ပင် ...

"အကြင် သဘောပါပဲ"

"ကိုယ့်ဟာကိုယ် ဆုံးဖြတ်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ညဦးက သက်ပြင်းတစ်ချက် ရှိုက်ရင်း ...

"ဟို ... ကျွန်တော်တို့ ခဏတိုင်ပင်ပါရစေ"

နဂိုကပင် ဘယ်အထိလျှော့မည် မလျှော့ဘူး တိုင်ပင်ပြီးသား ဖြစ်သင့်သည်ဟု ထင်မိသော်လည်း ကောင်မလေးအဖေက ခေါင်းညိတ်ရင်း ...

"တိုင်ပင်ပါ ... တိုင်ပင်ပါ၊ ဟုတ်တာပေါ့၊ ကိုယ်လင်ကိုယ်မယား တိုင်ပင်ကြည့်ကြပါဦး"

ညဦးက ဧည့်ခန်းမှထကာ ထမင်းစားခန်းဘက် လျှောက်သွား၍ ပုလဲက ထိပ်ထားကြင်ကို ထိုင်ရာက ထစေကာ တွန်းလွှတ်လိုက်ပါသည်။ ထမင်းစားပွဲနံဘေး ညဦးနှင့် ထိပ်ထားကြင် နီးကပ်စွာ ယှဉ်ရပ်မိလျှင် ညဦးသည် ထိပ်ထားကြင် မျက်ဝန်းများထဲ စိုက်ကြည့်ရင်း ...

"အကြင် ... ဘယ်လိုသဘောရလဲ"

ထိပ်ထားကြင် မျက်လုံးထဲ မျက်ရည်တွေ ပြည့်လာသည်။

"ရှင်သဘောပါပဲ"

ညဦးက ခေါင်းကို အသာယမ်းရင်း ...





"မင်း စိတ်ချမ်းသာပါစေတော့လို့ တောက်လျှောက်သဘောထားခဲ့ပြီးမှ ခုမှ မောင် ဝင်ဆုံးမဖြတ်ပါဘူး အကြင်၊ ခုထိအခြေအနေတွေ အတိုင်းထဲမှာ မောင် နေလာခဲ့တာကိုက မင်း စိတ်ချမ်းသာရင် ပြီးရောလို့ စိတ်ကိုဒုံးဒုံးချထားလို့ပဲ၊ ဒီအိမ်ကို ရောင်း၊ စီးပွားထက်ခြမ်းခွဲပြီး မောင်နဲ့ကင်းကင်းနေမှ မင်း ပျော်မယ် မဟုတ်လား၊ ခုတော့ ဘာဖြစ်လို့ မျက်ရည်ကျရတာလဲ"

"စကတည်းက ရှင် စိတ်ချမ်းသာဖို့ ရှင့်ဆန္ဒအတိုင်း လိုက်လုပ်တာပါ၊ ဒီအိမ်ကို မင်းလည်းမယူ ငါလည်းမယူရင် ရောင်းပြီး ထက်ခြမ်းခွဲမယ်ဆိုတာ မောင် ပြောခဲ့တာလေ"

"ဒါတော့ အကြင်က မယူဘူး ဆိုတာကို"

"မောင်တောင်မှ မယူတာ အကြင်က ဘာလို့ တစ်ယောက်တည်း မောင်ပိုင်စီးယူရမှာလဲ"

"မောင် မယူတာက ဒီအိမ်ဟာ ဝယ်ကတည်းက နှစ်ယောက်အတူနေဖို့ စိတ်ကြိုက်ရွေးချယ်ဝယ်ခဲ့တာလေ၊ မင်းမနေမှတော့ ဒီအိမ်ကို ယူထားပြီး မောင်က ဘာလုပ်ရမှာလဲ အကြင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် အကြင့်ကို အမြင်ကတ်တယ် မဟုတ်လား၊ မောက်မာတယ်ဆို၊ မောင် မကောင်းထင်နေတဲ့ ဘကြီးနဲ့ အကြင်က ဘာလို့ နေနေရမှာလဲ"

"အကြင်ကသာ မောင့်ကို မကောင်းထင်တာပါ၊ မောင် အကြင့်အပေါ် မုဒိတာပွားနိုင်ခဲ့တယ်၊ ကိုယ့်အတွက် စိတ်ဓာတ်ကျတာပဲ ရှိတယ်"

"မောင် မုဒိတာပွားချင်လည်းပဲ အကြင်က ဘာမှဖြစ်မလာတော့ပါဘူး မောင်ရယ်၊ အကြင် ... အကြင့် သိပ်ဝမ်းနည်းတာပဲ၊ တစ်သက်လုံး အကြင် သိပ်ဖြစ်ချင်ခဲ့တဲ့ဆန္ဒ မဖြစ်ရတော့ဘူး၊ အကြင် သိပ်အားငယ်နေတယ် မောင်ရယ်"

"အကြင် ... အကြင့် ... ဘာဖြစ်လို့ ငိုရတာလဲ၊ ဒါ ငိုစရာ မဟုတ်ဘူး၊ ခုဟာက ပထမဆုံးတစ်အုပ်ပဲ ရှိသေးတာ၊ လူမဖတ်မိသေးပဲနဲ့ ဘယ်လိုကြိုက်နိုင်ကြမလဲ၊ လူဖတ်မိဖို့ လည်း မောင်ပြောသလို စာအုပ်အပြင်အဆင်လေးကအစ ကောင်းနေရမယ်၊ အကြင် ဘာမှဝမ်းမနည်းနဲ့၊ အကြင့် စာအုပ်ကို မောင်ကိုယ်တိုင် ဆက်ထုတ်ပေးမယ်"

ထိပ်ထားကြင်က ရှိုက်ကြီးတငင် ငိုချလိုက်ပါတော့သည်။ ညှော်ခန်းမှ လှမ်းမျှော်နားစွင့်နေသော အိမ်ဝယ်လိုသူတို့





သည် ပြောစကားတွေလည်း မကြားကြရပဲ အိမ်ရှင်မ ငိုချလိုက်တာကိုပဲမြင်ကာ ခေါင်းချင်းရိုက် တိုင်ပင်ကုန်ကြပြီး သကာလ ...

"အဟမ်း ... ငါတို့ကို အန်ကယ် ကစ်ခုလောက် ပြောပါရစေ"

ညဦးထံ လေသံမြှင့်ကာ လှမ်းအော်ပြော၍ ညဦးက ငဲ့ကြည့်လိုက်၏သည်။

"ဒီလိုပါ၊ ညိုနိုင်ရှု ခက်နေရင် အန်ကယ့်ဘက်က တစ်ဆင့်ဈေးတိုးလိုက်ပါမယ်၊ အန်ကယ် အစိတ်တိုးလိုက်မယ်၊ ငါတို့ဘက်က အစိတ်လောက်ပဲ လျှော့ပေးလိုက်ပါလို့၊ ငါတို့လည်း စဉ်းစားရ ခက်နေပုံရလို့ အန်ကယ်တို့လည်း အစွမ်းကုန်အနေနဲ့"

ညဦးက ထိပ်ထားကြင်ဘက် ပြန်ငဲ့ကြည့်ကာ ထိပ်ထားကြင် ပခုံးလေးနှစ်ဖက်ကို ခပ်ဖွဖွကိုင်လိုက်ပါသည်။

"အကြင် ဘာမှတောင် မဖြစ်ချင်ကော့ပါဘူး မောင်ရယ်၊ မောင့်အတွက်ကိုလည်း အကြင် စိတ်မကောင်း ဖြစ်နေမိတာ၊ မောင် ဘယ်လောက် အပင်ပန်းခံခဲ့တာ အကြင့် မျက်မြင်ပဲ၊ ဘယ်လောက် ကြိုးစားအားထုတ်ခဲ့တာ အကြင် အသိပဲ၊ ခုလို နာမည်ကြီးစာရေးဆရာနဲ့မှ သွားတိုက်..."



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စမရှိပါဘူး အကြြင်ရယ်၊ နောင်တော့ ဘယ်သူဘာစာအုပ် ပြန်နေတယ်ဆိုတာ စုံစမ်းပြီးမှ လုပ်ရမှာပေါ့၊ ဒါလည်း အေးအေးဆေးဆေးမှပါ၊ အခု မောင့်စိတ်ထဲမှာ အကြြင့်စာအုပ်တွေကိုပဲ သားသားနားနား အဆင့်ရှိရှိ အပြင်အဆင်နဲ့ မောင် ကိုယ်တိုင် ထုတ်ကြည့်ချင်တဲ့စိတ်ပဲ ထက်သန်နေတယ်"

ထိပ်ထားကြြင်သည် မျက်ရည်များသုတ်ရင်း ...

"မောင် ... ဟိုလူကြီးတွေကို အားနာစရာ၊ စကားပြန်ပါဦး"

"မောင် အိမ်မရောင်းချင်တော့ဘူး အကြြင်၊ အကြြင်ရော"

"အကြြင်ရောပဲ၊ အကြြင်တို့ရဲ့ အိမ်ထောင်ဦးအိမ်လေး၊ အကြြင် နှမြောတယ်"

"မောင်ကတော့ အိမ်ထက် မောင်တို့နှစ်ယောက်ရဲ့ သာယာခဲ့တဲ့ အိမ်ထောင်ရေးလေးကို ပိုနှမြောတယ်၊ ပျက်ပြားခဲ့ရတဲ့ နားလည်မှုတွေကို ပြန်တည်ဆောက်ရမယ်၊ မောင် အကြြင်နဲ့ မပြတ်စဲနိုင်တော့ဘူး"

"အကြြင်လည်း မောင်နဲ့ မခွဲနိုင်ပါဘူး မောင်ရယ်"

သူတို့နှစ်ယောက်သည် လက်ချင်းတွဲရင်း ဧည့်ခန်းဘက်သို့ မျက်နှာမူလိုက်ပါသည်။ ညဦးက တိုးသက်သော်ဘည်း ပီသသောလေသံနှင့် ...





"အန်ကယ်တို့ကို အားနာပါတယ်ခင်ဗျာ၊ ကျွန်တော်တို့ အိမ်ကို မရောင်းတော့ပါဘူး"

"အစိတ်လည်း မလျှော့ဘူးဆိုတဲ့ သဘောပေါ့၊ ခုပဲ ဒီမှာ အန်ကယ့်ဇနီးက ပြောနေပါတယ်၊ အဲ့ဒွန်းတွေအားလုံးလည်း ထားခဲ့မယ်၊ ဖုန်း၊ အာဗဲင်ကာအပေ ဆက်တလိုက်တောင် ထားခဲ့မယ်ဆိုတော့ မလျှော့မင်လည်း ဆစ်မနေပါနဲ့တော့တဲ့ကွာ ... အဲဒါ"

"မဟုတ်ပါဘူး ခင်ဗျား၊ ကျွန်တော်တို့ အများကြီးပဲ တောင်းပန်ပါတယ်၊ အစိတ်မလျှော့လို့ မဟုတ်ပါဘူး၊ အိမ်ကို လုံးဝမရောင်းဖြစ်တော့တာပါ"

အိမ်ဝယ်မည့်သူများ အံ့အားတသင့် ငြိမ်သက်သွားသလောက် တင်ထွန်းနိုင်နှင့် ပုလဲကတော လက်ခုပ်လေးတွေ တီးမိမတတ် ဆွေ့ဆွေ့ခုန် ပျော်သွားကြရပါသည်။ ခေါ်ရွေးအတိုင်း လိုက်ပေးတာကိုတောင်မှ မရောင်းတော့ဘူးဟု စိတ်ကူးပြင်ကာ မရောင်းတော့တာကိုပဲ ဝမ်းသာနေတဲ့သူတွေကြောင့် လူစိမ်းတစ်စုသည် နားမလည်နိုင်လောက်အောင် ဖြစ်နေကြပါသည်။

"ဒီအထိ ဖြစ်လာပြီးမှ မရောင်းတော့ဘူး လို့ဆုံးဖြတ်ချက် ပြင့်လိုက်ရတဲ့အတွက် အန်ကယ်တို့ အန်တီတို့ကို အားလည်းနာ တောင်းလည်းတောင်းပန်ပါတယ်၊ တကယ်တော့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အိမ်ရောင်းမယ် ဆိုတာက ကျွန်တော်တို့ လင်မယား ပြတ်စဲကြမယ်လို့ ရည်ရွယ်ပြီးတော့ပါ"

"အို"

"ဩော်"

သူတို့တတွေခမျာ အံ့အားတသင့်ကြီးတွေကို ဖြစ်လို့ ပင်။

"ခုတော့ ကျွန်တော်တို့လင်မယား မပြတ်နိုင်ကြတော့တာ နဲ့၊ အတူတူ ဆက်နေဖြစ်ကြတော့မှာမို့လို့ ဒီအိမ်ကိုရောင်း ဖို့မလိုအပ်တော့လို့ပါ ခင်ဗျာ"

စိတ်ကသိကအောက်နှင့် အဖုအထစ် ဖြစ်ကြ...ကာ လည်း မျက်ရည်အစွဲသား ဇနီးဖြစ်သူကိုလည်းကောင်း၊ ဝမ်းန... ဝမ်းသာရပ်နှင့် ခင်ပွန်းသည်ကိုလည်းကောင်း၊ တစ်လှည့်စီ... ကြည့်ကြရင်းကပင် အပြစ်တင်စကားပင် ဆိုရခက်လျက် ကရုဏာ သက်ကြရတော့မယောင်မို့ သူတို့တစ်စုမှာ စိတ်ပျက်ပျက်နှင့်သာ ငြိမ်ချက်သား ကောင်းသွားကြရပါတော့သည်။

ထင်းမိုမို



www.burmeseclassic.com